# ဝိဋ္ဌာဝစရကာနိဗ္ဗာဝန်ပြကျမ်း

ပရိယတ္တိ ဝိသာရဒ၊ သိက္ခာကာမ၊ လဇ္ဇီပေသလ၊

သံသာရဘီရုဖြစ်တော်မူကြသော

မြတ်စွာဘုရား၏

တပည့်သားစစ်ဖြစ်တော်မူကြသော

ရွှေတောင်မြို့

[illegible] အရှင်သုမြတ်၏

တပည့်ရင်းဖြစ်ပေထသော

# ပဋ္ဌာန[illegible]

မြန်အောင်မြို့၊ ဆရာကြီးဦးမှဲ့သည်

ကလျာဏဂိုဏ်းဝင် အပေါင်းတို့၏ တောင်းပန်ခြင်းကို

အရင်း ပဋ္ဌာနထားပြီး ရေးသားအပ်ပါသည်။

ဒုတိယအကြိမ် ဓမ္မဒါန

ပရိယတ္တိဝိသာရဒ၊ သက္ကာကာမ၊ လင်္ကာပေသလ၊
သံသာရဘီရုဖြစ်တော်မူကြသော
ကျေးဇူးရှင်
ဆရာအရင်းဖြစ်ပေသော

# ဦးတိက္ခိန္ဒြိယ အရှင်သုမြတ်

မှ စ၍
ဟောကြားရေးသားတော်မူကြပေကုန်သော
ဆရာတော်ကြီးများ၏
ဒီပနီအရပ်ရပ်တို့မှ ထုတ်နုတ်စီစဉ်ရေးသားအပ်သော

# ဝိဇ္ဇာစရဏ-နိဗ္ဗာန်ပြကျမ်း

ကို
မြန်အောင်မြို့
အငြိမ်းစား-မြေတိုင်းစာရေးကြီး, ဦးမှုံသည်
ကလျာဏ ဂိုဏ်းဝင် အပေါင်း တို့၏
တောင်းပန်ခြင်းကို အရင်းပဋ္ဌာနထားပြီး ရေးသားပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း .... | ၁ |
| ၂။ | ဝိဇ္ဇာငါးမျိုး .... | ၇ |
| ၃။ | သမထယာနိက ဝိပဿနာယာနိက ပုဂ္ဂိုလ်တို့၏ ကျင့်စဉ် .... | ၁၁ |
| ၄။ | ကျွတ်ထိုက်သော ပုဂ္ဂိုလ် ၃-မျိုး .... | ၁၉ |
| ၅။ | ဝိပဿနာတရားမှသာလျှင် နိဗ္ဗာန်သို့ ဆိုက်ရောက်စေတတ်သော လမ်းခရီးဟုပြခြင်း | ၂၄ |
| ၆။ | ပရမတ္ထတရား ၄-ပါး .... | ၂၄ |
| ၇။ | အသိသုံးမျိုး .... | ၂၅ |
| ၈။ | ဉာတပရိညာစခန်း တေဇောဓါတ် အကြောင်း- .... | ၂၉ |
| ၉။ | ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဒိဋ္ဌိခွါချသုံးသပ် ဆင်ခြင်ပုံနည်းကား .... | ၃၄ |
| ၁၀။ | ပထဝီဓါတ်အကြောင်း .... | ၅၀ |
| ၁၁။ | အာပေါဓါတ်အကြောင်း .... | ၆၀ |
| ၁၂။ | ဝါယောဓါတ်အကြောင်း .... | ၆၉ |
| ၁၃။ | ဓါတ်ကြီး ၄-ပါးတို့ ပေါင်းစပ်မှီတွယ်နေပုံ.... | ၇၇ |
| ၁၄။ | ဝဏ္ဏဓါတ်အကြောင်း .... | ၇၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ဂန္ဓဓါတ်အကြောင်း .... | ၈၉ |
| ၁၆။ | ရသဓါတ်၏ အကြောင်း .... | ၉၇ |
| ၁၇။ | ဩဇာဓါတ်၏အကြောင်း .... | ၁၀၆ |
| ၁၈။ | ယုံမှားခြင်း ဒွိဟသံသယကို ဖြုတ်ခန်း .... | ၁၁၅ |
| ၁၉။ | တိရဏပရိညာစခန်း .... | ၁၁၆ |
| ၂၀။ | ဒုက္ခနှင့် အနတ္တတရားကို ရှုနည်းပြခြင်း .... | ၁၁၉ |
| ၂၁။ | အနိစ္စနှင့်အနတ္တကို ရှုနည်းပြခြင်း .... | ၁၂၀ |
| ၂၂။ | အသုဘရှုနည်းကို ဆက်လက်၍ ပြဆိုဦးအံ့ .... | ၁၂၆ |
| ၂၃။ | သိမှုစိတ်ပရမတ်၏အကြောင်း .... | ၁၂၇ |
| ၂၄။ | တွေ့ဆုံပေါင်းဆုံမှု ဖဿ စေတသိက် ပရမတ်၏အကြောင်း .... | ၁၃၇ |
| ၂၅။ | ခံစားမှုဝေဒနာ စေတသိက် ပရမတ်၏အကြောင်း .... | ၁၄၃ |
| ၂၆။ | သညာစေတသိက် ပရမတ်၏အကြောင်း .... | ၁၄၈ |
| ၂၇။ | စေတနာစေတသိက် ပရမတ်၏အကြောင်း .... | ၁၅၄ |
| ၂၈။ | ဧကဂ္ဂတာစေတသိက်ပရမတ်၏ အကြောင်း .... | ၁၆၀ |
| ၂၉။ | ဇီဝိတိန္ဒြေစေတသိက်ပရမတ်၏ အကြောင်း .... | ၁၆၆ |
| ၃၀။ | မနသိကာရ စေတသိက် ပရမတ်၏ အကြောင်း:- .... | ၁၇၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | တီရဏပရိညာစခန်း .... | ၁၇၈ |
| ၃၂။ | ပယ်သတ်ပုံ လင်္ကာမှတ်ရန် .... | ၁၉၁ |
| ၃၃။ | လိုရင်းအဓိပ္ပါယ် ရှင်းလင်းချက်ကား .... | ၁၉၆ |
| ၃၄။ | သစ္စာလေးပါး တရားမှန်ကို ဖေါ်ပြခြင်း .... | ၁၉၈ |
| ၃၅။ | အသင်္ခါတဓါတ် နိဗ္ဗာန်သဘောပြဆိုခြင်း .... | ၂၁၀ |
| ၃၆။ | အထူးသတိပြုရန် မှာထားချက် .... | ၂၁၅ |
| ၃၇။ | အပဝတ္တခေါ်ဆိုခြင်း .... | ၂၁၇ |
| ၃၈။ | ဥပမာနည်းနည်းတို့ဖြင့် ပြဆိုခြင်း .... | ၂၁၈ |
| ၃၉။ | မဓနာမယ ပတ္တမြား .... | ၂၂၈ |
| ၄၀။ | ဤပုံနှင့်တကွ ပြဆိုသော ဥပမာနှိုင်းယှဉ် အကြောင်းကား– .... | ၂၃၀ |
| ၄၁။ | အထူးသိဘို့ရာ လိုရင်းအချုပ်မှာ .... | ၂၃၅ |
| ၄၁။ | ဝိဇ္ဇာနှင့် စရဏကထာ .... | ၂၄၅ |
| ၄၂။ | ဝိဇ္ဇာစရဏ သမ္ပန္နကထာ .... | ၂၆၃ |
| ၄၃။ | ဥဒေယျာဇနုဂါထာ .... | ၂၈၂ |
| ၄၄။ | ကျမ်းစာရေးသားခြင်း၏ အာဘောဂကို ပြဆိုခြင်း– .... | ၂၈၃ |
| ၄၅။ | ကျမ်းပြီးနိဂုံးစကားကို ပြခြင်း .... | ၂၈၅ |
| ၄၆။ | စာမဘတ်ဘဲ ကမ္မဋ္ဌာန်းအားထုတ်နိုင်ခြင်း .... | ၂၈၇ |

* ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၉၃၀)

* ဒုတိယအကြိမ်ရိုက်နှိပ်ခြင်း

* စာအုပ်ရေ = ၂၀၀၀၊

* ၁၉၈၀၊ ဇွန်လ၊

* တန်ဘိုး = (မမှဒါန)

* မျက်နှာဖုံး = ပြည်သူ့မိတ်ဆွေ

* ထုတ်ဝေသူ။ ။ဒေါက်တာရွှေလှ
ဦးတိက္ခိန္ဒြိယဝိပဿနာအဖွဲ့
ကင်းလွတ်ခွင့်အမှတ် (၃၆၂)
အမှတ်-၁၇၉၊ ၅၁-လမ်း၊ ရန်ကုန်။

* ပုံနှိပ်သူ။ ။ဒေါ်ကျင်ပု(၀၁၈၉၄)
ပြည်သူ့မိတ်ဆွေပုံနှိပ်တိုက်၊
အမှတ် ၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်။



အမျိုးသား ဘလောက်တိုက်မှ လှူသည်

# နိဒါန်း

ကမ္မဿကတဉာဏံ ဒိဋ္ဌိဇုကမ္မံ ဟူသော ကမ္မဝါဒီ လောကီ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိ တရားပေါက်ရုံမျှလောက်နှင့် အားမရလောက်၊ ဝမ်းမမြောက်သား၊ အလောင်းတကာ သူတော်စွာတို့ သွားရာလမ်းစ၊ လှူဒါန်၍၊ မလစ်မလပ်၊ နိစ္စဘတ်နှင့်၊ မဂ်ဖိုလ်ဝင်၊ နိဗ္ဗာန်ခွင်ကို၊ ဆင်ခြင်မြင်သိ၊ တွင်တွင်ကြီး ကြည့်နိုင်သော၊ သမ္မာဒိဋ္ဌိဝိပဿနာ၊ ဓမ္မအက္ခိ၊ ဉာဏ်မျက်စိအဖေါ် သဟဲနှင့်၊ သမ္မာသင်္ကပ္ပ၊ လက်စွဲ၍၊ လူဘဲ, နတ်ဘဲ၊ ငါဘဲ, သူဘဲ၊ မျက်လှည့်အသွင်၊ အလွဲလွဲထင်မြင်၍ နေသော၊ ခန္ဓာအစု၊ ဓါတ်အစု၊ ကလာပ်အစုတို့ကို၊ သဘောယုတ္တိ၊ အကုန်သိ၍၊ မပြတ်စေ့ငုံ၊ အတတ်ရှုမြင်နိုင်မှ၊ ကိလေသာနုသယ၊ ငရဲမျိုး ဗီဇဖြစ်သော၊ ဒိဋ္ဌိဂတ၊ ပရမာသ၊ အဝိဇ္ဇာမှောင်ကို၊ ရှားပါး ဆုတ်ယုတ်၊ အကုန်ချုပ်အောင် အားထုတ်နိုင်သော၊ ဉာတ ပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ၊ သိဒ္ဓိဝါယမသတိ၊ သမ္မာသမာဓိတို့ကို၊ ရရှိကြပါမှ၊ လူမိုက်တကာတို့၏ ပျော်ပွဲ၊ အပါယအောက်ထပ်၊ ဂျိုး(ချိုး)ကပ်၍၊ မြဲရမည့်ဘေး၊ အရေး တို့နှင့်၊ အဝေးကြီးဝေး၊ အေအးကြီးကြရအောင်၊ သဘိသပ္ပ ဇဉ်၊ စင်ကြယ်သော ဉာဏ်အမြင်နှင့်၊ အယူသမာ၊ ဖြူသဒ္ဓါရှိ၊ လူကရိတို့၊ အရိယမဂ်၊ အောင်ချက်ကြဋ္ဌန်း၊ နိဗ္ဗာန်လမ်းကို၊ အနုမာန၊ အာရုံဖြင့် သိကြ၍၊ အတိဒုလ္လဘ၊ ကြုံခဲလှသော၊ သဒ္ဓမ္မသဝန၊ ပြည့်စုံလုံလောက်၊ အဝိဇ္ဇာကင်းပျောက်၊ လော ကုတ္တရာ သမ္မာဒိ၊ အသင်းပေါက်အောင်၊ ကြံဆောင်အားကျူ၊

လေးဝသတိပဋ္ဌာန်၊ ခုနစ်တန်ဗောဇ္ဈင်၊ မဂ်အစဉ်ဝိဇ္ဇာ၊ ဝိမုတ္တိလေးဖြာကို၊ လိုရာပြီးစီး၊ အချည်းနှီးမရှိစေကြရန်၊ ရည်သန်နှလုံးထား၍၊ ဘုရားမြတ်စွာ၊ စိန္တေယျာ၏၊ သုတ်အဘိဓမ္မာ၊ ပါဠိပါဠိသေချာစွာကို၊ အာဂုံယုတ္တိ အလုံးစုံထုတ်ညှိ၍၊ လင်းပြပေသော၊ ခန္ဓာ, အာယတနဓါတ်၊ ပဋိစ္စသမုပ္ပါဒ်တရားနှင့်၊ သက်ဆိုင်သော၊ ဝိဇ္ဇာစရဏသမ္ပန္နနှင့် ပြည့်စုံ၍၊ နိဗ္ဗာန်ကို ထိုးတွင်း သိမြင်သော လောကုတ္တရာ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့၊ အမြန်ရောက်ကြရကြရန် လေ့လာပွါးများ၍အားထုတ် နိုင်ကြပါစေ ကုန်သတည်း။

## လယ်တီဆရာတော်ကြီး၏ ဩဝါဒ ကထာ

အနုတ္တဒေသနာနှင့် အညီ၊ လောကီအတတ်၊ ပညတ်ဟူသမျှကို၊ နှုနိုင်သမျှ အနုစိတ်၊ ကျိတ်လိတ်သေသတ်၊ ထိုးတွင်း၍ တတ်သော်လည်း၊ လောကဓါတ်နယ်ခေတ်မှာ၊ တုကင်းသူဖြစ်စေကာမူ၊ သာသနာ့ဓမ္မ၊ လိုရင်းဆုံးကိစ္စနှင့်- နှိုင်းဆ၍ ရှဉ်စာလျှင်၊ ယင်းများစွာ အတတ်စုသည်၊ ဓါတ်နှုသို့ မခိုက်၊ အပေါ်ရံ အများ ပေါက်နိုင်သည်။

တရားကောက်၊ ပညတ်နယ်တွင်၊ တလယ်လယ်ဆိုက်သဖြင့်၊ ဘိုးမထိုက်သုံးမဝင်၊ ကမ္ဘာတိုင်း ကျွမ်းကျင်သော လမ်းအစဉ် လက်ရိုး၊ တရားမျိုးနယ်ပါဖြစ်၍၊ စင်စစ် ချိုးမှမ်းထိုက်သော တရားမျိုးမဟုတ်၊ ပရမတ္ထဓမ္မအစစ်၊ ဓါတ်အနှစ်သေတ္တာ၊ ပစ္စုပ္ပန်မကနေိယာမ၊ ရှိသမျှ ရုပ်နာမ်စုကို၊ တခုစီ ခွဲခြမ်း၍၊ စွဲလမ်းသည့် ဒိဋ္ဌိစက်ကို၊ စိစိညက်ညက်၊ ဉာဏ်နှင့် မွနိုင်မှ၊ စွဲနေရင်း ဓါတ်စင်မြင်ကြ၍၊ ရေပြင်မှာ မှော်ကိုရှာသကဲ့သို့၊ ရေသားစင်

အလင်းမြင်သလို၊ ရေမှော်သွင်း အပေါ်လွှမ်းသော၊ အတ္တကြမ်းအမှေးဓါတ်ကို၊ ပရမတ်ဉာဏ်နှင့် ရှား၍မို့၊ မှန်သားအလင်း မြင်သလို၊ ဖြစ်တိုအင် အကြောင်း၊ ကူနိုင်မှ ခေါင်းပြုကာ ဥပါဒ်၍၊ ဗြဟ္မာနတ်လူမဆိုင်၊ ပုဂ္ဂိုလ်စွန်း မထူနိုင်သော၊ မသိဆိုင် အလေ့ပေါက် သူ့အလျောက်ဖြစ်မစဲဘဲ၊ မမြဲတဲ့ဓါတ်အစုကို၊ အတတ်ရှုမြင်နိုင်မှ၊ ငါ၏ဟာ မဆိုထားနှင့်တော့ ငါထကားစွဲဘို့ရန်၊ ရှာကြံ၍ ဘယ်မတွေ့၊ သိမ်မွေ့တဲ့ သဘာဝကို၊ ဝက်ဝက်ရှုရှုနိုင်သူတို့မှ သယမ္ဘူနေနတ်က ပုဂ္ဂိုလ်မြတ် ဤတယောက်ဟု ရွေးကောက်တော်မူသတဲ့။ ဤကဲ့သို့ ဆရာတော်ဘုရားကြီးသည် ကရုဏာရှေးထား၍ ဝေနေယျ လူအများတို့အား တရားရေအေး တိုက်ကျွေးဆုံးမ, ပြသတော်မူပြီးလျှင်၊ သယမ္ဘူနေနတ်၏ ပုဂ္ဂိုလ်မြတ်တယောက်ဟု ရွေးကောက်တော်မူခြင်း၏ အဖြစ်သို့ ရောက်ရလေအောင် ခန္ဓာ,နာမ်ရုပ်၊ ပရမတ်အစစ် ဓါတ်အနှစ်တို့၏ မမှတာဖြစ်မစဲ၍ မမြဲသည့်ဓါတ်အစုကို အတတ်ရှု မြင်နိုင်သော ဝိဇ္ဇာစရဏ သမ္ပန္နနှင့် ပြည့်စုံလုံလောက် နိဗ္ဗာန်ရောက်အောင်၊ ကြိုးစား၍၊ အားထုတ်ပွါးများကြပါကုန်လော့။

## ပဏာမ ကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော ဓမ္မဿ၊ နမော သံဃဿ၊ နမော အာစရိယဿ။

ဘဂဝတော– ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ခြောက်ဝဘုန်းဟုန်း၊ ကျေးဇူးဂုဏ်နှင့် ပြည့်စုံ

တော်မူထသော၊ အရဟာတော– ကိလေသာ မြူမတင်၊ ကင်းစင်သဖြင့် မြတ်သောအလှူကို ခံယူတော်မူထိုက်သော၊ တဿ သမ္မာသမ္ဗုဒ္ဓဿ– အလုံးစုံသော တရားအပေါင်းတို့ကို၊ မဖေါက်မပြန်၊ သယမ္ဘူဉာဏ်ဖြင့်၊ အမှန်ထိုးထွင်း၍၊ သိမြင်တော် မူသော၊ ထို မြတ်စွာဘုရားသခင်အား၊ နမော– ရှိခိုးပါ၏ ဘုရား။

ဓမ္မဿ– မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော် မြတ်အပေါင်းအား၊ နမော– ရှိခိုးပါ၏၊ သံဃဿ– မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အား၊ နမော– ရှိခိုးပါ၏၊ အာစရိယဿ- ပညာသိပ္ပ၊ ညွှန်ပြသွန်သင်၊ ကျေးဇူးရှင် ဆရာမြတ်ဖြစ်သော၊ ပြည်မြို့ဒိစတြိတ်၊ ရွှေတောင်မြို့၊ ရှမ်းတန်းထိပ်၊ အမ္ဗရာမတိုက်တွင် သီတင်းသုံးရာမှ ပြန်လွန်တော် မူပြီးသော၊ အရှင်တိက္ခိန္ဒြိယ ဆရာတော်မြတ်နှင့်တကွ၊ တလုံးတဂါထာမျှ နည်းနာနိဿယကို မှတ်သားနာယူရသော ဆရာမြတ်အား၊ နမော– ရှိခိုးပါ၏။

## အာသီသ ကထာ

သီဃံ သိဇ္ဈတု သက်ပ္ပေါ၊ သဗ္ဗလောကဿ ဟိတာယ။

သဗ္ဗလောကဿ- အလုံးစုံသော သတ္တလောက၏၊ ဟိတာယ- အစီးအပွါးအလို့ငှါ၊ မေ- ရှုပ်, နာမ်နှစ်ရပ်၊ ပရမတ်တွင် ပညတ်သမုတ်၊ အကျွန်ုပ်၏၊ သက်ပ္ပေါ- ကောင်းသောအကြံသည်၊ သီဃံ- မကြာမထင် အလျင်ဆောစွာ၊ သိဇ္ဈတု- ချောမောအောင်မြင်ပြီးစေချင်၏၊ (ဝါ) ပြီးပါစေသတည်း။

## အဘိယာစက ကထာ

မြန်အောင်မြို့၌၊ ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်တည်ထားလျက်ရှိသော ဆေးရုံကြီးတွင်၊ ယခုကြီးကြပ်အုပ်ချုပ်လျက် ဝိသေသဂုဏ်ထူးဖြင့်၊ အစိုးရမင်းတို့၏ ချီးမြှင့်ခြင်း ခံရသော ဆရာဝန်ကြီး ဦးဘသွင်နှင့်၊ ကျန်းမာခြင်း အင်စပိတ်တော် ဦးအုန်းမောင်တို့ တောင်းပန်အပ်ပါသည်။ ဝိဇ္ဇာစရဏနှစ်ပါးနှင့် ပြည့်စုံ၍ မဂ္ဂင်ရှစ်ပါး၊ နိဗ္ဗာန်တရားတော်မြတ်ကို ထိုးထွင်း၍ သိမြင်နိုင်စေခြင်းငှါ၊ တိုတိုကျဉ်းကျဉ်း၊ လိုရင်းကျအောင် ပိုင်းခြားဝေဘန်၊ ကျမ်းဂန်သာမက၊ အာဂမယုတ္တိ၊ သဘာဝယုတ္တိ၊ ယုတ်ညှိယူငင်လျက် လူရှင်အများအား ထင်ရှားပေါ်လွင်၊ ဉာဏ်အမြင်လင်းလေအောင် ရှင်းရှင်းကြီး ရေးသား၍ ပေးပါရန် တောင်းပန်အပ်ပါသည်။

## ပဋိညာဉ် ကထာ

ဂုဏ်ထူးဘွဲ့ရ၊ ဝိသေသနှင့် ပြည့်စုံသော ဆရာကြီး ဦးဘသွင်နှင့် ကျန်းမာခြင်း အင်စပိတ်တော် ဦးအုန်းမောင်တို့ တောင်းပန်အပ်သည်နှင့်အညီ၊ ဝိဇ္ဇာစရဏနိဗ္ဗာန်ပြကျမ်းကို ထိုထိုပါဠိ၊ အဋ္ဌကထာ၊ ဋီကာဂန္ထန္တရ အရပ်ရပ်တို့မှ ထုတ်နုတ်ယူငင်လျက် လူရှင်အများတို့အား၊ မှတ်သားလောက် ဉာဏ်အမြင်အလင်းပေါက်၍၊ နိဗ္ဗာန်ကမ်းသို့ ဖြောင့်တန်းစွာ ရောက်စေခြင်းငှါ ပရဝမ္ဘနာ၊ ပစ္ဆာခွန်းငြိ၊ စွန်းမထိဘဲ၊ ရွှန်းအိမ်နေသာ၊ ပီတိဇောဝယ်၊ သဘောဉာဏ်ယှဉ်၊ ရေးစီရင်ပေအံ့။

## ဩကာသ ကထာ

ယုတ္တာယုတ္တံ ဝိစာရေတွာ၊ ယုတ္တံ ဂဏှေယျ အယုတ္တံ၊
ဝဇ္ဇေယျနုဂရဟေယျ၊ အဇ္ဈဝဂုဏာပဏ္ဍိတော။

ယုတ္တာယုတ္တံ– သင့်သည်, မသင့်သည်ကို၊ ဝိစာရေတွာ– စူးစမ်းဆင်ခြင်, ညာဏ်သက်ဝင်၍၊ ယုတ္တံ– သင့်သည်ကို၊ ဂဏှေယျ– ယူရာ၏၊ အယုတ္တံ– မသင့်သည်ကို၊ ဝဇ္ဇေယျ– မယူ ပယ်ရှား, ကြဉ်ထားရာ၏၊ အဇ္ဈဝဂုဏာပဏ္ဍိတော– မကွေ့မထောင့်, ဖြောင့်ဖြောင့် ကျင့်လေ့ရှိသော၊ အဇ္ဈဝဂုဏ်နှင့် ပြည့်စုံသော ဟုတ်တိုင်းမြင်သိ, ပညာရှိသည်၊ နုဂရဟေယျ– ပြစ်တင်ဘွဲ့နွှဲ့, မတွဲမစောင်း, မကောင်းစိတ်ရှိ, မကဲ့ရဲ့ရာ၊ ကေန်သာတည်း။



# ဝိဇ္ဇာစရဏ နိဒ္ဒါန်းပြကျမ်း

## ဝိဇ္ဇာငါးမျိုး

ဝိဇ္ဇာဟူသည်ကား၊ လောကိယ ဝိဇ္ဇာလေးမျိုး, အရိယာ ဝိဇ္ဇာတမျိုးဟူ၍ ငါးမျိုးရှိ၏။ ထိုငါးမျိုးတို့တွင် လောကိယ ဝိဇ္ဇာဟူသည်ကား.... (၁) ဝေဒဝိဇ္ဇာသည်= သာမ, ယဇု,ဣရု, အာတပ္ပနဗေဒင်တို့ကို ကောင်းမွန်စွာ ပေါက်ရောက်အောင် တတ်စွမ်းသော အတတ်မျိုးတို့ကို ခေါ်ဆိုရသည်။ (၂) မန္တ ဝိဇ္ဇာ= ၎င်းဝိဇ္ဇာသည်- လက္ခဏာကျမ်း, နိမိတ်ကျမ်း, ဂါထာ မန္တရား, ဆေးကျမ်း, ဓါတ်ကျမ်း အစရှိသော လောကခေါ် ဝေါ်ကြသော အတတ်မျိုး၊ ပညာမျိုးဟူသမျှတို့ကို ခေါ်ဆိုရ သည်။ဤဝေဒဝိဇ္ဇာ မန္တဝိဇ္ဇာနှစ်မျိုးကို ကမ္မာယတနသိပ္ပါယတန ဝိဇ္ဇာဌာနေသု- ဟူသော ဉာဏဝိဘင်းပါဠိတော်မှ သိရှိရသည်။ (၃) ဂန္တာရီဝိဇ္ဇာ= ၎င်းဝိဇ္ဇာသည်- ဆေးဝိဇ္ဇာ, အင်းဝိဇ္ဇာ, ပြဒါးဝိဇ္ဇာ, သံဝိဇ္ဇာ ဟူ၍ ခေါ်ဆိုကြောင်း၊ ဝိဇ္ဇာဓရကျမ်း၌ သိရှိရသည်။ (၄) လောကိယဝိဇ္ဇာသည်= သာသနာပအခါ၌ သရဘင်, သုနေတ္တ, အာရက အစရှိသော ရသေ့ဆရာကြီးတို့ သည်၊ ကသိုဏ်းစျာန်တို့ကို ရပြီး, နိုင်နင်းပြီးနောက်၊ အား ထုတ်၍ ရအပ်သော ဣဒ္ဓိဝိဓ အဘိညာ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ,

စေတောပရိယ, ပုဗ္ဗေနိဝါသ, ယထာကမ္မုပဂ, အနာဂတံသ အဘိညာဟူသော အဘိညာဝိဇ္ဇာတို့ကို ခေါ်ဆိုရသည်။ ထိုဝိဇ္ဇာတို့သည်ကား၊ ဇာတ်တော်, နိပါတ်တော်တို့၌ ထင်ရှားလှလေပြီ။ (၅) အရိယာဝိဇ္ဇာ= ၎င်းဝိဇ္ဇာသည်- အနတ္တဝိဇ္ဇာ, ဒုက္ခဝိဇ္ဇာ, အနိစ္စဝိဇ္ဇာ, သစ္စာလေးပါးဉာဏ်ဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်သော သောတာပတ္တိ မဂ်-ဖိုလ်, သကဒါဂါမိ မဂ်-ဖိုလ်၊ အနာဂါမိ မဂ်-ဖိုလ်၊ အရဟတ္တ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို အရိယာဝိဇ္ဇာ, ခေါ်ဆိုရသည်။

ဤ အရိယာဝိဇ္ဇာတို့ကား၊ သာသနာပ အခါ၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ချန်ထား၍ တပါးသော- လူ, နတ်, ဗြဟ္မာတို့ ထမြောက် ပေါက်ရောက်အောင် ကြံဆောင် အားထုတ်နိုင်သော အခွင့်မရှိ။ သာသနာငါးထောင်ဆိုသော ခေတ်သမယအတွင်းမှာမှ ထမြောက်အောင် ကြံဆောင် အားထုတ်နိုင်ကြလေသည်။ ဤကဲ့သို့- ကြံဆောင် အားထုတ်ကြပါမှ လူဖြစ် ကျိုးနပ်ကြ၍ သာသနာဆိုသော ခေတ်ကို တွေ့ရကြုံရသည့် အကျိုးနပ်ကြပါမည်။ ၎င်းသာသနာ ငါးထောင်ထားတော်မူ ခဲ့သည်တွင် အလွန်သာသနာ နှစ်ထောင့်လေးရာ ကျော်လွန်ပြီ။ ကြွင်းကျန်သော သာသနာ နှစ်ထောင့်ငါးရာကျော်ကျန်ရှိ သေး၏။ ထို နှစ်ထောင့်ငါးရာကျော် သာသနာတွင် မိမိနှင့်ဆိုင်ရာ သာသနာမှာ မိမိ မသေမီကာလ ဤ-လူ့ဘဝနိုက်သာ ကျန်သာသနာနှင့် ဆိုင်သည်။ ယခုနှစ်သေလျှင် သာသနာ တနှစ်သာ ရှိတော့သည်။ ကွယ်တော့မည်။ ရှေ့လသေလျှင် သာသနာ တလသာရှိတော့သည်။ ကွယ်တော့မည်။ သတိထား

ပါ။ နက်ဖြန်သေလျှင် သာသနာ နက်ဖြန်ခါကွယ်မည်။ များများကြီး သတိထားပါ။ ထိုသာသနာတွင်းမှာမှ ထို ဒါန-သီလ-သမထ-သမာဓိ, တရားများကို အားထုတ်ရာနိုက်၊ ဝိပဿနာဉာဏ် ယှဉ် ၍ ပြု လုပ် နိုင် ကြ သည်။ ဝိပဿနာ ဉာဏ်ယှဉ်၍ပြုလုပ်မှသာ ဝဋ္ဋဒုက္ခဆင်းရဲမှ လွတ်မြောက်ကြမည်ဖြစ်သောကြောင့်၊ ဝိပဿနာဉာဏ်ပညာတရားသည် တကယ်ရှိ တကယ်ထင်ရှားသည်။ ပရမတ်အစစ်၊ ဓါတ်အနှစ်တို့ကိုသိရန် အလွန်အရေးကြီးသောတရားဖြစ်ပါ၍ဒါန, သီလ, သမထ, သမာဓိတည်းဟူသော စရဏတို့များကို ဝိပဿနာ ဝိဇ္ဇာဉာဏ်တည်းဟူသော စက်ခေါင်းဖြင့် ချိပ်ဆွဲလျက် မဂ္ဂင်တည်းဟူသော သံလမ်းပေါ်၌ သောတာပတ္တိမဂ်-ဖိုလ်၊ သကဒါဂါမိမဂ်-ဖိုလ်၊ အနာဂါမိမဂ်-ဖိုလ်၊ အရဟတ္တမဂ်-ဖိုလ်တည်းဟူသော လေးဌာန နိဗ္ဗာန်ဘူတာရုံကြီးတို့တွင် ရှေးဦးစွာ ရောက်ရှိအပ်သော သောတာပတ္တိမဂ်-ဖိုလ်-နိဗ္ဗာန် ဘူတာရုံကြီးသို့ ရှေးရှုပြီး အနတ္တမောင်းခလုတ်ဖွင့်၍ ဒုက္ခဥဩကိုမှုတ်၊ အနိစ္စစက်ကုန်ခုတ်လျက် သုတ်သုတ်မောင်းနှင်ပြီး၊ ရှေးဦးစွာ ရောက်ရှိအပ်သော သောတာပတ္တိမဂ်-ဖိုလ်-နိဗ္ဗာန် ဘူတာကြီးသို့ ဆိုက်ကပ် ရောက်ရှိကြသကဲ့သို့ ပမာထား၍ ကြိုးစားအားထုတ်အပ်သော ရုပ်ဓါတ်, နာမ်ဓါတ်, ပရမတ္ထ, သဘာဝတို့ ဖြစ်ပေါ်မှု, ပျက်စီးမှုတို့ကို ဉာဏ်ယှဉ်၍ မြင်အပ်လေသောကြောင့်။

ပဋ္ဌာစာရီထေရီဝတ္ထုဂါထာ ဓမ္မပဒပါဠိတော်လာ။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယောစ–ရဟန်းရှင်လူ, မည်သူမဆို၊ အကြင်ပုဂ္ဂိုလ်သည်ကား၊ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါး၊ ရုပ်ဓါတ်,နာမ်ဓါတ်, ပရမတ်တရားတို့၏ ဖြစ်ပေါ်မှု, ပျက်စီးမှုတို့ကို အပဿံ၊ ဝိပဿနာဉာဏ်မျက်စိဖြင့် ခန္ဓာတွင် မသိမမြင်ဘဲ။ ဝဿသတံ–အနှစ်တရာကာလပတ်လုံး၊ ဇီဝေ–ဇီဝေပိ၊ အသက်ရှင်၍ နေရငြားသော်လည်း၊သော–ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးသည်။နသေယျော–ရှင်ကျိုးမနပ်၍ မမြတ်သည်သာလျှင်တည်း။ ဥဒယဗ္ဗယံ ခန္ဓာငါးပါး၊ ရုပ်ဓါတ်,နာမ်ဓါတ်,ပရမတ်တရားတို့၏ ဖြစ်ပေါ်မှု, ပျက်စီးမှုကို။ ပဿတော–ဝိပဿနာဉာဏ်မျက်စိဖြင့် မိမိခန္ဓာတွင် မှန်ကန်စွာ သိမြင်သော ပုဂ္ဂိုလ်၏။ ဧကာဟံ–တနေ့တရက်တခဏမျှ ဇီဝိတံ- အသက်ရှင်၍နေရခြင်းသည်။ သေယျော–ရှင်ကျိုးနပ်သဖြင့် မြတ်လှတော့သည်သာတည်း။

ဤကား အထူးသတိပြု၍စဉ်းစားရန် အချက်ပေတည်း။

ထိုသို့ သတိပြု၍စဉ်းစားရန် အချက်ဖြစ်ပါသောကြောင့်၊ မိမိ၏ခန္ဓာတွင် ရုပ်ဓါတ်,နာမ်ဓါတ်, ပရမတ်အစစ်-ဓါတ်အနှစ်တို့၏ ဖြစ်ပေါ်မှု,ပျက်စီးမှုတို့ကို ဉာဏ်မှာလင်း၍ ရှင်းရှင်းကြီးမြင်အောင် ရှေးဦးစွာပြဆိုပေအံ့။ ဤကဲ့သို့ ပြဆိုရေးသားအပ်သောကျမ်းကို အစ,အလယ်,အဆုံး သုံးပါးလုံးကို ကြည့်ရှုတော်မူကြပြီးလျှင် ပုဒ်-ပါဌ်–အက္ခရာများ သတိလွတ်ကင်း၍ ချို့ယွင်းခြင်းဖြစ်ပါမူ ပြင်ဆင်မှတ်သား၍ ဘတ်ကြားတော်မူကြပါ၊ ဟုတ်တိုင်းမြင်သိ ပညာရှိအပေါင်း သူတော်ကောင်းတို့။

…………ဝ…………

## သမထယာနိက ဝိပဿနာယာနိကပုဂ္ဂိုလ်တို့၏ကျင့်စဉ်

ရုပ်ဓါတ်,နာမ်ဓါတ်တို့၏ ဖြစ်ပေါ်မှု ပျက်စီးမှုတို့ကို ပြဆို ကြည့်ရှုရာ၌ မြတ်စွာဘုရား သာသနာတော်ဟူသော ရောင်ဝါ နေဝန်း ထွန်းလင်းတောက်ပခိုက်အခါမှာ သံသရာဝဋ်စက်မှ လွတ်ထွက်ရန် နှလုံးထားလျက် တရားကို အားထုတ်ကျင့်ကြံ၍ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကိုရသဖြင့် သံသရာဝဋ်မှ ကင်းလွတ်စင်ကြယ် သွားသူတို့သည် သမထယာနိက ဝိပဿနာယာနိက ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ ထိုနှစ်မျိုးတို့တွင် သမထယာနိကပုဂ္ဂိုလ်ဆို သည်ကား၊ သမထကမ္မဋ္ဌာန်း သမထဘာဝနာ ၄၀-တို့တွင် တခုခုကို အပ္ပနာသမာဓိ- ဟူသော ဈာန်ကို ရအောင်၎င်း။ ဥပစာရသမာဓိ-ဟူသော ဈာန်၏အနီးသို့ကပ်၏ ဈာန်ရလုနီးနီး ရောက်အောင်၎င်း။ ပွားများစီးဖြန်းပြီးမှ ဝိပဿနာကို ရှု၍ ဈာန်နှင့်တကွ မဂ်ဖိုလ်ကိုရကြသော ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂ လာန်-စသည်တို့ကဲ့သို့သော ပုဂ္ဂိုလ်မြတ်များကိုဆိုသည်။ထိုကဲ့သို့ သော ပုဂ္ဂိုလ်မြတ်များကို သမထယာနိက-ဟူ၍၎င်း၊ စေတောဝိဇ္ဇာ- ဟူ၍၎င်း၊ ဆဋ္ဌာဘိညာ-ဟူ၍၎င်း၊ ပဋိသမ္ဘိဒါပတ္တ-ဟူ၍၎င်း၊ များစွာသော အမည်သညာတို့ဖြင့် ပြကြသည်။ ထို့ကြောင့် မဟာဋီကာ၌....

သမထော ဝ ယာနံ သမထယာနံ၊ တံ ဧတဿအတ္ထိတိ သမထယာနိကော၊ ဈာနေ ဝါ ဈာနူပစာရေ ဝါ ပတိဋ္ဌာယ ဝိပဿနံ အနုယုဉ္ဇန္တဿေတံနာမံ။

သမထော ဝ– သမထဘာဝနာသည်သာလျှင်။ ယာနံ– သံ
သရာမှထွက်၍ နိဗ္ဗာန်သို့ ပြေးသွားကြောင်း ဖြစ်သောယာဉ်။
တေသ–ထိုပုဂ္ဂိုလ်အား၊ တံ-ထိုသမထယာဉ်သည်။ အတ္ထိ-ရှိ၏။
ဣတိတသ္မာ–ထို့ကြောင့် သမထယာနိကော၊ သမထယာနိက
မည်၏။ တော-ထိုသမထယာနိက–ဟူသော အမည်သညာသည်။
ဈာနေဝါ–အပ္ပနာသမာဓိ၌၎င်း၊ ဈာနူပစာရေဝါ– ဈာန်၏
ဥပစာရသမာဓိ၌၎င်း၊ ပတိဋ္ဌာယ–ရပ်တည်၍ ဝိပဿနံ၊ဝိပဿနာ
ကို အနုယုဉ္ဇန္တဿ–သံသရာဘေး, အပါယ်ဘေးတို့မှ ကင်းဝေး
အောင် နှလုံးထားလျက် အားထုတ်သောပုဂ္ဂိုလ်၏။ နာမံ–
အမည်သညာပေတည်း။

ဝိပဿနာ ယာနိကပုဂ္ဂိုလ်ဆိုသည်ကား။ နောက်က ပြခဲ့
သည့် သမထအလုပ်၊ သမာဓိအလုပ်၊ ဈာန်အလုပ်တို့ကို သက်
သက်အရေးမပြု ဂရုမစိုက် စိတ်၌မစွဲမူ၍၊ ရုပ်နာမ် ခန္ဓာတို့၏
မခိုင်မြဲမှုဟူသော အနိစ္စ၊ဆင်းရဲမှုဟူသော ဒုက္ခ၊ပုဂ္ဂိုလ် သတ္တဝါ
ငါသူတပါး, ယောကျ်ား,မိန်းမ,အနှစ်သာရ မဟုတ်မှု ဟူသော
အနတ္တ၊ လက္ခဏာဉာဏ်ပညာကိုသာလျှင် ကောင်းစွာပွားများ
နှလုံးထားလျက် ဈာန်မဖက်မူ၍ မဂ် ဖိုလ်သက်သက်ကိုသာ
ရကြသော ရဟန်းအရိယာပုဂ္ဂိုလ်တို့ကို ဆိုသည်။ ထို့ကြောင့်
မဟာဋီကာ၌....

ဝိပဿနာယာနိကဿပန သမထံ အနိဿာယ ဝိပဿနာ
ဘိနိဝေသော–ဟူ၍ မိန့်ဆိုအပ်ပြီ။ မြန်မာပြန် အနက်ကား။
ဝိပဿနာယာနိကဿပန၊ ဝိပဿနာယာနိက ပုဂ္ဂိုလ်အား
မူကား။ သမထ-သမထဘာဝနာအလုပ်ကို။ အနိဿာယ–မမှီ

မူ၍၊ ဝိပဿနာဘိနိဝေသော၊ ရုပ်နာမ်ခန္ဓာတို့၏ မခိုင်မြဲမှု ဟူသော အနိစ္စ၊ ဆင်းရဲမှုဟူသော ဒုက္ခ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ-သူ ဘပါး, ယောကျ်ား, မိန်းမ, အနှစ်သာရ မဟုတ်မှု ဟူသော အနတ္တ ရှုမှုကိုသာ စိတ်မှာသက်ဝင် ဆင်ခြင် နှလုံးထားသည်။ ဟောတိ- ဖြစ်၏။

ဤအရာဝယ် တည်ကြည်ခြင်း သမာဓိရှိသူတို့မှ၊ ရုပ်နာမ်တို့၏ ဟုတ်မှန်သော သဘောကို သိမြင်၍ ယထာဘူတဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်တို့ကို ရနိုင်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် တည်ကြည်ခြင်း၊ သမာဓိ မရှိမူ၍ ယထာဘူတဉာဏ်ကို မရသည့်အတွက် မဂ်ကို မရနိုင်သည်သာ ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် သမထဟူသော- သမာဓိ မရှိကြသည့် ဝိပဿနာယာနိက၊ သုက္ခဝိပဿနာက သုဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့သည် ရနိုင်ကြပါသနည်းဟု မေးရန်ရှိ၏။

အဖြေကား။ ။ဝိသုဒ္ဓိမဂ် သင်္ဂြိုဟ်တို့မှာ စိတ္တဝိသုဒ္ဓိအခဏ်းတွင် ပြဆိုအပ်သော ဥပစာရ သမာဓိ၊ အပ္ပနာ သမာဓိနှစ်ပါးတို့အပြင် ၎င်းသမာဓိနှစ်ပါးတို့မှ တခြားတပါးသော ခဏိက သမာဓိဟူ၍ ရှိသေးသည်။ ထိုခဏိကဲ သမာဓိ ရှိသေးသည့်အတွက် မဂ်ကို ရနိုင်သည်ဟု ဖြေဆိုအပ်၏။

ထိုခဏိကသမာဓိ ဆိုတာသည် စိတ္တဝိသုဒ္ဓိကို ဆိုရာအခဏ်းတွင် မပါ,မရှိဘဲလျက်၊ ဘယ်ကျမ်းဂန်တို့၌ လာသနည်းဟု မေးရန် ရှိပြန်၏။ အဖြေကား= အဋ္ဌသာလိနီ၊ ပဋိသမ္ဘိဒါမဂ်၊ မဟာနိဒ္ဒေသ ဝိသုဒ္ဓိမဂ်, စသော အဋ္ဌကထာတို့မှာပင် လာသည်။ ထို့ကြောင့်- ၎င်း အဋ္ဌကထာကြီးတို့၌....

သုခံ ဂတ္တံ ဂကျန္တံ၊ ပရိပါကံ ဂစ္ဆန္တံ။ တိဝိဓံ သမာဓိ ပူရေတိ၊ ခဏိကသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိန္တိ- ဟု မိန့်ကြပြီ။

မြန်မာပြန်အနက်ကား။ ။ဂတ္တံ- ပသာဒ်နှစ်ပါးဟူသော ကိုယ်ဝန်ကို၊ ဂကျန္တံ- ယူတတ်သော၊ သုခံ- ကာယစိတ္တသုခ နှစ်ပါးသည်၊ ပရိပါကံ- ရင့်ခြင်းကို၊ ဂစ္ဆန္တံ- ရောက်သည် ဖြစ်၍၊ (ဝါ) ရောက်သည်ရှိသော်၊ ခဏိကသမာဓိ- ခဏိက သမာဓိကိုရင်း၊ ဥပစာရသမာဓိ- ဥပစာရသမာဓိကိုရင်း၊ အပ္ပ နာသမာဓိ- အပ္ပနာသမာဓိကိုရင်း၊ ဣတိ- ဤသို့၊ တိဝိဓံ- သုံးပါးအပြားရှိသော၊ သမာဓိ- သမာဓိကို၊ ပူရေတိ- ပြည့် စေ၏။ ဤ အဋ္ဌကထာကြီးတို့၌ ပါရှိသော ခဏိကသမာဓိ အတွက် မင်္ဂိုလ်ကို ရနိုင်ကြလေသည်ဟု ဖြေဆိုအပ်၏။

အဘယ်မျှလောက် တည်သော သမာဓိကို ခဏိကသမာဓိ ခေါ်သနည်းဟု မေးရန် ရှိပြန်၏။ အဖြေကား။

ပရမတ္ထက္ခဏမတ္တေန ယုတ္တော သမာဓိ ခဏိကသမာဓိ ကေတ္တဝသေန ဝါ သန္တာနေန ဝါ အဘာဝိတသမထသော တံ နာမံ၊ ဟူသော ပဋိသမ္ဘိဒါမဂ်၊ ဂဏ္ဌိပုဒ်တွင် မိန့်ဆိုသည်။

မြန်မာပြန်အနက်ကား။ ။ပရမတ္ထက္ခဏမတ္တေန- ပရမတ် ဖြစ်သော ခဏမျှနှင့်၊ (ဝါ) ပရမတ်ဖြစ်သော ဝီထိစိတ္တက္ခဏ အစဉ်နှင့်၊ ယုတ္တော- ယှဉ်သော၊ သမာဓိ- သမာဓိသည်၊ ခဏိ က သမာဓိ- ခဏိကသမာဓိမည်၏၊ တော- ထိုခဏိကသမာဓိ ဟူသော အမည်သည်။ ကေတ္တဝသေန ဝါ- တခုတည်းသော

အာရုံရှိသောအဖြစ်၏ အစွမ်းဖြင့်ရင်း။ သန္တာနေနဝါ- တခု တည်းသော အာရုံအစဉ်အားဖြင့်ရင်း။ အဘာဝိတသမထသာ- မပွားအပ်သော သမထ၏။ နာမံ-အမည်တည်း။ ဤကဲ့သို့မိန့်ဆို သည်နှင့်အညီ။ သမထကမ္မဋ္ဌာန်း ၄၀-တို့တွင် ဘယ်ကမ္မဋ္ဌာန်း တခုကိုမျှ ပွားများအားထုတ်မှုကို အရေးမပြု ဂရုမစိုက်ဘဲ။ စိတ်၌ ထင်လာ,မြင်လာ,ကြုံကြိုက်လာသော အာရုံများအတွက် သက်သက်ပေါ်လာသော စေတနာ စေတသိက် ဟူသော သမာဓိကိုပင် ခဏိက သမာဓိဟူ၍ ဆိုအပ်သည်ဟု ဖြေဆို အပ်၏။

ဤ ဝိထိအစဉ်တွင် ကပ်ယှဉ်လျက်ပါသော စေတနာ စေတသိက်ဟူသော ခဏိကသမာဓိနှင့် ဝိပဿနာရှု၍ ဖြစ်နိုင်ပါ မည်လားဟု မေးရန်ရှိပြန်၏။ အဖြေကား....

နဟိ ခဏိကသမာဓိံ ဝိနာ ဝိပဿနာ သမ္ဘဝတိ။
မဟာဋီကာ။

မြန်မာပြန်အနက်ကား။ ဟိသစ္စံ-ထိုစကားမှန်၏။ ခဏိက သမာဓိံ၊ ခဏိကသမာဓိကို။ ဝိနာ- ကင်း၍၊ ဝိပဿနာ- ဝိပဿနာဉာဏ်ပညာသည်။ နသမ္ဘဝတိ-မဖြစ်သင့်၊ မဖြစ်ထိုက် ဟူ၍ မိန့်ဆိုသည်။ သဒ္ဓမ္မပကာသနီ အဋ္ဌကထာ၌ကား....

သမာဒဟိတွာ ဝိပဿတီတိ အပ္ပနူပစာရ ခဏိက သမာဓိနံ အညတရေန သမာဓိနာ ပထမံစိတ္တသမာဓါနံ ထတွာ ဝိပဿတိ။

မြန်မာပြန် အနက်ကား။ ။သမာဒဟိတွာ ဝိပဿတိတိ၊ သမာဒဟိတွာ ဝိပဿတိ- ဟူသည်ကား။ အပ္ပနူပစာရခဏိက သမာဓိနံ-ဈာန်ကိုရအပ်သော အပ္ပနာသမာဓိ- ဈာန်အနီးသို့ ကပ်သော ဥပစာရသမာဓိ- ကြုံကြိုက်လာသော အာရုံများ အတွက် သက်သက်စိတ်အစဉ်မှာ ပေါ်လာသော ကေဂ္ဂတာ စေတသိက်ဟူသော ခဏိကသမာဓိတို့တွင် အညတရေန-တပါး ပါးသော သမာဓိနာ-သမာဓိဖြင့်၊ ပထမံ- ရှေးဦးစွာ၊ စိတ္တံ သမာဓါနံကတွာ၊ စိတ်ကို ငြိမ်အောင်ပြု၍ ပဝိဿတိ-ဝိပဿနာ ရှု၏-ဟူ၍ မိန့်ဆိုသည်။

> စိတ္တဝိသုဒ္ဓိနာမ သမထယာနိကဿ၊ သဥပစာရာ အဋ္ဌသမာပတ္တိယော၊ ဝိပဿနာ ယာနိကဿပန ကေဝလမုပစာရသမာဓိဝါ၊ တသ္မိ အသတိ ခဏိက သမာဓိဝါ။

မြန်မာပြန်အနက်ကား။ ။သမထယာနိကဿ၊ သမထယာ နိက ပုဂ္ဂိုလ်အား၊ သဥပစာရာ-ဥပစာရသမာဓိနှင့်တကွ၊ အဋ္ဌ သမာပတ္တိယော၊ ရူပ-အရူပ, ဈာန်စိတ်ဟူသော သမာပတ် ရှစ်ပါးတို့သည်။ စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိမည်၏။ ဝိပဿနာ ယာနိကဿပန-ဝိပဿနာယာနိကပုဂ္ဂိုလ်အားမူကား၊ ကေဝလံ- ဈာန်သမာပတ်တို့နှင့် မရောရှက် သက်သက်သော၊ ဥပစာရ သမာဓိဝါ-ဈာန်နှင့် မနီးမဝေးသို့ ကျသော ဥပစာရသမာဓိ တမျိုးသည်လည်းကောင်း၊ တသ္မိံ ထိုဥပစာရသမာဓိတမျိုးသည်။

အသတိ၊ မရှိခဲ့သော်။ ခဏိကသမာဓိ ဝါ၊ ခဏိကသမာဓိသည် သည်းကောင်း။ စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိမည်၏။ ဟူသော သီဟိုဠ် အက္ခရာရေး သာရတ္ထဒီပနီ အဋ္ဌကထာ စသည် တို့ကို ထောက်ဆ၍၊ ခဏိကသမာဓိနှင့် ဝိပဿနာရှု၍ဖြစ်နိုင်ကြောင်း ကောင်းကောင်းကြီး မှတ်ယူကြရာသတည်း။ ဤသမာဓိတို့တွင် သုက္ခဝိပဿကပုဂ္ဂိုလ်တို့နှင့် သင့်လျော်သော ခဏိကသမာဓိကို ဝိပဿနာဟူသော တဘက်အတွက်သာ တည်ကြည်ရသော ကြောင့် ဧကံသဘာဝိတ သမာဓိဟူ၍ရင်း။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိနှစ်ပါးကို သမထ ဝိပဿနာဟူသော နှစ်ပါးအတွက် အတွက် တည်ကြည်ရသောကြောင့် ဥဘယံသဘာဝိတ သမာဓိ ဟူ၍ရင်း ခေါ်ကြောင်းနှင့် နေတ္တိပါဠိတော် အဋ္ဌကထာတို့မှာ ဆိုသေးသည်။ ထို့ကြောင့် နေတ္တိအဋ္ဌကထာ၌၊

> ဧကံ သဘာဝိတော သမာဓီတိ၊ သုက္ခဝိပဿကဿ သမာဓိ၊ ဥဘယံ သဘာဝိတော သမာဓီတိ သမထ ယာနိကဿ သမာဓိ။

ဟု **မိန့်အပ်ပြီ။ အနက်လွယ်ပြီ။** ။ထို့ပြင်လည်း ဝိပဿနာကို ပွားများအားထုတ်စဉ် သမထလည်း ဖြစ်ပေါ် ပါဝင်နိုင်၏။ ထိုသို့ဖြစ်ပေါ်ပါဝင်နိုင်ကြောင်းကို ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာနံပါတ် ၂၀၇–၌။

ကထံ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ၊ အနိစ္စတော အနုပဿနဋ္ဌေန ဝိပဿနာ၊ ဒုက္ခတော အနုပဿနဋ္ဌေန ဝိပဿနာ၊ အနတ္တတော အနုပဿနဋ္ဌေန ဝိပဿနာ။ တတ္ထ ဇာတာနံ ဓမ္မာနံစ ဝေါသဂ္ဂါရမ္မဏတာ စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ၊ ဣတိ ပဌမံ ဝိပဿနာ ပစ္ဆာ သမထော။ ဧဝံ ခေါ တေန ဝုစ္စတိ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီတိ။ ။

ဟု မိန့်ဆိုလေပြီ။ မြန်မာပြန်အနက်ကား။ ကထံကေနကာရေဏေန၊ အဘယ်သို့သော အကြောင်းဖြင့်။ ဝိပဿနာပုဗ္ဗင်္ဂမံ၊ ဝိပဿနာရှေ့သွားရှိသော။ သမထံ၊ သမထကို။ ဘာဝေတိ၊ ပွားသနည်း။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဝါ-မမြဲသောအားဖြင့်။ ဝါ-အနိစ္စတော–အနိစ္စဣတိ၊ အနိစ္စဟူ၍။ ဝါ–အမြဲမရှိဟူ၍။ အနုပဿနဋ္ဌေန၊ အဖန်တလဲလဲရှုတတ်သော အနက်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏၊ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ဝါ–ဆင်းရဲသောအားဖြင့်။ ဒုက္ခတော- ဒုက္ခဣတိ၊ ဒုက္ခဟူ၍။ ဝါ–ဆင်းရဲ၏ဟူ၍။ အနုပဿနဋ္ဌေန၊ အဖန်တလဲလဲရှုတတ်သောအနက်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ အနတ္တတော၊ အတ္တမဟုတ်သောအားဖြင့်။ အနုပဿနဋ္ဌေန၊ အဖန်တလဲလဲ ရှုတတ်သော အနက်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ တတ္ထ၊ ထိုဝိပဿနာရှုရာ၌။ ဝါ-ထိုဝိပဿနာ ပညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။ (ထည့်) ဝိပဿနာယစ၊

ဝိပဿနာပညာ၏ရင်း။ ဇာတာနံ၊ ဝိပဿနာပညာနှင့် တကွ ဖြစ်ကုန်သော။ ခမ္မာနံစ၊ ဖဿဝေဒနာဟူသော သမ္ပယုတ် တရားတို့၏ ရင်း။ ဝေါသဂ္ဂေါရမ္မဏတာ၊ သင်္ခါရတရားတို့ကို စွန့်တတ်သော နိဗ္ဗာန်လျှင် အာရုံရှိသည်၏အဖြစ်ဟု ဆိုအပ် သော။ ဝါ– သင်္ခါရတရားတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်လျှင် အကြောင်းတည်ရာ ရှိသည်၏ အဖြစ်ဟု ဆိုအပ်သော။ စိတ္တဿ၊ဝိပဿနာရှုသော ကာမဝစရကုသိုလ်စိတ်၏။ဧကဂ္ဂတာ၊ တခုသော အာရုံရှိသည်၏ အဖြစ်ဟု ဆိုအပ်သော၊ အဝိက္ခေ ပေါ၊ မပြန့်မလွင့်ခြင်းသည်။ သမာဓိ၊ သမာဓိမည်၏။ ဣတိ၊ ဤသို့။ ပဌမံ၊ ရှေးဦးစွာ။ ဝိပဿနာ၊ဝိပဿနာသည်။ ဟောတိ၊ ဖြစ်၏။ ပစ္ဆာ၊ နောက်၌။ သမထော၊ သမထသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ ဝိပဿနာ ပုဗ္ဗင်္ဂမံ သမထံ ဘာဝေ တီတိ၊ ဝိပဿနာ ပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ ဟူ၍။ ဝုစ္စတိ။ ခေါ် ဆိုအပ်၏။

ဤသို့ သမထနိက ပုဂ္ဂိုလ်တို့ ကျင့်စဉ်နှင့် ဝိပဿနာယာနိက ပုဂ္ဂိုလ်တို့၏ ကျင့်စဉ်ကို သိရှိပြီးနောက်၊ ယခုခေတ်တွင် မည်သည့် ပုဂ္ဂိုလ်တို့၏ ကျင့်စဉ်ကို လိုက်နာအားထုတ်သင့်သည်ကို ဆင်ခြင် ရာ၏။

………o…………

## ကျွတ်ထိုက်သော ပုဂ္ဂိုလ် ၃–မျိုး

မြတ်စွာဘုရား သာသနာတော် တွင်း၌ ဉဂ္ဃဋိတညူ ပုဂ္ဂိုလ် ၁။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်–၁။ နေယျပုဂ္ဂိုလ်–၁။ ဟူ၍ ကျွတ်ထိုက်

သော ပုဂ္ဂိုလ်သုံးမျိုးရှိ၏။ သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံ တရားဓမ္မကို ဟောတော်မူရာ။ အကျဉ်းသခ်ေပ ဥဒ္ဒေသစကား၏ အဆုံးနှိုက် မဂ်-ဖိုလ် ရနိုင်သော ပုဂ္ဂိုလ်သည် လွယ်သော အကျင့်ဖြစ်သော၊ လျင်သော အဘိညာဏ်ဖြင့် ထွက်မြောက်၍ ဥဃ္ဃဋိတညု ပုဂ္ဂိုလ်မည်၏။ အကျဉ်းသခ်ေပ ဥဒ္ဒေသမျှနှင့် မဂ်ဖိုလ်ကို မရနိုင်သေး။ အကျယ်ဝိတ္ထာရအားဖြင့် ဘွင့်ပြဝေဘန်၍ ဟောတော်မူမှသာ မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်သည် ဆက်ဆံသော အကျင့်ဖြင့် ထွက်မြောက်၍ ဝိပဉ္စိတညုပုဂ္ဂိုလ်မည်၏။ အကျဉ်း အကျယ် အားဖြင့် ဟောတော်မူသော်လည်း ဒေသနာအဆုံးနှိုက် မဂ်ဖိုလ်ကို မရနိုင်သေး။ ထိုဒေသနာလာရှိတိုင်းသော တရားကို နေ့-ရက်-လ-နှစ်များစွာ ကျင့်ကြံပွားများ အားထုတ်မှသာ မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်သည် ဆင်းရဲသော အကျင့်ဖြစ်သော နှေးသော အဘိညာဏ်ဖြင့် ထွက်မြောက်၍ နေယျပုဂ္ဂိုလ်မည်၏။ ထိုသုံးမျိုးသော ပုဂ္ဂိုလ်တို့တွင် မြတ်စွာဘုရားသည် ဥဃ္ဃဋိတညု ပုဂ္ဂိုလ်အား သမထတရားကို ညွှန်ပြတော်မူ၏။ ဝိပဉ္စိတညု ပုဂ္ဂိုလ်အား သမထဝိပဿနာ တရားနှစ်ပါးတွဲ၍ ညွှန်ပြတော်မူ၏။ နေယျပုဂ္ဂိုလ်အား ဝိပဿနာကိုသာ ညွှန်ပြတော်မူ၏။ ထို့ကြောင့် နေတ္တိပါဠိတော် နယသမုဋ္ဌာနကျမ်း နံပါတ် ၈၈-မျက်နှာ၌။

တတ္ထ ယော သုခါယ ပဋိပဒါယ ခိပ္ပါဘိညာယနိယျာတိ၊ အယံ ဥဃ္ဃဋိတညူ၊ ယော သာဓါရဏာ ယ အယံ ဝိပဉ္စိတညူ၊ ယော ဒုက္ခာယ ပဋိပဒါယ ဒန္ဓာဘိညာယ

နိယျာတိ အယံနေယျော။ တတ္ထ ဘဂဝါ ဥဃ္ဃဋိတ
ညူသာ ပုဂ္ဂလဿ သမထံ ဥပဒိဿတိ၊ နေယျဿ ဝိပဿနံ
သမထဝိပဿနံ ဝိပဉ္စိတညုဿ
ဟူ၍ မိန့်ဆိုလေပြီ။

မြန်မာပြန် အနက်ကား။ ။တတ္ထ၊ ထိုကျွတ်ထိုက်သော ပုဂ္ဂိုလ်သုံးယောက်တို့တွင်။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သုခါယ၊ လွယ်သော။ ပဋိပဒါယ၊ အကျင့်ဖြစ်သော။ ခိပ္ပါဘိညာယ၊ လျင်သော အဘိညာဏ်ဖြင့်။ နိယျာတိ၊ ထွက်မြောက်၏။ အယံ၊ ဤပုဂ္ဂိုလ်သည်။ ဥဃ္ဃဋိတညူ၊ ဥဃ္ဃဋိတညူမည်၏။ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သာဓါရဏာယ၊ ဆက်ဆံသောအကျင့်ဖြင့်။ နိယျာတိ၊ ထွက်မြောက်၏။ အယံ၊ ဤပုဂ္ဂိုလ်သည်။ ဝိပဉ္စိတညူပုဂ္ဂိုလ်မည်၏။ယော၊အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခာယ၊ ဆင်းရဲသော။ ပဋိပဒါယ၊ အကျင့်ဖြစ်သော။ ဒန္ဓာဘိညာယ၊ နှေးသော အဘိညာဏ်ဖြင့်။ နိယျာတိ၊ ထွက်မြောက်၏။ အယံ၊ ဤပုဂ္ဂိုလ်သည်။ နေယျော၊ နေယျမည်၏။ တတ္ထ၊ ထိုသုံးမျိုးသော ပုဂ္ဂိုလ်တို့တွင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥဃ္ဃဋိတညုဿ၊ ဥဃ္ဃဋိတညူဖြစ်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။သမထံ၊ သမထကို။ ဥပဒိဿတိ၊ ညွှန်ပြတော်မူ၏။ နေယျဿ၊ နေယျဖြစ်သော။ ပုဂ္ဂလဿပုဂ္ဂိုလ်အား။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပဒိဿတိ၊ ညွှန်ပြတော်မူ၏။ ဝိပဉ္စိတညုဿ၊ ဝိပဉ္စိတညူဖြစ်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား၊ သမထဝိပဿနံ၊ သမထဝိပဿ

နာကို။ ဥပဒိဿတိ၊ ညွှန်ပြတော်မူ၏။ ။ ထိုပါဠိတော်ကို ထောက်ရှုသော် ယခုခေတ်တွင် အများအားဖြင့် နေယျပုဂ္ဂိုလ် မျိုးများသာ ကျန်ရှိတော့သည်ဟု ဆိုရပြန်၏။ ထို့ကြောင့် မိမိတို့နှင့် ထိုက်လျော်သော ဝိပဿနာတရားကိုသာလျှင် ကြိုး စား အားထုတ်ပွားများခြင်းကို ပြုအပ်ပေသတည်း။

## ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရန် တိုက်တွန်း နှိုးဆော်အပ်သော ဥယျောဇဉ်ဂါထာ။ (အင်းမကြီးဆရာတော်ဘုရား)

ဝိပဿနာဟူသည်ကား ဉာဏ်အသုပ်၊ ဉာဏ်စခန်းဖြစ်သော ကြောင့် ဉာဏ်ကို အများကြီး ရှေ့ထား၍ စဉ်းစားပြီးလျှင်၊ အထူးရှုမှုကို ဝိပဿနာခေါ်ပါသည်။ ဝိ=အထူး။ ပဿနာ=ရှု မြင်တတ်သောဉာဏ်။ ထိုဉာဏ်ကို ဝိပဿနာဉာဏ်ဟု ခေါ်ပါ သည်။

........o........

## ဒိဋ္ဌိတရားကို ဝိပဿနာဉာဏ်ဖြင့်သာလျှင် ပယ်စွန့်နိုင်ကြောင်းကို ပြခြင်း

ဒိဋ္ဌိယောနာမ၊ ဝိပဿနာယ ဧဝ ပဟီနာ။

သံယုတ်အဋ္ဌကထာ။ ။ဒိဋ္ဌိယောနာမ၊ ဒိဋ္ဌိဟူသမျှတို့ကို။ ဝိပဿနာယဧဝ၊ ဝိပဿနာဉာဏ်ဖြင့်သာလျှင်၊ ပဟီနာ၊ ပယ် စွန့်နိုင်၏။

## သက္ကာယဒိဋ္ဌိခေါ်ခြင်း၏အကြောင်း ကို ပြခြင်း

ပရမတ္ထတော ဝိဇ္ဇာမာနတ္တာ သန္တော သံဝိဇ္ဇာမာနော ကာယော သက္ကာယော။ တေဘူမိက ခန္ဓာ ပဉ္စကဿေ တံ နာမံ၊ သက္ကာယေ မိစ္ဆာ ဝသေန ဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိ။

ပရမတ္ထတော၊ ပရမတ်သဘောအားဖြင့်။ ဝိဇ္ဇာမာနတ္တာ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်၊ သန္တောသံဝိဇ္ဇာမာနော၊ ပရမတ်အားဖြင့် ထင်ရှားရှိသော။ ကာယော၊ ရုပ်နာမ်နှင့်ငါးတို့၏ အပေါင်းအစုသည်။ သက္ကာယော၊ သက္ကာယမည်၏။ တေံ၊ ထို သက္ကာယဟူသော အမည်သည်။ တေဘူမိကခန္ဓာပဉ္စကဿ၊ ဘုံ သုံးပါး၌ဖြစ်သော ခန္ဓာငါးပါးအပေါင်း၏။ နာမံ၊ အမည် ဘည်း။ သက္ကာယေ၊ ပရမတ်အားဖြင့် ထင်ရှားရှိသော ခန္ဓာ ငါးပါး ရုပ်နာမ် တရားအစုသာဖြစ်သော ခန္ဓာထဲ၌။ မိစ္ဆာ ဝသေန၊ မှားသောအားဖြင့်၊ ဒိဋ္ဌိ၊ မြင်ခြင်းသည်။ သက္ကာယ ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိမည်၏။

........o........

## နာမ်ရုပ်နှစ်ပါးကို ပိုင်းခြား၍ သိက သက္ကာယဒိဋ္ဌိ ပယ်စွန့်နိုင်ကြောင်းကို ပြခြင်း

နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟာနံ ဟောတိ။

ပဋိသမ္ဘိဒါမဂ်၊ သံယုတ် အဋ္ဌကထာ။ ။နာမရူပ ဝဝတ္ထာနေန။ နာမ်ရုပ် ၂-ပါးကို ပိုင်းခြားမှတ်သားနိုင်သဖြင့် သင်္ကာယဒိဋ္ဌိယာ၊ ပရမတ်အားဖြင့် ထင်ရှားရှိသော နာမ်ရုပ် ၂-ပါးထဲ၌ အမြင်မှားသော သက္ကာယဒိဋ္ဌိတရားကို။ ပဟာနံ၊ ပယ်ရှား စွန့်ခွါနိုင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**ဝိပဿနာတရားမှသာလျှင် နိဗ္ဗာန်သို့ဆိုက်ရောက်**
**စေတတ်သော လမ်းခရီးဟု ပြခြင်း**

ကတမောစ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ ဝိပဿနာ၊
အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ။

သံယုတ်ပါဠိတော်။ ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ နိဗ္ဗာန်သို့ ဆိုက်ရောက်စေတတ်သော လမ်းခရီးသည်။ ကတမောစ၊ အဘယ်နည်းဟူမူကား။ ဝိပဿနာ၊ နာမ်ရုပ်တရားတို့၌ အနိစ္စ ဒုက္ခ အနတ္တ အသုဘဟု ရှုကြည့်မှုဟူသော ဝိပဿနာအလုပ် အားထုတ်မှုတည်း။ အယံ၊ ဤ ဝိပဿနာအလုပ်အားထုတ်မှုသည်။ အသင်္ခတ ဂါမိမဂ္ဂေါ၊ နိဗ္ဗာန်သို့ဆိုက်ရောက်စေတတ်သော လမ်းခရီးဟူ၍၊ ဝုစ္စတိ၊ မိန့်ဆိုအပ်၏။

**ပရမတ္ထတရား ၄-ပါး**

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရမတ္ထတရားသည် ၄-ပါးရှိသည်။ ၄-ပါးဟူသည်ကား။

၁။ စိတ်။
၂။ စေတသိက်။
၃။ ရုပ်။
၄။ နိဗ္ဗာန်။

အားဖြင့် ၄-ပါးဖြစ်သတည်း။ စိတ်စေတသိက် ရုပ်တို့ကို ကံ-စိတ်-ဥတု-အာဟာရ တည်းဟူသော အကြောင်းတရား ၄-ပါးတို့ ပြုပြင်ခြင်းကို ခံရခြင်းကြောင့် သင်္ခတ ပရမတ်ဟု ခေါ်ပါသည်။

နိဗ္ဗာန်မှာ ကံ- စိတ်- ဥတု-အာဟာရ တည်းဟူသော အကြောင်းတရား ၄-ပါးတို့ ပြုပြင်ခြင်းမရှိသောကြောင့် အသင်္ခတ ပရမတ်ဟု ခေါ်ပါသည်။

(၁) စိတ်ဆိုသည်မှာ အာရုံ၌ သိတတ်သော သဘောကို ခေါ်ပါသည်။

(၂) စေတသိက်ဆိုသည်မှာ စိတ်နှိုက် အမြဲယှဉ်တွဲသော သဘောကို ခေါ်ပါသည်။

(၃) ရုပ်ဆိုသည်မှာ ဖေါက်ပြန်တတ်သော သဘောကို ခေါ်ပါသည်။

(၄) နိဗ္ဗာန်ဆိုသည်မှာ စိတ်စေတသိက် ရုပ်တို့မဖြစ်ပေါ်သောသဘော၊ ပြုပြင်ခြင်းကင်းသော သဘောကို ခေါ်ပါသည်။

## အသိ သုံးမျိုး

၎င်းပရမတ္ထတရားတို့ကို အသိသုံးမျိုးနှင့် သိစေရန် ခွဲခြား၍ ပြဆိုပေအံ့။

၁။ သညာသိ။
၂။ ဝိညာဏ်သိ။ } ဟူ၍ အသိသုံးမျိုးတည်း။
၃။ ပညာသိ။

ထိုသုံးမျိုးတို့တွင် (၁) အခြားသူများပြော၍သိသော မှတ်သိ၊ စာပေကျမ်းဂန်၌တွေ့၍၊ ၎င်းစာပေကို အမှတ်ပြု၍သိသောမှတ်သိကို သညာသိခေါ်သည်။ ။ဥပမာကား။

၂–နှစ် ၃–နှစ်သားရှိသော ကလေးသူငယ်ကို မိခင် ဘခင်များက မီးခဲကိုပြ၍ မကိုင်နှင့် ပူတတ်သည်မှတ်ထားဟု သင်ကြားထားသောအခါ၊ ၎င်းမိခင်ဘခင်များက သင်ကြားသည့်အတိုင်း မှတ်သားထားသော ကလေးအမှတ်သိနှင့် သညာသိတည်း။

(၂) မိမိခန္ဓာတွင် စိတ်ကူး၍ အထူးသိမှုကို ဝိညာဏ်သိခေါ်သည်။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် ၆–ပါးနှင့် သိသောအသိမျိုးကိုဆိုသည်။ ။ဥပမာကား။

ကလေးသူငယ်သည် မီးခဲကိုလက်ဖြင့် စမ်းသပ်ကြည့်သောအခါ လက်၌ပူခြင်းကို ကာယဝိညာဏ်စိတ်ဖြင့်သိ၏။ထိုကလေး၌ စိတ်ဖြင့်ထင်ရှားစွာ ပူခြင်းကို သိသော ကလေးအသိနှင့် ဝိညာဏ်သိတည်း။

(၃) သညာသိ၊ ဝိညာဏ်သိတို့မှတပါး ထိုးထွင်း၍သိသော အသိညာဏ်ကို ပညာသိခေါ်သည်။ ။ဥပမာကား။

ကလေးသည် မီးခဲ၌ရှိသော မီးပူသည် အေးငြိမ်းပျောက်ကွယ်ရန်ကား ရေပင်တည်း။ ရေနှင့်လောင်းငြိမ်းလျှင်။ ၎င်းမီးခဲ၌ရှိသော အပူမီးပျောက်ကွယ် အေးငြိမ်းမည်ဟု ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိသော ကလေးအသိနှင့် ပညာသိတည်း။

**မှတ်ချက်။** ။မိခင်–ဘခင်များ သင်ကြားသောသညာသိ၊ စိတ်၌သိသော ဝိညာဏ်သိတို့၏အကြောင်းခံဖြင့် ထိုအသိတို့မှ တပါး ထိုးထွင်း၍သိသော အသိပညာဖြစ်၍ ပညာသိ ခေါ် သည်။

စိတ်စေတသိက် ရုပ် နိဗ္ဗာန်ဟုခေါ်သော ပရမတ္ထတရား ၄–ပါးတို့တွင် စိတ်စေတသိက်ရုပ်ဟုခေါ်သော သင်္ခတတရား ၃–ပါးထဲမှ ရုပ်သင်္ခတတရားကို ရှေးဦးစွာ ဖော်ပြပေအံ့။ ရုပ် ၂၈–ပါး ရှိပါသည်။ ၎င်းရုပ် ၂၈–ပါးဟူသည်ကား။ မဟာဘုတ် ၄–ပါးနှင့် ဉပါဒါန် ရုပ် ၂၄–ပါးဖြစ်ပါသည်။ ဉပါဒါန်ရုပ်သည် မဟာဘုတ် ၄–ပါးကို မှီတွယ်၍ဖြစ်သော ကြောင့် ဉပါဒါန်ရုပ်ဟု ခေါ်ပါသည်။

ယခုမဟာဘုတ် ၄–ပါးကို ဖော်ပြပေအံ့။ ။မဟာဘုတ် ၄–ပါးသည် ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ ဖြစ်ပါသည်။ (၁) ပထဝီဓါတ်မှာ ၃–မျိုး ရှိသည်။ ၎င်း ၃–မျိုးကား၊ ဝေါဟာရပထဝီ။ သုတ္တန်ပထဝီ။ ပရမတ်ပထဝီများဖြစ်ပါသည်။

ဝေါဟာရပထဝီသည်ကား။ လောကရှိ ပကတိမြေကြီးကို ခေါ်သည်။ သုတ္တန် ပထဝီသည်ကား။ ကေသာအစ မတ္ထလုင်္ဂ အထိ ပထဝီ ၂၀–ကိုခေါ်သည်။ ပရမတ် ပထဝီသည်ကား။ မာမှုသဘော နူးညံ့မှုသဘော၊ ခက်မာကြမ်းတမ်းမှုသဘော ပျော့ပြောင်းမှု သဘောကို ခေါ်ပါသည်။

(၂) အာပေါဓါတ်မှာ ၃-မျိုးရှိပါသည်။ ၎င်းသုံးမျိုးကား။ ဝေါဟာရအာပေါ၊ သုတ္တန်အာပေါ ပရမတ်အာပေါများဖြစ်ပါသည်။ ဝေါဟာရအာပေါသည်ကား လောကရှိပကတိရေကိုခေါ်သည်။ သုတ္တန်အာပေါသည်ကား။ ပိတ္တန်အစ မုတ္တန်အထိ ၁၂-ပါးကိုခေါ်ပါသည်။ ပရမတ်အာပေါသည်ကား ဖွဲ့စီးခြင်းသဘော၊ ယိုစီးခြင်းသဘောကို ခေါ်ပါသည်။

(၃) တေဇောဓါတ်မှာ ၃-မျိုးရှိပါသည်။ ၎င်း ၃-မျိုးကား ဝေါဟာရတေဇော၊ သုတ္တန်တေဇော၊ ပရမတ်တေဇောများဖြစ်ပါသည်။ ဝေါဟာရတေဇောသည်ကား လောကရှိပကတိမီးကို ခေါ်ပါသည်။ သုတ္တန် တေ ဇော သည် ကား သန္တပ္ပနကအစ ပါစကတေဇောအထိ ၄-ပါးကိုခေါ်ပါသည်။ ပရမတ်တေဇောသည်ကား ပူခြင်းသဘော၊အေးခြင်းသဘောကို ခေါ်ပါသည်။

(၄) ဝါယောဓါတ်မှာ ၃-မျိုးရှိပါသည်။ ၎င်းသုံးမျိုးကား ဝေါဟာရဝါယော၊ သုတ္တန်ဝါယော၊ ပရမတ်ဝါယော၊ များဖြစ်ပါသည်။ ဝေါဟာရဝါယောသည်သား လောကရှိ ပကတိ တိုက်ခိုက်သော လေကိုခေါ်သည်။ သုတ္တန်ဝါယောသည်ကား ဥဒ္ဓင်္ဂမကစ၍ အဿာသ၊ပဿာသအထိ ၆-ပါးကို ခေါ်ပါသည်။ပရမတ်ဝါယောသည်ကား တွန်းကန်ဘိညှပ်ခြင်းသဘော၊ လှုပ်ရှားရွေ့ရှားခြင်းသဘောကိုခေါ်ပါသည်။

**မှတ်ချက်။** ။ဝေါဟာရနှင့် သုတ္တန်မှာ သနိမိတ္တတရားဖြစ်၍အထည်ဒြပ်-သဏ္ဍာန်မြင်ဟုမှတ်ပါ။ ပရမတ်မှာအနိမိတ္တတရား

ဖြစ်၍ အထည်ဒြပ်-သဏ္ဍာန် မရှိ မမြင်အပ်ဟုမှတ်ပါ။ သဘော သက်သက် လက္ခဏာမျှသာရှိသည်ဟူ၍ မှတ်ကြောင်းတည်း။ ။

၎င်းဓါတ်ကြီး ၄-ပါးမှာ ဖောဋ္ဌဗ္ဗ ရုပ် ၃-ပါးရှိသည်။ ၎င်း ၃-ပါးမှာ ပထဝီ-တေဇော ဝါယောများ ဖြစ်ပါသည်။ ၎င်းဖောဋ္ဌဗ္ဗကို ဩဠာရိကရုပ်ဟုခေါ်ပါသည်။ အတွေ့သဘော ကို ဖောဋ္ဌဗ္ဗဟုခေါ်ပါသည်၊ ကြမ်းတမ်းသောရုပ်ကို ဩဠာရိက ရုပ်ဟုခေါ်ပါသည်။ အာပေါမှာ သိမ်မွေ့နူးညံ့သော သဘော ရှိသောကြောင့် သုခုမရုပ်ဟု ခေါ်ပါသည်။

ဖောဋ္ဌဗ္ဗရုပ် ၃-ပါးအနက် တေဇောဓါတ်ကို ပဌမဖော်ပြ ပါမည်။

၎င်းတေဇောဓါတ်ကို ရှေးဦးစွာ ပဌမပြခြင်းမှာ ကမ္ဘာ ပျက်ခြင်း။ ကမ္ဘာတည်ခြင်း။ လူဖြစ်ခြင်း။ လူသေခြင်း စသည် တို့ကို ပြုလုပ်ထားသည့်အတွက် လူအများ သိလွယ် မြင်လွယ် မည်ဖြစ်သောကြောင့် ရှေးဦးစွာ ဖော်ပြရသည်။ ဤကဲ့သို့ ပြဆိုရာမှာ ပညတ် ၃-မျိုးခွဲပုံ၊ ပရိညာ ၃-ပါးပိုင်းပုံ၊လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် အသိ ၃-မျိုးသိပုံတို့ကို **အမေး အဖြေ**နှင့် ပြဆိုပေအံ့။

## အခဏ်း ၁။ ဉာတပရိညာစခန်း တေဇောဓါတ်အကြောင်း။

**တေဇောဓါတ်**မှာ ပူခြင်း-အေးခြင်း လက္ခဏာရှိသည်ဟု မှတ်ထားခြင်းကို သညာသိဟု ခေါ်ပါသည်။

**မေး**။ ။ထို့ကြောင့် ခန္ဓာတွင်ပူသည်၊ အေးသည်ကိုလက်နှင့်ဖြစ်စေ၊ ညဏ်နှင့်ဖြစ်စေ၊ စမ်းကြည့်ပါ ဘာတွေ့သလဲ။

**ဖြေ**။ ။ပူသည်ကို တွေ့ပါသည်။

**မေး**။ ။ပူခြင်းကို ဘာခေါ်သလဲ။

**ဖြေ**။ ။တေဇောဓါတ် ခေါ်ပါသည်။

**မှတ်ချက်**။ တေဇောဓါတ်သာလျှင် မမှတ်မခေါ်နှင့်။ တေဇောဓါတ်၏၊ လက္ခဏာဟု လက္ခဏာပါမှတ်ယူခေါ်ဝေါ်ပါ။ ကျန်သော ခြေင်းလက္ခဏာကိုလည်း ၎င်းနည်းအတိုင်း ဆင်ခြင် နှလုံးသွင်းပါလေ။

**မေး**။ ။၎င်းလက္ခဏာကို ဘာဖြင့်သိသလဲ။

**ဖြေ**။ ။ကာယဝိညာဏ်စိတ်၊ မနောဝိညာဏ်စိတ်ဖြင့် သိပါသည်။

**မေး**။ ။၎င်းကာယဝိညာဏ်စိတ်၊ မနောဝိညာဏ်စိတ်ဖြင့် သိသော ပူခြင်းလက္ခဏာထည် ဘာရှိ၍ ပူနိုင်သလဲ။ (စဉ်းစား ဆင်ခြင်ကြည့်ပါ)။

**ဖြေ**။ ။ပူသောသဘောရှိ၍ ပူပါသည်။

**မေး**။ ။ပူသော သဘော မရှိလျှင် ပူနိုင်ပါမည်လား။

**ဖြေ**။ ။မပူနိုင်ပါ။ ပူသော သဘောရှိမှ ပူနိုင်ပါသည်။

**မှတ်ချက်**။ ။သို့အတွက် ပူသော သဘောကို **တေဇောဓါတ်**ဟု ခေါ်ပါသည်။ ပူခြင်းကို တေဇောဓါတ်၏ ဥဏှတ္တလက္ခဏာဟု ခေါ်ပါသည်။

**မေး**။ ။တေဇောစေတ်သည်၊ မိမိနှင့် သဟဇာတဖြစ်သော ရုပ်တရားများကို ရင့်ကျက်အိုမင်းအောင် မပြုလုပ်ဘူးလား။

**ဖြေ**။ ။ရင့်ကျက်အိုမင်းအောင် ပြုလုပ်ပါသည်။

**မှတ်ချက်**။ ။သို့အတွက် ရင့်ကျက် အိုမင်းအောင် ပြုလုပ်ပေးခြင်းကို ပရိပါစန ရသဟု ခေါ်ပါသည်။

**မေး**။ ။မိမိနှင့် သဟဇာတံဖြစ်သော ရုပ်တရားများကို နူးညံ့ ပြောင်းပြောင်းရန် ပြုလုပ် မပေးဘူးလား။

**ဖြေ**။ ။ပေးပါသည်။

**မှတ်ချက်**။ ။သို့အတွက် နူးညံ့ ပြောင်းပြောင်းအောင် ပြုလုပ်ပေးခြင်းကို မဒ္ဒဝါနုပ္ပဒါနပစ္စုပဋ္ဌာန်ဟု ခေါ်ပါသည်။

**မေး**။ ။ကျန်သော ပထဝီဓါတ်၊ အာပေါဓါတ်၊ ဝါယောဓါတ်များနှင့် တေဇောဓါတ်သည်၊ နီးကပ်၍ မနေဘူးလား။

**ဖြေ**။ ။နီးကပ်၍ နေပါသည်။

**မှတ်ချက်**။ ။သို့အတွက် တေဇောဓါတ်သည် ပထဝီဓါတ် အာပေါဓါတ်၊ ဝါယောဓါတ်များနှင့် နီးကပ်၍ နေသောကြောင့် သေသဘူသတ္တယပဒဋ္ဌာန်ဟု ခေါ်ပါသည်။ ဤကဲ့သို့သော သဘောရှိသော တေဇောဓါတ်ကိုလည်း၊ ဖော်ပြပါနည်းအတိုင်း စိတ်ဉာဏ်နှင့် ပိုင်းခြားနှလုံးသွင်းပါလေ။

**မေး**။ ။ပူသောသဘောကို ဘာနှင့်သိသလဲ။

**ဖြေ**။ ။ပူသောသဘောကို ပညာဖြင့် ထိုးထွင်း၍ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် ဓါတုကို သဘောဟု ခေါ်သည်။ လက္ခဏာမှာ သဘော၏ အမှတ်အသားကို ခေါ်သည်။ ဓါတ်နှင့် လက္ခဏာကို ဤကဲ့သို့ ခြားနား၍ သိရမည်။ ထိုကဲ့သို့ သိနိုင်ရန် အဖန်တလဲလဲ အားထုတ်နေခြင်းကို ဝိပဿနာအားထုတ်သော အလုပ်ဟု ခေါ်သည်။ ထိုကဲ့သို့ အားထုတ်၍ ပူသော သဘော၏ လက္ခဏာကို အနှံ့အပြား ထိုးထွင်း၍ သိလေသော် ဤကဲ့သို့ ထိုးထွင်း၍ သိခြင်းကိုပင် ပညာသိက္ခာဟုခေါ်သည်။ ပ= အနှံ့ အပြား။ ညာ=ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိတာ။ သိက္ခာကား=ကျင့်တာ။ အနှံ့အပြား ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိသော အကျင့်တမျိုးပေတည်း။

ဤကဲ့သို့ အလုံးစုံသော တရားသဘောတို့၌ အသီးသီးရှိသော လက္ခဏာကို သဘာဝလက္ခဏာဟု ခေါ်သည်။

**မေး။** ။ပူသောသဘောကို ဉာဏ်နှင့်ဒိဋ္ဌထိုးထွင်း၍ သိမြင်ခဲ့လျှင်၊ တဦးတယောက်သောသူက ပူသောသဘောသည် မရှိဘူးဟု ဆိုခဲ့သော် ယုံကြည်နိုင်ပါမည်လား။

**ဖြေ။** ။မရှိဟူ၍ မယုံနိုင်ပါ။

**မှတ်ချက်။** ။မရှိဟု မယုံနိုင်ခြင်းကြောင့် ပူသောသဘော အမှန်ရှိ၍ မရှိဟူသော အဘာဝ ပညတ်မှ ကင်းလွတ်၍ နေသည်။

**မေး။** ။ပူသော သဘောမှာ ပုံပန်းသဏ္ဌာန် အမှုံ့အမွှား ရှိသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်**။ ။သို့အတွက် ပုံပန်းသဏ္ဍာန်ဟူသော သဏ္ဍာန ပညတ်မှ ကင်းလွတ်၍ နေသည်။

**မေး**။ ။ပူသောသဘောဟု အမည် အပေးမှိုက နာမည် ရှိသလား။

**ဖြေ**။ ။မရှိပါ။

**မှတ်ချက်**။ ။သို့အတွက် နာမပညတ်မှ ကင်းလွတ်၍ နေသည်။

**မေး**။ ။ပညတ် ၃-ပါး ကင်းလွတ်၍ နေသောအခါ အထင်အရှား ဘာရှိ၍ နေသလဲ။

**ဖြေ**။ ။ပူသော သဘောသာ ထင်ရှား ရှိနေပါသည်။

**မှတ်ချက်**။ ။သို့အတွက် သဘောသာလျှင် ထင်ရှားရှိသော ကြောင့် ပရမတ်ဟု ခေါ်ပါသည်။

ထို့ကြောင့်- ဝိဂ္ဂိုဟ်၌ ပရမော အတ္ထောတိ ပရမတ္ထောဟု ဘွင့်ပြသည်။ ပရမော၊ ထင်ရှားရှိသော၊ အတ္ထော၊ **အနက်** သဘောတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပရမတ္ထော၊ ပရ **မတ်မည်၏**။

ဤကဲ့သို့ ပြဆိုခြင်းသည်ကား လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဖြင့် အသိ ၃-မျိုးသိ၊ ပညတ် ၃-မျိုးခွာ၍။ ပရမတ္ထ သဘာဝကို ရှုကြည့်သုံးသပ်ပုံတည်း။

**F 3 (ဒုတိယအကြိမ်)**

## ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဒိဋ္ဌိခွါ၍ သုံးသပ် ဆင်ခြင်ပုံနည်းကား

**မေး။** ။ပုသဘောသည် ဘယ်အခါ ထင်ရှား ရှိပါသလဲ။

**ဖြေ။** ။အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာတဲ့ အခါမှသာ ထင်ရှားရှိပါသည်။

**မေး။** ။အဘယ်ကဲ့သို့ အကြောင်းတိုက်ဆိုင်မှ ထင်ရှား ရှိပါသနည်း။

**ဖြေ။** ။ကံ- စိတ်- ဥတု- အာဟာရ တည်း ဟူသော အကြောင်းတရားတို့၊ တိုက်ဆိုင်မှသာ ထင်ရှားရှိပါသည်။

**မေး။** ။အကြောင်းတိုက်ဆိုင်၍ ထင်ရှားပေါ်ရှိကြောင်း မည်ကဲ့သို့ တိုက်ဆိုင်၍ မည်ကဲ့သို့ ပေါ်ရှိလာကြောင်း ဖော်ပြပါ။

**ဖြေ။** ။လဘက်ရေပူပူကို သောက်မျိုသော အကြောင်းကြောင့် တကိုယ်လုံးမှာ အပူဓါတ်သဘော။ အကျိုးရုပ်တရားတို့သည် တဘွားဘွား ပေါ်ရှိလာပါသည်။

**မှတ်ချက်။** ။သို့အတွက် အာဟာရ သမုဋ္ဌာန ရုပသမုဋ္ဌာနဟု မြတ်စွာဘုရား ဟောကြားတော် မူပါသည်။

**မေး။** ။ပေါ်မှု မရှိလျှင် ရှိနိုင်ပါမည်လား။

**ဖြေ။** ။ပေါ်မှု မရှိလျှင် မရှိနိုင်ပါ။

**မေး။** ။မရှိတာကို သိတာ ဘာကို သိတာလဲ။

**ဖြေ။** ။ပညတ်ကို သိပါသည်။

မေး။ ။ရှိတာကို သိတာ ဘာကို သိတာလဲ။

ဖြေ။ ။ပရမတ်ကို သိပါသည်။

မေး။ ။ပေါ်မှုနှင့် ရှိမှုသည် ဘယ်သင်းအရင်၊ ဘယ်သင်းနောက်လဲ။

ဖြေ။ ။မရှေးမနှောင်း အတူတူ တပြိုင်နက် ဖြစ်ပါသည်။

မေး။ ။မရှေးမနှောင်းတပြိုင်နက် ဖြစ်သော်လည်း ပေါ်မှုသည် ရှိမှု ဟုတ်ပါသလား။

ဖြေ။ ။ပေါ်မှုသည်၊ ရှိမှုမဟုတ်၊ ရှိမှုသည် ပေါ်မှုမဟုတ်ပါ။

မေး။ ။ပေါ်တာကို ဘာခေါ်ပါသလဲ။

ဖြေ။ ။ပေါ်တာကို ဇာတိ ပရမတ်ဟု ခေါ်ဆိုအပ်ပါသည်။

မေး။ ။ရှိတာကို ဘာခေါ်ပါသလဲ။

ဖြေ။ ။ရှိတာကို အပ္ပမါတ်သဘော၊ ရုပ် ပရမတ်ဟု ခေါ်ဆိုအပ်ပါသည်။

မေး။ ။၎င်း- ရုပ်ပရမတ်ကို တနည်း ဘာ ခေါ်သေးသလဲ။

ဖြေ။ ။သက္ကာယဟူ၍ ခေါ်ပါသေးသည်။

**မှတ်ချက်။** ။ပရမတ္ထတော၊ ပရမတ်သဘော အားဖြင့်၊ ဝိဇ္ဇာမာနတ္တာ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ သန္တော၊ သံဝိဇ္ဇာမာနော၊ ပရမတ်အားဖြင့် ထင်ရှားရှိသော။ ကာယော၊ ရုပ်နာမ်နှစ်ပါးတို့၏ အပေါင်းအစုသည်။ သက္ကာယော၊ သက္ကာ

ယမည်၏။ သုတ်ပါထေယျ သင်္ဂီတိသုတ် အဋ္ဌကထာ၌။ သက္ကာ ယောတိ ပဉ္စုပါဒါနက္ခန္ဓာဟု ဘွင့်ဆိုလေပြီ။

သက္ကာယောတိ၊ သက္ကာယော ဟူသည်ကား။ ပဉ္စုပါ ဒါနက္ခန္ဓာ၊ ဥပါဒါန်တရားတို့၏ အာရုံဖြစ်ကောင်းသော လော ကီ ခန္ဓာ ၅-ပါးတို့ပေတည်း။

မေး။ ။ငင်း ရုပ်ပရမတ်ဖြစ်သော သက္ကာယကို မည်ကဲ့သို့ စွဲခြင်း ဒိဋ္ဌိခေါ်ပါသလဲ။

ဖြေ။ ။၂၀-သော သက္ကာယဒိဋ္ဌိဖြင့် စွဲပါသည်။

မေး။ ။ငင်း ၂၀-စွဲပုံကို ပြောပြပါ။

ဖြေ။ ။ခန္ဓာ ၅-ပါးတို့တွင် တပါးပါးသော ခန္ဓာ၌ ထပ်တူစွဲ၊ နံဘေးစွဲ၊ အောက်စွဲ၊ အပေါ်စွဲဟူ၍ ၄-စွဲရှိ၏။ ထို သို့ရှိသောကြောင့် ၄-စွဲ ၅-လီ ၂၀-ဖြစ်ပါသည်။

မေး။ ။စွဲပြစမ်းပါ။

ဖြေ။ ။(၁) ပူသော ပရမတ်ရုပ်သဘောကို ငါပူသည်ဟု ထပ်တူစွဲ။ ရူပံ အတ္တတော သမနုပဿတိ။ ရူပံ၊ ပူသောရုပ်ကို အတ္တတော၊ ငါဆိုသော အတ္တဟူ၍။ သမနုပဿတိ၊ မကွဲမပြား အဘန်တလဲလဲရှု၏။ ဤကား ထပ်တူစွဲ။

(၂) ငါ၏ ပူမှုဟုစွဲလျှင် နံဘေးစွဲဖြစ်၏။ ရူပဝန္တံ ဝါ အတ္တာနံ။ ဝါ စွဲပုံတနည်းကား။ ရူပဝန္တံ၊ ပူမှုရုပ်ရှိသော၊ အတ္တာနံ၊ ငါဆိုသော အတ္တကို။ သမနုပဿတိ၊ မကွဲမပြား အဘန်တလဲလဲရှု၏။ ဤကား နံဘေးစွဲ။

(၃) ငါ့အပေါ်၌ ပူသည်ဟုစွဲလျှင် အောက်စွဲဖြစ်၏။ အတ္တနိ ဝါ ရူပံ။ ဝါစွဲပုံနည်းတနည်းသော်ကား။ အတ္တနိ၊ ငါဆိုသော အတ္တ အပေါ်၌။ ရူပံ၊ ပူမှုရုပ်ကို။ သမနုပဿတိ၊ မကွဲမပြား အဖန်တလဲလဲရှု၏။ ဤကားအောက်စွဲ။

(၄) ပူမှုသည် ငါပင်ဘည်းဟု စွဲလျှင် အပေါ်စွဲဖြစ်၏။ ရူပသ္မိံ ဝါအတ္တာနံ ဝါ၊ စွဲပုံတနည်းသော်ကား။ ရူပသ္မိံ၊ ပူမှုရုပ်တပေါ်၌။ အတ္တာနံ၊ ငါဆိုသော အတ္တကို။ သမနုပဿတိ၊ မကွဲမပြား အဘန်တလဲလဲရှု၏။ ဤကား အပေါ်စွဲ။

ဤကဲ့သို့ ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ၄-စွဲ။ နာမ်ခန္ဓာတရား ၄-ပါး၌ တပါးတပါးတွင် ၄-စွဲစီ စွဲ၍ ရုပ်တရားမှာ ၄စွဲ။ နာမ်တရားမှာ ၄-စွဲဇလးလီ ၁၆-စွဲ ပေါင်းသက္ကာယ ဒိဋ္ဌိ ၂၀-ဖြစ်ပါသည်။

မေး။ ။ဤကဲ့သို့ သက္ကာဒိဋ္ဌိအားဖြင့် စွဲခြင်းမှာ အဘယ် အကြောင်းများ ပျက်ကွက် ချို့ယွင်းခြင်းကြောင့် မဟုတ် မတရားမှား၍ စွဲရပါသလဲ။

ဖြေ။ ။အကြောင်း ၄-ပါးတို့ ချို့ယွင်းပျက်ကွက်ခြင်း ကြောင့် အမှားကို အမှန်ထင်၍ စွဲခြင်းဖြစ်ရပါသည်။

မေး။ ။အဘယ်အကြောင်း ၄-ပါးတို့ ဖြစ်ကြပါသလဲ။

ဖြေ။ ။(၁) သပ္ပုရိသသံသေဝေါ၊ ရုပ်ဓါတ်နာမ်ဓါတ် သစ္စာတို့ ကျွမ်းကျင်လိမ်မာသော သူတော်ကောင်းကိုရှာမှီး ပေါင်းဖေါ်မှီဝဲဆည်းကပ်ခြင်း မပြုသော အကြောင်းတပါး။

(၂) သဒ္ဓမ္မသဝနံ၊ ရုပ်နာမ်ခန္ဓာ ဓါတ်သစ္စာတို့နှင့်စပ်သော တရားစကားတို့ကို မနာကြားရခြင်းသည်လည်း အကြောင်း တပါး။

(၃) ယောနိသော မနသိကာရော၊ ရုပ်ဓါတ် နာမ်ဓါတ် ခန္ဓာဓါတ် ပရမတ်တရားတို့ကို မြင်အောင်,ထင်အောင် တရား နာသောအခါ အသင့်အတင့် နှလုံးသွင်းမရှိခြင်းသည်လည်း အကြောင်းတပါး။

(၄) ဓမ္မာနု ဓမ္မ ပဋိပတ္တိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရခြင်း၏အကြောင်းဖြစ်သော ရုပ်ဓါတ် နာမ်ဓါတ် ပရမတ်တို့ကို သိရှိပြီးလျှင် သက္ကာယဒိဋ္ဌိကို ကင်းစင်ပပျောက်အောင် သုံးသပ် ဆင်ခြင်ခြင်းမှ လုံးလုံးမလိမ္မာ မသိမမြင်၍၊ ၎င်းသက္ကာယ ဒိဋ္ဌိကို မပယ်ရှားနိုင်ခြင်းသည်လည်း အကြောင်းတပါး။

ဤအကြောင်းတို့ကြောင့် အမှားကြီးမှား၍ သက္ကာယဒိဋ္ဌိ ၂၀-ဖြစ်ရပါသည်။

မေး။ ။၎င်းအကြောင်းတို့နှင့် ညီညွတ် ပြည့်စုံ ပါ လျှင် သက္ကာယဒိဋ္ဌိ ကင်းစင်ပပျောက်နိုင်ပါ့မလား။

ဖြေ။ ။ကင်းစင်ပပျောက်နိုင်ပါသည်။

မေး။ ။ကင်းစင်ပပျောက်နိုင်လျှင် အနတ္တ ထင်ရှားထိုး ထွင်း၍ သိခြင်းဖြစ်ပေါ်လာပါသလား။

ဖြေ။ ။အနတ္တ ထင်ရှားထိုးထွင်း၍ဖြစ်ပေါ်လာပါသည်။

မေး။ ။အနတ္တ ထင်ရှားထိုးထွင်း၍ သိမြင်လျှင် အဘယ် အကျိုးရှိနိုင်ပါသနည်း။

ဖြေ။ ။အနုတ္တ ထိုးထွင်း၍ သိမြင်လျှင် သောတာပန်ဖြစ်ခြင်းအကျိုးရှိနိုင်ပါသည်။

မေး။ ။ကျမ်းကိုး၍ ပြပါ။

ဖြေ။ ။အကြောင်း ၄-ပါးတို့ ပြည့်စုံပါလျှင် သောတာပန်ဖြစ်ခြင်း အကြောင်းအင်္ဂါ ၄-ပါးကား၊ သုတ်ပါထေယျ ပါဠိတော်၌။

> စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ ကတမေ စတ္တာရော၊ သပ္ပုရိသ သံသေဝေါ၊ သဒ္ဓမ္မဿဝနံ၊ ယောနိသော မနသိကာရော၊ ဓမ္မာနုဓမ္မ ပဋိပတ္တိဘိ။

ဟုမိန့်ဆိုလေပြီ။ ဘိက္ခဝေ ချစ်သားတို့။ စတ္တာရိမာနိ၊လေးပါးသောတရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန်ဖြစ်ခြင်း၏အကြောင်းအင်္ဂါတို့သည်။ ကတမေစတ္တာရော၊ အဘယ်အကြောင်းတရားလေးပါးတို့နည်းဟူမူကား သပ္ပုရိသ သံသေဝေါ၊ ရုပ်နာမ်ခန္ဓာဓါတ် သစ္စာတို့၌ ကျွမ်းကျင်လိမ္မာသောသူတော်ကောင်းနှင့် ပေါင်းဖေါ်ရခြင်းတပါး၊ သဒ္ဓမ္မဿဝနံ၊ ရုပ်နာမ် ခန္ဓာ ဓါတ်သစ္စာတို့နှင့် စပ်သော တရားစကားတို့ကိုကြားနာ နာခံမှတ်သား သင်ကြားရခြင်းလည်းတပါး။ ယောနိသော မနသိကာရော၊ ရုပ်ဓါတ် နာမ်ဓါတ် ခန္ဓာဓါတ် ပရမတ်တရားတို့ကို မြင်အောင်ထင်အောင် ဟောပြော ပြသခြင်းကိုအသင့်အတင့် နှလုံးသွင်း၍ ဆင်ခြင်ခြင်းလည်းတပါး။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့ကို ရခြင်း၏အကြောင်းဖြစ်သော သက္ကာယ ဒိဋ္ဌိကို ပယ်ရှားရခြင်းလည်း

တပါး။ ဣတိစတ္တာရိ၊ ဤလေးပါးသောတရားတို့သည်။သော တာပတ္တိယင်္ဂါနိ၊ သောတာပန်ဖြစ်ခြင်း၏ အကြောင်းအင်္ဂါတို့ ပေတည်း။

မေး။ ။အကြောင်းတိုက်ဆိုင်မှသာ ထင်ရှားပေါ်ရှိသော ပူသော သဘောထင်ရှားသော ခန္ဓာပေါ်၌ ဉာဏ်ဖြင့် သေသေ ချာချာ စဉ်းစားဆင်ခြင်၍ကြည့်စမ်းပါ၊ အထည် ဒြဒ် သဏ္ဌာန် များ တွေ့နိုင်ပါမလား၊ အမှုန်အမွှားကလေးများ၊ ပုပု တိုတို– ရှည်ရှည်များ၊ ဝိုင်းဝိုင်းပြားပြား လုံးလုံးများ၊ လေးထောင့်ဘဲ အပြားကြီးဘဲဟု တွေ့နိုင်ပါသလား။ ထပ်ခါ-ထပ်ခါ ရှာဖွေ စဉ်းစား၍ ရှာပါ၊ တွေ့ရှိပါလျှင် ယူပြနိုင်ပါမည်လား၊ ကြပ် ကြပ်ကြီး စဉ်းစားကြည့်ပါ တွေ့ပါသလား။

ဖြေ။ ။ငင်းပူသောသဘောမှာ အထည်ဒြပ်သဏ္ဌာန် တစုံ တရာ မတွေ့မမြင်ရပါ၊ သဏ္ဌာန်မရှိခြင်း၊ အမှန်ဖြစ်ပါ၍ ယူမပြ နိုင်ပါ။

မေး။ ။ထပ်မံ၍ ဉာဏ်ဖြင့် ရှာဖွေကြည့်ရှုစဉ်းစားပါဦး လူကောင် သူကောင် ငါကောင် ယောကျ်ားကောင် မိမ္မကောင် အသက်ကောင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်များ ပူသော သဘောမှာ ရှိနိုင်ပါသလား တွေ့ပါသလား။အကယ်၍ ပူသော သဘောကို ငါ-သူ အသက် မိမ္မ ယောကျ်ား ပုဂ္ဂိုလ် သတ္တဝါ ဆိုပါလျှင် မီးရထားစက်ခေါင်းမှာ ရှိတဲ့ရေနွေးအိုးပူပူကြီးဟာ ငါလား မိမ္မလား ယောကျ်ားလား အသက်လား သတ္တဝါ လား ပုဂ္ဂိုလ်လား။ ပူသောသဘောကိုပင် ငါကောင် သူကောင်

အသက်ကောင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဟု ထင်မြင်စွဲဆို ပါလျှင် ရှင်းရေနွေးအိုး ပူပူကြီးကို ငါဘဲ သူဘဲ မိမ္မကြီးဘဲ ယောကျ်ားကြီးဘဲ အသက်ကောင်ကြီးဘဲလို့ စွတ်စွဲမည်လား။ စဉ်းစားပါ သေသေချာချာ စဉ်းစား၍ကြည့်ပါ။ အလွန်ပူလှ သော မီးခဲပူပူကို ငါဘဲ သူဘဲ မိမ္မကြီးဘဲ၊ ယောကျ်ားကြီးဘဲ အသက်ကောင်ကြီးဘဲ လက်ချောင်းကြီးဘဲ ခြေချောင်းကြီးဘဲ ခေါင်းကြီးဘဲ ငါ့ကိုယ်ကြီးဘဲဟု အတင်းအဓမ္မ တန်းတန်းပါ အောင် အသဲစွဲအောင် စွဲရန်သင့်ပါသလား၊ သတိများများ ကြီးထား၍ စဉ်းစားပါ၊ အကယ်မစွဲနိုင်၍ စွဲရန်မသင့်ပါလျှင် အကြောင်းတိုက်ဆိုင်တွဲ့အခါမှသာ ဖြစ်ပေါ်လာသော ပူသော သဘော ရုပ်ဓါတ်လက္ခဏာမျှသာ မှတ်ကြောင်းရှိသောသဘော ကိုသာ၍ အထည်ဒြပ်သဏ္ဌာန် မစွဲထိုက်ကြောင်း ဉာဏ်မှာ ရှင်း ၍မြင်ပါ၏လား။

**ဖြေ။** ။ပူသော ရုပ်ဓါတ်သဘောလက္ခဏာအားဖြင့် မှတ် ကြောင်းသဘောသက်သက်မျှသာ ထင်ရှားကေန် အမှန်ဟုတ် ကြောင်း ဉာဏ်မှာ ရှင်းလင်းစွာ မြင်ပါသည်။

**မှတ်ချက်။** ။ဤကဲ့သို့ ပူသော ရုပ်သဘောသာ အမှန် ထင်ရှားဟုတ်သည် အထည် ဒြပ် ပုဂ္ဂိုလ် သတ္တဝါ အသက် မိမ္မ ယောကျ်ား သဏ္ဌာန်ဟူ၍ မရှိဟုပိုင်းခြား ထိုးထွင်း၍မြင် လျှင် သဏ္ဌာန ပညတ်မှ လွတ်၏။ သဏ္ဌာန်ပညတ်လွတ်ပုံကွာပုံမှာ သဏ္ဌာန ပညတ်သည် ပူသောသဘော။ ရုပ်ဓါတ်မှာ ပူးကပ်၍

နေသော ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် မိန်းမကောင် ယောကျ်ားကောင် လူကောင် သူကောင် ငါကောင် အသက်ကောင်ဖြစ်ပြီး ပူသောသဘောပေါ်မှာ ပူးကပ်၍နေခြင်းကို ထုထောင်း ခြေမွနှင်ထုတ်ပစ်သဖြင့် ၎င်းလူကောင်၊ သူကောင် အသက်ကောင်တွေ ထွက်ပြေးတိမ်းရှောင်သွားရခြင်းမဟုတ်ပါ။ စဉ်းစားပါ ကောင်းကောင်းကြီး သတိချပ်၍ စဉ်းစားပါ။ ပညတ်ခွါဆိုရာမှာ ယထာဘူတကျအောင် ခွါရန် အရေးကြီးပါသည်။ ၎င်းပူသော ရုပ်ဓါတ်သဘောမှာ ခွါစရာ မရှိပါ။ နဂိုကပင် အကောင် အထည်-ဒြပ်-သဏ္ဌာန်မရှိသော သဘောသက်သက်မျှသာ ထင်ရှားကေန်အမှန်ဟုတ်သော ပူသော ရုပ်ဓါတ်သဘောကို မိမိ၏စိတ်၌ မိစ္ဆာဒိဋ္ဌိ သက္ကာယဒိဋ္ဌိ စွဲကပ်သဖြင့် မဟုတ်မတရား ဖေါက်လွဲဖေါက်ပြန် မြင်ခြင်း မှတ်ခြင်း ကြံခြင်း ယူခြင်းဖြင့်သာ စိတ်မှာ စွဲကပ်နေသော အမှတ်များ အမြင်များ အယူများကို ယထာ ဘူတ ဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ ပူသောသဘောသည် အမှန်ပူသောသဘော၊ မှတ်ကြောင်းလက္ခဏာမျှလာ ထင်ရှားဟုတ်သည်။ အထည်-ဒြပ်-အကောင်အထည် သဏ္ဌာန်မဟုတ်ကြောင်း သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ပါသဖြင့် မိမိ၏စိတ်၌ ကပ်၍နေသောသဏ္ဌာန်ပညတ် မိစ္ဆာဒိဋ္ဌိ သက္ကာယဒိဋ္ဌိတို့သည် ကင်းကွာ၍ သန့်ရှင်းစွာ သမ္မာဒိဋ္ဌိဖြစ်ပေါ်လာခြင်းကိုပင် သဏ္ဌာန ပညတ်ခွါသည် ကွာသည်ဟု ခေါ်ဆိုအပ်ကြောင်းကို ဟုတ်တိုင်းမြင်သိ ပညာရှိတို့ သိမြင်ကြကုန်ရာ၏။ ဤကား မိမိ၏စိတ်၌ သဏ္ဌာန ပညတ်စွဲခြင်းကို ခွါပုံတည်း။

မေး။ ။အကြောင်း တိုက်ဆိုင်မှသာ ပေါ်ရှိလာသော ဒူသောသဘောမှာ ခေါ်စရာအမည် မပေးမိက ခေါ်စရာ အမည်များ ပါရှိပါသလား။

ဖြေ။ ။အမည် မရှိပါ။

**မှတ်ချက်။** ။ပူသောသဘောဓါတ်ရုပ်ဆိုသည်မှာ သဘော ကြိယာသတ္တိ အမူအရာမျှသာဖြစ်ခြင်းကြောင့် အမည်နာမ မရှိ ဟု အသိဉာဏ်ပေါ်လာသဖြင့် အမည်မရှိကြောင်း သိလေတော့ သည်။

ဤကား မိမိ၏စိတ်၌ နာမပညတ်စွဲခွါပုံတည်း။

မေး။ ။အကြောင်းတိုက်ဆိုင်တဲ့အခါမှသာ ထင်ရှားပေါ် ရှိသော ပူသောသဘောသည် ထင်–ထင်–ရှား–ရှား မရှိဘူး လား၊ ထင်ရှားစွာ ပူမနေဘူးလား၊ စဉ်းစား၍ဖြေပါ။

ဖြေ။ ။အမှန်ပူ၍ ထင်ရှားပေါ်ရှိနေပါသည်။

မေး။ ။အခြားလူတဦးတယောက်က ပူသောသဘောမရှိ ဘူးဟု ဆိုခဲ့သော် ယုံနိုင်ပါမလား။

ဖြေ။ ။မရှိဘူးဟူ၍ မယုံနိုင်ပါ။

**မှတ်ချက်။** ။ပူသောသဘောသည် ထင်ရှားအမှန်ပေါ်ရှိ၍ ပူနေသောကြောင့်အမှန်ရှိသဖြင့် ဘာမျှမရှိဘူးဟူသော အဘာဝ ပညတ်မှလွတ်၏။ ဤကား မိမိ၏စိတ်၌ အဘာဝပညတ်စွဲခြင်း ကို ခွါပုံတည်း။

**အထူးမှတ်ချက်။** ။ဤသို့ပညတ်သုံးမျိုးကိုခွဲ၍သိမှ ပညာသိဖြစ်သည်။ ပညာသိဖြစ်မှ ပရမတ်ဆတ်ဆတ် ပရမတ်အစစ်ဓါတ်အနှစ်ကို တွေ့သည်။ ပရမတ်အစစ် ဓါတ်အနှစ်ဟူသည် သဘာဝပင်တည်း။ **သဘာဝဟူသည်ကား** သ–ကား မိမိ။ **ဘာဝ**-ကား မှတ်ကြောင်း။ မိမိ၏မှတ်ကြောင်း၊ မိမိဟူသော မှတ်ကြောင်းပေတည်း။ ဤသို့ သဘာဝဆိုက်လျှင် ဉာတပရိညာဏ်ပိုင်တော့၏။ ဉာတပရိညာဏ် ဟူသည် ဉာတ– သိအပ်သိသင့် သိထိုက်သော၊ ပရမတ် လက္ခဏာကို၊ ပရိ-ပိုင်းခြား၍ ဉာဏ–သိမှု သိအပ် သိသင့် သိထိုက်သော ပရမတ်လက္ခဏာကို ပိုင်းခြား၍ သိမှုပေတည်း။

မေး။ ။ပညတ် ၃–ပါးတွင် ထင်ရှားရှိသော သဘောရှိပါသလား။

ဖြေ။ ။ထင်ရှားရှိသောသဘော မရှိပါ။

**မှတ်ချက်။** ။ထို့ကြောင့် ပညာယတိ ပညတ္တိဟု ဝိဂ္ဂဟ်ဘွင့်ပြသည်။ အနက်၊ ပညာယတိ၊ ခေါ်ဝေါ်သမုတ်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ပညတ္တိ၊ပညတ်ဟုခေါ်၏။ အဓိပ္ပါယ်ကား လောကတွင် လူမျိုးအလိုက် ခေါ်ဝေါ်ပြောဆိုခြင်းမျှသာဖြစ်သော ပညတ်သည် တကယ်ထင်ရှားရှိသော တရားမျိုးမဟုတ်ကြောင်းကို သိရှိကြကုန်ရာ၏။

ဥပမာတနည်းကား။ အစိုးရမင်းများက စက္ကူပေါ်တွင် တံဆိပ်ရိုက်နှိပ်၍ ငွေတဆယ် ငွေတရာဟု အမှတ်အသားဖြင့် ထုတ်ပေးထားခြင်းကို တိုင်းသူပြည်သားတို့သည် ငွေတဆယ်

ငွေတရာဟု ခေါ်ဝေါ်အမှတ်ပြု၍ သုံးစွဲခြင်းမှာ စင်စစ် ငွေ သည်၊ ၎င်းစက္ကူတည်းတွင် စိုးစဉ်း အနည်းငယ်မျှမပါ–မရှိ၊ စက္ကူသာ အမှန်ဖြစ်သည့်ကို သိပါသော်လည်း အလိုရှိရာ သုံး စွဲ၍ အမှန်ရသောကြောင့် ငွေဟု သမုတ်၍ ခေါ်ဝေါ် သုံးစွဲ ခြင်း ပြုသကဲ့သို့၊ ထို့အတူ ငါ– သူတပါး ယောကျ်ား မိမ္မ အသက် ဇီဝ အထည်ဝတ္ထုဟု ခေါ်ဝေါ် သမုတ်၍ ပြောဆို ကြသည်မှာ တကယ် ငွေမရှိသော၊ ငွေမပါသော စက္ကူကို ငွေဟု ပြောဆိုသုံးစွဲသကဲ့သို့ ငါ– သူတပါး ယောကျ်ား မိမ္မ အသက် ဇီဝ အထည် ဝတ္ထုဟု ခေါ်ဝေါ် ပြောဆိုနေကြသော် လည်း အမှန်မှာ အကြောင်းတိုက်ဆိုင်တဲ့ အခါမှသာ ထင်ရှား ရှိသော ပူသော ရုပ်ပရမတ်သဘောသာလျှင် အမှန်ထင်ရှား ကျန်ရှိကြောင်းကို သိရှိပြီးလျှင်၊ ၎င်းစက္ကူတည်းတွင် အဖန် တလဲလဲ ငွေကို မရှာအပ်သကဲ့သို့၊ ငါ–သူ မိမ္မ ယောကျ်ား အတ္တ ဇီဝ, တည်းဟူသော ပညတ်တည်းတွင် ရုပ်ဓါတ် နာမ် ဓါတ် ပရမတ်တရားတို့ကို အဖန်တလဲလဲ မရှာအပ်ရာသတည်း။ သို့အတွက် မရှိပညတ်–ရှိပရမတ်ဟု သိသင့် သိထိုက် သိအပ်လှ ပေ၏။

**အထူးမှတ်ချက်။** ။ထင်ရှားမရှိသော ပညတ်တွင် ပရမတ္ထ ဖြစ်သော ရုပ်နာမ်နှစ်ပါး မရှိပါ။ ထင်ရှားရှိသော ပရမတ္ထ ဖြစ်သော ရုပ် နာမ် ၂–ပါးတွင်လည်း ပညတ်ဖြစ်သော ပုဂ္ဂိုလ် သတ္တဝါ ငါ– သူတပါး အတ္တ ဇီဝ မရှိပါ။ ဤကဲ့သို့ မှရှိခြင်း မှန်သောကြောင့် မရှိသော ပညတ်ကို အဘယ်ရုပ်မှာမှ ထင်ရှား

ရှိအောင် ရှာ၍ ရပါအံ့နည်း။ ထင်ရှားရှိသော ပရမတ်တရား သည် အဘယ်အရပ်မှာမှ မဆိတ် ရှိလေတော့သည်သာလျှင် တည်း။ ထို့ကြောင့် စိတ်–စေတသိက် ရုပ်ပရမတ်တရားတို့သည် လည်း သင်္ခါရ နယ်အတွင်းမှာ ထင်ရှားကောန် အမှန်ရှိ၏။ နိဗ္ဗာန်ပရမတ်တရားသည်လည်း အသင်္ခတဓါတ် ပရမတ်အားဖြင့် ထင်ရှားအမှန် ကောန်ရှိပေ၏။ သို့အတွက် ငွေဟု ခေါ်ဆိုသော ငွေထင်ရှား မရှိသော ပညတ်နှင့် သတ္တဝါ ပုဂ္ဂိုလ် အတ္တ ဇီဝ ဟု ခေါ်သော ပညတ်သည် တူ၏။ တကယ်ရှိ တကယ်ဟုတ် မှန်သော စက္ကူနှင့် စိတ်–စေတသိက်-ရုပ်-နိဗ္ဗာန် ပရမတ်တရား ၄–ပါးသည် တူ၏။ ဤကဲ့သို့ ဥပမာတူစွာ ဉာဏ်ဖြင့် ဝေဘန် ပိုင်းခြား၍ ပညတ်နှင့် ပရမတ်ကို သိအပ်လှပေတော့သတည်း။

မေး။ ။ငုင်းပူသဘော ရုပ်ပရမတ်ကို ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယ ခေါ်ပါသည်။

မေး။ ။ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မ က ပူသည်ဟု မှားစွဲခြင်း မြင်ခြင်းကို ဘာခေါ်ပါသလဲ။

ဖြေ။ ။ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်သလဲ။

ဖြေ။ ။သက္ကာယ ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။ပရမတ်ရုပ်ဓါတ်ဖြစ်သော ပူသဘောက ပူသလား၊ အသားက ပူသလား၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိမ္မ ပူသလား။

ဖြေ။ ။ပူသော သဘောက,သာလျှင် ပူပါသည်။

**မှတ်ချက်။** ။သို့အတွက် ပရမတ်–ရုပ်ဓါတ် ဖြစ်သော ပူသော သဘောကသာ ပူသည်ဟု အမှန်ကို သိလျှင် မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်နေသည်။

မေး။ ။အတ္တအစွဲမှ ကင်းလွတ် နေသောအခါ အထင်အရှား ဘာပေါ်လွင်နေသလဲ။

ဖြေ။ ။အနတ္တသာ ပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်ကြောင့် ပေါ်လွင်၍ ထင်ရှား နေပါသလဲ။

ဖြေ။ ။ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက် အထည် ဒြပ် ဟု ခေါ်သော အတ္တ အစွဲမှ ကင်းလွတ်နေသောကြောင့် အနတ္တသာ ပေါ်လွင် ထင်ရှားနေပါသည်။

**မှတ်ချက်။** ။ထိုသို့ အတ္တစွဲ သုံးမျိုးမှ လွတ်နေသောကြောင့် ပူသော ပရမတ် ရုပ်သဘောကို အနတ္တဟု ခေါ်သည်။

မေး။ ။ပူသော သဘော ဟုတ် မဟုတ်၊ နောင်တဖန် ယုံမှားခြင်း ဒွိဟ သံသယ ရှိအုံးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။နောက် နောက်ဘဝက ဖြစ်ခဲ့သော အပူသဘောတွေကော အထည် ဒြပ် မိန်းမ ယောကျ်ား ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

မေး။ ။ယခု ထင်ရှားတွေ့ရှိသော ပူသဘော အထည် ဒြပ် မဟုတ်မှန်း သိသကဲ့သို့ နောက်ဘဝ ဖြစ်မှာကော အထည် ဒြပ် မိန်းမ ယောကျ်ား ဟုတ်ပါသလား။

ဖြေ။ ။အကောင်အထည် မဟုတ်၊ ပူသော သဘောသာ ကောင်အမှန် ဟုတ်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းတည်းဟူသော ဝိစိကိစ္ဆာတရားတို့မှ ကင်းလွတ်ရလေသည်။

မေး။ ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဘယ်ပုဂ္ဂိုလ် ပယ်သနည်း။

ဖြေ။ ။သောတာပန် ပုဂ္ဂိုလ်ပယ်ပါသည်။

**မှတ်ချက်။** ။မဟာသောတာပန်နှင့် စူဠသောတာပန် ၂-မျိုးရှိရာ၊ သစ္စာ ၄-ပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် ဝိစိကိစ္ဆာတို့၏ သမုစ္ဆေဒ ကိစ္စနှင့် အနုသယဘုံကြီးပါ ကင်းပြတ်၍ သွားလျှင် မဟာသောတာပန် အစစ်အမှန်ဖြစ်၏။ စူဠသောတာပန်မှာ ဒိဋ္ဌိဝိစိကိစ္ဆာကို တဒင် ဝိက္ခမ္ဘန ကိစ္စနှင့်သာ ကင်းကွာ၍ နေသည်ကို စူဠသောတာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ခေါ်ကြောင်းကို ရှေ့တွင် ပါဠိတော်ကြီးများနှင့်တကွ ထင်ရှားလတ္တံ့။ ။စူဠသောတာပန် ဖြစ်လျှင် အပါယ်တံခါးပိတ်တော့၏။

## အနဘိနန္ဒနသုတ်ပါဠိတော်

> ယောစ ဘိက္ခဝေ ရူပံ နာဘိနန္ဒတိ။ ဒုက္ခံ သော နာဘိနန္ဒတိ။ ယော ဒုက္ခံ နာဘိနန္ဒတိ။ ပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။

ဘိက္ခဝေ၊ အိုချစ်သားတို့။ ယောစ၊ ရဟန်း ရှင်လူ အကြင်သူသည်ကား။ ရူပံ၊ ရုပ်တရားကို။ နာဘိနန္ဒတိ၊ ဒိဋ္ဌိ တဏှာဖြင့်

သာယာစုံမက် မနှစ်သက်လေပြီ။ သော၊ ထိုသူသည်၊ ဒုက္ခံ၊ ဆင်းရဲကို၊ နာဘိနန္ဒတိ၊ သာယာစုံမက် မနှစ်သက်သူ မည်၏။ ယော၊ အကြင်သူသည်၊ ဒုက္ခံ၊ ဆင်းရဲကို။ နာဘိနန္ဒတိ၊ မနှစ်သက်လေပြီ။ သော၊ ထိုသူသည်၊ ဒုက္ခသ္မာ၊ တေဘူမကဝဋ်ဒုက္ခမှ၊ ပရိမုစ္စတိ၊ ကွင်းလုံးကျွတ်အောင် ကင်းလွတ်နိုင်လေပြီ ဟူ၍၊ ဝဒါမိ၊ ငါဘုရားသည် ထင်ရှားဟောပြခဲ့ပေသတည်း။

## သမောဟဝိနောဒနီ အဋ္ဌကထာ၌

ဧဝံ သင်္ခါရေ သလ္လက္ခေတွာ ဋ္ဌိတဿပန ဘိက္ခုနော ဒသ ဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ၊ ပတိဋ္ဌာ လဒ္ဓါ နာမ၊ စူဠသောတာပန္နော နာမ ဟောတိ နိယတဂတိကော။

အနက်ကား။ ပန၊ ရုပ်–နာမ်နှစ်ရပ် ပရမတ်၌၊ သတ္တဇီဝါ ကင်းစင်ကွာသော ပုဂ္ဂိုလ်၏အကျိုးကို ပြပေအံ့။ ဧဝံ၊ ဤဆိုအပ်ခဲ့သည့်အတိုင်း၊ သင်္ခါရေ၊ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်၍လာသော ရုပ်တရား နာမ်တရားတို့ကို၊ သလ္လက္ခေတွာ၊ သတ္တဇီဝ၊ အတ္တမှ ကင်းကွာအောင် ပညာဖြင့်ထင်စွာ မှတ်သား၍၊ ဋ္ဌိတဿ၊ တည်နေသော။ ဘိက္ခုနော၊ ထွက်ပေါက်ကို ရှာလေ့

ရှိသော သူတော်ကောင်း အပေါင်းတို့သည်။ ဒသ ဗလဿ၊ အားတော် ဆယ်တန်၊ ဉာဏ်တော် ဆယ်ပါးနှင့် ပြည့်စုံသည့် သာသနာတော်မြတ်ကြီး၌။ မူလံသြတိဏ္ဏ နာမ၊ အမြစ်ပေါက် ရောက်လျက်ရှိသော အပါယ်ဆင်းရဲကြီးကို လွန်မြောက်သော သူမည်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။ ပတိဋ္ဌာလဒ္ဓ နာမ၊အပါယ်သို့မလားနိုင်သော ထောက်ရာတည်ရာကြီးရသော သူမည်သည်။ ဟောတိ၊မုချမသွေဖြစ်ရပေ၏။နိယတဂတိကော၊ မြဲသောဂတိရှိသည်ဖြစ်၍ အတက်တန်း ဖြစ်သော မြတ်သော လူ–နတ်ဗြဟ္မာဘဝတို့၌သာမြဲသောလားရာဂတိရှိသောကြောင့်၊ စူဠသောတာပန္နောနာမ၊ဘယ်တော့မှ အပါယ်မလားတဲ့ အငယ် စား သောတာပန် မည်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

## အခန်း ၂။ ပထဝီဓါတ်အကြောင်း

ပထဝီဓါတ်မှာ ခက်မာခြင်း နူးညံ့ခြင်းလက္ခဏာရှိသည်ဟု မှတ်ထားခြင်းကို သညာသိဟုခေါ်သည်။

မေး။ ။သို့ကြောင့် ခေါင်းဟုခေါ်ဆိုသော ခန္ဓာတွင် စမ်းကြည့်ပါ၊ ဘာတွေ့သလဲ။

ဖြေ။ ။မာသည်ကို တွေ့ပါသည်။

မေး။ ။မာခြင်းကို ဘာခေါ်သလဲ။

ဖြေ။ ။ပထဝီဓါတ်ဟု ခေါ်သည်။

**မှတ်ချက်။** ။ပထဝီဓါတ်သာလျှင် မမှတ်မခေါ်နှင့်၊ပထဝီဓါတ်၏လက္ခဏာဟု လက္ခဏာပါ မှတ်ယူခေါ်ဝေါ်ပါ၊ ကျန်သော နူးညံ့ခြင်းကိုလည်း ၎င်းနည်းအတိုင်း ဆင်ခြင်နှလုံးသွင်းပါ။

မေး။ ။၎င်းလက္ခဏာကို ဘာနှင့်သိသလဲ။

ဖြေ။ ။ကာယဝိညာဏ်စိတ်နှင့် သိပါသည်။

မေး။ ။ကာယဝိညာဏ်စိတ်နှင့်သိသော မာခြင်းလက္ခဏာသည် ဘာရှိ၍ မာနိုင်ပါသလဲ စိတ်နှင့်ဉာဏ်နှင့်စဉ်းစားကြည့်ပါ။

ဖြေ။ ။မာသောသဘောရှိလျှင် မာပါသည်။

မေး။ ။မာသောသဘောမရှိလျှင် မာပါမည်လား။

ဖြေ။ ။မမာနိုင်ပါ၊ မာသောသဘောရှိမှ မာနိုင်ပါသည်။

**မှတ်ချက်။** ။သို့အတွက် မာသောသဘောကို ပထဝီဓါတ်ဟု ခေါ်သည်။ မာခြင်းကို ပထဝီဓါတ်၏ ကက္ခဠလက္ခဏာဟု ခေါ်ပါသည်။

မေး။ ။ပထဝီဓါတ်၏အပေါ်၌ သဟဇာတ် ဖြစ်သော အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်တို့သည် တည်၍ မနေဘူးလား။

ဖြေ။ ။တည်၍နေပါသည်။

**မှတ်ချက်။** ။သို့အတွက် အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်တို့၏တည်ရာကိစ္စရှိသောကြောင့် ပတိဋ္ဌာနရသဟု ခေါ်ပါသည်။

မေး။ ပထဝီဓါတ်အပေါ်၌ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်တို့ တည်၍နေခဲ့လျှင် ပထဝီဓါတ်၏ ရင်းဓါတ်သုံးပါးကို လက်ခံမထားဘူးလား။

ဖြေ။ ။လက်ခံထားပါသည်။

**မှတ်ချက်**။ ။သို့အတွက် ပထဝီဓါတ်က ၎င်း ၃-ပါးကို လက်ခံထားသောကြောင့် သမ္ပဋိစ္ဆနပစ္စုပဋ္ဌာန်ဟု ခေါ်ပါသည်။

မေး။ ။ကြွင်း, အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်တို့နှင့် ပထဝီဓါတ်သည် နီးကပ်၍မနေဘူးလား။

ဖြေ။ ။နီးကပ်၍ နေပါသည်။

**မှတ်ချက်**။ ။သို့အတွက် ပထဝီဓါတ်သည် အာပေါဓါတ် တေဇောဓါတ် ဝါယောဓါတ်တို့နှင့် နီးကပ်နေသောကြောင့် သေသ မဟာဘူတတ္ထယ ပဒဋ္ဌာန်ဟု ခေါ်ပါသည်။

မေး။ ။မာသောသဘောသည် ဘယ်အခါ ထင်ရှားရှိပါသလဲ။

ဖြေ။ ။အကြောင်း တိုက်ဆိုင်တဲ့ အခါမှသာ ထင်ရှားရှိပါသည်။

**မေး။ ။အဘယ်ကဲ့သို့ အကြောင်းတိုက်ဆိုင်မှ တင်ရှားရှိပါသနည်း။**

ဖြေ။ ။ကံ-စိတ်-ဥတု-အာဟာရတည်းဟူသောအကြောင်းတရားတို့ တိုက်ဆိုင်မှသာ ထင်ရှားရှိပါသည်။

**မေး**။ ။**အကြောင်း** မည်ကဲ့သို့ တိုက်ဆိုင်၍ ပေါ်လာ**ကြောင်း** ဖော်ပြပါ။

**ဖြေ**။ ။ဥတု တည်းဟူသော အကြောင်း အပူ**အအေးတို့**ကြောင့် ဖြစ်ပေါ်လာပါသည်။

**မှတ်ချက်**။ ။ဥပမာ၊ ရွှံ့ပြေ့ပြေ့ကို နေပူထဲတွင် ထားလျှင် အပူဓါတ် ဥတုတည်းဟူသောအကြောင်းကြောင့် **မာမှုသဘော** အကျိုးပထဝီဓါတ်အဆင့်ဆင့် တဘွားဘွားဖြစ်ပေါ်**လာပ**ါသည်။

**မေး**။ ။အကြောင်းတိုက်ဆိုင်မှသာ ထင်ရှားရှိ**သော** မာမှု**သဘော**ကို ထင်ရှားပေါ်ရှိနေမှန်း ဘာနှင့်သိသလဲ။

**ဖြေ**။ ။ပညာဖြင့်ထိုးထွင်း၍ မာသော**သဘော**ကို သိပါ**သည်**။

**မှတ်ချက်**။ ။သို့အတွက် ဓါတုကို သဘောဟုခေါ်သည်။ လက္ခဏာကို သဘော၏ အမှတ်**အသား**ဟုခေါ်သည်။ ဤသို့ ဓါတ်နှင့်လက္ခဏာကို ခြားနား၍ သိရမည်။

**မေး**။ ။မာသောသဘောကို ဉာဏ်နှင့် ထိုးထွင်း၍ ဒိဋ္ဌ**သိ**မြင်ခဲ့လျှင်၊ တဦးဘယောက်သောသူက မာသော**သဘော****မ**ရှိဟုဆိုခဲ့သော် ယုံနိုင်ပါမည်လား။

**ဖြေ**။ ။မာသောသဘောမရှိဟု မယုံနိုင်ပါ။

**မှတ်ချက်**။ ။သို့အတွက် မရှိဟု မယုံနိုင်ခြင်းကြောင့် မာသော သဘောအမှန်ရှိ၍၊ မရှိ ဟူသော အဘာဝပညတ်မှ ကင်း**လွတ်**နေသည်။

ဤကား မိမိ၏ စိတ်၌ အဘာဝပညတ်စွဲ ခွါပုံတည်း။

**မေး**။ ။မာသော သဘောမှာ ပုံပန်းသဏ္ဍာန် သဲမှုန့်ခန့်၊ မြူမှုန့်ခန့်များ ရှိပါသလား။

**ဖြေ**။ ။ပုံပန်းသဏ္ဍာန် မရှိပါ။

**မှတ်ချက်**။ ။သို့အတွက် ပုံပန်းသဏ္ဍာန်ဟူသော **သဏ္ဍာန** ပညတ်မှ ကင်းလွတ်နေသည်။

ဤကား မိမိ၏ စိတ်၌ သဏ္ဍာန ပညတ်စွဲ ခွါပုံတည်း။

**မေး**။ ။မာသော သဘောဟု အမည်မပေးမီက နာမည် ရှိသလား။

**ဖြေ**။ ။မရှိပါ။

**မှတ်ချက်**။ ။သို့အတွက် မာသော သဘောမှာ **နာမ** ပညတ်မှ ကင်းလွတ်နေသည်။

ဤကား မိမိ၏ စိတ်၌ နာမ ပညတ်စွဲ ခွါပုံတည်း။

**မေး**။ ။ ပညတ်သုံးပါး ကင်းလွတ်၍ **နေသောအခါ** အထင်အရှား ဘာ ရှိနေသလဲ။

ဖြေ။ ။မာသော သဘော ထင်ရှားရှိနေပါသည်။

**မှတ်ချက်**။ ။သို့အတွက် သဘောသာလျှင် ထင်ရှားရှိနေသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။ပညတ် ၃-ပါးတွင် ထင်ရှားသော သဘော ရှိသလား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်**။ ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ၎င်းမာသော သဘောပထဝီပရမတ်ကို ရုပ်ဟု ခေါ်သည်။ ထိုရုပ်ကိုပင် သက္ကာယဟု ခေါ်သည်။ သက္ကာယ အပေါ်၌ အသားမာသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မ မာသည်ဟု မှားစွဲ၍ မြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်သည်။

**မေး**။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်သလဲ။

**ဖြေ**။ ။သက္ကာယ ဒိဋ္ဌိဟု ခေါ်ပါသည်။

**မေး**။ ။မာသော သဘောက မာသလား၊ အသားက မာသလား၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူ မိမ္မ ယောကျ်ားက မာသလား။

**ဖြေ**။ ။မာသော သဘောကသာ မာပါသည်။

**မှတ်ချက်**။ ။မာသော သဘောကသာ မာသည် မဟုတ်။ အသားက မာသည်။ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မက မာသည်ဟု ထင်မြင်ခဲ့ပါလျှင်၊ သံလုံး မာမာကြီးဟာ အသားဟု ထင်မြင်မည်လား။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မဟု ထင်ရန် သင့်ပါသလား။ ဤကဲ့သို့ ထင်မြင်ရန် မသင့်ပါသောကြောင့် မာသောသဘောကသာမာကြောင်းကို ထိုးထွင်း၍ သိရှိရာ၏။ ထိုကဲ့သို့ မာသော သဘောကသာ မာသည်ဟု ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိခဲ့လျှင် မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်လေ၏။

မေး။ ။မာသော သဘောကို အသက်ဟု ခေါ်မည်လား။
ဖြေ။ ။မခေါ်နိုင်ပါ။
မှတ်ချက်။ ။သို့အတွက် ဇီဝ အတ္တ အစွဲမှ ကင်းလွတ်လေ၏။
မေး။ ။မာသော သဘောမှာ အမှုန်အမွှား လုံးလုံး ဝိုင်းဝိုင်း အကောင် အထည် ရှိပါသလား။
ဖြေ။ ။မရှိပါ။
မှတ်ချက်။ ။သို့အတွက် မာသော သဘော သည် အကောင်အထည် မတွေ့မရှိသောကြောင့် သရီရ အတ္တ အစွဲမှ ကင်းလွတ်လေ၏။
မေး။ ။အတ္တအစွဲ သုံးမျိုး ကင်း လွတ် နေ သော အ ခါ အထင်အရှား ဘာပေါ်လွင်နေသလဲ။
ဖြေ။ ။အနတ္တသာ ပေါ်လွင်နေပါသည်။
မေး။ ။အနတ္တသည် အဘယ်ကြောင့် အထင် အရှား ပေါ်လွင်နေပါသလဲ။
ဖြေ။ ။ပုဂ္ဂိုလ် သတ္တဝါ ငါ သူ တပါး ယောကျ်ား မိမ္မ အသက် အကောင်အထည်ဟု ထင်၍ စွဲသော အတ္တအစွဲမှ ကင်း လွတ်နေသောကြောင့် အနတ္တသာ ပေါ်လွင် ထင်ရှားနေပါ သည်။

မှတ်ချက်။ ။သို့အတွက် အတ္တ စွဲသုံးမျိုးမှ ကင်းလွတ်နေ ခြင်းဖြစ်သောကြောင့် မာသော သဘောကို အနတ္တဟု ခေါ် သည်။

**မေး။** ။မာသော သဘော ဟုတ်မဟုတ်၊ နောင်တဖန် ယုံမှားခြင်း ဒွိဟ သံသယ ရှိအုံးမည်လား။

**ဖြေ။** ။မရှိပါ။

**မေး။** ။နောက်နောက် ဘဝက ဖြစ်ခဲ့လေသမျှ မာသော သဘောတွေကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မ အကောင် အထည် ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။ မာသော သဘောသာလျှင် ထင်ရှား အမှန် ဟုတ်ပါတော့သည်။

**မေး။** ။ ယခု ထင်ရှား တွေ့ရှိသော မာသော သဘော အကောင် အထည် မဟုတ်သကဲ့သို့ နောက်ဘဝ ဖြစ်မှာကော အကောင် အထည် မိမ္မ ယောကျ်ား ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ၊ မာသော သဘောသာလျှင် ကေန် အမှန် ဟုတ်ပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာ တရားတို့မှ ကင်းလွတ်ရလေ၏။

**မေး။** ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မည်သည့်ပုဂ္ဂိုလ် ပယ်သနည်း။

**ဖြေ။** ။သောတာပန် ပုဂ္ဂိုလ်ပယ်ပါသည်။

**မှတ်ချက်။** ။မဟာ သောတာပန်နှင့် စူဠ သောတာပန် ၂-မျိုးရှိရာ သစ္စာ ၄-ပါးဖြင့် တပြိုင်နက် နိဗ္ဗာန်ကိုထိုးထွင်း၍ သိမြင်ပြီးလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာတို့၏ သမုစ္ဆေဒကိစ္စဖြင့် အနုသယ ဘုံကြီးပါ ကင်းပြတ်၍သွားလျှင် မဟာသောတာပန် အစစ်

အမှန်ဖြစ်၏။ ဒိဋ္ဌိ ဝိစိကိစ္ဆာကို တဒင်္ဂ ဝိက္ခမ္ဘန ကိစ္စနှင့်သာ ကင်းကွာ၍နေသည်ကို စူဠသောတာပန်ခေါ်ပါသည်။စူဠသောတာပန်ဖြစ်လျှင် အပါယ်တံခါး ပိတ်တော့၏။ သို့အတွက် စစ်ကိုင်းမြို့ ဂန္ဓာရုံဆရာတော် ဦးဥတ္တရ အရှင်သူမြတ် ရေးသားစီရင်တော်မူအပ်သော နိဗ္ဗာနမဂ္ဂ ဒီပနီကျမ်း စာမျက်နှာနံပါတ် ၁၀၅-မှ ထုတ်ယူ၍မူအတိုင်း ထည့်သွင်းဖော်ပြပေအံ့။

ဣမိနာပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပ္ပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒီဃနိကာယ် ဗြဟ္မဇာလသုတ် အဋ္ဌကထာ။

ဣမိနာပန ဉာဏေန၊ ဤနာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်၊ သမန္နာဂတော ပြည့်စုံသော၊ ဝိပဿကော၊ ဝိပဿနာကို အားထုတ်သောယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။လဒ္ဓဿာသော၊ နိဗ္ဗာန်ချမ်းသာကြီးသို့ရောက်ကြောင်း တရားကောင်းကို သိမြင်သောကြောင့်၊ စိတ်၏သက်သာရာကြီးကို ရသည်ဖြစ်၍ငင်း။ လဒ္ဓပ္ပတိဋ္ဌော၊ သံသရာဝဋ်ဆင်းရဲကြီးမှ ထွက်မြောက်ကြောင်း တရားကို သိမြင်သောကြောင့် စိတ်၏ ကိုးကွယ်ရာ မှီခိုရာ ထောက်တည်ရာကြီးကို ရသည်ဖြစ်၍ငင်း။ နိယတဂတိကော၊ မြင့်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ရောက်ကြောင်းတရားကို အားထုတ်

နိုင်သော လူတို နတ်တို ပြဟ္မာတု နိုက် မြဲသော ဂတိရှိသည်ဖြစ်၍ငင်း။ စူဠသောတာပန္နောနာမ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေအယဉ်သို့ ရှေးဦးစွာ ရောက်သောကြောင့် စူဠသောတာပန်မည်၏။ နာမရူပပရိစ္ဆေဒ ဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးကို ထင်မြင်သောသူအား ရအပ်သော အကျိုးအာနိသံသကို ပြဆိုချက် ပြီး၏။ ၎င်းပြင် ပဲခူးမြို့တွင် သီတင်းသုံးတော်မူသော ဦးဝရိန္ဒ အရှင်သူမြတ် ရေးသားစီရင်အပ်သော ရုပ်နာမ်အစ နိဗ္ဗာန်ပြကျမ်း စာမျက်နှာ နံပါတ် ၂၁–၌၊ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ၂–ပါးနှင့် ပြည့်စုံ၍၊ ဝိပဿနာ ရှုဆင်ခြင်လျှင် စူဠသောတာ ပန်မည်ကြောင်း စူဠသောတာပန်ဖြစ်လျှင် အပါယ်တံခါးပိတ် ကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ကင်္ခါဝိတရဏနိဒ္ဒေသ စာမျက်နှာ ၅၃၇၊ ၅၃၈–၌ အထင်အရှားပါရှိလေ၏။ အလို ရှိလျှင် ကြည့်ရှုကြလေဟု ဖေါ်ပြအပ်ပါသည်။

မှတ်ချက်။ ။ဤကဲ့သို့ အနတ္တကို တဒင်္ဂဝိက္ခမ္ဘနဖြင့် သိမြင်သော စူဠသောတာပန်ပုဂ္ဂိုလ်သည် အပါယ်သို့ လားစေ တတ်သော ကာယကံမှု ဝစီကံမှု မနောကံမှုတို့မှ ကင်းလွတ် အောင် ဝေးစွာရှောင်ကြဉ်လေတော့၏။ ။ဥပမာ၊ မြွေပွေး မြွေဟောက်တို့ကိုကိုင်လျှင် ၎င်းမြွေပွေး မြွေဟောက်ကိုက်၍ အဆိပ်တက်ပြီးလျှင် သေမှာကြောက်သကဲ့သို့ အပါယ်လားစေ တတ်သော ကာယကံမှု ဝစီကံမှု မနောကံမှုတို့ကို ထိတ်လန့် ကြောက်ရွံ့ခြင်းဖြစ်ပေါ်လာကုန်၏။ ။ဤကား စူဠသောတာ ပန်၏ စစ်တမ်းတည်း။

## အခဏ်း ၃။ အာပေါဓါတ်အကြောင်း

အာပေါဓါတ်မှာ ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းလက္ခဏာရှိသည် ဟု မှတ်ထားခြင်းကို သညာသိဟု ခေါ်သည်။

မေး။ ။ခန္ဓာပေါ်၌ မာသောသဘော၊ ပူသောသဘော ကို ပညာနှင့် တွေ့ပြီးပြီ မဟုတ်လား။

ဖြေ။ ။တွေ့ပြီးပါပြီ။

မေး။ ။တွေ့ပြီးခဲ့လျှင်၊ ၎င်းပူသောသဘောနှင့် မာသော သဘောကို တခုနှင့်တခု ခွဲခွါ၍ယူလျှင် ရနိုင်ပါမည်လား။

ဖြေ။ ။မရနိုင်ပါ။

မေး။ ။အဘယ်ကြောင့် မရနိုင်ပါသနည်း။

ဖြေ။ ။ဖွဲ့စည်း ကပ်တွယ်ထားခြင်းကြောင့် မရနိုင်ပါ။

မေး။ ။၎င်းဖွဲ့စည်းခြင်းကို ဘာခေါ်သလဲ။

ဖြေ။ ။အာပေါဓါတ်ဟု ခေါ်ပါသည်။

**မှတ်ချက်။** ။ဥပမာ၊ စက္ကူတရွက်နှင့် တရွက်ကို ကော် စည်းဖြင့် ကပ်ထားလျှင် စက္ကူတရွက်ထည်းယူလျှင် ကပ်နေ၍ တရွက်ထည်းမပါ၊ ကပ်ထားသရွေ့ စက္ကူပါ ပါဘိသကဲ့သို့၊ ထို့အတူ ပူသောသဘော၊ မာသောသဘော၊ ထောက်ကန် ဘိညှပ်သောသဘော ဖွဲ့စည်း ကပ်တွယ်ထားခြင်း ဖြစ်သော ကြောင့်၊ ၎င်းသဘောကို အာပေါဓါတ် လက္ခဏာဟု မှတ်ယူ ပါ၊ ကျန်သော ယိုစီးခြင်းကိုလည်း အာပေါဓါတ်၏လက္ခဏာ ဟု မှတ်ယူနှလုံးသွင်းပါလေ။

မေး။ ။၎င်းလက္ခဏာကို ဘာနှင့်သိသလဲ။

ဖြေ။ ။မနောဝိညာဏ်စိတ်နှင့် သိပါသည်။

မေး။ ။၎င်းမနောဝိညာဏ်စိတ်နှင့် သိသော ဖွဲ့စည်းခြင်းသက္ခဏာသည် ဘာရှိ၍ ဖွဲ့စည်းနိုင်ပါသလဲ။ စိတ်နှင့် ဉာဏ်နှင့် စဉ်းစားကြည့်ပါ။

ဖြေ။ ။ဖွဲ့စည်းသောသဘောရှိ၍ ဖွဲ့စည်းနိုင်ပါသည်။

မေး။ ။ဖွဲ့စည်းသောသဘောမရှိလျှင် ဖွဲ့စည်းနိုင်ပါမည်လား။

ဖြေ။ ။မဖွဲ့စည်းနိုင်ပါ၊ ဖွဲ့စည်းသောသဘောရှိမှ ဖွဲ့စည်းနိုင်ပါသည်။

မှတ်ချက်။ ။ဖွဲ့စည်းသော သဘောကို အာပေါဓါတ်ဟုခေါ်ပါသည်။ ဖွဲ့စည်းခြင်းကို အာပေါဓါတ်၏ အာဗန္ဓနလက္ခဏာဟု ခေါ်ပါသည်။

မေး။ ။အာပေါဓါတ်က ပထဝီဓါတ် တေဇောဓါတ် ဝါယောဓါတ်တို့ကို ဖွဲ့စည်းသောအခါ ကြီးပွားခြင်း မဖြစ်ဘူးလား။

ဖြေ။ ။ကြီးပွားခြင်း ဖြစ်လာပါသည်။

မှတ်ချက်။ ။သို့အတွက် ကြီးပွားသောကြောင့် ဗြူဟနရသာဟု ခေါ်ပါသည်။

မေး။ ။အာပေါဓါတ်က ပထဝီဓါတ် တေဇောဓါတ် ဝါယောဓါတ်တို့ကို ဖွဲ့စည်းလိုက်သောအခါ တလုံးတစည်းတည်း ပေါင်းရုံးခြင်း မဖြစ်ဘူးလား။

**ဖြေ။** ။ဖြစ်ပါသည်။

**မှတ်ချက်။** ။သို့အတွက် တလုံးတစည်းတည်း ပေါင်းရုံး လျက်ရှိခြင်းကြောင့် သမ္ပိဏ္ဍန ပစ္စုပဋ္ဌာန်ဟု ခေါ်ပါသည်။

**မေး။** ။ကျန်သော ပထဝီဓါတ် တေဇောဓါတ် ဝါယောဓါတ်တို့နှင့် အာပေါဓါတ်သည် နီးကပ်၍မနေဘူးလား။

**ဖြေ။** ။နီးကပ်၍ နေပါသည်။

**မှတ်ချက်။** ။သို့အတွက် အာပေါဓါတ်မှာ၊ ပထဝီဓါတ် တေဇောဓါတ် ဝါယောဓါတ်တို့နှင့် နီးကပ်၍နေသောကြောင့် သေသဘူတတ္တယ ပဒဋ္ဌာန်ဟု ခေါ်ပါသည်။

**မေး။** ။ဖွဲ့စည်းသောသဘောကို ဘာနှင့်သိသလဲ။

**ဖြေ။** ။ပညာဖြင့် ထိုးထွင်း၍ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် ဓါတုကိုသဘောဟုခေါ်သည်။ လက္ခဏာကိုသဘော၏ အမှတ်အသားဟု ခေါ်သည်။ ဤကဲ့သို့ ဓါတ်နှင့်လက္ခဏာကို ခြားနား၍ သိနားလည်ပါလေ။

**မေး။** ။ဖွဲ့စည်းသောသဘောကို ဉာဏ်နှင့်ထိုးထွင်း၍ ဒိဋ္ဌ သိမြင်ခဲ့လျှင် တဦးတယောက်သောသူက ဖွဲ့စည်းသောသဘော မရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။

**ဖြေ။** ။ဖွဲ့စည်းသောသဘောမရှိဟု မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက် မရှိဟု မယုံနိုင်ခြင်းကြောင့် ဖွဲ့စည်းသော သဘော အမှန်ရှိ၍၊ မရှိဟူသော အဘာဝ ပညတ်မှ ကင်းလွတ်နေသည်။

မေး။ ။ဖွဲ့စည်းသော သဘောမှာ ပုံပန်း သဏ္ဌာန်ရှိသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် ပုံပန်းသဏ္ဌာန်ဟူသော သဏ္ဌာန ပညတ်မှ ကင်းလွတ်၍ နေသည်။

မေး။ ။ဖွဲ့စည်းသောသဘောဟု အမည် အပေးမှိုက နာမည် ရှိသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် ဖွဲ့စည်းသော သဘောမှာ နာမ ပညတ်မှ ကင်းလွတ်၍ နေသည်။

မေး။ ။ပညတ် ၃-ပါး ကင်းလွတ်၍ နေသောအခါ အထင်အရှား ဘာရှိ၍ နေသလဲ။

ဖြေ။ ။ဖွဲ့စည်းသော သဘောသာ ထင်ရှား ရှိနေပါသည်။

မှတ်ချက်။ ။သို့အတွက် သဘောသာလျှင် ထင်ရှားရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။ပညတ် ၃-ပါးတွင် ထင်ရှားရှိသော သဘောရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ၎င်းဖွဲ့စည်းသော အာပေါ ပရမတ်ကို ရုပ်ဟု ခေါ်သည်။ ထိုရုပ်ကိုပင် သင်္ကာယဟု ခေါ်

သည်။ ထိုသက္ကာယ အပေါ်၌ အသားနှင့် အရေ ဖွဲ့စည်း သည်။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမက ဖွဲ့စည်းသည်ဟု မှားစွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်သည်။

မေး။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်သလဲ။

ဖြေ။ ။သက္ကာယ ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။ဖွဲ့စည်းသော သဘောက ဖွဲ့စည်းသလား၊ အရေ က အသားကို ဖွဲ့စည်းသလား။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမက ဖွဲ့စည်းသလား။ စဉ်းစား၍ ပြောပါ။ ဥပမာ ဉသျှစ်သီးမှာရှိ၍ ဖွဲ့စည်းကပ်တွယ်သော သဘောသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူ တပါး ယောကျ်ား မိန်းမ အသားအရေ ဟုတ် ပါသလား။ သေသေချာချာကြီး ဉာဏ်နှင့် စဉ်းစားပါ။ ၎င်း ဉသျှစ်သီးမှာ ရှိသော ကပ်တွယ် ဖွဲ့စည်းတတ်သော သဘော သည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အမှန် မဟုတ်ပါ။ ဘယ်လိုပင် ရှာရှာ ငါ သူ တပါး ယောကျ်ား မိန်းမ မတွေ့မမြင်ရ။ ဖွဲ့စည်းကပ်တွယ်သော သဘောသာလျှင် အမှန် တွေ့မြင်ရသကဲ့သို့၊ ထို့အတူ- ဖွဲ့စည်း ကပ်တွယ်သော သဘောကိုလည်း ဉာဏ်နှင့် ထိုးထွင်း၍ ဖွဲ့စည်းကပ်တွယ် တတ် သော သဘောမျှသာ အမှန်ဟုတ်ကြောင်း ဉာဏ်ဖြင့် ကြည့်ရှု စဉ်းစားဖြေပါ။

ဖြေ။ ။ဖွဲ့စည်း ကပ်တွယ်သော သဘော က သာ လျှင် ဖွဲ့စည်းကပ်တွယ်ခြင်း အမှန်ဖြစ်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ဖွဲ့စည်းသော သဘောကသာ ဖွဲ့စည်းကပ်တွယ်သည်ဟု အမှန်ကို သိခဲ့လျှင်၊ မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်နေသည်။

မေး။ ။ဖွဲ့စည်းသော သဘောကို အသက်ဟုခေါ်မလား။

ဖြေ။ ။မခေါ်နိုင်ပါ။

**မှတ်ချက်။** ။သို့အတွက်– အသက်ဟု ခေါ်သော ဇီဝ အတ္တ အစွဲမှ ကင်းလွတ်နေသည်။

မေး။ ။ဖွဲ့စည်းသော သဘောမှာ အမှုန်အမွှား လုံးလုံး ခိုင်းဝိုင်း အကောင်အထည် တွေ့ရှိပါသလား။

ဖြေ။ ။မတွေ့ မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ဖွဲ့စည်းသော သဘောသည် အကောင်အထည်ဟု ထင်မှားသော သရီရ အတ္တ အစွဲမှ ကင်းလွတ်နေသည်။

မေး။ ။အတ္တ အစွဲသုံးမျိုး ကင်းနေသောအခါ အထင်အရှား ဘာပေါ်လွင်နေသလဲ။

ဖြေ။ ။အနတ္တသာ ပေါ်လွင်နေပါသည်။

မေး။ ။အနတ္တတည်းဟူသော အဖွဲ့စည်းသော သဘောသည် အဘယ်အကြောင်းကြောင့် ပေါ်လွင်နေပါသလဲ။

ဖြေ။ ။ကံ စိတ် ဥတု အာဟာရတည်းဟူသောအကြောင်းတို့ကို စွဲ၍ ပေါ်လွင်နေပါသည်။

**မှတ်ချက်။** ။ဥပမာ– ဖရောင်းတိုင်ကို မီးကင်၍ အရည်ဖြစ်ပေါ်လာသောအခါ ရေတွင်း ပစ်ချလိုက်ရာ၊ ၎င်းယိုစီး

သော အာပေါဓါတ်တို့သည် အဆင့်ဆင့် ချုပ်ပျောက်လျက် ဖွဲ့စည်းသော အာပေါဓါတ် သဘောတို့သည် အဆင့်ဆင့် တဘွားဘွားဖြစ်ပေါ်လာသကဲ့သို့၊ ထို့အတူ မိမိ၏ ခန္ဓာတွင် မီးဓါတ်အပူနှင့်တူသော ပရိဒေဝ အပူလောင်ကျွမ်း၍ ငိုသော သူ၌ ယိုစီးသော အာပေါဓါတ် သဘောတွေ အဆင့်ဆင့် တဘွားဘွား ဖြစ်ပေါ်လာသည်ကို ရေနှင့် တူသော ချမ်းသာ လှစွာသော တရားတော်မြတ်ကို အောင်းမေ့ ဆင်ခြင် နှလုံး သွင်းသောအခါ၊ ၎င်းယိုစီးသော သဘောဓါတ်တွေ အဆင့် ဆင့် ချုပ်ပျောက်လျက် ဖွဲ့စည်းသော သဘော အာပေါဓါတ် တွေ အဆင့်ဆင့် တဘွားဘွား ဖြစ်ပေါ်ပြီးလျှင် ပေါ်လွင်နေ ကြောင်း ထင်ရှားစွာ သိမြင်ရလေ၏။ ထို့ကြောင့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မ အကောင် အထည်ဟု ခေါ်သော အတ္တ အစွဲမှ ကင်းလွတ်နေပါသောကြောင့်၊ ၎င်း ဖွဲ့စည်းသော သဘောကို အနတ္တဟု ခေါ်ပါသည်။ ၎င်းဖွဲ့စည်း သော သဘောဓါတ်သည် စိတ်ကြောင့် ဖြစ်ပေါ်လာကြောင်း ထင်ရှားစွာ သိထိုက်လှသော အနတ္တ သဘောတရား ပေ တည်း။

မေး။ ။ဖွဲ့စည်းသော သဘော အမှန် ဟုတ် မဟုတ်၊ နောင်တဖန် ယုံမှားခြင်း ဒွိတ သံသယ ရှိအုံးမည်လော့။

ဖြေ။ ။မရှိပါ။

မေး။ ။နောက် နောက် ဘဝက ဖြစ်ခဲ့လေသမျှ ဖွဲ့စည်း သော သဘော အာပေါဓါတ် တွေကိုကော ပုဂ္ဂိုလ် သတ္တဝါ

ငါ သူတပါး ယောကျ်ား မိမ္မ အကောင် အထည် ဟုတ်ပါ သလား။

ဖြေ။ ။မဟုတ်ပါ။ ဖွဲ့စည်း သသောသာ ဟုတ်ပါသည်။

မေး။ ။ယခု ထင်ရှားတွေ့ရှိသော ဖွဲ့စည်းသော သဘော အကောင်အထည် မဟုတ်သကဲ့သို့ နောက်ဘဝ ဖြစ်မှာကော အကောင် အထည် မိမ္မ ယောကျ်ား ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။ ဖွဲ့စည်းသော သဘောသာ ကေန် အမှန် ဟုတ်ခြင်း မလွဲတော့ပါ။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာ တရားတို့မှ ကင်းလွတ်ရလေသည်။

မေး။ ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို တဒင်္ဂပဟာန် ဝိက္ခမ္ဘန ပဟာန်ဖြင့် အကြောင်းနှင့်တကွ သိမ်းဆည်း၍ ကင်းကွာသော ပုဂ္ဂိုလ်ကိုသာ ပုဂ္ဂိုလ် ခေါ်ပါသလဲ။

ဖြေ။ ။ပစ္စယပရိဂ္ဂဟဉာဏ်၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ၂-ပါး နှင့် ပြည့်ပါလျှင် စူဠသောတာပန် ခေါ်ပါသည်။

**မှတ်ချက်။** ။မဟာ သောတာပန်မှာ ဒိဋ္ဌိ ဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စဖြင့် အနုသယဘုံကြီးပါ ကင်းပြတ်သွားလျှင်၊ **မဟာ**သောတာပန် ဖြစ်၏။

မေး။ ။စူဠသောတာပန်ဖြစ်လျှင် အဘယ်အကျိုး ခံစား **ရပါသလဲ။**

ဖြေ။ ။စူဠသောတာပန်ဖြစ်လျှင်၊ အပါယ်သို့ မလားမူ၍ **လူ**ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတို့၌သာ မြဲသော

ဇာတိဖြင့် တည်ပြီးလျှင်၊ ၎င်းဘဝ၌ပင်လျှင် နိဗ္ဗာန် မဂ်ဖိုလ်ကို ရခြင်း အကျိုး ခံစားရပါသည်။

မေး။ ။ကျမ်းကိုး၍ ပြပါ။

ဖြေ။ ။တသ္သ တတ္ထ သုခိနော ဓမ္မပဒါ ပိလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ။အထခေါ သောသတ္တော ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ။

အင်္ဂုတ္တရ ပါဠိတော်။

မြန်မာပြန်အနက်ကား။ ။တသ္သ၊ ထိုလူ့ပြည်ကဝိပဿနာ တရားကို အားထုတ်လျက်။ ဒိဋ္ဌိမပြတ်မီ စုတေသဖြင့် နတ်ပြည်သို့ ရောက်သောသူအား။ တတ္ထ၊ ထိုနတ်ပြည်၌။သုခိနော၊ ချမ်းသာသည်ဖြစ်၍။ ဓမ္မပဒါ၊ ဤလူ့ဘဝက လေ့လာအား ထုတ်ခဲ့သော ဝိပဿနာတရားအစုတို့သည်။ ပိလဝန္တိ၊ခဏခြင်း ပေါ်လာကုန်၏။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုကြည့်လေ့ရှိ သော သူတော်ကောင်းအပေါင်းတို့။ သတုပ္ပါဒေါ၊ ငါနတ် ပြည်သို့ ရောက်လာပါတကားဟု သတိရမှုသည်။ ဒန္ဓော၊ နှေး သော်လည်း နှေး၍နေရသေး၏။ အထခေါ၊ စင်စစ်သော်ကား။ သောသတ္တော၊ ထိုသတ္တဝါသည်။ ခိပ္ပမေဝ၊ လျင်မြန်စွာလျှင်၊ ဝိသေသဂါမီ၊ မဂ် ဖိုလ် နိဗ္ဗာန် တရားအထူးကို ရခြင်းအဘို့ရှိ သည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။ရန်ကုန် ပသိ ဦးသီလာစာရ အရှင်မြတ်ရေး သားဆုံးမတော်မူသော ဝိပဿနာ အမေးအဖြေကျမ်းစာမျက်

န္တာ နံပါတ် ၂၄–၂၅–တွင် ပါရှိသောမှုအတိုင်း ထုတ်နုတ် ထည့်သွင်းဖော်ပြပေအံ့။

မေး။ ။မိမိ၏ အတွင်းသဏ္ဍာန်တခုလုံးမှာ နာမ်ရုပ် နှစ်ပါး အနတ္တသဘောတွေသာ အမှန်ရှိကြောင်း ဉာဏ်မှာကောင်းကောင်းထင်မြင်လျှင် ဘယ်လိုပုဂ္ဂိုလ်အဖြစ်သို့ရောက်ပါသနည်း။

ဖြေ။ ။ပဌမ စူဠသောတာပန်အဖြစ်သို့ ရောက်ပါသည်။

မေး။ ။ပဌမ စူဠသောတာပန်အဖြစ်သို့ရောက်လျှင် ဘယ်လိုအကျိုးခံစားရပါသနည်း။

ဖြေ။ ။သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိပြုတ်ခြင်း ဒုစရိုက်ဟောင်း ဒုစရိုက်သစ်တွေပြုတ်ခြင်း၊ အပါယ်လေးပါးသို့ မလားမရောက် ခြင်း အကျိုးတို့ကို ခံစားရပါသည်ဟု ပါရှိပါသောကြောင့် စူဠသောတာပန်ဖြစ်လျှင် အပါယ်သို့မလား မကျမူ၍ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်၌သာ လားရာဂတိမြဲ၍ မဂ် ဖိုလ်ကို ရကြ ရောက်ကြရခြင်း ဖြစ်ကြောင်း ကောင်းကောင်းကြီး မှတ်ယူ ရာ၏။

## အခန်း ၄။ ဝါယောဓါတ်အကြောင်း

ဝါယောဓါတ်မှာ တွန်းကန်ဘိညှင်ခြင်း၊ ရွေ့ရှားလှုပ်ရှား ခြင်း လက္ခဏာရှိသည်ဟု မှတ်ထားခြင်းကို သညာသိဟု ခေါ် သည်။

မေး။ ။ခန္ဓာပေါ်၌ မာသောသဘော၊ ဖွဲ့စည်းသော သဘော၊ ပူသောသဘောတို့ကို ပညာဖြင့်တွေ့ပြီးပြီမဟုတ်လား။

ဖြေ။ ။တွေ့ပြီးပါပြီ။

မေး။ ။တွေ့ပြီးခဲ့လျှင် ၎င်းမာသောသဘော၊ ဖွဲ့စည်းသောသဘော၊ ပူသောသဘောတို့သည် တခုနှင့်တခု ဖယိုဖရဲ ကွဲ၍ ကျမသွားနိုင်ခြင်းသည် ဘာကြောင့်လဲ၊

ဖြေ။ ။တွန်းကန်ထားသောကြောင့် မကျနိုင်ပါ။

မေး။ ။၎င်း တွန်းကန်ခြင်းကို ဘာခေါ်သလဲ။

ဖြေ။ ။ဝါယောဓါတ်ဟု ခေါ်ပါသည်။

မှတ်ချက်။ ။ဝါယောဓါတ် လက္ခဏာဟု မှတ်ယူပါ။ ကျန် ဘိညွှပ် ရွေ့ရှား လှုပ်ရှားနေခြင်းကိုလည်း ၎င်းနည်း အတိုင်း ဆင်ခြင် နှလုံးသွင်းပါ။

မေး။ ။၎င်း လက္ခဏာကို ဘာနှင့် သိသလဲ။

ဖြေ။ ။မနော ဝိညာဏ်စိတ်နှင့် သိပါသည်။

မေး။ ။၎င်း မနောဝိညာဏ် စိတ်နှင့် သိသော တွန်းကန် ခြင်း လက္ခဏာသည် ဘာရှိ၍ တွန်းကန်နိုင်ပါသလဲ။

ဖြေ။ ။တွန်းကန်သော သဘောရှိ၍ တွန်းကန် နိုင်ပါ သည်။

မေး။ ။တွန်းကန်သော သဘောမရှိလျှင် တွန်းကန်နိုင် ပါမည်လား။

ဖြေ။ ။မတွန်းကန်နိုင်ပါ။

မှတ်ချက်။ ။တွန်းကန်သော သဘောကို ဝါယောဓါတ် ဟု ခေါ်သည်။ တွန်းကန်ခြင်းကို ဝါယောဓါတ်၏ ဝိတ္ထမ္ဘန လက္ခဏာဟု ခေါ်ပါသည်။

မေး။ ။ဝါယောဓါတ်သည် ကျန်သော ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်တို့ကို အောက်သို့ မကျရအောင် တွန်းကန်ထားသည် မဟုတ်ပါလား။

ဖြေ။ ။အောက်သို့ မကျအောင် တွန်းကန်ထားပါသည်။

မှတ်ချက်။ ။သို့အတွက် ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်တို့ကို အောက်သို့မကျအောင် တွန်းကန်ထားသော ကြောင့် အပတမာန ဓါရဏရသာဟု ခေါ်ပါသည်။

မေး။ ။ဝါယောဓါတ်သည် သဟဇာတ်ဖြစ်သော ရုပ်တရားတို့ကို ဒေသတပါးသို့ ရောက်အောင် ရွေးရှုပို့ဆောင် တတ်သည် မဟုတ်ပါလား။

ဖြေ။ ။ရွေးရှုပို့ဆောင် တတ်ပါသည်။

မှတ်ချက်။ ။သို့အတွက် ဝါယောဓါတ်သည် သဟဇာတ် ဖြစ်သော ရုပ်တရားတို့ကို ဒေသတပါးသို့ ရောက်အောင် ပို့ ဆောင်တတ်ကြသောကြောင့် အဘိနိဟာရ ပစ္စုပ္ပဋ္ဌာန်ဟု ခေါ် ပါသည်။

မေး။ ။ဝါယောဓါတ်သည် ကျန်သော ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်တို့နှင့် နီးကပ်၍ မနေဘူးလား။

ဖြေ။ ။နီးကပ်နေပါသည်။

မှတ်ချက်။ ။သို့အတွက် ဝါယောဓါတ်သည် ကျန်သော ပထဝီဓါတ်၊ တေဇောဓါတ်၊ အာပေါဓါတ်တို့နှင့် နီးကပ်၍ နေသောကြောင့် သေသ ဘူတတ္တယပဒဋ္ဌာန်ဟု ခေါ်ပါသည်။

မေး။ ။တွန်းကန်သော သဘောကို ဘာနှင့်သိပါသလဲ။
ဖြေ။ ။တွန်းကန်သော သဘောကို ပညာဖြင့် ထိုးထွင်း၍ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် ဓါတုကို သဘောဟု ခေါ်ပါသည်။ လက္ခဏာကို သဘော၏ အမှတ်အသားဟု ခေါ်ပါသည်။ ဤသို့ ဓါတ်နှင့် လက္ခဏာကို ခြားနား၍ သိရန် သင့်ပါသည်။

**မေး။** ။တွန်းကန်သော သဘောကို ဉာဏ်နှင့် ထိုးထွင်း၍ ဒိဋ္ဌသိမြင်ခဲ့လျှင် တဦးတယောက်သောသူက တွန်းကန်သော သဘော မရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။
ဖြေ။ ။တွန်းကန်သော သဘောမရှိဟု မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက် မရှိဟု မယုံနိုင်ခြင်းကြောင့် တွန်းကန်သော သဘော အမှန်ရှိ၍ မရှိဟူသော အဘာဝ ပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။တွန်းကန်သော သဘောမှာ ပုံပန်းသဏ္ဌာန်များ ရှိပါသလား။
ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ပုံပန်းသဏ္ဌာန်ဟူသော သဏ္ဌာန ပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။တွန်းကန်သော သဘောဟု အမည်မပေးမီကာ နာမည် ရှိပါသလား။
ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် တွန်းကန်သော သဘောမှာ နာမပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ပညတ် ၃-ပါးမှ ကင်းလွတ်၍ နေသောအခါ အထင်အရှား ဘာရှိ၍ နေပါသလဲ။

ဖြေ။ ။တွန်းကန်သော သဘောသာ ထင်ရှား ရှိနေပါသည်။

**မှတ်ချက်။** ။သို့အတွက် သဘောသာလျှင် ထင်ရှား ရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။ပညတ် ၃-ပါးတွင် ထင်ရှားသော သဘောရှိပါသလား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်းကြောင့် ပညတ်ဟုခေါ်ပါသည်။ ၎င်းတွန်းကန်သော သဘောကို ရုပ်ဟုခေါ်ပါသည်။ ထိုရုပ်ကိုပင် သက္ကာယဟု ခေါ်ပါသည်။ ထိုသက္ကာယ အပေါ်၌ အရိုးက အသားကို တွန်းကန်သည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မက တွန်းကန်သည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိခေါ်ပါသည်။

မေး။ ။တွန်းကန်သော သဘောကသာလျှင် တွန်းကန်ပါသလား၊ အရိုးအသားကို တွန်းကန်ပါသလား၊ ပုဂ္ဂိုလ်

သတ္တဝါ ငါ သူ တပါး ,ယောကျ်ား မိမ္မကို တွန်းကန်ပါ သလား၊ သေသေ ချာချာ စဉ်းစား၍ ဖြေပါ။

ဖြေ။ ။တွန်းကန်သော သဘောသာလျှင် တွန်းကန်ခြင်း မှန်ပါသည်။

**မှတ်ချက်။** ။သို့အတွက် တွန်းကန်သော သဘောက တွန်း ကန်သည်ဟု အမှန်သိခဲ့လျှင် မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်နေပါ။

မေး။ ။တွန်းကန်သော သဘောသည် အသက်ဟုတ်ပါ သလား။

ဖြေ။ ။အသက်မဟုတ်ပါ။

**မှတ်ချက်။** ။သို့အတွက် အသက်ဟု ထင်မှတ်သောဇီဝ အတ္တ အစွဲမှ ကင်းလွတ်နေပါသည်။

မေး။ ။တွန်းကန်သောသဘောမှာ အမှုန့်အမွှား လုံးလုံး ဝိုင်းဝိုင်း အကောင်အထည်ရှိပါသလား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် တွန်းကန်သောသဘောကို အ ကောင်အထည်ဟု ထင်မှတ်သော သရီရ အတ္တအစွဲမှ ကင်းလွတ် နေပါသည်။

မေး။ ။အတ္တ အစွဲသုံးမျိုးမှ ကင်းလွတ်နေသောအခါ အထင်အရှား ဘာပေါ်လွင်နေပါသလဲ။

ဖြေ။ ။အနတ္တသာ ပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်အကြောင်းကြောင့် ပေါ် လွင်နေပါသလဲ။

ဖြေ။ ။ကံ စိတ် ဥတု အာဟာရတည်းဟူသောအကြောင်းတို့ကို စွဲ၍ပေါ်လွင်နေပါသည်။

မေး။ ။သေချာစွာ ရှင်းလင်း၍ အကြောင်းစွဲနှင့် တကွမည်ကဲ့သို့ ပေါ်လွင်ထင်ရှားလျက်ရှိခြင်းကို ဖော်ပြပါ။

ဖြေ။ ။မိမိသည် တစုံတရာကို ကိုင်ယူမည်ဟု စိတ်အာရုံပြုသောအခါ ၎င်းစိတ်အာရုံတည်းဟူသော အကြောင်းတရားတို့ကြောင့် တွန်းကန်သော ဝါယောဓါတ်သဘောတွေ တထောင်းထောင်းထ၍ အဆင့်ဆင့် တသွားသွား ဖြစ်ပေါ်လာသောအကျိုး တွန်းကန်မှု သဘောတရားတို့သာ အမှန်ဖြစ်ကြောင်းကို ထင်ရှားစွာသိမြင်ပါသောကြောင့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက် အကောင်အထည်ဟု ထင်မှတ်သော အတ္တအစွဲမှ ကင်းလွတ်ခြင်းဖြစ်၍ အနတ္တသာ ပေါ်လွင်ထင်ရှားနေပါသည်။

**မှတ်ချက်။** ။အကြောင်းနှင့်တကွ သိမ်းဆည်း၍ အတ္တအစွဲသုံးမျိုးမှ ကင်းလွတ်နေသောကြောင့် တွန်း ကန် သော သဘောကို အနတ္တဟု ခေါ်ပါသည်။

မေး။ ။တွန်းကန်သောသဘော ဟုတ် မဟုတ် နောင်တဖန် ယုံမှားခြင်း ဒွေဟသံသယရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။နောက် နောက် ဘဝက ဖြစ်ခဲ့လေသမျှ တွန်းကန်သောသဘော ဝါယောဓါတ်တွေကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမှ အကောင်အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ၊ တွန်းကန်သောသဘောတွေသာ အမှန်ဟုတ်ပါသည်။

မေး။ ။ယခုထင်ရှားတွေ့ရှိသော တွန်းကန်သောသဘော အကောင်အထည် မဟုတ်သကဲ့သို့ နောက်ဘဝ ဖြစ်မှာကော အကောင်အထည် မိန်းမ ယောကျ်ား ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ၊တွန်းကန်သောသဘောသာလျှင် ကေန် အမှန်ဟုတ်ခြင်း မလွဲပါ။

**မှတ်ချက်။** ။သို့အတွက် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်တို့နှင့် ပြည့်စုံ၍ ဝိစိကိစ္ဆာတရားတို့မှ ကင်းလွတ်နေပါသည်။

မေး။ ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် ကိစ္စဖြင့် ပတ်သက်ခြင်းကို အဘယ်ပုဂ္ဂိုလ်ခေါ်ပါသနည်း။

ဖြေ။ ။စူဠသောတာပန် ခေါ်ပါသည်။

မေး။ ။ကျမ်းကိုး၍ပြပါ။

ဖြေ။ ။သောတံ အာဒိတော အာပဇ္ဇိံသု ပါပုဏိံသု တိတော၊ သောတာပန္နော၊ စူဠာသောတာပန္နာ စူဠသောတာပန္နာ။ မဂ္ဂသံယုတ်အဋ္ဌကထာ။ ယော၊ အကြင် နာမရူပ ပရိစ္ဆေဒ ဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့သည်။ သောတံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေအယဉ်သို့။ အာဒိတော၊အစစွာ၊ အာပဇ္ဇိံသု ပါပုဏိံသု၊ ရောက်ကုန်ပြီ။ ဣတိ၊ ထို့ကြောင့်။ တေ၊ထိုနာမ ရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံသော

ပုဂ္ဂိုလ်တို့သည်။ သောတာပန္နာ၊ သောတာပန် မည်ကုန်၏။ စူဠ၊ ငယ်သော သောတာပန္နာ၊ သောတာပန်ပုဂ္ဂိုလ်တို့တည်း။ စူဠသောတာပန္နာ။ ငယ်သော သောတာပန်ပုဂ္ဂိုလ်တို့၊ ဝါ၊ သောတာပန်တွေးတို့တည်း စူဠသောတာပန်ဖြစ်လျှင် အပါယ် ၄-ပါး တံခါးပိတ်တော့၏။

**မှတ်ချက်**။ ။မိုးညှင်းတောရ ဆရာတော် ဘုရားကြီး၏ ဝိပဿနာ အလုပ်ပေးစဉ် တရားကြီး ကျမ်းစာအုပ်တွေ စာမျက်နှာနံပါတ် ၁၆၁-၌ ဤဒိဋ္ဌိဝိသုဒ္ဓိဟု ဆိုအပ်သော နာမရူပဝဝတ္ထာနဉာဏ် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဟု ဆိုအပ်သော ပစ္စယပရိဂ္ဂဟဉာဏ် ဤနှစ်တန်တို့ကို ရပြီးသော ယောဂီမြတ်သည် စူဠသောတာပန် မည်၏။ သောတာပန်ငယ်ဟု ဆိုလိုသည်။ ၎င်း စူဠသောတာပန်သည် ဒုတိယဘဝ နတ်ပြည် စသည်တို့မှာ မဂ်ကြီးကိုရ၍ မဟာသောတာပန် ဖြစ်ကြသဖြင့် အပါယ်တံခါးပိတ်မှု စသော အကျိုးထူးများကို ဆောင်နိုင်ကြကုန်ရာ၏ဟု ထင်ရှားစွာ ပါရှိပါသဖြင့် အလိုရှိလျှင် ကြည့်ရှုတော်မူကြပါ။

## ဓါတ်ကြီး ၄-ပါးတို့ ပေါင်းစပ်မှီတွယ်နေပုံ

အထက်ကပြခဲ့သော ဓါတ်ကြီး ၄-ပါးသည် ဓါတ်တခုနှင့်တခု ကျေးဇူးပြုပြီးလျှင် ပေါင်းစပ်မှီတွယ်၍ တည်နေကြသဖြင့် ၎င်းဓါတ်သဘောတို့သည် တခုနှင့်တခု ခွဲ၍ ရကောင်းသော သဘောမဟုတ်သည့်အတွက် သဘောစုကလေးတခု ဖြစ်နေရ

သည်။ ၎င်းသဘောစုကလေးဖြစ်ပေါ်လာသည့်အခါ ၎င်းဓါတ်သဘော ၄-ပါးစုကို အမြဲမှီ၍ ဖြစ်ပေါ်သော ဝဏ္ဏဓါတ်၊ ဝန္ဓဓါတ်၊ ရသဓါတ်၊ ဩဇဓါတ်ဟူသော ဥပါဒါန်ရုပ် ၄-ပါးတို့လည်း အမြဲတပြိုင်တည်းဖြစ်ပေါ်လာကြပါသည်။ ဥပါဒါန်ရုပ်ဆိုသည်မှာ စွဲမှီ၍ဖြစ်သော ရုပ်ကိုခေါ်ပါသည်။ သို့အတွက်ကြောင့် ထိုဥပါဒါန် ရုပ် ၄-ပါးကို ဖေါ်ပြပေအံ့။

ရှေးဦးစွာ ဥပါဒါန်ရုပ် ၄-ပါး၏ လက္ခဏာကိုသိရပါမည်။

၁။ ဝဏ္ဏဓါတ်မှာ စက္ခုပသာဒဟုခေါ်သော မျက်စိအကြည်၌ အဖြူ အနီ အနက် အညို အဝါ အကြောင် အကြားအစရှိသော အဆင်းထင်လာခြင်း လက္ခဏာရှိပါသည်။

၂။ ဂန္ဓဓါတ်မှာ ဃာနပသာဒဟုခေါ်သော နှာခေါင်းအကြည်၌ အညှီ အပုပ် အမွှေး အကြိုင် အစရှိသော အနံ့ထိခိုက်ခြင်း လက္ခဏာရှိပါသည်။

၃။ ရသဓါတ်မှာ ဇိဝှါပသာဒဟု ခေါ်သော လျှာအကြည်၌ အချို အချဉ် အဖန် အခါး အငန် အစပ် စသော အရသာထိခိုက်ခြင်းလက္ခဏာရှိပါသည်။

၄။ ဩဇဓါတ်မှာ တိုးပွားခြင်းလက္ခဏာရှိပါသည်။

## အခဏ်း ၅။ ဝဏ္ဏဓါတ်အကြောင်း

ဝဏ္ဏဓါတ်မှာ စက္ခုပသာဒဆိုသော မျက်စိအကြည်၌ အဖြူ အနီ အနက် အညို အဝါအကြောင် အကြားအစရှိသော

အဆင်းထင်လာခြင်း လက္ခဏာရှိသည်ဟု မှတ်ထားခြင်းကို သညာသိဟု ခေါ်ပါသည်။

မေး။ ။ခန္ဓာပေါ်၌ ဖြူသလား မဲသလား ညိုသလား နီသလားဟုကြည့်ပါ၊ ဘာကို မြင်ပါသလဲ။

ဖြေ။ ။အဖြူကို မြင်ပါသည်။

မေး။ ။ဖြူသောအဆင်းသည် ဘယ်မှာထင်လာပါသလဲ။

ဖြေ။ ။မျက်စိအကြည်၌ ဖြူသောအဆင်းထင်လာပါသည်။

မေး။ ။မျက်စိအကြည်မှာ ထင်လာသော အဖြူကို ဘာ ခေါ်ပါသလဲ။

ဖြေ။ ။ဝဏ္ဏဓါတ်ဟု ခေါ်ပါသည်။

**မှတ်ချက်။** ။ဝဏ္ဏဓါတ်၏ လက္ခဏာဟု မှတ်ယူပါ၊ ကျန်သောအခြား အဆင်းအမျိုးမျိုးကိုလည်း ၎င်းနည်းအတိုင်း ဆင်ခြင်နှလုံးသွင်းပါလေ။

မေး။ ။၎င်းလက္ခဏာကို ဘာနှင့်သိပါသလဲ။

ဖြေ။ ။စက္ခုဝိညာဏ်စိတ်ဖြင့် သိပါသည်။

မေး။ ။ထင်လာသောအဖြူအဆင်းသည်အဘယ်ကြောင့် ဖြူသနည်း၊ စိတ်နှင့်ဉာဏ်နှင့် စဉ်းစားကြည့်ပါ။

ဖြေ။ ။ဖြူသောသဘောရှိ၍ ဖြူပါသည်။

မေး။ ။ဖြူသောသဘောမရှိလျှင် ဖြူနိုင်ပါမည်လား။

ဖြေ။ ။မဖြူနိုင်ပါ၊ ဖြူသောသဘောရှိမှ ဖြူနိုင်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ဖြူသောသဘောကို ဝဏ္ဏဓါတ်ဟုခေါ်ပါသည်။ ထင်လာသောအဖြူကို ဝဏ္ဏဓါတ်၏လက္ခဏာ ဟု ခေါ်ပါသည်။

မေး။ ။ရူပါရုံဟူသော အဖြူအဆင်း ဝဏ္ဏသည် မည်သူ၏ ဆွဲရာ တွယ်ရာ ကိစ္စအဖြစ်ကို ပြုလုပ်ပါသနည်း၊

ဖြေ။ ။စက္ခုဝိညာဏ်၏ ဆွဲရာ တွယ်ရာ ကိစ္စ အဖြစ်ကို ဆောင်ရွက်ပြုလုပ်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ရူပါရုံဟူသော အဖြူအဆင်း ဝဏ္ဏသည် စက္ခုဝိညာဏ်၏ ဆွဲရာ တွယ်ရာ အဖြစ်ကို ဆောင်ရွက် ပြုလုပ်သောကြောင့် စက္ခုဝိညာဏ လမ္ဗနဘာဝ ရသဟု ခေါ်ပါသည်။

မေး။ ။စက္ခုဝိညာဏ်စိတ်သည် မည်သူ့ကို ကျက်စားပါသနည်း။

ဖြေ။ ။ရူပါရုံဟူသော အဖြူအဆင်း ဝဏ္ဏဓါတ်ကို ကျက်စားပါသည်။

**မှတ်ချက်။** ။စက္ခုဝိညာဏ်စိတ်၏ ကျက်စားရာ အဖြစ်လျှင် ကြည့်ရှုသူတို့၏ ဉာဏ်အားရှေးရှုထင်စေတတ်သောကြောင့် တံဂေါစရ ဘာဝ ပစ္စုပဋ္ဌာန်ဟု ခေါ်ပါသည်။

မေး။ ။ရူပါရုံဟူသော အဖြူအဆင်း ဝဏ္ဏသည် မည်သည့်တရားနှင့် နီးကပ်နေပါသနည်း။

ဖြေ။ ။ရူပါရုံတည်းဟူသော အဖြူဝဏ္ဏ၏ တည်ရာမဟာဘုတ်နှင့် နီးကပ်နေပါသည်။

**မှတ်ချက်။** ။သို့အတွက် ရူပါရုံဟူသော အဖြူဝဏ္ဏ၏ တည်ရာမဟာဘုတ်လျှင် နီးစွာရှိသောကြောင့် တဒါဓါရ မဟာဘူတ ပဒဋ္ဌာန်ဟု ခေါ်ပါသည်။ ဤနည်းအတိုင်း အဆင်းဟူသရွေ့ကို စိတ်နှင့် ဉာဏ်ဖြင့် ပိုင်းခြားနှလုံးသွင်းပါလေ။

မေး။ ။ဖြူသော သဘောကို ဘာဖြင့် သိသလဲ။

ဖြေ။ ။ဖြူသော သဘောကို ပညာဖြင့် ထိုးထွင်း၍ သိပါသည်။

မှတ်ချက်။ ။သို့အတွက် ဓါတုကို သဘောဟုခေါ်သည်။ လက္ခဏာကို သဘော၏ အမှတ်အသားဟု ခေါ်ပါသည်။ ဤသို့ ဓါတ်နှင့် လက္ခဏာကို ခြားနား၍ သိနားလည်ပါ။

မေး။ ။ဖြူသော သဘောကို ဉာဏ်နှင့် ထိုးထွင်း၍ ဒိဋ္ဌိ သိမြင်ခဲ့လျှင် တဦးတယောက်သော သူက ဖြူသော သဘော မရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။

ဖြေ။ ။ဖြူသော သဘော မရှိဟု မယုံနိုင်ပါ။

မှတ်ချက်။ ။သို့အတွက် မရှိဟု မယုံနိုင်ခြင်းကြောင့် ဖြူသော သဘော အမှန်ရှိ၍၊ မရှိဟူသော အဘာဝပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ဖြူသောသဘောမှာ ပုံပန်းသဏ္ဍာန်ရှိပါသလား။

ဖြေ။ ။ဖြူသော သဘောမှာ ပုံပန်းသဏ္ဍာန် မရှိပါ။

မှတ်ချက်။ ။သို့အတွက် ပုံပန်းသဏ္ဍာန်ဟူသော သဏ္ဍာန ပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ဖြူသော သဘောဟု အမည်မပေးမီက နာမည် များ ရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် ဖြူသောသဘောမှာ နာမပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ပညတ် ၃-ပါးမှ ကင်းလွတ်၍ နေသောအခါ အထင်အရှား ဘာရှိ၍ နေပါသနည်း။

ဖြေ။ ။ဖြူသော သဘောသာလျှင် ထင်ရှားရှိပါသည်။

မှတ်ချက်။ ။သို့အတွက် သဘောသာလျှင် ထင်ရှားရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။ပညတ် ၃-ပါးတွင် ထင်ရှားရှိသော သဘောရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။ထင်ရှားသော သဘော မရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ၎င်းဖြူသော သဘောပရမတ်ကို ရုပ်ဟု ခေါ်ပါသည်။ ထိုရုပ်ကိုပင် သက္ကာယဟု ခေါ်ပါသည်။ ထိုသက္ကာယ အပေါ်၌ အသားက ဖြူသည် ပုဂ္ဂိုလ်က ဖြူသည် သတ္တဝါက ဖြူသည် ငါက ဖြူသည် သူတပါးက ဖြူသည် ယောက်ျားက ဖြူသည် မိမ္မက ဖြူသည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟုခေါ်သည်။

မေး။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။ဖြူသော သဘောက ဖြူသလား၊ အသားက ဖြူသလား၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါးက ဖြူသလား။

ဖြေ။ ။ဖြူသော သဘောကသာ ဖြူပါသည်။

**မှတ်ချက်။** ။သို့အတွက် ဖြူသော သဘောကသာ ဖြူသည်ဟု အမှန်သိခဲ့လျှင် မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်နေပါသည်။

**မေး။** ။ဖြူသဘောသည် အသက် ဟုတ်ပါသလား။

**ဖြေ။** ။ဖြူသော သဘောသည် အသက်မဟုတ်ပါ။

**မှတ်ချက်။** ။သို့အတွက် အသက်ဟု မှားစွဲမြင်ခြင်း ဇီဝ–အတ္တ အစွဲမှ ကင်းလွတ်နေပါသည်။

**မေး။** ။ဖြူသော သဘောမှာ အမှုန်အမွှား လုံးလုံးဝိုင်းဝိုင်း ပြားပြား လေးထောင့် အရှည် အတို အကောင်အထည် ရှိပါသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ဖြူသောသဘောကို အကောင်အထည်ဟု မှား၍ စွဲမြင်သော သရီရ–အတ္တစွဲမှ ကင်းလွတ်နေပါသည်။

**မေး။** ။အတ္တ အစွဲသုံးမျိုး ကင်းလွတ် နေသောအခါ အထင်အရှား ဘာပေါ်လွင်နေပါသလဲ။

**ဖြေ။** ။အနတ္တသာ ပေါ်လွင်နေပါသည်။

**မေး။** ။အနတ္တသည် အဘယ်ကြောင့် အထင်အရှား ပေါ်လွင် နေရပါသနည်း။

**ဖြေ။** ။အကယ်၍ ဖြူသော သဘောကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မဟု စွဲယူပါလျှင် ထုံးအိုးဖြူဖြူသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မ ဟုတ်ပါ

သလား။ ထုံးအိုးဖြူဖြူကို ငါသဲ သူဘဲ ယောကျ်ားဘဲ မိမ္မဘဲဟု စွဲဆို ထိုက်ပါသလား၊ စိတ်နှင့် ဉာဏ်နှင့် စဉ်းစားပါက မစွဲမဆို ထိုက်ပါ။ ပိတ်ဖြူကို ငါ သူ တပါး ယောကျ်ား မိမ္မဘဲ အသားဘဲ အရေပြားဘဲဟု စွဲဆိုခြင်း ငှာလည်း မသင့်လျော်ပါ။ ဖြူသော သဘောသာလျှင် ထင်ရှားဖြူ၍ ပေါ်လွှင်နေခြင်းကို ဉာဏ်မှာရှင်း၍ မြင်ခြင်း ဖြစ်ပါသောကြောင့် ဖြူသော သဘော အနတ္တ ပေါ်လွင် ထင်ရှားနေပါသည်။

မှတ်ချက်။ ။ဥပမာ၊ ရန်ကုန်မြို့ရှိ မြင်းများကို တောနယ်က မြေဇာ မြက်ခြောက် မြက်ခြောက်ဆွေး တို့ကို ရေဆွတ်ဖြန်းပြီးလျှင် မြင်းမျက်လုံးကို မျက်မှန်အစိမ်း တပ်လျက် ကျွေးလေရာ၊ ၎င်းမြင်းများသည် စိမ်းလမ်းသော မြက်ကို ကောင်းမွန်စွာ စားသောက်ရသည်ဟု အထင်မှတ်၍ အားပါးတရ ဝမ်းမြောက်ဝမ်းသာ စားသောက်ကြလေ၏။ မြင်းရှင်က ၎င်းမြက်ကို မစားလိုသောအခါ မျက်မှန်စိမ်းကို ဖြုတ်ထား၍ မြက်များကို စားခွက်ထဲ၌ပင် ထားသော်လည်း မြင်းများသည် ပကတိမျက်လုံးကောင်းဖြင့် အမှန်နဂိုရ် မြက်ခြောက် မြက်ဆွေးတို့ကို မြင်လေရာ ၎င်းမြက်များ၏ အနှစ်သာရ မရှိကြောင်း သေချာစွာ သိမြင်သဖြင့်၎င်းစားခွက်ထဲက မြက်ကို စားသောက်ခြင်းငှာ အားပါးတရ နှစ်နှစ်သက်သက် မရှိသကဲ့သို့ တူစွာ ဥပမာကို ဥပမေယျနှင့် ဟပ်၍ ပြသော် မြက်ခြောက် မြက်ဆွေးတို့သည် ဖြူသော အဆင်းဝဏ္ဏ ရုပ်ဓါတ်သဘောနှင့် တူ၏။ မျက်မှန်စိမ်း လှည့်ပတ်သည်နှင့် ဝိပလ္လာသ တရား ၃-ပါး လှည့်ပတ်

ခြင်း တူ၏။ မျက်မှန်စိမ်း ဖြုတ်ထားသည်နှင့် ဝိပလ္လာသတရား ၃-ပါး ပယ်ရှားပြီးလျှင် ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိမြင်သော သမ္မာဒိဋ္ဌိအမြင်နှင့် တူ၏။ မြင်းမြက်ကို အားပါးတရ မနှစ်သက်သည်နှင့် ဖြူသော သဘောသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မ မဟုတ်၊ အနှစ်သာရမှ ကင်းသော ဖြူသော သဘော၊ ဝဏ္ဏ ရုပ်ဓါတ်သဘောသာ အမှန်ဟုတ်သည်ဟု ထိုးထွင်း သိမြင်ပြီးလျှင် အလွန် နက်နဲခိုင်ခန့်လှသော သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ တရားတို့သည် ကင်းကွာ သန့်ရှင်းပြီးလျှင် အနတ္တဖြစ်သော ဖြူသော သဘော ဝဏ္ဏ ရုပ်ဓါတ်သာလျှင် မိမိ၏ ဉာဏ်မှာ ထင်ရှား ပေါ်လွင်နေခြင်း တူပါသည်။ သို့အတွက် အတ္တစွဲတို့မှ ကင်းလွတ်နေသောကြောင့် ဖြူသော သဘောကို အနတ္တဟု ခေါ်ပါသည်။

မေး။ ။ဖြူသော သဘော ဟုတ်၊ မဟုတ် နောင်တဖန် ယုံမှားခြင်း ဒွိဟ သံသယ ရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။နောက်နောက် ဘဝက ဖြစ်ခဲ့လေသမျှ ဖြူသော သဘော ဝဏ္ဏဓါတ်ကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မ အကောင် အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

မေး။ ။ယခု ထင်ရှား တွေ့ရှိသော ဖြူသော သဘော အကောင် အထည် မဟုတ် သကဲ့သို့ နောက်ဘဝမှာကော အကောင် အထည် ယောကျ်ား မိမ္မ ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ၊ ဖြူသော သဘော ဝဏ္ဏဓါတ်သာ အမှန်ဟုတ်ပါသည်။

**မှတ်ချက်။** သို့အတွက် နာမ ရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်တို့သည် ဖြစ်ပေါ် ပြည့်စုံ၍ ဝိစိကိစ္ဆာတရားတို့မှ ကင်းလွတ်ရလေ၏။

မေး။ ။ဤကဲ့သို့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မည်သည့် ပုဂ္ဂိုလ်များ ပယ်ပါသနည်း။

ဖြေ။ ။တဒင်္ဂ, ဝိက္ခမ္ဘနဖြင့် ပယ်ခြင်းသည် ကလျာဏ ပုထုဇ္ဇန် သေက္ခပုဂ္ဂိုလ် စူဠသောတာပန် ပုဂ္ဂိုလ်တို့ ပယ်ပါသည်။

**မှတ်ချက်။** ။မဟာသောတာပန်သည် သစ္စာ ၄–ပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စနှင့် အကြွင်းအကျန် မရှိ ပယ်သတ်ခြင်းကို မဟာသောတာပန် ပုဂ္ဂိုလ်ဟု ခေါ် ပါသည်။

မေး။ ။ဤကဲ့သို့ သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်း တိုင်း ဣရိယာပုထ်တိုင်း ဣရိယာပုထ်တိုင်း ဖြူသောသဘော ရုပ်ဓါတ်ကို အနတ္တတရားသာ အမှန်ဟုတ်သည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မ မဟုတ်ဟု အဖန်တလဲလဲ အား ထုတ် ပွားများနေလျှင် အဘယ်သိက္ခာများနှင့် ပြည့်စုံ၍ အဘယ် အကျိုး ခံစားရပါသနည်း။

ဖြေ။ ။ဤကဲ့သို့ ပွားများ အားထုတ် တွေးတော ဆင်ခြင်၍ အောက်မေ့ ရှုကြည့်နေသည်ကိုပင် ဝိပဿနာ ဘာဝနာ စီးဖြန်းပွားများနေသည်ဟူ၍ ခေါ်ပါသည်။ ထိုသို့ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နေခိုက်၊ ရှင်း ရှပ်ဖြစ်သော ဖြူသော သဘောပရမတ်တရားထဲတွင် စိတ်ရောက်၍ တည်နေ၏။ ထိုကဲ့သို့ စိတ်ရောက်၍ တည်နေသည်ကို သမာဓိ သိက္ခာနှင့် ပြည့်စုံသည်ဟု ခေါ်ပါသည်။ သမာဓိ ဖြစ်သောအခါ ကာယကံမှု ဝစီကံမှု စင်ကြယ်နေသည်ကို သီလ သိက္ခာနှင့် ပြည့်စုံသည်ဟု ခေါ်ပါသည်။ အကောင် သတ္တဝါ ငါ သူ တပါး ယောကျ်ား မိမ္မ အသက် အထည် သဏ္ဌာန် မရှိကြောင်း အမှန် အနှံ့အပြားအားဖြင့် ထိုးထွင်း၍ သိမှုကို ပညာသိက္ခာဟု ခေါ်ပါသည်။ ထိုခဏ၌ ကိလေသာမှ လွတ်နေသည်ကို တဒင်္ဂဝိမုတ်ခေါ်ပါသည်။ဤကဲ့သို့ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတရားပွားများ အားထုတ်တိုင်း အားထုတ်တိုင်း သီလသိက္ခာ၊သမ္မာဓိသိက္ခာ၊ပညာသိက္ခာသုံးပါးနှင့် ပြည့်စုံ၍ နေလေသောကြောင့် မဟာသောတာပန်ကြီး မဖြစ်မီ စုတေသော် အပါယ် ၄-ပါးသို့ မလား မရောက်ခြင်း အကျိုးကျေးဇူးသည် နိဗ္ဗာန်မင်္ဂဖိုလ်သို့ ရသည့်ဘဝတိုင်အောင် ခံစားရခြင်း ဖြစ်ပါသည်။

**မေး**။ ။ကျမ်းကိုး၍ ပြပါ။

ဖြေ။ ။ပုထုဇ္ဇန ကလျာဏေန သဒ္ဓိံ သတ္တအရိယာ၊
တိသော သိက္ခာ သိက္ခန္တိတိ သေက္ခာ။

မြန်မာပြန် အနက် ကား။ ။ပုထုဇ္ဇန ကလျာဏေန၊ ပုထုဇ္ဇန် သံဃာနှင့်။ သဒ္ဓိံ၊ တကွ။ သတ္တအရိယာ၊ ခုနစ်ယောက်

သော အရိယာပုဂ္ဂိုလ်သည်။ တိသော၊ သုံးပါးကုန်သော။ သိက္ခာ၊ အဓိသီလသိက္ခာ၊ အဓိစိတ္တ၊ သိက္ခာ အဓိပညာသိက္ခာတို့ကို၊ သိက္ခန္တိ၊ ကျင့်ဆဲ သင်ဆဲ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေပုဂ္ဂလာ၊ ထိုပုထုဇ္ဇန်နှင့် တကွ ခုနစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့သည်။ သေက္ခာ၊ သေက္ခာမည်ကုန်၏ဟူ၍ ပါရာဇိကဏ် ဝိနည်းအဋ္ဌကထာ မုချတ္တဝစနာဖြင့် မိန့်ဆိုလေပြီ။ ။၎င်းပါဠိတော်နှင့် အနက်ကို လယ်တီဆရာတော်ဘုရား စီရင်ရေးသားအပ်သော ငါးဌာန ဓမ္မ ဆကဏ္ဍ ပုစ္ဆာ ဝိသဇ္ဇနာ ကျမ်း ပဋိစ္စသမုပ္ပါဒ် အကျဉ်း ၃-စောင်တွဲ ကျမ်း စာမျက်နှာ နံပါတ် ၆၇-မှ မူအတိုင်း ကူးယူ ထည့်သွင်းပါသည်။

## အပတိဋ္ဌေ အနာလမ္ဗေ ကော၊ ဂမ္ဘီရေ နသီဒတိ။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အပတိဋ္ဌေ၊ တကဲ့သေရေး သေရာသို့ရောက်လျှင် တကယ် ထောက်ရာ တည်ရာ မှီခိုရာလည်း မရှိထသော၊ အနာလမ္ဗေ၊ တကဲ့ရေလဲ တကဲ့ဝဲကြီးနှင့် တူပေသည့်၊ တကဲ့သေပွဲကြီးဝယ် တကယ်ဆွဲရာ ကိုင်ရာ မှီခိုရာလည်း မရှိထသော။ ဂမ္ဘီရေ၊ အထက်ဘဝဂ်မှ အောက်အဝီစိသို့ ကျအောင် နက်ချင်သမျှ နက်လှစွာသော သံသရာ သမုဒ္ဒရာကြီးထဲ၌၊ ကော၊ အဘယ်မည်သူ နတ်နှင့် လူသည်။ နသီဒတိ၊ မနစ်မမြုပ် နိုင်ပါသနည်း အရှင်ဘုရား။

အပုတိဌေ အနာလမ္ဗေ၊ သေခေါ ဂမ္ဘီရေ နသီဒတိ။

ဒေဝ ပုတ္တ၊ တကယ့်တရား တကယ့်စကားကိုမေးလျှောက်လာသည်၊ အို-ဒါယကာ နတ်သား။ အပတိဋ္ဌေ၊ တကဲ့သေရေးသေရာသို့ ရောက်လျှင် တကယ့်ထောက်ရာ တည်ရာ မှီခိုရာလည်း မရှိထသော။ အနာလမ္ဗေ၊ တကယ့် ရေလဲ တကယ့်ဝဲကြီးနှင့် တူပေသည့် တကယ့် သေပွဲကြီးဝယ် တကယ် ဆွဲရာကိုင်ရာ မှီခိုရာလည်း မရှိထသော။ ဂမ္ဘီရေ၊ အထက် ဘဝဂ်မှအောက် အဝီစိသို့ ကျအောင် နက်ချင်သမျှ နက်လှစွာသော သံသရာ သမုဒ္ဒရာကြီးထဲ၌။ သေခေါ၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်သည်။ နသီဒတိ၊ ဗူးတောင်းကြီးနှင့် သံပေါကြီးတွေ ရေမှာပစ်သကဲ့သို့ ဘယ်တော့မှ မနစ်မမြုပ်နိုင်လေပြီဟု ဟောတော်မူပါသည်။

## အခန်း ၆-ဂန္ဓဓါတ်အကြောင်း

ဂန္ဓဓါတ်မှာ ဃာနပသာဒဆိုသော နှာခေါင်း အကြည်ဓါတ်၌ အညှီ အပုပ် အမွှေးအကြိုင် အစရှိသော အနံ့တို့ကို ထိခိုက်ခြင်း လက္ခဏာရှိသည်ဟု မှတ်ထားခြင်းကို သညာသိဟု ခေါ်ပါသည်။

မေး။ ။ခန္ဓာပေါ်၌ ညှီသလား၊ ပုပ်သလား၊ မွှေးသလားဟု နမ်းကြည့်ပါ၊ ဘာအနံ့ ထိခိုက်ပါသလဲ။

ဖြေ။ ။အညှီနံ့ ထိခိုက်ပါသည်။

မေး။ ။အညှိနံ့သည် ဘယ်မှာထိခိုက်ပါသလဲ။

ဖြေ။ ။နှာခေါင်းအကြည်၌ အညှိနံ့ ထိခိုက်ပါသည်။

မေး။ ။နှာခေါင်းမှာ ထိခိုက်သော အညှိနံ့ကို ဘာခေါ်ပါသလဲ။

ဖြေ။ ။ဂန္ဓာရုံဟု ခေါ်ပါသည်။

မှတ်ချက်။ ။ထိခိုက်သော အညှိကို ဂန္ဓာရုံ၏ လက္ခဏာဟု မှတ်ယူပါ။ ကျန်သော အနံ့ အမျိုးမျိုးတို့ကိုလည်း၊ ၎င်းနည်းအတိုင်း ဆင်ခြင် နှလုံးသွင်းပါ။

မေး။ ။၎င်းလက္ခဏာကို ဘာနှင့် သိပါသလဲ။

ဖြေ။ ။ဃာန ဝိညာဏ်စိတ်ဖြင့် သိပါသည်။

မေး။ ။ထိခိုက်သော အညှိသည် အဘယ်ကြောင့် ညှိပါသနည်း။

ဖြေ။ ။ညှိသောသဘောရှိ၍ ညှိပါသည်။

မေး။ ။ညှိသောသဘောမရှိလျှင် ညှိနိုင်ပါမည်လား။

ဖြေ။ ။မညှိနိုင်ပါ၊ ညှိသောသဘောရှိမှ ညှိနိုင်ပါသည်။

မှတ်ချက်။ ။သို့အတွက် ညှိသောသဘောကို ဂန္ဓာရုံဟု ခေါ်ပါသည်။ ထိခိုက်သောသဘော ညှိအနံ့ကို ဂန္ဓာရုံ၏လက္ခဏာဟု ခေါ်ပါသည်။

မေး။ ။ဂန္ဓာရုံဟူသော အညှိနံ့သည် မည်သူ၏ ဆွဲရာ တွယ်ရာ ကိစ္စအဖြစ်ကို ပြုလုပ်ပါသနည်း။

ဖြေ။ ။ဃာန ဝိညာဏ်၏ ဆွဲရာ တွယ်ရာ ကိစ္စအဖြစ်ကို ဆောင်ရွက်ပြုလုပ်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ဂန္ဓာရုံဟူသော အညှီအနံ့သည် ဃာနဝိညာဏ်၏ ဆွဲရာ တွယ်ရာကိစ္စအဖြစ်ကို ဆောင်ရွက်ပြုလုပ်တတ်သောကြောင့် ဃာနဝိညာဏာ လမ္ဗနဘာဝ ရသဟု ခေါ်ပါသည်။

မေး။ ။ဃာန ဝိညာဏ်စိတ်သည် မည်သူကို **ကျက်စားပါသနည်း။**

ဖြေ။ ။ဂန္ဓာရုံဟူသော အညှီနံ့ကို ကျက်စားပါသည်။

**မှတ်ချက်။** ။သို့အတွက် ဃာနဝိညာဏ်စိတ်၏ ကျက်စားရာအဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်စေသောကြောင့် တံဂေါစရ ဘာဝပစ္စုပဋ္ဌာန်ဟု ခေါ်ပါသည်။

မေး။ ။ဂန္ဓာရုံဟူသော အညှီနံ့သည် မည်သည့်တရားနှင့် နီးကပ်နေပါသနည်း။

ဖြေ။ ။ဂန္ဓာရုံတည်းဟူသော အညှီနံ့၏တည်ရာ မဟာဘုတ်နှင့် နီးကပ်နေပါသည်။

**မှတ်ချက်။** ။သို့အတွက် ဂန္ဓာရုံဟူသော အညှီနံ့၏တည်ရာ မဟာဘုတ်လျှင် နီးစွာရှိသောကြောင့် တဒါဓါရ မဟာဘူတပဒဋ္ဌာန်ဟု ခေါ်ပါသည်။ ဤနည်းအတိုင်း အနံ့ဟူသရွေ့ကို ဉာဏ်ဖြင့် ပိုင်းခြားဆင်ခြင် နှလုံးသွင်းပါလေ။

မေး။ ။ညှီသောသဘောကို ဘာနှင့်သိပါသလဲ။ (စိတ်နှင့် ဉာဏ်နှင့်စဉ်းစားပါ)။

ဖြေ။ ။ညှီသောသဘောကိုပညာဖြင့် ထိုးထွင်း၍ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် ဓါတုကို သဘောဟု ခေါ်ပါ သည်။ လက္ခဏာကို သဘော၏အမှတ်အသားဟု ခေါ်ပါသည်။ ဤသို့ဓါတ်နှင့် လက္ခဏာကို ခြားနား၍ သိနားလည်ပါ။

**မေး။** ။ညှိသောသဘောကို ဉာဏ်နှင့်ထိုးထွင်း၍ ဒိဋ္ဌသိမြင် ခဲ့လျှင် တဦးတဲယောက်သောသူက ညှိသောသဘောမရှိဟု ဆို ခဲ့သော် ယုံနိုင်ပါမည်လား။

**ဖြေ။** ။ညှိသောသဘောမရှိဟု မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက်မရှိဟု မယုံနိုင်ခြင်းကြောင့် ညှိ သောသဘောအမှန်ရှိ၍ မရှိဟူသော အဘာဝပညတ်မှ လွတ် နေသည်။

**မေး။** ။ညှိသောသဘောမှာ ပုံပန်းသဏ္ဍာန်ရှိပါသလား။

**ဖြေ။** ။ညှိသောသဘောမှာ ပုံပန်းသဏ္ဍာန် မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ပုံပန်းသဏ္ဍာန်ဟူသော သဏ္ဍာန ပညတ်မှ ကင်းလွတ်နေသည်။

**မေး။** ။ညှိသောသဘောဟု အမည်မပေးမီက နာမည်ရှိ ပါသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ညှိသောသဘောမှာ နာမပညတ်မှ ကင်းလွတ်နေပါသည်။

**မေး။** ။ပညတ် ၃–ပါးမှ ကင်းလွတ်၍ နေသောအခါ အထင်အရှား ဘာရှိ၍ နေပါသလဲ။

**ဖြေ။** ။ညှိသောသဘောသာ ထင်ရှားရှိပါသည်။

**မှတ်ချက်။** ။သို့အတွက်သဘောသာလျှင် ထင်ရှားရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။ပညတ် ၃–ပါးတွင် ထင်ရှားရှိသောသဘောရှိပါသလား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ၎င်းညှီသောသဘော ပရမတ်ကို ရုပ်ဟုခေါ်ပါသည်။ ထိုရုပ်ကိုပင် သက္ကာယဟု ခေါ်ပါသည်။ထိုသက္ကာယအပေါ်၌ အသားညှီသည် ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိမ္မက ညှီသည်ဟု မှားရှုစွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။ညှီသောသဘောက ညှီသလား၊ အသားက ညှီသလား၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါးက ညှီသလား။

ဖြေ။ ။ညှီသောသဘောက ညှီပါသည်။

**မှတ်ချက်။** ။သို့အတွက် ညှီသောသဘောကသာ ညှီသည်ဟု အမှန်ကို သိခဲ့လျှင် မှားရှုစွဲယူသော သတ္တ အတ္တ **အစွဲမှကင်းလွတ်နေသည်။**

မေး။ ။**ညှီသောသဘောကိုအသက်ဟုခေါ်မည်လား။**

**ဖြေ။** ။မခေါ်ပါ။

**မှတ်ချက်။** ။သို့အတွက် အသက်ဟုခေါ်သော ဇီဝအတ္တ **အစွဲမှ ကင်းလွတ်နေပါသည်။**

မေး။ ။ညှိသောသဘောကို အမှန်အမှား လုံးလုံး ဝိုင်း ဝိုင်း အကောင်အထည်ဟု ခေါ်နိုင်ပါသလား။

ဖြေ။ ။မခေါ်နိုင်ပါ။

မှတ်ချက်။ ။သို့အတွက် ညှိသောသဘောကို အကောင် အထည်ဟု ခေါ်သော သရိရအတ္တအစွဲမှ ကင်းလွတ်နေပါသည်။

မေး။ ။အတ္တအစွဲ ၃-မျိုး ကင်းလွတ်နေသော အခါ အထင်အရှား ဘာပေါ်လွင်နေပါသလဲ။

ဖြေ။ ။အနတ္တသာ ပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်ကြောင့် အထင်အရှား ပေါ်လွင်နေရပါသလဲ။

ဖြေ။ ။၎င်းညှိသောသဘောကို၊ငါ သူတပါးယောကျ်ား မိန်းမ အတ္တ ဇီဝဟု စွဲဆိုခြင်းငှါ အလျှင်း မထိုက်ပါ။ အဘယ် ကြောင့်ဆိုသော် ငါးများက ညှိသော အညှိသဘော၊ ရေပုပ် ရေစပ် ညှိသောအညှိသဘောတွေကို ငါဘဲ့ သူဘဲ့ ယောကျ်ား မိန်းမဘဲ့ အတ္တဘဲ့ ဇီဝဘဲဟု စွဲဆိုခြင်းငှါ မထိုက်သကဲ့သို့ ဤ ညှီသော သဘောကြိယာမျှသာလျှင်၊ ဃာနပသာဒဆိုသော နှာခေါင်းအကြည်၌ ရှေးရှုထိခိုက်ခြင်း လက္ခဏာမျှသာ ထင် ရှား ပေါ်လွင်နေပါသောကြောင့် ၎င်းညှိသော သဘော သဘာဝဓမ္မသာလျှင် အမှန်ဖြစ်ပါသဖြင့် အနတ္တပေါ်လွင် ထင် ရှားနေပါသည်။ ထင်ရှားစေဦးအံ့။ ။လူတယောက်သည် ဈေး၌ ငါးဝယ်ရန် ငါးတန်းသို့ သွားရောက်သောအခါ၊ ၎င်း ငါးတန်းသို့ရောက်သည်နှင့်တပြိုင်နက် ၎င်း ငါးတန်းက ငါး၏

အညှီနံ့သည် ဃာနဝိညာဏ်၏ ဆွဲရာ တွယ်ရာကိစ္စ အဖြစ်ကို အကြောင်းခံတတ်သော အကြောင်းခံတို့ကြောင့် ရှေးရှုထိခိုက်သဖြင့် ဃာနဝိညာဏ် စိတ်အကျိုးတရားနှင့်တကွ အနံ့စု ဖြစ်သော ရုပ်ပရမတ် အညှီသဘောတရားအစုတို့သည် တဘွားဘွား ပေါ်၍ နေသည်။ ငါ, သူ, တပါး, ယောကျ်ား, မိန်းမ, အတ္တဇီဝ မဟုတ် အကြောင်းကြောင့် ဖြစ်ပေါ်သော အကျိုးတရားစုသဘော သက်သက်သာလျှင် ထင်ရှားပေါ်လွင်ခြင်း အမှန်ဖြစ်ပါ၍ အနတ္တ ပေါ်လွင် ထင်ရှားနေပါသည်။

**မှတ်ချက်။** ။သို့အတွက် အတ္တစွဲ ၃-မျိုးမှ ကင်းလွတ်နေသောကြောင့် ညှီသောသဘောကို အနတ္တဟု ခေါ်သည်။

မေး။ ။ညှီသော သဘော ဟုတ်- မဟုတ်၊ နောင်ဘဖန် ယုံမှားခြင်း ဒွိဟ သံသယ ရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာမှ ကင်းလွတ်ရလေသည်။

မေး။ ။နောက်နောက်ဘဝက ဖြစ်ခဲ့လေသမျှ ညှီသော သဘော၊ ဂန္ဓာရုံအနံ့စုသဘောတွေကောပုဂ္ဂိုလ်သတ္တဝါ ငါ သူ တပါး ယောကျ်ား မိန်းမ အကောင် အထည်ဟု ဝါ ယုံမှား သံသယ ဒွိဟ ရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။ယခုထင်ရှားရှိသော ညှီသောသဘောအကောင် အထည် မဟုတ်သကဲ့သို့ နောက်နောက်ဘဝဖြစ်သော အကောင်

အထည် ယောကျ်ား မိန်းမဟု ယုံမှားသံသယ ဒွိဟ ရှိဦးမည်သလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌ ဖြစ်ပြီးဘဝ ဖြစ်လတံ့ဘဝ ဖြစ်ဆဲဘဝတို့၌ ဝိစိကိစ္ဆာကင်းလွတ်ရလေ၏။ ဤကဲ့သို့ အကြောင်းနှင့် တကွ ပိုင်းခြားသိမ်းဆည်း၍ ညှိသော ဂန္ဓဓါတ် ရုပ်သဘောကို သိမြင်ခြင်းသည် နာမ ရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်တို့ဖြင့် သိမြင်ခြင်းကြောင့် အလုံးစုံသောဝိစိကိစ္ဆာတရားတို့မှ ရှင်းရှင်းကြီး ကင်းလွတ်ခြင်းသို့ ရောက်ရလေတော့၏။

မေး။ ။ဤကဲ့သို့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မည်သည့်ပုဂ္ဂိုလ်များ ပယ်ပါသနည်း။

ဖြေ။ ။တဒင်္ဂ, ဝိက္ခမ္ဘနဖြင့် ပယ်ခြင်းသည် ကလျာဏပုထုဇ္ဇန် သေက္ခပုဂ္ဂိုလ် စူဠသောတာပန်ပုဂ္ဂိုလ်တို့ ပယ်ပါသည်။

**မှတ်ချက်။** ။မဟာသောတာပန်သည် သစ္စာ ၄-ပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် လောကုတ္တရာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စဖြင့် အကြွင်းအကျန်မရှိ ပယ်သတ်ခြင်းကို မဟာသောတာပန်ဟု ခေါ်ပါသည်။

မေး။ ။စူဠသောတာပန်ဖြစ်လျှင် အဘယ်အကျိုးရရှိပါသနည်း။

ဖြေ။ ။ယခုဘဝက စုတေ့သော် နတ်ပြည်သို့ ရောက်၍ မဂ်တရား ဖိုလ်တရားရခြင်းအကျိုး အရိယာအစစ် ဖြစ်ရခြင်း အကျိုးရကို ရပါသည်။

**မှတ်ချက်။** ။နောက်က ပြဆိုခဲ့သောအခဏ်းကြီး ၁–က ၆–အထိ အဆုံးတွင် ပါဠိတော်ကြီးများနှင့် ထင်ရှားစွာ ပြဆိုခဲ့ပြီး။ နောက်က အခဏ်းများတွင် ကြည့်ရှုကြပါလေ။ရင်းပြင် လည်း မော်လမြိုင်မြို့ အပိုင် ကမာဝက်ရွာ ကျိုက်ကမော့ဘုရား လမ်း ကံသာတောရကျောင်း၌ နေခိုက်အခါ အရှင်ဦးဝါယမ ကိုယ်တော်ကြီး ရေးသားတော်မူသော ဝိပဿနာ လုပ်ငန်း ကဗျာကျမ်း စာမျက်နှာနံပါတ် ၃၅–အပိုဒ်နံပါတ် ၆၃–မှု အတိုင်း ထည့်သွင်းဖေါ်ပြလိုက်ပါအံ့။

နာမ်နှင့် ရုပ်ကား၊ ဉာဏ်အား ထင်မြင်၊ နာမ ရူပ အစ ဉာဏ်ပင်။ ပြီးဆုံးရောက်က၊ ပစ္စယဉာဏ်တွင်၊ ဤ ၂–ပါး၊ မှတ်သား စူဠပင်။ နတ်ပြည်ရောက်၊ ပြီးမြောက် အရိယာခွင်၊ ၆၄–ဤဉာဏ် ၂–ပါး၊ လက်ကိုင်ထားလျှင်၊ သတိမလွတ်၊လော ကီဝင့်တွင်။နေရသော်ငြား၊ သူများနှင့်ပင် မတူငြား– ထူးခြား နတ်ပြည်ခွင်၊ အရိယာပွဲ နွှဲရအမှန်ပင်။ ။ဟု ပါရှိပါသဖြင့် နောက်ဘဝမဂ်ဖိုလ်ကို ရ၍ မဟာသောတာပန်ဖြစ်ရခြင်းအကျိုး နှင့် ပြည့်စုံခြင်း မှန်ပါသည်။

## အခဏ်း ၇–ရသဓါတ်၏ အကြောင်း

**မှာထားချက်။** ။ရုပ်ဓါတ်တို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် သိမြင်ရန် တချက်၊ အသိ ၃–မျိုးတွင် သဘာဝ

လက္ခဏာကို ဆိုက်၍ ပညာသိဖြင့် သိမြင်ရန်တချက် ဤအချက်နှစ်ချက်သည် အလွန်တရာ အရေးကြီးသော မူလ–ဘူတအချက်ကြီးများ ဖြစ်ပါသောကြောင့် ထပ်မံ၍ တဖန်ဉာဏ်မှာ ရှင်း၍လင်းစေရန် ဖေါ်ပြလိုက်ပါဦးအံ့။ အားလုံးသော ရုပ်ဓါတ်ဟူသမျှကို အောက်ပါအတိုင်း နှလုံးသွင်း၍ ဆင်ခြင် ကြပါကုန်။

ရသာဓါတ်မှာ ချိုသည် ချဉ်သည် စပ်သည် ငန်သည် ခါးသည်အစရှိသည်တို့ မှတ်သားခြင်းကို သညာသိဟုခေါ်ပါသည်။ လျှာအကြည်၌ ထိခိုက်၍ သိခြင်းကို ဝိညာဏ်သိဟု ခေါ်ပါသည်။ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်နှင့် သိခြင်းပညာတိသုံးမျိုးခွါ၍ သဘာဝလက္ခဏာကို သိခြင်း၊ ၎င်း ၂–မျိုးသည်သာလျှင် ပညာသိဖြစ်၍ ပညာသိ မှန်ပါသည်။ သတိပြု၍ ကြည့်ရှုသုံးသပ် နှလုံးသွင်းကြပါကုန်။ ။ဥပမာ၊ ကလေးတယောက်သည် ရွှေနှင့်တူသော ဝါဝင်းသော ဝတ္ထု တစုံတခုကို ကောက်ယူ ရရှိသော်၊ ၎င်းဝတ္ထုကို ရွှေလော, ကြေးလော မည်သည့် ဝတ္ထုမျိုးဟု မဆုံးဖြတ်နိုင်သော ကလေးအသိနှင့် သညာသိတူ၏။ ၎င်းကလေးသည် မိခင်ဘခင်များကို ပြရာ မိခင်ဘခင်များက ရွှေအမှန်ဖြစ်သည်။ သို့သော် ဘယ်နှမူးရှိ၍၊ မည်မျှအဘိုးတန်သည်ကို မဖြတ်နိုင် မသိနိုင်သော မိခင် ဘခင်အသိနှင့် ဝိညာဏ်သိ တူသည်။ ၎င်းမိခင် ဘခင်များက ပန်းတိမ်ဆရာထံသွား၍ စုံစမ်းမေးမြန်း ပြသရာ ပန်းတိမ်ဆရာက မှတ်မှာတင်၍ ဘယ်နှမူးရည် ရှိသည်၊ မည်သည့်ဈေးဖြင့် ထိုက်တန်သည်ဟု ပန်းတိမ်ဆရာအသိနှင့် ပညာသိတူသည်။ ။သို့အတွက် ပန်းတိမ်

ဆရာ၏ မှတ်မှာ ဘယ်နှမူးရည် ရှိသည်ဟု အမှန်ကို ဆုံးဖြတ်နိုင်သော ပန်းတိမ်ဆရာ မှတ်နှင့်တူသော ပညာဉာဏ်ရှင် ပုဂ္ဂိုလ်မြတ်တို့သည် တရားကို နှလုံးသွင်း၍ ဆင်ခြင်သော အခါ၌လည်း၊ တရားစကားပြောဟော ဆွေးနွေးနာကြားသော အခါတို့၌လည်း၊ ဤတရား, ဤစကားသည် ပညာမြင်စခန်း၊ ဉာဏ်မြင်စခန်း ဟုတ်မဟုတ်။ ယထာဘူတကျ, မကျကို ပိုင်းခြားဝေဘန်၍ အမှန်ကို ဆုံးဖြတ်နိုင်လေတော့၏။ သို့ဖြစ်ပါ၍သောကြောင့်၊ ပန်းတိမ်ဆရာ မှတ်နှင့်တူသော ဉာဏ်ပညာကို များစွာအသုံးပြု၍၊ဆင်ခြင်နှလုံးသွင်းတော် မူကြပါ။ ဟုတ်တိုင်းမြင်သိ ပညာရှိ သူတော်ကောင်းတို့။

ရသာဝါတ်မှာ ချိုသည် ချဉ်သည် စပ်သည် ငန်သည် ခါးသည်ဟု မှတ်ထားခြင်းကို သညာသိဟု ခေါ်ပါသည်။

မေး။ ။ခန္ဓာပေါ်၌ ချိုသလား,ချဉ်သလား,စပ်သလား ခါးသလား, ငန်သလား၊ လျှာနှင့် တို့ကြည့်စမ်းပါ၊ ဘာ အရသာ တွေ့သလဲ။

ဖြေ။ ။အငန်ကို တွေ့ပါသည်။

မေး။ ။တွေ့သော အငန်သည် ဘယ်မှာ ထိခိုက်ပါသလဲ။

ဖြေ။ ။လျှာအကြည်၌ အငန် ထိခိုက်ပါသည်။

မေး။ ။လျှာအကြည်မှာ ထိခိုက်သော အငန်ကို ဘာ ခေါ်ပါသလဲ။

ဖြေ။ ။ရသာဝါတ်ဟု ခေါ်ပါသည်။

**မှတ်ချက်။** ။ရသာခါတ်သာလျှင် မမှတ်မခေါ်ရ။ ရသာဓါတ်၏ လက္ခဏာဟု လက္ခဏာပါ မှတ်ယူ နှလုံးသွင်းပါလေ။ အရသာ အမျိုးမျိုးဟူသမျှကိုလည်း ဤနည်းအတိုင်း ဆင်ခြင်နှလုံးသွင်းပါလေ။

မေး။ ။ဎင်းလက္ခဏာကို ဘာနှင့် သိပါသလဲ။

ဖြေ။ ။ဇိဝှါဝိညာဏ်နှင့် သိပါသည်။

မေး။ ။ဤကဲ့သို့– ဇိဝှါဝိညာဏ်ဖြင့် သိသော အသိကို ဘာသိ ခေါ်ပါသလဲ။

ဖြေ။ ။ဝိညာဏ်ဖြင့်သိသောကြောင့် ဝိညာဏ်သိဟု ခေါ်ပါသည်။

မေး။ ။ထိခိုက်သော အငန်သည် အဘယ်ကြောင့် ငန်ပါသနည်း။ (စိတ်နှင့် ဉာဏ်နှင့် စဉ်းစားပါ။)

ဖြေ။ ။ငန်သော သဘောရှိ၍ ငန်ပါသည်။

မေး။ ။ငန်သော သဘော မရှိလျှင် ငန်နိုင်ပါမည်လား။

ဖြေ။ ။မငန်နိုင်ပါ။ ငန်သော သဘောရှိမှ ငန်နိုင်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ငန်သောသဘောကို **ရသာဓါတ်**ဟု ခေါ်ပါသည်။ ထိခိုက်သော အငန်ကို **ရသာဓါတ်၏ လက္ခဏာ**ဟု ခေါ်ပါသည်။

မေး။ ။ရသာရုံဟူသော အငန်ရသာသည် မည်သူ၏ ဆွဲရာတွယ်ရာ ကိစ္စအဖြစ်ကို ပြုလုပ်ပါသလဲ။

**ဖြေ**။ ။ဇီဝှါဝိညာဏ်၏ ဆွဲရာ တွယ်ရာ ကိစ္စအဖြစ်ကို ဆောင်ရွက်ပြုလုပ်ပါသည်။

**မှတ်ချက်**။ ။သို့အတွက် ရသာရုံဟူသော အငန်အရသာသည် ဇီဝှါဝိညာဏ်၏ ဆွဲရာ တွယ်ရာ ကိစ္စအဖြစ်ကို ဆောင်ရွက်ပြုလုပ်သောကြောင့်၊ ဇီဝှါဝိညာဏလမ္ဗနဘာဝ ရသဟု ခေါ်ပါသည်။

**မေး**။ ထိုဇီဝှါဝိညာဏ်စိတ်သည် မည်သူကို ကျက်စားပါသလဲ။

**ဖြေ**။ ။ရသာရုံဟူသော အငန် အရသာ ကျက် စား ပါသည်။

**မှတ်ချက်**။ ။သို့အတွက် ဇီဝှါဝိညာဏ်စိတ်၏ ကျက်စားရာ အဖြစ်လျှင်၊ ကြည့်ရှုသူတို့၏ ဉာဏ်အား ရွှေ့ရှုထင်စေတတ်သောကြောင့် တံဂေါစရဘာဝ ပစ္စုပဋ္ဌာန်ဟု ခေါ်ပါသည်။

**မေး**။ ။ရသာရုံဟူသော အငန်အရသာသည် မည်သည့်တရားနှင့် နီးကပ်နေပါသနည်း။

**ဖြေ**။ ။ရသာရုံတည်းဟူသော အငန် အရသာ၏ တည်ရာ မဟာဘုတ်နှင့် နီးတပ်နေပါသည်။

**မှတ်ချက်**။ ။သို့အတွက်ရသာရုံဟူသော အငန်အရသာ၏ တည်ရာ မဟာဘုတ်လျှင် နီးစွာသောကြောင့် တဒါဓါရ မဟာဘူတ ပဒဋ္ဌာန်ဟု ခေါ်ပါသည်။ ဤနည်းအတိုင်း အရသာဟူသရွေ့ကို စိတ်နှင့် ဉာဏ်နှင့် ပိုင်းခြား ဆင်ခြင် နှလုံးသွင်းပါလေ။

**မေး။** ။ဤကဲ့သို့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နှင့် ငန်သော ရသာ သဘောကို သိလျှင်၊ ဘာနှင့် **သိသော** **အသိ**ဖြစ်ပါသလဲ။

**ဖြေ။** ။ငန်သော သဘောကို ပညာနှင့် ထိုးထွင်း၍ **သိ** **သော** အသိဖြစ်ပါသည်။

**မှတ်ချက်။** ။**သို့အတွက်** ဓါတုကို သဘောဟု **ခေါ်ပါ** သည်။ လက္ခဏာကို **သဘော**၏ အမှတ်**အ**သားဟု **ခေါ်ပါ** သည်။ ဤသို့ ဓါတ်နှင့် လက္ခဏာကိုလည်း ခြားနား၍ **သိ,** နားလည်ရမည်။

**မေး။** ။ငန်သော သဘောကို ဉာဏ်နှင့် ထိုးထွင်း၍ **ဒိဋ္ဌ** သိမြင်ခဲ့လျှင် တဦးတယောက်သော သူက၊ ငန်သော**သဘော** မရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။

ဖြေ။ ။ငန်သော သဘော မရှိဟု မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက် မရှိဟု မယုံနိုင်ခြင်းကြောင့် ငန်သော သဘော အမှန်ရှိ၍၊ မရှိဟူသော အဘာဝပညတ်မှ ကင်းလွတ်နေပါသည်။

**မေး။** ။ငန်သောသဘောမှာ ပုံပန်းသဏ္ဌာန် ရှိပါသလား။

**ဖြေ။** ။ မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ပုံပန်းသဏ္ဌာန်ဟူသော သဏ္ဌာန ပညတ်မှ ကင်းလွတ်နေပါသည်။

**မေး။** ။ငန်သော သဘောဟု အမည်မပေးမီက နာမည် များ ရှိပါသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ငန်သောသဘောမှာ နာမပညတ်မှ ကင်းလွတ်နေပါသည်။

**မေး။** ။ပညတ် ၃-ပါးမှ ကင်းလွတ်၍ နေသောအခါ အထင်အရှား ဘာရှိ၍ နေပါသနည်း။

**ဖြေ။** ။ငန်သော သဘောသာ ထင်ရှားရှိပါသည်။

**မှတ်ချက်။** ။သို့အတွက် သဘောသာလျှင် ထင်ရှားရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

**မေး။** ။ပညတ် ၃-ပါးတွင် ထင်ရှားရှိသော သဘောရှိပါသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်။** ။ထင်ရှားသော သဘော မရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ၎င်းငန်သော သဘောပရမတ်ကို ရုပ်ဟု ခေါ်ပါသည်။ ထိုရုပ်ကိုပင် သက္ကာယဟု ခေါ်ပါသည်။ ထိုသက္ကာယ အပေါ်၌ အသားက ငန်သည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါးက ယောကျ်ား မိမ္မက ငန်သည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟုခေါ်သည်။

**မေး။** ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

**ဖြေ။** ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

**မေး။** ။ငန်သော သဘောက ငန်သလား၊ အသားက ငန်သလား၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မက ငန်သလား။

ဖြေ။ ။ငန်သော သဘောကသာ ငန်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ငန်သော သဘောကသာ ငန်သည်ဟု အမှန်သိခဲ့လျှင် မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်နေပါသည်။

မေး။ ။ငန်သော သဘောကို အသက်ဟု ခေါ်မည်လား။

ဖြေ။ ။မခေါ်ပါ။

**မှတ်ချက်။** ။သို့အတွက် အသက်ဟု မှားစွဲမြင်ခြင်း ဇီဝ–အတ္တ အစွဲမှ ကင်းလွတ်နေပါသည်။

မေး။ ။ငန်သော သဘောကို အမှုန်အမွှား လုံးလုံး ဝိုင်းဝိုင်း အကောင် အထည်ဟု ခေါ်နိုင်မည်လား။

ဖြေ။ ။မခေါ်နိုင်ပါ။

**မှတ်ချက်။** ။သို့အတွက် ငန်သောသဘောကို အကောင်အထည်ဟု ခေါ်သော သရီရ–အတ္တစွဲမှ ကင်းလွတ်၍ နေပါသည်။

မေး။ ။အတ္တ အစွဲသုံးမျိုး ကင်းလွတ် နေသောအခါ အထင်အရှား ဘာပေါ်လွင်နေပါသလဲ။

ဖြေ။ ။အနတ္တသာ ပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်ကြောင့် အထင်အရှား ပေါ်လွင် နေရပါသလဲ။

ဖြေ။ ။ဇီဝှါပသာဒတည်းဟူသော လျှာအကြည် အာပ ဟူသော လျှာ၏စိုစွပ်သော အစေးအချွဲ၊ ၎င်းတို့နှင့် တစုံတခု သော အာဟာရတို့ ထိခိုက်တွေ့ဆုံသောအကြောင်းတို့ကြောင့်၊

အကျိုးတရားဖြစ်သော ရသာ ရုပ်ဓါတ်သဘောတွေ အနှံ့အပြား တဘွားဘွားဖြစ်ပေါ်လာခြင်းသည် ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုး ယောကျ်ား မိမ္မ အတ္တဇီဝမျိုး မဟုတ်၊ အကြောင်းတရားတို့၏ ပေါင်းဆုံ ညီညွတ်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားသက်သက်သာလျှင် ဖြစ်ပါသောကြောင့်၊ အတ္တမဟုတ်သော ရသာရုံ ရုပ်ဓါတ်သဘော အနတ္တသာလျှင် အမှန်ဖြစ်ပါ၍၊ ၎င်းအနတ္တတရား ထင်ထင်ရှားရှား ပေါ်လွင်နေပါတော့သည်။

မှတ်ချက်။ ။သို့အတွက် အတ္တအစွဲ ၃–မျိုးမှ ကင်းလွတ်နေသောကြောင့် ၎င်းသော သဘောကို အနတ္တဟု ခေါ်ပါသည်။

မေး။ ။၎င်းသော သဘောဟုတ်၊ မဟုတ် နောင်တဖန် ယုံမှားခြင်း ဒွိဟ သံသယ ရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။နောက်နောက် ဘဝက ဖြစ်ခဲ့သမျှ ၎င်းသော သဘော ရသာရုပ်ဓါတ်ကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မ အကောင် အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။ ၎င်းသော အရသာ ဓါတ်သဘောတွေသာ ဟုတ်ပါသည်။

မေး။ ။ယခု ထင်ရှား တွေ့ရှိသော ၎င်းသော သဘော ရုပ်ဓါတ်သည် အကောင် အထည် မဟုတ် သကဲ့သို့ နောက်ဘဝမှာကော အကောင် အထည် ယောကျ်ား မိမ္မ ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ၊ ငန်သော သဘော အရသာဓါတ်သာ ကေန်အမှန် ဟုတ်ပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာမှ ကင်းလွတ်ရလေသည်။

**မေး။** ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မည်သည့် ပုဂ္ဂိုလ်ပယ်သနည်း။

**ဖြေ။** ။သောတာပန် ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်။** ။မဟာ သောတာပန်နှင့် စူဠသောတာပန် ပုဂ္ဂိုလ် ၂-မျိုးရှိရာ၊ သစ္စာ ၄-ပါးကို ထိုးထွင်း၍ နိဗ္ဗာန်ကို သိမြင်ပြီးလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စနှင့် အကြွင်းအကျန်မရှိ၊ ပယ်သတ်ခြင်းကို မဟာသောတာပန် ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

ရုပ်အကြောင်းကို ပိုင်းခြား၍ သိမြင်သော ရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်၊ ဤဉာဏ်များနှင့် ပြည့်စုံလျှင်၊ စူဠသောတာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင်၊ အပါယ်တံခါး ပိတ်တော့၏။(ပါဠိတော်ကြီးများနှင့် အနက်များပါ နောက်က အခဏ်း ၁-က စ၍ ၆-အထိ ပြန်ကြည့်ပါလေ)။

### အခဏ်း ၇။ သြဇာဓါတ်၏အကြောင်း

သြဇာဓါတ်မှာ တိုးပွားခြင်းလက္ခဏာရှိသည်ဟု မှတ်ထားခြင်းကို သညာသိဟု ခေါ်ပါသည်။

**မှတ်ချက်။** ။ဩဇာဓါတ်ဆိုသည်မှာ အစာအာဟာရတို့၏ ဆါတ်ဆီသဘောကို ခေါ်ပါသည်။

**မေး။** ။အစာအာဟာရစားသောက်ခြင်းမပြုရလျှင်၊ ရုပ်သည် ညှိုးနွမ်း၍ မနေဘူးလား။

**ဖြေ။** ။ညှိုးနွမ်းနေပါသည်။

**မေး။** ။ညှိုးနွမ်းသောရုပ်ကို အစာအာဟာရစားမျိုသောအခါ ဘယ်ကဲ့သို့ ဖြစ်ပါသလဲ။

**ဖြေ။** ။တိုးပွားသန့်စွမ်းလာပါသည်။

**မေး။** ။တိုးပွားခြင်းကို ဘာခေါ်ပါသလဲ။

**ဖြေ။** ။ဩဇာဓါတ်ဟု ခေါ်ပါသည်။

**မှတ်ချက်။** ။ဩဇာဓါတ်သာလျှင် မခေါ်ရ။ ရှေးဦးပဌမက လက္ခဏာဟု ပြောထားပါသည်။ သို့အတွက် တိုးပွားခြင်းကို ဩဇာဓါတ်ကို လက္ခဏာဟု မှတ်ယူရမည်။

**မေး။** ။ၒင်းလက္ခဏာကို ဘာနှင့်သိပါသလဲ။

**ဖြေ။** ။မနောဝိညာဏ်နှင့် သိပါသည်။

**မေး။** ။တိုးပွားခြင်းသည် အဘယ်ကြောင့် တိုးပွားနိုင်သနည်း။ စိတ်နှင့် ဉာဏ်နှင့် စဉ်းစားပါ။

**ဖြေ။** ။တိုးပွားတတ်သောသဘောရှိ၍ တိုးပွားပါသည်။

**မေး။** ။တိုးပွားစေတတ်သော သဘောမရှိလျှင် တိုးပွားနိုင်မည်လား။

**ဖြေ။** ။မတိုးပွားနိုင်ပါ။ တိုးပွားစေတတ်သော သဘောရှိမှ တိုးပွားနိုင်ပါသည်။

**မှတ်ချက်။** ။သို့အတွက် တိုးပွားစေတတ်သော သဘောကို ဩဇာဓါတ်ဟု ခေါ်ပါသည်။ တိုးပွားခြင်းကို ဩဇာဓါတ်၏လက္ခဏာဟု ခေါ်ပါသည်။

**မေး။** ။အာဟာရဟုခေါ်သော တိုးပွားခြင်းဩဇာသည် မည်သူကို ဆောင်ခြင်းကိစ္စ ပြုလုပ်ပါသနည်း။

**ဖြေ။** ။ဩဇာဋ္ဌကမ ရုပ်ကို တိုးပွားခြင်း ဩဇာဖြင့် ဆောင်ခြင်းကိစ္စ ပြုလုပ်ပါသည်။

**မှတ်ချက်။** ။သို့အတွက် အာဟာရဟုခေါ်သော တိုးပွားခြင်း ဩဇာသည် ဩဇာဋ္ဌကမရုပ်ကို ဆောင်ခြင်း ရူပါဟရဏရသဟု ခေါ်ပါသည်။

**မေး။** ။ထိုတိုးပွားခြင်းဩဇာသည် မည်သူ့ကို တိုးပွားခြင်းဖြင့် ထောက်ပံ့ပါသလဲ။

**ဖြေ။** ။ရုပ်ဟူသော ရူပကာယကို ထောက်ပံ့တိုးပွားခြင်းဖြင့် ဆောင်နေပါသည်။

**မှတ်ချက်။** ။သို့အတွက် ရုပ်ဟူသော ရူပကာယကို တိုးပွားထောက်ပံ့ခြင်းလျှင် ကြည့်ရှုသူတို့၏ ဉာဏ်အား ရှေးရှုထင်စေတတ်သောကြောင့် ကာယုပတ္ထမ္ဘနပစ္စုပဋ္ဌာန်ဟု ခေါ်ပါသည်။

**မေး။** ။အာဟာရဟု ခေါ်သော တိုးပွားခြင်း ဩဇာသည် မည်သည့်တရားနှင့် နီးကပ်နေပါသနည်း။

**ဖြေ။** ။စားမျိုအပ်သော ကဗဠီကာရ အာဟာရနှင့် နီးကပ်နေပါသည်။

**မှတ်ချက်။** ။အာဟာရဟု ခေါ်သော တိုးပွားခြင်းသြဇာသည် စားမျိုအပ်သော ကဗဠိကာရ အာဟာရလျှင် နီးစွာရှိသောကြောင့် အဇ္ဈောတရိတဗ္ဗပဒဌာန်ဟု ခေါ်ပါသည်။

**မေး။** ။တိုးပွားသောသဘောကို ဘာနှင့်သိပါသလဲ။

**ဖြေ။** ။တိုးပွားသော သဘောကို ပညာဖြင့် ထိုးထွင်း၍ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် ဓါတုကို သဘောဟု ခေါ်ပါသည်။ လက္ခဏာကို သဘော၏အမှတ်အသားဟု ခေါ်ပါသည်။ ဤသို့ဓါတ်နှင့် .လက္ခဏာကို ခြားနား၍ သိနားလည်ပါ။

**မေး။** ။တိုးပွားသော သဘောကို ဉာဏ်နှင့်ထိုးထွင်း၍ ဒိဋ္ဌသိမြင်ခဲ့လျှင် တဦးတယောက်သော သူက တိုးပွားသောသဘောမရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။

**ဖြေ။** ။တိုးပွားသော သဘောမရှိဟု မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက်မရှိဟု မယုံနိုင်ခြင်းကြောင့် တိုးပွားသောသဘောအမှန်ရှိ၍ မရှိဟူသော အဘာဝပညတ်မှ လွတ်နေသည်။

**မေး။** ။တိုးပွားသော သဘောမှာ ပုံပန်းသဏ္ဌာန် ရှိပါသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ပုံပန်းသဏ္ဌာန်ဟူသော သဏ္ဌာနပညတ်မှ ကင်းလွတ်နေသည်။

**မေး။** ။တိုး ပွား သော သဘောဟု အမည် မပေးမီကနာမည် ရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် တိုးပွားသောသဘောမှာ နာမပညတ်မှ ကင်းလွတ် နေပါသည်။

မေး။ ။ပညတ် ၃-ပါးမှ ကင်းလွတ်၍ နေသောအခါ အထင်အရှား ဘာရှိ၍ နေပါသလဲ။

ဖြေ။ ။တိုးပွားသော သဘောသာ ထင်ရှားရှိပါသည်။

မှတ်ချက်။ ။သို့အတွက်သဘောသာလျှင် ထင်ရှားရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။ပညတ် ၃-ပါးတွင် ထင်ရှားရှိသောသဘောရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ၎င်းတိုးပွားသောသဘောပရမတ်ကို ရုပ်ဟုခေါ်ပါသည်။ ထိုရုပ်ကိုပင် သက္ကာယဟု ခေါ်ပါသည်။ ထိုသက္ကာယအပေါ်၌ အသား တိုးပွားသည်၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မက တိုးပွားသည် စသည်ဟု မှား၍စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။တိုးပွား သော သ ဘော က တိုးပွား သလား၊ အသားက တိုးပွားသလား၊ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူတပါး ယောကျ်ား မိမ္မက တိုးပွားသလား။

**ဖြေ။** ။တိုးပွားသောသဘောက တိုးပွား ပါသည်။

**မှတ်ချက်။** ။သို့အတွက် တိုးပွားသော သဘောကသာ တိုးပွားသည်ဟု အမှန်ကို သိခဲ့လျှင် မှားရှိစွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်နေသည်။

မေး။ ။တိုးပွားသော သဘောကို အသက်ဟု ခေါ်မည်လား။

ဖြေ။ ။မခေါ်ပါ။

**မှတ်ချက်။** ။သို့အတွက် အသက်ဟုခေါ်သော ဇီဝအတ္တ အစွဲမှ ကင်းလွတ်နေပါသည်။

မေး။ ။တိုးပွားသော သဘောကို အမှုန်အမွှား လုံးလုံးဝိုင်းဝိုင်း အကောင်အထည် ရှိပါသလား၊ တွေ့ပါသလား။

ဖြေ။ ။မတွေ့ မရှိပါ။

မှတ်ချက်။ ။သို့အတွက် တိုးပွားသော သဘောကို အကောင် အထည်ဟု မှတ်ထင်သော သရီရ အတ္တ အစွဲမှ ကင်းလွတ် နေပါသည်။

မေး။ ။အတ္တအစွဲ ၃-မျိုး ကင်းလွတ်နေသော အခါ အထင်အရှား ဘာပေါ်လွင်နေပါသလဲ။

ဖြေ။ ။အနတ္တသာ ပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်ကြောင့် အထင်အရှား ပေါ်လွင်နေရပါသလဲ။

ဖြေ။ ။ဩဇာဓါတ်သည် ရုပ်တို့ကို တိုးပွားစေခြင်း၏ အကြောင်းခံတရား ဖြစ်ပါသဖြင့် အာဟာရကို မှီ၍သုံး

ဆောင်သော အကြောင်းကြောင့် ၎င်းအာဟာရမှ ရုပ်တို့ကို တိုးပွားစေတတ်သော ဓါတ်ဆိုးသြဇာတို့သည် အကျိုးဖြစ်သော ရုပ်တရားအစုကို တအိအိ တရွရွဖြင့် တဘွားဘွား ဖြစ်ပေါ်စေရန် အကြောင်းခံ၍ အကျိုးရုပ်တရားတို့၏ ဖြစ်ပေါ်လာခြင်း အကြောင်း အကျိုး မျှသာ ထင်ရှား ပါသောကြောင့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ့ အသက် ဇီဝ အကောင်အထည်ဟု မှတ်ထင်စွဲသော အတ္တကို လုံးဝ ရှာမတွေ့ မရှိပါသဖြင့် အနတ္တတည်းဟူသော အကြောင်းတရား အကျိုးတရားမျှသာ တွေ့ ရှိ ရ ပါ သော ကြောင့် အနတ္တသာ ထင်ထင် ရှားရှား ပေါ်လွင် နေပါသည်။

မှတ်ချက်။ ။သို့အတွက် အတ္တစွဲ ၃-မျိုးမှ ကင်းလွတ်နေသောကြောင့် သြဇာဓါတ်ဆီ သဘောကို အနတ္တဟု ခေါ်ပါသည်။

မေး။ ။သြဇာ သဘော ဟုတ်- မဟုတ်၊ နောင်ဘဖန် ယုံမှားခြင်း ဒွိဟ သံသယ ရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။နောက်နောက် ဘဝက ဖြစ်ခဲ့လေသမျှ သြဇာသဘော ရုပ်ဓါတ်ကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အကောင် အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။ သြဇာဓါတ်သဘောတွေသာ ဟုတ်ပါသည်။

မေး။ ။ယခုထင်ရှားရှိသော ဩဇာသဘောရုပ်ဓါတ်သည် အကောင် အထည် မဟုတ်သကဲ့သို့ နောက်ဘဝ ဖြစ်သော အကောင်အထည် ယောကျ်ား မိန်းမ ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။ ဩဇာဓါတ်သဘောတွေသာ ကေန် အမှန် ဟုတ်ပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာမှ ကင်းလွတ်ရလေသည်။

မေး။ ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မည်သည့် ပုဂ္ဂိုလ်ပယ် သနည်း။

ဖြေ။ ။သောတာပန် ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်။** ။မဟာသောတာပန်နှင့် စူဠသောတာပန် ပုဂ္ဂိုလ် ၂–မျိုးရှိရာ၊ သစ္စာ ၄–ပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စနှင့် အကြွင်း အကျန်မရှိ။ ပယ်သတ်ခြင်းကို မဟာသောတာပန် ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ ရုပ်အကြောင်းကို ပိုင်းခြား၍ သိမ်းဆည်း သိ မြင်သော ရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိ တရဏဝိသုဒ္ဓိဉာဏ်၊ ဤဉာဏ်များနှင့် ပြည့်စုံလျှင်၊ စူဠသောတာ ပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင်၊ အပါယ် တံခါး ပိတ်တော့၏။ အပါယ်တံခါး ပိတ်ကြောင်းကို ပါဠိ တော်ကြီးများနှင့် အနက်များပါ နောက်က အခဏ်း ၁–က စ၍ ၆–အထိ နောက်ဘွင် ပြန်ကြည့်ပါ။ အထက်က ကြံစည်

ရှာဖွေ အားထုတ်သိမှတ် နားလည် နှလုံးသွင်းခဲ့သော သဘော အားဖြင့် ထင်ရှားရှိသော ပရမတ်တရားတို့ကို ပွားများ အား ထုတ်ရခြင်း၌ မဂ္ဂင်ရှစ်ပါး ဝင်ပုံကို ဖေါ်ပြပေအံ့။

(၁)။ ။ပရမတ္ထသဘောတရားများကို သိရန် ဉာဏ်ဖြင့် ထိုးထွင်း၍ ကောင်းစွာ ရှာကြံရသောကြောင့် သမ္မာသင်္ကပ္ပ ဟု ခေါ်ပါသည်။

(၂)။ ။ကောင်းစွာ ရှာကြံသည့်အတိုင်း ပရမတ္ထသဘော တရားများကို ဉာဏ်ပညာဖြင့် ထိုးထွင်း၍ အမှန်ကိုကောင်းစွာ သိမြင်ခြင်းကြောင့် သမ္မာဒိဋ္ဌိဟု ခေါ်ပါသည်။

**မှတ်ချက်။** ။သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့ကို ခန္ဓာဖွဲ့သော် ပညက္ခန္ဓာဟု ခေါ်ပါသည်။

(၃)။ ။ပရမတ္ထတရားကို ရှာဖွေနေစဉ်၊ မုသာဝါဒါ ပိသုဏာဝါစာ, ဖရုသာဝါစာ, သမ္ဖပ္ပလာပဝါစာဟူသော ဝစီ ကံ ၄-ပါးတို့ကိုမကျူးလွန်ဘဲ ပရမတ္ထသဘောတရားတို့၌ ဉာဏ် ပညာဖြင့် ကောင်းစွာနှလုံးသွင်း၍ သိမ်းဆည်းနေရခြင်းကြောင့် သမ္မာဝါစာဟု ခေါ်ပါသည်။

(၄)။ ။ပရမတ္ထတရားတို့ကို ရှာဖွေနေစဉ်၊ ပါဏာတိပါ တာ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ ဟူသော ကာယကံ ၃-ပါးတို့ကို မကျူးလွန်ဘဲ ပရမတ္ထသဘောတရားတို့၌ ဉာဏ် ပညာဖြင့် ကောင်းစွာ နှလုံးသွင်း၍ သိမ်းဆည်း နေရခြင်း ကြောင့် သမ္မာကမ္မန္တဟု ခေါ်ပါသည်။

(၅)။ ။ပရတ္ထတရားတို့ကို ရှာဖွေနေစဉ်၊ ဝစီကံ ၄–ပါး ကာယကံ ၃–ပါး ပေါင်း ၇–ပါးတို့ကို ကျူးလွန်၍ အသက်မမွေးဘဲ ပရမတ္ထသဘောတရားတို့၌ ဉာဏ်ပညာဖြင့် ကောင်းစွာ နှလုံးသွင်း၍ သိမ်းဆည်း နေရခြင်းကြောင့် သမ္မာအာဇီဝဟု ခေါ်ပါသည်။

**မှတ်ချက်**။ ။သို့အတွက် သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝတို့ကို ခန္ဓာဖွဲ့သော် သီလက္ခန္ဓာဟု ခေါ်ပါသည်။

(၆)။ ။ပရမတ္ထတရားများကို မြင်နိုင်ရန် ကောင်းစွာ ကြိုးစား အားထုတ်ရခြင်းကြောင့် သမ္မာဝါယာမဟု ခေါ်ပါသည်။

(၇)။ ။သမ္မာဒိဋ္ဌိမြင်နိုင်ရန် ကောင်းစွာ မမေ့မလျော့ဆင်ခြင် နှလုံးသွင်းရခြင်းကြောင့် သမ္မာသတိဟု ခေါ်ပါသည်။

(၈)။ ။သမ္မာဒိဋ္ဌိ မြင်နိုင်ရန် စိတ်သည် အခြားတပါးသို့ မထွက်မသွားရဘဲ ကောင်းစွာ တည်ကြည် နေရခြင်းကြောင့် သမ္မာသမာဓိဟု ခေါ်ပါသည်။

**မှတ်ချက်**။ ။သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိတို့ကို ခန္ဓာဖွဲ့သော် သမာဓိက္ခန္ဓာဟု ခေါ်ပါသည်။ ဤကဲ့သို့ ပရမတ္ထတရားတို့ကို ဉာဏ်ပညာဖြင့် အာရုံပြုတိုင်း, အာရုံပြုတိုင်း လောကီမဂ္ဂင်ရှစ်ပါး ဖြစ်ပေါ်ကြောင်း သိကြပါလေ။

## ယုံမှားခြင်း ဒွိဟသံသယကို ဖြုတ်ခန်း

ပရမတ္ထရုပ်တရားတို့၌ ယုံမှားခြင်း ဒွိဟသံသယကို ကင်းရှင်း လွတ်ကွာစေရန်မှာ ပရမတ္ထသဘောဖြစ်သော ရုပ်တရား

တို့ကို ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မဟု ပြုလုပ်၍ ဖြစ်သည်။ အကျိုးတရားကိုလည်း ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မတို့က ခံစားသည်ဟု ထင်မှတ်စွဲယူခြင်းကို အတန်ငယ် ရှန့်ရင်းသော ဩဠာရိက အတ္တဒိဋ္ဌိဟု ခေါ်ပါသည်။ ရုပ်တရားသည် ရှေးစေတနာကံကြောင့် ဖြစ်သည်။ စေတနာကံသည် အကြောင်းတရား၊ ရုပ်တရားသည် အကျိုးတရားဟု မှန်စွာ သိမြင်ခြင်းကို ဟေတုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိဟု ခေါ်ပါသည်။

မှတ်ချက်။ ။ဩဠာရိက အတ္တဒိဋ္ဌိကို ဟေတုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိနှင့် သတ်ရလေသည်။ သို့အတွက် ပစ္စယပရိဂ္ဂဟ ဉာဏ်ဟု ခေါ်သည်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်သည်း ခေါ်ပါသည်။

## တိရဏပရိညာ စခန်း

ရုပ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားခြင်းဟူသော ဉာတပရိညာ စခန်းကို ဖေါ်ပြပြီး၍၊ လက္ခဏာရေး ၃–ပါး တည်းဟူသော တိရဏပရိညာစခန်းကို ဖေါ်ပြပေအံ့။ ရုပ်တရားတို့ကို မြဲသော– နိစ္စ၊ ချမ်းသာသော– သုခ၊ အလိုသို့ လိုက်သည်။ အစိုးရသည်ဟူသော- အတ္တ၊ တင့်တင့် တယ်တယ် ဘွယ်ဘွယ် ရာရာဟူသော သုဘဟု စွဲလမ်းခြင်းကို သိမ်မွေ့ လှသော သုခုမ အတ္တ ဒိဋ္ဌိဟု ခေါ်ပါသည်။ ရုပ်တရားတို့ကို မမြဲသော အနိစ္စ ဆင်းရဲသော ဒုက္ခ၊ အနှစ်သာရ မရှိ၊ အလိုသို့ မလိုက်၊ အစိုးမရ

ဟူသော အနတ္တ၊ မတင့်မတယ် မဘွယ်မရာဟူသော အသုဘတို့ ကို ကောင်းစွာ သိမြင်ခြင်းကို ဝိပဿနာဉာဏဒဿန သမ္မာ ဒိဋ္ဌိဟု ခေါ်ပါသည်။

သို့အတွက် သုခုမ အတ္တဒိဋ္ဌိကို ဝိပဿနာ ဉာဏဒဿန သမ္မာ ဒိဋ္ဌိနှင့် သတ်အပ်၏။ ထို့ကြောင့် တိရဏပရိညာစခန်းကို ဖေါ် ပြပေအံ့။

မေး။ ။အဋ္ဌကလာပ်ရုပ် ရှစ်ပါး၌ တေဇောဓါတ် မပါ ဘူးလား။

ဖြေ။ ။ပါပါသည်။

မေး။ ။တေဇောဓါတ်၏ သဘောသည် မည်ကဲ့သို့ ရှိပါ သနည်း။

ဖြေ။ ။ပူခြင်းသဘော ရှိပါသည်။

မေး။ ။ပူခြင်းသဘောရှိလျှင် မလောင်ပေဘူးလား။

ဖြေ။ ။လောင်ပါသည်။

မေး။ ။လောင်လျှင်၊ မည်သည့် အရာကို လောင်မည် နည်း။

ဖြေ။ ။ကျန်သော အတူအကွ သဟဇာတ် ဖြစ်သော ဓါတ် ၇-ပါးကို လောင်ပါသည်။

**မှတ်ချက်။** ။တေဇောဓါတ် လောင်ခြင်းသည် မီးတောက် ဥပမာနှင့် တူပါသည်။ ။ဥပမာကား= မီးသည် ရေနံဆီနှင့် မီးစာကိုသာ လောင်ပါသည်။ ၎င်းရေနံဆီနှင့် မီးစာကို လောင် သောအခါ မည်ကဲ့သို့ လောင်သည်ကို မီးတောက်၌ စူးစိုက်၍

ကြည့်ပါက မီးသည် တတောက်ပြီး တတောက် ရိပ်ရိပ် ရိပ်ရိပ် နှင့် တဖွားဖွား တရှရှ တဖျုတ်ဖျုတ် ဖြစ်ပေါ် လောင်ကျွမ်း နေသည်ကို မြင်ပါလိမ့်မည်။

**မေး။** ။ထိုနည်းတူစွာ ခန္ဓာထဲ၌ တေဇောဓါတ်သည် ဩဇာဓါတ်နှင့် ကြွင်းသော ၆–ပါးသော ရုပ်ဓါတ်တို့ကို မည် ကဲ့သို့ လောင်ပါသနည်း။ (စိတ်နှင့်ဉာဏ်နှင့် သေသေချာချာ စူးစူးစိုက်စိုက် နှလုံးသွင်း၍ စဉ်းစားကြည့်ပါ။)

**ဖြေ။** ။ရိပ်ရိပ် ရိပ်ရိပ်နှင့် တဖွားဖွား တရှရှ တဖျုတ် ဖျုတ် တခုပြီးတခု ဖြစ်ပေါ် လောင်ကျွမ်းလျက် နေသည်ကို ဉာဏ်ဖြင့် မြင်ပါသည်။

**မှတ်ချက်။** ။ဤသို့ ဉာဏ်နှင့် မြင်ရာ၌ ရှေးဦးစွာ ဖြစ်ခြင်း ကို ဇာတိဟု ခေါ်ပါသည်။ ဖြစ်ပေါ်ပြီးနောက် အားလျော့ ဆုတ်ယုတ်ခြင်းကို ဇရာဟုခေါ်ပါသည်။ ၎င်းနောက် အကြွင်း မရှိ ကုန်ပျောက် ပျက်စီးခြင်းကို မရဏဟု ခေါ်ပါသည်။

ဇာတိ ဇရာ မရဏတို့ကို ဖြစ်ခြင်းပျက်ခြင်းသဘောဟု ခေါ် ပါသည်။ ထို့ကြောင့် ရုပ်တရားရှိသမျှ ကာလပတ်လုံး အမြဲ ဖြစ်ပျက်၍နေလေ၏။ ဖြစ်ခြင်း ပျက်ခြင်း သဘောတို့ကို ဉာဏ် ပညာဖြင့် မြင်ခြင်းကြောင့် အနိစ္စဟု ခေါ်ပါသည်။ ဖြစ်ခြင်း ကိုသာ မြင်၍ ပျက်ခြင်းကို မမြင်ခဲ့လျှင် ရုပ်နာမ်အစဉ်ဆိုသည့် သန္တတိ ပညတ် ခံနေတတ်သည်။ သို့အတွက် သန္တတိ ပညတ် ကို ဉာဏ်ဖြင့် မှတ်လွှင့်၍ ပယ်ပစ်ရမည်။ ဖြစ်ခြင်းပျက်ခြင်းကို အဖန်တလဲလဲ ထပ်ခါထပ်ခါ ကြည့်ရှုသုံးသပ် ဆင်ခြင် နှလုံး

သွင်းမှသာ မမြဲသော အနိစ္စသဘောကို ထင်ထင် ရှားရှား ဉာဏ်နှင့် မြင်ပါလိမ့်မည်။ ဖြစ်ခြင်းပျက်ခြင်းကို မမြင်မချင်း ကြိုးစား၍ အားထုတ်ကြည့်ရှုပါလေ။ ထို့ကြောင့် မြတ်စွာ ဘုရားသည် ကုန်ခန်းတတ်သော သဘောကြောင့် ခယဋ္ဌေန အနိစ္စာဟု ဟောကြားတော် မူပေ၏။

**မေး**။ ။ခန္ဓာထဲ၌ ဖြစ်ခြင်းပျက်ခြင်းဟူသော မမြဲခြင်းကို ဉာဏ်ဖြင့် ဒိဋ္ဌမြင်ခဲ့လျှင် မည်ကဲ့သို့ ဖြစ်လာမည်နည်း။

ဖြေ။ ။ထိတ်လန့်ကြောက်မက်ဘွယ် ဖြစ်လာပါသည်။

**မှတ်ချက်**။ ။ခန္ဓာထဲ၌ ဖြစ်ခြင်းပျက်ခြင်းဟူသော အနိစ္စ သည် အမြဲနှိပ်စက်နေသည်ကို ဉာဏ်ဖြင့် ကြောက်မက်ဘွယ်ဟု မြင်လာသော် ဒုက္ခဟုခေါ်ပါသည်။ သို့အတွက်ကြောင့် မြတ် စွာ ဘုရားသည် ကြောက်မက်ဘွယ်ဘေးဟူသော အနက်ကြောင့် ဘယဋ္ဌေန ဒုက္ခာဟု ဟောကြားတော် မူပါသည်။

## ဒုက္ခနှင့် အနတ္တတရားကို ရှုနည်းပြခြင်း

မေး။ ။ဒုက္ခတရားကို အလိုရှိကြပါသလား။

ဖြေ။ ။ဒုက္ခတရားကို အလိုမရှိပါ။

မေး။ ။ဒုက္ခတရားကို အလိုမရှိလျှင် ဘာကို အလိုရှိပါ သလဲ။

ဖြေ။ ။သုခတရား ချမ်းသာခြင်းကိုသာ အလိုရှိပါသည်။

မေး။ ။အလိုရှိလျှင် ဒုက္ခတရားကို သုခဖြစ်အောင် ပြု သွပ်စမ်းပါ။ ရပါမည်လား။

ဖြေ။ ။မရနိုင်ပါ။
မေး။ ။ဘယ်အတွက်ကြောင့် မရနိုင်ပါသလဲ။
ဖြေ။ ။အစိုးမရသောကြောင့် မရပါ။
မေး။ ။ဘယ်အတွက် အစိုးမရပါသလဲ။
ဖြေ။ ။အလိုသို့ မလိုက်သောကြောင့် အစိုးမရပါ။
**မှတ်ချက်။** ။သို့အတွက် အနတ္တဟု ခေါ်ပါသည်။

## အနိစ္စနှင့် အနတ္တကို ရှုနည်းပြခြင်း

မေး။ ။ဖြစ်ခြင်း ပျက်ခြင်းကို မဖြစ်မပျက်ပါနှင့်ဟု ပြောဆို တားဆီးကြည့်စမ်းပါ။ ရပါရဲ့လား။
ဖြေ။ ။မရပါ။
မေး။ ။ဘယ်အတွက် မရပါသလဲ။
ဖြေ။ ။အစိုးမရသောကြောင့် မရပါ။
မေး။ ။ဘယ်အတွက် အစိုးမရပါသလဲ။
ဖြေ။ ။အလိုသို့ မလိုက်သောကြောင့် အစိုးမရပါ။
မေး။ ။ဖြစ်ခြင်း ပျက်ခြင်း သဘောတရားသည် အနှစ်သာရ ရှိပါသလား။
ဖြေ။ ။အနှစ်သာရ မရှိပါ။

**မှတ်ချက်။** ။သို့အတွက် အနှစ်သာရ မရှိခြင်းကြောင့် အသာရကဋ္ဌေန အနတ္တာဟု ခေါ်ပါသည်။ အစိုးမရသောကြောင့် အသာမိကဋ္ဌေန အနတ္တာဟု ခေါ်ပါသည်။ အလိုသို့ မလိုက်သောကြောင့် အဝသဝတ္တနဋ္ဌေန အနတ္တာဟု ခေါ်

ကြောင်း မြတ်စွာဘုရားသခင် ဟောကြားတော်မူပါသည်။ကြိုးစား အားထုတ်၍ ဆင်ခြင်နှလုံးသွင်း ကြပါလေ။

ဤသို့ တေဇောဓါတ်သည် အဋ္ဌကလာပ်ရုပ်တို့ကို အတူတကွ ဖြစ်ပေါ်စေခြင်း၊ လောင်ကျွမ်းစေခြင်းတို့ကို အကျယ်ချဲ့၍ ပြဆိုဦးအံ့။ တေဇောဓါတ်မီး ဆိုသည်ကား ဥတုသည်လည်း တေဇောဓါတ်မီးပင်တည်း။ အနမတဂ္ဂသံသရာ၌ကမ္ဘာအဆက်ဆက်တို့ကို တည်ထောင် ဘန်ဆင်းပေသည်လည်း ဤဓါတ်မီးပင်တည်း။ စကြဝဠာအနန္တကို ဘန်ဆင်းပေသည်လည်း ဤ ဓါတ်မီးပင်တည်း။

အနန္တစကြဝဠာတွင် တခုခုသော စကြဝဠာနှိုက် စကြဝဠာကို ခံသော ယူဇနာကိုးသိန်း ခြောက်သောင်း အထုရှိသော လေပြင်ကြီး၊ ထိုလေပြင်းပေါ်မှာ တည်သော ယူဇနာ လေးသိန်းရှစ်သောင်း အထုရှိသော ရေပြင်ကြီး၊ ထိုရေပြင်ကြီးပေါ်မှာ တည်သော ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော သီလာပံသုမြေပြင်ကြီး၊ ထိုမြေပြင်ကြီး၌ ပေါက်ရောက်သော မြင့်မိုရ်တောင်၊ စကြဝဠာတောင်၊ သတ္တရဘန် ဟိမဝန္တာတောင် အိုင်ကြီး ခုနစ်အိုင်, သမုဒ္ဒရာလေးစင်း သီတာခုနစ်တန် ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင် အလုံးစုံသော မြေအစု ရေအစု၊ တောအစု၊ တောင်အစု အပ္ပါယ်လေးဘုံ လူ့ဘုံ နတ်ပြည်ခြောက်ထပ် အကနိဋ္ဌတိုင်အောင်သော ဗြဟ္မာ့ဘုံစု၊ ဤ အလုံးစုံသော ဩကာသလောကသည်လည်း ထိုဓါတ်မီး တည်ထောင် ဘန်ဆင်းချက်သာတည်း။

သတ္တသူရိယောပမသုတ် အဂ္ဂညသုတ်, ၎င်းတို့၏ အဋ္ဌကထာ ဝိသုဒ္ဓိမဂ်တို့နှင့် အကျယ်လာသော ကမ္ဘာပျက်မှု ကမ္ဘာတည် ထောင်မှုတို့ကို ရှု၍ ဓါတ်မီး၏ အစွမ်းကို သိအပ်၏။ မီး–ရေ– လေ ဟူသော အဖျက်သုံးမျိုးတို့တွင် မီးဟူသည်ကား ဉဏှဓါတ် မီးပင်တည်း၊ ရေဖျက်သည် ဟူရာ၌ကား ရေဟူသော အာပေါ ကို လိုရင်း မဟုတ်၊ ထိုအာပေါနှင့် ယှဉ်သော သီတဓါတ်ကိုသာ လိုရင်းတည်း။ သီတဓါတ်မီး ဖျက်သည်ကို ရေဖျက်သည်ဟု မှတ်အပ်၏။ လေဖျက်သော ကမ္ဘာနှိက်လည်း ထိုလေကို တည် ထောင် ဘန်ဆင်းသော သူကား ဉဏှဓါတ်မီးပင်တည်း။ သို့ ကြောင့် ကမ္ဘာကို ဖျက်သည်လည်း ဓါတ်မီးပင်တည်း။ ကမ္ဘာ တည်ထောင် ဘန်ဆင်းပေးသည်လည်း ဓါတ်မီးပင်တည်း။ ဤ ကား ဩကာသလောက တည်ထောင်မှုတည်း။

သတ္တလောကမှာလည်း အလွန်သေးငယ် သိမ်မွေ့လှ၍ ပကတိစက္ခုဖြင့် မမြင်ကောင်းသော သတ္တဝါမှ စ၍ အကနိဋ္ဌ ဗြဟ္မာမင်းကြီး၏ ခန္ဓာကိုယ်တိုင်အောင် ရုပ်တို့၏ ဖြစ်မှုကို မြင်၍ ဓါတ်မီး၏ အစွမ်းကို သိအပ်၏။

သိပုံကား။ ရုပ်ရှိသော သတ္တဝါတို့ ပဋိသန္ဓေခဏ၌ ရှေးဦး စွာ ဖြစ်ပေါ်သော ရုပ်ကလာပ်တို့သည် ရှေးကံဟောင်း ထူ ထောင် ဘန်ဆင်း၍ ဖြစ်ပေါ်ကြရကုန်၏။ ပဋိသန္ဓေ၏ ဌီခဏ မှစ၍ အစဉ်အတိုင်း ရုပ်သဘောစု ဖြစ်မှု တည်မှု တိုးမှု ပွားမှု အင်္ဂါ ကြီးငယ် တည်ထောင်မှုတို့သည်ကား ဓါတ်မီး၏ အမှုတို့ ပေတည်း။

ကမ္မဇရုပ် စိတ္တဇရုပ် အာဟာရဇရုပ်တို့ကို အစဉ်လိုက်၍ ဖြစ်ကြရကုန်၏။ ရေအိုင်၌ ရေနယ် ကျယ်သွားရာမှာ ကြာလိုက်၍ ပေါက်ပွား သကဲ့သို့တည်း၊ တိရစ္ဆာန်မျိုးတို့နှင့် တကွ ရုပ်ရှိသော လူ နတ် ပြဟ္မာ သတ္တဝါတို့၏ အသက်တမ်း အတိုအရှည်ရှိသည်မှာလည်း ဤဓါတ်မီး အချက်ပင်တည်း။ ဓါတ်မီး ငြိမ် သက်မှု ဓါတ်မီး၏ တည်ရာ ကရဇကာယရုပ် သိမ်မွေ့မှု အဆင့်ဆင့်ရှိ၍ အသက်တမ်းရှည်မှု အဆင့်ဆင့် ရှိပေသည်။ ဓါတ်မီး၏ မငြိမ်သက်မှုကို ထိုဓါတ်မီး၏ တည်ရာ ကရဇကာယရုပ် ကြမ်းတမ်းမှု အဆင့်ဆင့်ရှိ အသက်တမ်းတိုမှု အဆင့်ဆင့်ရှိပေသည်။ ဂဗ္ဘသေယျပဋိသန္ဓေအခါ အမိအဘတို့၏ နိသန္ဒဝတ္ထု၌ ရောနှောဘက်စပ်၍ ဖြစ်သော ဥတုဟူသော ထိုဓါတ်မီးသည် အမိမျိုး အဘမျိုးသို့ အစဉ်လိုက်၏။ သစ်ပင်တို့၌ ဗီဇနိယာမရုပ်ကဲ့သို့ သတ္တဝါတို့၌ ဇာတိနိယာမရုပ်ပေတည်း။ ထိုဇာတိနိယာမကြောင့် အဆင်းသဏ္ဌာန်စသော အလုံးစုံသည် အမိမျိုး အဘမျိုး အတိုင်းသာ ဖြစ်မြဲပေတည်း။

နဂါးနှင့် လူ၊ ကိန္နရာနှင့် လူစသဖြင့် ဇာတ်မတူသော သူတို့ချင်း ပေါင်းဘက်ရာ၌ကား ကရဇရုပ် ဩဇာထက်သန်ရာသို့ ဇာတိရုပ်လိုက်သည်ဟု ယူဘွယ်ရှိ၏။ ဤကား သတ္တလောကဘည်ထောင်မှုတည်း။

သစ်ပင်ချုံနွယ်စသော သင်္ခါရလောကသည်ကား ဓါတ်မီး၏ အစီးအပွား သက်သက်ပေတည်း။ အလုံးစုံသော သစ်ပင်

ချုံနွယ် ဥ အညှောက် အညွန့် အခက် အရွက် အပွင့်အသီး အမျိုးမျိုး၊နေလနက္ခတ်တာရာကြီးငယ် ဂြိုဟ်ကြီးငယ်ရွှေငွေပုလဲ ပတ္တမြားသံကြေး ပဒါးမျိုး အစရှိသော ဓါတ်မျိုးအလုံးစုံသည် လည်း ဓါတ်မီး၏ အစီးအပွါးသာတည်း။ ဤကား သင်္ခါရ လောကတည်ထောင်ချက်တည်း။ ဤသင်္ခါရသို့၌လည်း ဗီဇ နိယာမရှိ၏။

ဤသို့လျှင် ဥဒန္တိပသဝန္တိဓေတေန ဩကာသသတ္တ သင်္ခါရ လောကဘာတိ ဥတုဟူသော ဝစနတ္ထနှင့်အညီ လောကသုံးပါး တို့၏ ဖြစ်ပေါ်ကြောင်း ပွါးစီးကြောင်းဖြစ်၍ ရုပ်နှင့်စပ်သော လောကသုံးမျိုးကို တည်ထောင်ဘန်ဆင်းပေတတ်သောကြောင့် ဓါတ်မီးကိုဥတုဟုဆိုသတည်း။ ထိုဓါတ်မီးသည် အဇ္ဈတ္တဓါတ်မီး သည် ဗဟိဒ္ဓဓါတ်မီးဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အဇ္ဈတ္တဓါတ်မီးသည် ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇဟူ၍ လေးပါးရှိ၏။ အဝိစိ ငရဲသူ သတ္တဝါန်မှစ၍ အကနိဋ္ဌ ဗြဟ္မာ သတ္တဝါန်တိုင်အောင် ဇာတ်အမျိုးမျိုး အကြမ်းအနု အမျိုးမျိုး အားဖြင့် ထိုဓါတ်မီးသည် အနန္တမျှားပြား၏။ ဗဟိဒ္ဓဓါတ်မီး သည် သီတဓါတ်မီး၊ ဥဏှဓါတ်မီးဟူ၍ အကျဉ်းအားဖြင့် နှစ် ပါးဖြစ်၏။ ဇာတ်အမျိုးမျိုး အကြမ်းအနုအမျိုးမျိုးအားလျော် စွာ ၎င်းဗဟိဒ္ဓ ဓါတ်မီးသည် အနန္တမျှားပြားလှပါ၏။ဓါတ်မီး ဆယ်မျိုးဆိုသည်ကား အဇ္ဈတ္တ ဓါတ်မီးလေးပါးကို သီတဥဏှ နှစ်ပါးနှင့်မြှောက် အဇ္ဈတ္တဓါတ် မီးရှစ်ပါးဖြစ်၏။ ဗဟိဒ္ဓဓါတ် မီးသည် သီတဥဏှနှစ်ပါးရှိ၏။ နှစ်ရပ်ပေါင်းသော် ဓါတ်မီး

ဆယ်ပါးဖြစ်၏။ သက်ရှိသက်မဲ့ အလုံးစုံသောရုပ်ဟူသမျှတို့သည် ဓါတ်မီးသာ ဖြစ်ကြကုန်၏။ ပူမှုအေးမှုဟူသော ထိုဓါတ်မီးသည် အမြဲပင် ထွန်းတောက်ခြင်း လောင်ကျွမ်းခြင်း ဖြစ်လေရကား အလုံးစုံသော သက်ရှိသက်မဲ့ ရုပ်အစုသည် အမြဲလျှင် ရိပ်ရိပ်, ရိပ်ရိပ်နှင့် တဖွားဖွား တရွရွ တဖျတ်ဖျတ် တခုပြီးတခုဖြစ်ပေါ်လောင်ကျွမ်းလျက် ဖြစ်ပျက်မစဲ မျက်တောင်တခတ်မျှ အသက်ရှည်သောတရားဟူ၍ တခုမျှမရှိ ဖြစ်ပျက် ဖြစ်ပျက်တို့ ချည်းသာတည်း။ စကြဝဠာ အနန္တနှင့်တကွ ကမ္ဘာပေါ်တွင် တည်ရှိသော ရုပ်အစုအပေါင်းတည်းဟူသော လောကကြီးတို့ကို ဖြစ်ပေါ်စေပြီးလျှင် ပျက်စီးကုန်ခန်းခြင်းသို့ ရောက်အောင် လည်း လောင်ကျွမ်းခြင်းဖြင့် နှိပ်စက်ဖျက်ဆီးကုန်၏။ ဤကဲ့သို့ ဖြစ်ပေါ် ပျက်ပြားစေတတ်သော တေဇောဓါတ်မီးသဘော တရားသည် အနတ္တတရား၊ ဒုက္ခတရား၊ အနိစ္စတရားသာလျှင် ဧကန်အမှန်ဖြစ်လေ၏။ ထို့ကြောင့် စက်ဆုပ်ရွံရှာဘွယ် မတင့်တယ်သော အသုဘတရားသာ အမှန်ဖြစ်ပေ၏။ ဤကဲ့သို့အခြင်းအရာ တန်ခိုးအာနုဘော်ကို တေဇောဓါတ် အခန်းကလည်း အတန်ငယ်ပြဆိုခဲ့ပြီ။ ထိုအခန်း၌ဆိုခဲ့သော အရာစုနှင့် ဤဥတုအရာ၌ အနည်းငယ်ပြလိုက်သော အရာစုကို အကုန်မြင်လျှင်ပင် ဥတုဟူသော ဤဓါတ်မီး၏ ကြီးကျယ်ဆန်းကြယ်မှု ဆိုခဲ့ပြီးသော လောကသုံးပါး၌ ဤဓါတ်မီးသည်သာ အချုပ်အချာဖြစ်ကြောင်း လောကသုံးပါးသည် ဓါတ်မီး၏အစီးအပွားသာ ဖြစ်ကြောင်းတို့ကို ဓါတ်ပေါက်အောင်မြင်လိမ့်မည်။ **စဉ်းစားဆင်ခြင်၍ အားထုတ်ကြပါလေ။**

## အသုဘရှုနည်းကို ဆက်လက်၍ ပြဆိုဦးအံ့။

မေး။ ။အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရားများကို မမြင်မီက မြဲသောနိစ္စ၊ ချမ်းသာသောသုခ၊ အနှစ်သာရရှိသည်။ အစိုးရသည်၊ အလိုသို့လိုက်သည်ဟူသော အတ္တဟု မထင်ဘူးလား။

ဖြေ။ ။နိစ္စ၊ သုခ၊ အတ္တဟု ထင်ပါသည်။

မေး။ ။ထင့်ခဲ့ပါလျှင် ခန္ဓာကိုယ်ကို တင့်တင့်တယ်တယ် ဘွယ်ဘွယ်ရာရာ မထင်ဘူးလား။

ဖြေ။ ။ထင်ပါသည်။

မှတ်ချက်။ ။သို့အတွက် တင့်တင့်တယ်တယ် ဘွယ်ဘွယ်ရာရာ ထင်သည်ကို သုဘဟု ခေါ်သည်။

မေး။ ။ယခု မမြဲသော အနိစ္စ၊ ဆင်းရဲ၍ ကြောက်မက်ဘွယ်ကောင်းသော ဒုက္ခ၊ အနှစ်သာရ မရှိ အစိုးမရ အလိုသို့ မလိုက်သော အနတ္တသဘောတို့ကို မြင်သောအခါ တင့်တင့်တယ်တယ် ဘွယ်ဘွယ် ရာရာရှိသေးသလား။

ဖြေ။ ။မရှိနိုင်တော့ပါ။

မှတ်ချက်။ ။သို့အတွက် တင့်တင့်တယ်တယ် ဘွယ်ဘွယ်ရာရာမရှိခြင်းကြောင့် ခန္ဓာ၌ နှစ်သက်စုံမက်ဘွယ်ရာမရှိသဖြင့် အသုဘဟု ခေါ်ပါသည်။ထို့ကြောင့် မြတ်စွာဘုရားသခင်သည် ရုပ်၌ တင့်တယ်ဘွယ်ရာမရှိခြင်းကြောင့် ရူပံဘိက္ခဝေ အသုဘဟူ ဟောကြားတော်မူပေ၏။

**မေး။** ။အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘသဘောဟု ဉာဏ်ပညာဖြင့် သိမြင်လာသောအခါ စိတ်မှာ ထင်နေသော နိစ္စသာရ၊သုခသာရ၊ အတ္တသာရ၊ သုဘသာရများ ရှိသေးသလား။

**ဖြေ။** ။မရှိနိုင်တော့ပါ။

**မှတ်ချက်။** ။သို့အတွက် ခန္ဓာဟူသော သဘောတရား၌ နိစ္စသာရ၊ သုခသာရ၊ အတ္တသာရ၊ သုဘသာရတို့ မရှိကြောင်း အမြဲ မှတ်ယူလေ၊ ဤတွင် တီရဏပရိညာစခန်းကို ပြဆိုချက်ပြီး၏။

ပဟာနပရိညာ စခန်းကို ရုပ်ပိုင်း၌ ကျမ်းကျယ်မည်စိုး၍ ရှေ့ပြဆိုမည်ဖြစ်သော နာမ်တရားနှင့် ဘက်တွဲပြီးလျှင် ထည့်သွင်း ပေါ်ပြပါအံ့။ နာမ်တရား၏ ဉာတပရိညာစခန်း။

## အခဏ်း ၉။ သိမှု စိတ်ပရမတ်၏ အကြောင်း

ထိုသို့ ပြဆိုခဲ့ပြီးသော ရုပ်ဓါတ်ရှစ်ပါး ပရမတ်တရားမှ နာမ်ဓါတ်ရှစ်ပါး ပရမတ်တရားသို့ စာထဲမှာ မဟုတ်။ ခန္ဓာထဲ၌ ပေါ်လွင် ထင်ရှား မြင်လုံးထွားအောင် အာရုံပြု၍ ကြည့်ရှုပုံကို ဖေါ်ပြပေအံ့။ ။လက္ခဏာရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန် သိမ်းရန် နာမ်နှင့် ရုပ်ဟု ဆိုသည့်အတိုင်း စိတ်, ဖဿ, ဝေဒနာ အစ ရှိသော နာမ်တရားတို့ကိုငင်း။ ပထဝီ, တေဇော, အာပေါ, ဝါယော အစရှိသော ရုပ်တရားတို့ကိုငင်း၊ ဓမ္မဝဝတ္ထာနဉာဏ်ဖြင့် အသီးအသီး၊ ခြားခြားနားနား ထင်မြင်သိမ်းဆည်းနိုင်ရန် အချက်ကား လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဟူ၍ လေး

ပါးရှိ၏။ ရသသည် ကိစ္စရသ သမ္ပတ္တိရသဟူ၍ နှစ်မျိုးရှိ၏။ ပစ္စုပဋ္ဌာန်သည်လည်း နှစ်မျိုးရှိ၏။ မီးမှာ ပူခြင်းသဘောရင်းသည် လက္ခဏာတည်း။ ဝတ္ထုတပါးကို လောင်ခြင်းအမှုသည် မီး၏ ကိစ္စရသတည်း။ အခိုးအလျှံသည် ဖလပစ္စုပဋ္ဌာန်တည်း။ ထွန်းပခြင်းတည်း ဟူသော သမ္ပတ္တိရသ သည်ပင်လျှင် မီး၏ ဥပဋ္ဌာကာရ ပစ္စုပဋ္ဌာန်တည်း။ ထင်းမီးစာသည် ၎င်းမီးကို ဖြစ်စေတတ်သော ပစ္စယ အထူးသည် ၎င်းမီး၏ ပဒဋ္ဌာန်တည်း။ ခပ်သိမ်းသောအရာ၌ စံပြု၍ ကြည့်ရှု နှလုံးသွင်းကြပါကုန်။

မေး။ ။အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ ဓမ္မာရုံတည်းဟူသော အပြင်အာယတန ခြောက်ပါးတို့နှင့် အတွင်း အာယတန အကြည်ပသာဒ ခြောက်ပါးတို့ဆိုင်ရာဆိုင်ရာ ရှေးရှုထိခိုက်ကြသောအခါ သိမှုနှင့်တကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော တရားတို့သည် ဘွားကနဲဖြစ်ပေါ်၍ မလာပေဘူးလား။

ဖြေ။ ။ဘွားကနဲဖြစ်ပေါ်၍ လာပါသည်။

မေး။ ။၎င်းဖြစ်ပေါ်လာသော သိမှုကို ဘာခေါ်ပါသနည်း။

ဖြေ။ ။စိတ်ဝိညာဏ်ဟူ၍ ခေါ်ပါသည်။

**မှတ်ချက်။** ။သို့အတွက် စိတ်ဖြင့် သိခြင်းဟူသမျှတို့သည် စိတ်၏လက္ခဏာတည်း။

မေး။ ။အာရုံဟူသမျှတို့သည် မည်သူတို့၏ ဆွဲကိုင်စရာ ဖြစ်ပါသနည်း။

ဖြေ။ ။အာရုံတို့နှင့် အကြည်ပသာဒတို့သည် ရှေးရှုထိခိုက်သောအခါ စိတ်သည် စေတသိက်တို့၏ ရှေ့ဆောင် ရှေ့သွားပြု၍ ဆွဲကိုင်ခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။သို့အတွက် စိတ် စေတသိက်တို့၏ ရှေ့သွား ရှေ့ဆောင်ဖြစ်မှုသည် စိတ်၏ရသတည်း။

မေး။ ။၎င်းစိတ် စေတသိက်တို့သည် မည်ကဲ့သို့ ဖြစ်ပေါ်လာကြပါသနည်း။

ဖြေ။ ။ရှေ့နောက်အစဉ်စပ်၍ ဖြစ်ပေါ်လာကြပါသည်။

မှတ်ချက်။ ။သို့အတွက် ရှေ့နောက် အစဉ်စပ်မှုသည် စိတ်၏ ပစ္စုပဋ္ဌာန်တည်း။

မေး။ ။အာရုံတရားများသည် မည်သည့်သဘောတရားများဖြစ်ကြပါသနည်း။

ဖြေ။ ။ရုပ်သဘောတရားများ ဖြစ်ကြပါသည်။

မေး။ ။၎င်းအာရုံကို ရှေးရှုညွတ်တတ် ကိုင်းတတ်၍ သိတတ် မှတ်တတ်ခြင်း အစရှိသော တရားတို့သည် ဘာသဘောတရားများ ဖြစ်ကြပါသလဲ၊

ဖြေ။ ။နာမ်သဘောတရားများ ဖြစ်ကြပါသည်။

မေး။ ။အာရုံနှင့် ပသာဒ ရှေးရှုထိခိုက်သောအခါ ဘာသဘောတရားများ ဖြစ်ပေါ်လာကြပါသနည်း။

ဖြေ။ ။အာရုံနှင့် ပသာဒတို့ ရှေးရှုထိခိုက်ပါလျှင် နာမ်ရုပ်သဘောတရား ပေါ်လာကြပါသည်။

**မေး။** ။ဝင်းအာရုံ ပသာဒတို့သည် မည်သူတို့နှင့် အနီးကပ်ဆုံး ဖြစ်ပါသနည်း။

**ဖြေ။** ။နာမ်ရုပ်တို့နှင့် အနီးကပ်ဆုံး ဖြစ်ပါသည်။

**မှတ်ချက်။** ။သို့အတွက် နာမ်ရုပ်တို့နှင့် နီးစွာသော အကြောင်းသည် ပဒဋ္ဌာန်တည်း။ လက္ခဏာ,ကား သဘောရင်းတည်း။ ရသ,ကား ကိစ္စနှင့် ဂုဏ်တည်း။ ပစ္စုပဋ္ဌာန်ကား ထင်ပေါ်သော တံခွန်တည်း။ အကျိုးကိုဖြစ်စေသော အမှု၌ မချွတ်မယွင်းနိုင်သဖြင့် နီးစွာသော အကြောင်းတို့သည် ပဒဋ္ဌာန်တည်း။ ဤလေးပါးနှင့် ခြားနားစွာ မြင်သည်ရှိသော် တရားတပါးနှင့် ထွေးရှက်ခြင်းမရှိစေမူ၍ တခု တခုသော နာမ်တရား ရုပ်တရားတို့ကို သီးသန့်ခြားနားစွာသိမြင်လေ၏။ ။လေးချက်ပိုင်ပိုင် ပိုင်းခြားနိုင်က၊ သတ္တဇီဝ အတ္တအယူ ကင်းစင်ဖြူ၊ မှတ်ယူ ဒိဋ္ဌိဝိသုဒ္ဓိ။

**မေး။** ။ရုပ်ခါတ်ရှစ်ပါးတို့တွင် တပါးပါးကို အာရုံပြုတိုင်း၊ အာရုံပြုတိုင်း ဘာတရားဖြစ်ပေါ်လာပါသနည်း။

**ဖြေ။** ။မာဂဓ ဘာသာအားဖြင့် စိတ္တံဟူ၍ငင်း၊ မနောဟူ၍ငင်း၊ ဝိညာဏံဟူ၍ငင်း မြန်မာဘာသာအားဖြင့် သိမှုဟုခေါ်ဆိုအပ်သော အာရမ္မဏိက ပရမတ်တရားသည် ရင်ချိုင့်ထဲ၌ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာပါသည်။

**မှတ်ချက်။** ။သို့အတွက် သိမှုပရမတ် ဖြစ်ပေါ်လာတာနှင့် ဝပြိုင်နက် ငန်းဆေးဖေါ်စပ်ရာတွင် လေးညှင်း ပရုပ် ချီးသီး ကလောဆံတို့သည် ရောနှောဆက်ဆံနေသကဲ့သို့ ခန္ဓာထဲ၌လည်း

တွေ့ဆုံမှု ဖဿ၊ ခံစားမှု ဝေဒနာ၊ မှတ်မှု သညာ၊ စေ့ဆော်ပြုလုပ်မှု စေတနာ၊ တည်ကြည်မှု ဧကဂ္ဂတာ၊ စောင့်ရှောက်မှု ဇီဝိတိန္ဒြေ၊ ရှေးရှုနှလုံးသွင်းမှု မနသိကာရဟု ဆိုအပ်သော ခုနစ်ခုသော စေတသိက် ပရမတ်တရားတို့သည် သိမှုစိတ်ပရမတ်နှင့် ယှဉ်တွယ်ကပ်မြှောင် ရောနှောဆက်ဆံ၍ အတူပေါ် အတူချုပ် အာရုံတခုတည်း မှီရာတခုတည်းဖြစ်လျက် ထင်ထင်ရှားရှား ဖြစ်ပေါ်လာကြကုန်၏။ ဤသို့ ခဏ္ဍာထဲ၌ အတူတကွ ယှဉ်တွယ်ကပ်မြှောင် ရောနှော ဆက်ဆံ၍ ထင်ထင်ရှားရှား ဖြစ်ပေါ်လာကြကုန်သော စိတ်ပရမတ် တခု၊ စေတသိက် ပရမတ် ၇-ခု ပေါင်း ရှစ်ခု ဖြစ်၏။ ၎င်း ရှစ်ခုကို နာမ်ကလာပ် ရှစ်ခုဟူ၍ ခေါ်ဆိုရလေသည်။ ။ဤသို့ အဟုတ်ရှိ တကယ်ရှိ ထင်ရှားရှိသည်၏ အဖြစ်ကို အသီးအသီး တခုစီ တခုစီ ပေါ်လွင် ထင်ရှားအောင် ထုတ်ဖော်၍ ပြဦးအံ့။

**မေး။** ။စိတ်ပရမတ်သည် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြုတိုင်း အာရုံပြုတိုင်း သိမှုသဘောသည် ထင်ထင်ရှားရှား ဖြစ်ပေါ်၍ မလာပေဘူးလား။

**ဖြေ။** ။ဖြစ်ပေါ်လာပါသည်။

**မေး။** ။၎င်းဖြစ်ပေါ်လာခြင်းကို ဘာနှင့် သိပါသနည်း။

**ဖြေ။** ။စိတ်နှင့် ဉာဏ်နှင့် သိပါသည်။

**မေး။** ။ဤကဲ့သို့ စိတ်နှင့် ဉာဏ်နှင့် ဒိဋ္ဌမြင်ခဲ့လျှင် တဦးတယောက်သော သူက သိသော သဘော မရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။

ဖြေ။ ။သိသော သဘော ထင်ထင်ရှားရှား ရှိခြင်းကြောင့် မရှိဟု မယုံနိုင်ပါ။

မှတ်ချက်။ ။သို့အတွက် မရှိဟု မယုံနိုင်ခြင်းကြောင့် သိသော စိတ်ပရမတ် သဘောအမှန်ရှိ၍ မရှိဟူသော အဘာဝပညတ်မှ ကင်းလွတ်နေသည်။

မေး။ ။သိသော သဘောမှာ ပုံပန်း သဏ္ဌာန် ရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် သိသော သဘောမှာ ပုံပန်းသဏ္ဌာန်ဟူသော သဏ္ဌာနပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။သိသော သဘောဟု အမည် မပေးမိက နာမည်များ ပါရှိပါသလား။

ဖြေ။ ။နာမည် မပါ မရှိပါ။

မှတ်ချက်။ ။သို့အတွက် သိသော သဘောမှာ နာမပညတ်မှ ကင်းလွတ် နေပါသည်။

မေး။ ။ပညတ် ၃-ပါးမှ ကင်းလွတ်၍ နေသောအခါ အထင်အရှား ဘာရှိ၍ နေပါသလဲ။

ဖြေ။ ။သိသောသဘောသာ ထင်ရှားရှိပါသည်။

မှတ်ချက်။ ။သို့အတွက် သိသော သဘောသာလျှင် ထင်ရှား ရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။၎င်း ပရမတ် တရား ကို ဘာဖြင့် ထိုးထွင်း၍ သိပါ သနည်း။

ဖြေ။ ။ပညာဖြင့်သာ ထိုးထွင်း၍ သိနိုင်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ပညတ် ၃–ပါးကို ပယ်ခွါ၍ သိသော အသိကို ပညာသိဟု ခေါ်ပါသည်။

**မေး။** ။ပညတ် ၃–ပါးတွင် ထင်ရှားရှိသောသဘောရှိပါသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ၎င်း သိသော သဘောပရမတ်ကို နာမ်ဟုခေါ်ပါသည်။ ထိုနာမ်ကိုလျှင်ပင် သက္ကာယဟု ခေါ်ပါသည်။ ထိုသက္ကာယအပေါ်၌ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မက သိသည်ဟု မှား၍စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

**မေး။** ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

**ဖြေ။** ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

**မေး။** ။သိသော သဘောက သိသလား၊ လူ နတ်ပြဟ္မာ သတ္တဝါ ပုဂ္ဂိုလ်က သိပါသလား။

**ဖြေ။** ။သိတတ်သော သဘောကသာ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် သိတတ်သော သဘောကသာ သိသည်ဟု အမှန်ကို သိနဲ့လျှင် မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်၍ နေပါသည်။

**မေး။** ။သိတတ်သော သဘောကို အသက်ကောင်ဟု ခေါ်မည်လား။

**ဖြေ။** ။အသက်ကောင်ဟု မခေါ်နိုင်ပါ။

**မှတ်ချက်။** ။သို့အတွက် အသက်ဟုခေါ်သော ဇီဝအတ္တ အစွဲမှ ကင်းလွတ်နေပါသည်။

**မေး။** ။သိတတ်သော သဘောမှာ အမှုန်အမွှား လုံးလုံး ဝိုင်းဝိုင်း အကောင်အထည် ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။

**မှတ်ချက်။** ။သို့အတွက် သိတတ်သော သဘောကို အကောင် အထည်ဟု မှတ်ထင် စွဲယူသော သရီရ အတ္တအစွဲမှ ကင်းလွတ် နေပါသည်။

**မေး။** ။အတ္တအစွဲ ၃-မျိုး ကင်းလွတ်နေသော အခါ အထင်အရှား ဘာပေါ်လွင်နေပါသလဲ။

**ဖြေ။** ။အနတ္တသာ ပေါ်လွင်နေပါသည်။

**မေး။** ။အနတ္တသည် အဘယ်ကြောင့် အထင်အရှား ပေါ်လွင်နေပါသနည်း။

**ဖြေ။** ။သဘောအားဖြင့် အဟုတ်မရှိ၊ တကယ်မရှိ၊ ထင် ရှားစွာ မရှိသော ခေါ်ဝေါ်သမုတ်အပ်ခြင်းမျှသာ ဖြစ်သော ပညတ်တရားကို အဟုတ်ရှိ၊ တကယ်ရှိ ထင်ရှားစွာ ရှိသော တရားဟူ၍ ဖေါက်လွဲဖေါက်ပြန် မှတ်ခြင်း၊ သိခြင်း၊ ယူခြင်းဖြင့် ငါက သိသည်၊ သိတာ ငါ, ငါ့၌ သိတတ်ခြင်း ရှိသည်ဟု သိ တတ်သော သဘောနှင့် ငါနှင့် ထွေးလုံးရစ်ပတ် မကွဲမပြား အမှားမှတ်, အမှားသိ, အမှားယူသူတပါးကသိသည်။ယောကျ်ား က သိသည်၊ မိန်းမက သိသည်၊ ကိုဖြူက သိသည်၊ မမဲက သိသည်၊ ငါ့သားက သိသည်၊ ငါ့မြေးက သိသည်၊ နွားက သိသည်၊ ခွေးက သိသည်ဟု သိတတ်သော သဘောနှင့် ငါ,

သူတပါး, ယောကျာ်း, မိန်းမ, နွား, ခွေး စသား၊ ထိုသညာ် တရားတို့နှင့် ထွေးလုံးရစ်ပတ် မကွဲမပြား၊ အမှားမှတ်၊ အမှား သိ၊ အမှားယူဖြင့် အသက်က သိသည်၊ လိပ်ပြာက သိသည်၊ သိတတ်သော အကောင်အထည်, ဒြပ်သဏ္ဌာန်က သိသည်ဟု အမှတ်မှား, အသိမှား, အယူမှား, အမှားအလုံးစုံတို့ဖြင့် မှား ခြင်းကို၊ ဩော်-သိတတ်သော သဘောသာလျှင် ထင်ထင်ရှား ရှားရှိ၍ သိစရာအကြောင်းနှင့် တွေ့ဆုံလျှင် သိတတ်သော သဘောသည် ပွန်းကနဲ ဖြစ်ပေါ်၍ သိပါတကား။ သိတတ် သော သဘောမှ တပါး ငါ, သူတပါး, ယောကျာ်း, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အသက်လိပ်ပြာက သိမြင်ခြင်း မဟုတ်ပါ တကား။ သိတတ်သော သဘောတည်းတွင်လည်း ပုဂ္ဂိုလ်, သတ္တ ဝါ ငါ သူတပါး ယောကျာ်း မိန်းမ ရှာမတွေ့ပါတကား။ ပုဂ္ဂိုလ် သတ္တဝါငါ သူတပါး ယောကျာ်း မိန်းမသည် အဟုတ် မရှိ။ တကယ်မရှိ။ ထင်ရှားစွာ မရှိခြင်း မှန်လေရကား ခေါ် ဝေါ်သမုတ်ခြင်းမျှသာလျှင် အမှန်ဖြစ်လေတော့သည်ဟု ပညာ ဖြင့် ကောင်းစွာ ထိုးထွင်း၍ မှတ်ခြင်း သိခြင်း ယူခြင်းတို့ဖြင့် သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသတည်း ဟူသော ဝိပလ္လာသ ၃-ပါးတို့မှ ကင်းလွတ်ခြင်းဖြင့် မြင်ရပါသော ကြောင့် အနတ္တသာလျှင် ထင်ရှား ပေါ်လွင် နေပါတော့ သည်။

မှတ်ချက်။ ။သို့အတွက် အတ္တအစွဲ ၃-မျိုးမှ ကင်းလွတ် နေသောကြောင့် သိတတ်သော သဘောကို အနတ္တဟု ခေါ် ပါသည်။

**မေး။** ။သိတတ်သောသဘော ဟုတ်-မဟုတ်၊ နောင်တဖန် ယုံမှားခြင်း ဒွိဟ သံသယ ရှိဦးမည်လား။

**ဖြေ။** ။မရှိပါ။

**မေး။** ။နောက်နောက် ဘဝက ဖြစ်ခဲ့လေသမျှ သိတတ်သောသဘော နာမ်ဓါတ်ကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူ တပါး, ယောကျ်ား, မိန်းမ, အကောင်, အထည် ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။ သိတတ်သောသဘောနာမ်ဓါတ်တရားသာ ဟုတ်ပါတော့သည်။

**မေး။** ။ယခုထင်ရှားတွေ့ရှိသော သိတတ်သောနာမ်ဓါတ်သဘောတရားသည် အကောင်အထည် မဟုတ်သကဲ့သို့ နောက်ဘဝဖြစ်မှာကော အကောင် အထည် ယောကျ်ား မိန်းမ ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။ သိတတ်သောသဘော နာမ်ဓါတ်တွေ့သာ အမှန် ဖြစ်ပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာတရားမှ ကင်းလွတ်ရလေ၏။

**မေး။** ။ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာကို ဘယ် ပုဂ္ဂိုလ်ပယ်သနည်း။

**ဖြေ။** ။သောတာပန် ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်။** ။မဟာသောတာပန်နှင့် စူဠသောတာပန် ပုဂ္ဂိုလ် ၂-မျိုးရှိရာ၊ သစ္စာ ၄-ပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စနှင့် အကြွင်း

အကျန်မရှိ။ ပယ်သတ်ခြင်းကို မဟာသောတာပန် ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ ရုပ်အကြောင်း နာမ်အကြောင်းကို သိမ်းဆည်း၍ သိမြင်သော နာမ ရူပ ပစ္စယပရိဂ္ဂဟာဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်၊ ဤဉာဏ်များနှင့် ပြည့်စုံလျှင်၊ စူဠသောတာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင်၊ အပါယ် တံခါး ပိတ်တော့၏။ အခဏ်း ၁–ကစ၍ ၆–အထိ နောက်တွင် ပြန်၍ ကြည့်ပါ။ ပါဠိတော်ကြီးများစွာဖြင့် ပြထားပါသည်။

## အခဏ်း ၁၀– တွေ့ကြုံပေါင်းဆုံမှု ဖဿ စေတသိက် ပရမတ်၏ အကြောင်း

**မှတ်ချက်။** ။သိမှု စိတ်ပရမတ် သဘောတွင် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် ကြည့်ရှု သုံးသပ်ခြင်းကို နည်းမှီ၍ ၎င်း ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ တို့ကိုလည်း အစဉ်အတိုင်း လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဖြင့် သုံးသပ် ဆင်ခြင်ပါလေ။

မေး။ ။ရုပ်ဓါတ်ရှစ်ပါးတို့တွင် တပါးပါးကို အာရုံပြုတိုင်း အာရုံပြုတိုင်း ဘာတရား ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။မာဂဓ ဘာသာအားဖြင့် ဖဿ၊ မြန်မာဘာသာ အားဖြင့် တွေ့ဆုံမှုဟူသော စေတသိက် ပရမတ်တရားသည် စိတ်ကို မှီတွယ်ကပ်မြောင် ရောနှောဆက်ဆံပြီးလျှင် အတူပေါ် အတူချုပ် အာရုံတခုလည်း မှီရာတခုတည်း ဖြစ်လျက် ခန္ဓာ ထဲ၌ ဘွားကနဲ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာပါသည်။

မေး။ ။၎င်းတွေ့ဆုံခြင်းသဘော ဖဿ တရား၏ ဖြစ်ပေါ်လာခြင်းကို ဘာနှင့် သိပါသနည်း။

ဖြေ။ ။စိတ်နှင့် ဉာဏ်နှင့် သိပါသည်။

မေး။ ။ဤကဲ့သို့ စိတ်နှင့် ဉာဏ်နှင့် ဒိဋ္ဌ သိမြင်ခဲ့လျှင် တဦးတယောက်သော သူက တွေ့ဆုံသော ဖဿ သဘော မရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။

ဖြေ။ ။တွေ့ဆုံသော ဖဿသဘော ထင်ထင် ရှားရှား ရှိခြင်းကြောင့် မရှိဟု မယုံနိုင်ပါ။

မှတ်ချက်။ ။သို့အတွက် မရှိဟု မယုံနိုင်ခြင်းကြောင့် တွေ့ဆုံသော ဖဿသဘော အမှန်ရှိ၍ မရှိဟူသော အဘာဝပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။တွေ့ဆုံသော ဖဿသဘောမှာ ပုံပန်းသဏ္ဌာန်များ ပုပု တိုတို ရှေရှေ အမှုန် အမွှား ရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် တွေ့ဆုံသော ဖဿသဘောမှာ ပုံပန်းသဏ္ဌာန်, သဏ္ဌာနပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။တွေ့ဆုံသော ဖဿသဘောဟု အမည်မပေးမီက အမည်နာမများ ပါရှိပါသလား။

ဖြေ။ ။နာမည် မပါ မရှိပါ။

မှတ်ချက်။ ။သို့အတွက် တွေ့ဆုံသော ဖဿ သဘောမှာ နာမပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ပညတ်သုံးပါးမှ ကင်းလွတ်နေသောအခါ အဆင်းအရှား ဘာရှိ၍ နေပါသနည်း။

ဖြေ။ ။တွေ့ဆုံသော ဖဿသဘောသာ ထင်ရှားရှိ၍ နေပါသည်။

**မှတ်ချက်။** ။သို့အတွက် တွေ့ဆုံသော ဖဿ သဘောသာ ထင်ရှားရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။ဧင်းပရမတ်တရားကို ဘာဖြင့် ထိုးထွင်း၍ သိပါသနည်း။

ဖြေ။ ။ပညာဖြင့်သာ ထိုးထွင်း၍ သိနိုင်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ပညတ်သုံးပါးကို ပယ်ခွါ၍ သိသော အသိကို ပညာသိဟု ခေါ်ပါသည်။

မေး။ ။ပညတ်သုံးပါးတွင် ထင်ရှားရှိသော သဘောရှိပါသလား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ထင်ရှားသော သဘော မရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ဧင်းတွေ့ဆုံသော သဘောပရမတ်ကို နာမ်ဟု ခေါ်ပါသည်။ ထိုနာမ်ကိုပင်လျှင် သက္ကာယဟု ခေါ်ပါသည်။ ထိုသက္ကာယအပေါ်၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျာ်း မိန်းမက တွေ့ဆုံသည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။တွေ့ဆုံတတ်သော သဘောက တွေ့ဆုံတာလား။ လူ နတ် သတ္တဝါ ပုဂ္ဂိုလ်က တွေ့ဆုံတာလွှား။

ဖြေ။ ။တွေ့ဆိုတတ်သော သဘောကသာ တွေ့ဆိုပါသည်။

**မှတ်ချက်။** ။သို့အတွက် တွေ့ဆိုတတ်သော သဘောကသာ တွေ့ဆိုသည်ဟု အမှန်ကို သိခဲ့လျှင် မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်၍ နေပါသည်။

မေး။ ။တွေ့ဆိုတတ်သော သဘောကို အသက်ကောင်ဟု ခေါ်မည်လား။

ဖြေ။ ။အသက်ကောင်ဟု မခေါ်နိုင်ပါ။

**မှတ်ချက်။** ။သို့အတွက် အသက်ဟု ခေါ်သော ဇီဝ အတ္တ အစွဲမှ ကင်းလွတ် နေပါသည်။

မေး။ ။တွေ့ဆိုတတ်သော သဘောမှာ အမှုန်အမွှား လုံးလုံး ဝိုင်းဝိုင်း အကောင် အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

**မှတ်ချက်။** ။သို့အတွက် တွေ့ဆိုတတ်သော သဘောကို အကောင်အထည်ဟု ထင်မှတ်စွဲယူသော သရီရ အတ္တအစွဲမှ ကင်းလွတ်နေပါသည်။

မေး။ ။အတ္တအစွဲ ၃-မျိုး ကင်းလွတ်နေသောအခါ အထင်အရှား ဘာပေါ်လွင်နေပါသလဲ။

ဖြေ။ ။အနတ္တသာ ထင်ရှားပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်ကြောင့် အထင်အရှားပေါ်လွင်နေပါသနည်း။

ဖြေ။ ။တွေ့ဆိုတတ်သောသဘောသည် အကြောင်းတွေ့ ပေါင်းဆုံထိခိုက်မှသာ ဘွားကနဲပေါ်လာသော အကျိုးတရား

သာ ဖြစ်ပါသည်။ အရင်တုန်းက ရှိနေနှင့်သော သဘောတရား မဟုတ်ပါ။ အကြောင်းနှင့်ပြည့်စုံ၍ ထိခိုက်သောအခါမှသာ လျှင် အထင်အရှား ဘွားကနဲ ပေါ်လာသော အကျိုးတရား အမှန်ဖြစ်ပါ၍၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်ပါ။ အနတ္တသာအမှန်အစစ် ဖြစ်ပါသည်။

ထင်ရှားစွာ ပြရန်မှာ၊ လူတယောက်သည် မိမိ၏ ရှေ့၌ အလွန်တရာ ချဉ်လှစွာသော ရှောက်သီး သံပုရာသီးတို့ကို မြိန် ရှက်စွာ စားသောက်၏။ ထိုအခါ မိမိ၌ နှုတ်ခမ်းလျှာ တကိုယ် လုံးမှာပင် တွေ့ဆုံသော ဖဿဖြစ်သော အကျိုးတရား အချဉ် ဓါတ်တွေ ပရမတ်တွေ အချဉ်သဘောတွေ တကိုယ်လုံးမြန့်နှံ့ပြီး လျှင် တဘွားဘွား ပေါ်ပေါက်လာပါသည်။ ဤအကျိုးဖြစ် သော ဖဿဓါတ်စု ပရမတ်စုတို့သည် အထည် ဒြပ် အကောင် အထည် ယောကျ်ား မိန်းမ သတ္တဝါ ပုဂ္ဂိုလ်မဟုတ်။ တွေ့ဆုံခြင်း အကျိုးတရား ဖဿဓါတ်သဘော ပရမတ်သဘောသာ ဖြစ်ပါ သောကြောင့် အနတ္တ ပေါ်လွင်ထင်ရှားနေပါသည်။

မှတ်ချက်။ ။သို့အတွက် အတ္တအစွဲသုံးမျိုးမှ ကင်းလွတ် နေသောကြောင့် တွေ့ဆုံဘတ်သော ဖဿသဘောကို အနတ္တ ဟု ခေါ်ပါသည်။

မေး။ ။တွေ့ဆုံဘတ်သောသဘော ဟုတ်မဟုတ် နောင် တဖန် ယုံမှားခြင်း ဒွိဟရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။နောက်နောက် ဘဝက ဖြစ်ခဲ့လေသမျှ တွေ့ဆုံတတ်သော ဖဿသဘောကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အကောင်အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။ တွေ့ဆုံတတ်သော ဖဿသဘော နာမ်တရားသာ ဟုတ်ပါတော့သည်။

မေး။ ။ယခုထင်ရှား တွေ့ရှိသော တွေ့ဆုံတတ်သော ဖဿနာမ်ဓါတ်သဘောတရားသည် အကောင်အထည်မဟုတ်သကဲ့သို့ နောက်ဘဝဖြစ်မှာကော အကောင်အထည် ယောကျ်ား မိန်းမဟုတ်ပါသလား။

ဖြေ။ ။တွေ့ဆုံတတ်သော ဖဿသဘော နာမ်ဓါတ်တွေသာဖြစ်ပါတော့သည်။

**မှတ်ချက်**။ ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာတရားမှ ကင်းလွတ်ရလေ၏။

မေး။ ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဘယ်ပုဂ္ဂိုလ် ပယ်သနည်း။

ဖြေ။ ။သောတာပန်ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်**။ ။မဟာ သောတာပန်နှင့် စူဠ သောတာပန် ပုဂ္ဂိုလ် ၂-မျိုးရှိရာ သစ္စာလေးပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် ဒိဋ္ဌိဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စဖြင့် အကြွင်းအကျန်မရှိ ပယ်သတ်ခြင်းကို မဟာသောတာပန်ဟု ခေါ်ပါသည်။ ရုပ်နာမ်အကြောင်းကို သိမ်းဆည်း၍ သိမြင်သော နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်၊ ဤဉာဏ်များနှင့်သာ ပြည့်စုံပါသောကြောင့် စူဠသော

တာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင် အပါယ်လေးပါး တံခါးပိတ်တော့၏။

## အခဏ်း ၁၁။ ခံစားမှု ဝေဒနာ စေတသိက် ပရမတ်၏အကြောင်း

**မေး။** ။ရုပ်ဓါတ် ရှစ်ပါးတို့တွင် တပါးပါးကို အာရုံပြုတိုင်း အာရုံပြုတိုင်း ဘာတရား ဖြစ်ပေါ်လာပါသနည်း။

**ဖြေ။** ။မာဂဓ ဘာသာအားဖြင့် ဝေဒနာ၊ မြန်မာဘာသာအားဖြင့် ခံစားမှုဟူသော စေတသိက် ပရမတ်တရားသည် စိတ်ကို မှီတွယ်ကပ်မြှောင် ရောနှောဆက်ဆံလျက် အတူပေါ် အတူချုပ် အာရုံတခုတည်း မှီရာတခုတည်းဖြစ်လျက် ခန္ဓာထဲ၌ ဘွားကနဲ ထင်ထင်ရှားရှားဖြစ်ပေါ်လာပါသည်။

**မေး။** ။၎င်းခံစားမှုသဘော ဝေဒနာတရားဖြစ်ပေါ်လာခြင်းကို ဘာနှင့် သိပါသနည်း။

**ဖြေ။** ။စိတ်နှင့် ဉာဏ်နှင့် သိပါသည်။

**မေး။** ။ဤကဲ့သို့ စိတ်နှင့်ဉာဏ်နှင့် ဒိဋ္ဌသိမြင်ခဲ့လျှင် တဦးတယောက်ဖသောသူက ခံစားမှုသဘော ဝေဒနာမရှိဟုဆိုခဲ့သော် ယုံနိုင်ပါမည်လား။

**ဖြေ။** ။ခံစားမှုသဘော ဝေဒနာထင်ထင်ရှားရှားရှိသောကြောင့် မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက်မရှိဟု မယုံနိုင်ခြင်းကြောင့် ခံစားမှုသဘော ဝေဒနာအမှန်ရှိ၍ မရှိဟူသော အဘာဝ ပညတ်မှုကင်းလွတ်နေပါသည်။

မေး။ ။ခံစားသော ဝေဒနာသဘောမှာ ပုံပန်းသဏ္ဍာန် ပုပု တိုတို ရှေရှေမျှား ရှိပါသလား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ခံစားမှုသဘော ဝေဒနာတရားမှာ ပုံပန်းသဏ္ဍာန်ဟူသော သဏ္ဌာနပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ခံစားသောဝေဒနာသဘောဟု အမည်မပေးမီက နာမည် ပါရှိပါသလား။

ဖြေ။ ။နာမည် မပါမရှိပါ။

**မှတ်ချက်။** ။သို့အတွက် ခံစားသော ဝေဒနာသဘောမှာ နာမပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ပညတ်သုံးပါးမှ ကင်းလွတ်နေသောအခါ အထင်အရှား ဘာရှိ၍နေပါသနည်း။

ဖြေ။ ။ခံစားမှု ဝေဒနာ သဘောသာလျှင် ထင်ရှားရှိ၍နေပါသည်။

**မှတ်ချက်။** ။သို့အတွက် ခံစားမှု ဝေဒနာ သဘောသာလျှင် ထင်ရှားရှိနေသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။၎င်း ပရမတ်တရားကို ဘာဖြင့် ထိုးထွင်း၍ သိပါသနည်း။

ဖြေ။ ။ပညာဖြင့်သာ ထိုးထွင်း၍ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် ပညတ်သုံးပါးကို ပယ်ခွါ၍ သိသော အသိကို ပညာသိဟု ခေါ်ပါသည်။

မေး။ ။ပညတ်သုံးပါးတွင် ထင်ရှားသော သဘောရှိပါသလား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ၎င်းခံစားသော သဘောကို နာမ်ဟု ခေါ်ပါသည်။ ထိုနာမ်ကို ပင် လျှင် သက္ကာယဟု ခေါ်ပါသည်။ ထိုသက္ကာယ အပေါ်၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမက ခံစားသည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။သက္ကာယ နှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။ခံစားတတ်သော သဘောက ခံစား တာလား၊ သူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါက ခံစားတာလား။

ဖြေ။ ။ခံစားတတ်သော သဘောကသာ ခံစားပါသည်။

**မှတ်ချက်။** ။သို့အတွက် ခံစားတတ်သော သဘောကသာ ခံစားသည်ဟု အမှန်ကို သိခဲ့လျှင် မှား၍ စွဲယူသော သတ္တအတ္တ အစွဲမှ ကင်းလွတ်၍ နေပါသည်။

မေး။ ။**ခံစားတတ်သော သဘောကို အသက်ကောင်ဟု ခေါ်မည်လား။**

**ဖြေ။** ။အသက်ကောင်ဟု မခေါ်နိုင်ပါ။

**မှတ်ချက်။** ။သို့အတွက် အသက်ဟုခေါ်သော **ဇီဝအတ္တ** အစွဲမှ ကင်းလွတ်နေပါသည်။

မေး။ ။ခံစားတတ်သော သဘောမှာ အမှန်အမှား လုံးလုံး ဝိုင်းဝိုင်း အကောင်အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

မှတ်ချက်။ ။သို့အတွက် ခံစား တတ် သော သဘောကို အကောင် အထည်ဟု မှတ်ထင် စွဲယူသော သရိရ အတ္တအစွဲမှ ကင်းလွတ် နေပါသည်။

မေး။ ။အတ္တအစွဲ ၃-မျိုး ကင်းလွတ်နေသော အခါ အထင်အရှား ဘာ ပေါ်လွင်နေသလဲ။

ဖြေ။ ။အနတ္တသာ ပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်ကြောင့် အထင်အရှား ပေါ်လွင်နေပါသနည်း။

ဖြေ။ ။ခံစားမှုဝေဒနာပရမတ် သဘောသည် အကြောင်း တိုက်ဆိုင်သည့် အခါမှသာ ပေါ်လာသော အကျိုးတရား သက်သက်မျှသာ ဖြစ်ပါ၍ အကောင်အထည် ဒြပ် သဏ္ဍာန် မရှိ။ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ အတ္တ ဇီဝ မဟုတ်ပါသောကြောင့် အနတ္တ အမှန် ဖြစ်ပါသည်။

ထင်ရှားစွာ ပြရန်မှာ။ မာဂဓ ဘာသာအားဖြင့် စက္ခု ပသာဒ။ မြန်မာဘာသာအားဖြင့် မျက်စိအကြည်၊ ၎င်း အကြည်သဘောနှင့် ရူပါရုံအဆင်းဓါတ်သဘောတို့သည် ရှေးရှု ထိခိုက်သောအခါ မြင်၍ ကောင်းလုံးသည် မာဂဓဘာသာ အားဖြင့် သောမနဿ ဝေဒနာ။ မြန်မာဘာသာ အားဖြင့် ရွှင်၍ ခံစားသော သဘောဖြစ်၍ မကောင်းလုံးသည် မာဂဓ ဘာသာအားဖြင့် ဒေါမနဿ ဝေဒနာ။ မြန်မာဘာသာ အား

ဖြင့် နောက်၍ ခံစားသော သဘော၊ မြင်၍ ကောင်းသည်လည်း မဟုတ်။ မကောင်းသည်လည်း မဟုတ်ခြင်းကို မာဂဓဘာသာအားဖြင့် ဥပက္ခာဝေဒနာ၊ မြန်မာသာသာ အားဖြင့် ဂရုတစိုက် မဟုတ်သော သဘောတရား။ ၎င်းသဘောတရားတခုခုသို့သည် စက္ခု ရူပါရုံ ရှေးရှုထိခိုက်သော အကြောင်းကြောင့်သာ ပေါ်လာသော အကျိုးတရားသဘော သက်သက်မျှသာ ဖြစ်၍ အကောင် အထည် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ားမိန်းမ အတ္တ ဇီဝ မဟုတ်ပါသဖြင့် အနတ္တသာ အမှန်ထင်ရှားပေါ်လွင်နေပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် အတ္တအစွဲ ၃-မျိုးမှ ကင်းလွတ်နေသောကြောင့် ခံစားတတ်သောဝေဒနာသဘောကို အနတ္တဟုခေါ်ပါသည်။

**မေး။** ။ခံစားတတ်သောသဘော ဟုတ်-မဟုတ်၊ နောင်တဖန် ဒွိဟ သံသယ ရှိဦးမည်လား။

**ဖြေ။** ။မရှိပါ။

**မေး။** ။နောက်နောက် ဘဝကဖြစ်ခဲ့လေသမျှ ခံစားတတ်သော သဘော ဝေဒနာကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး, ယောကျ်ား, မိန်းမ, ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။ ခံစားတတ်သော ဝေဒနာနာမ်တရားစုသာ ဟုတ်ပါတော့သည်။

**မေး။** ။ယခု ထင်ရှား တွေ့ရှိသော ခံစား တတ် သော သဘော ဝေဒနာ နာမ်တရားသည် ပုဂ္ဂိုလ် သတ္တဝါ အကောင်

အထည် မဟုတ်သကဲ့သို့ နောက်ဘဝ ဖြစ်မှာကော အကောင်အထည် ပုဂ္ဂိုလ်, သတ္တဝါ ဟုတ်ပါသလား။

**ဖြေ။** ။ခံစားတတ်သော သဘော နာမ်တရားတွေသာ ဟုတ်ပါဘော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာ တရားမှ ကင်းလွတ်ရလေ၏။

**မေး။** ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဘယ် ပုဂ္ဂိုလ်ပယ်သနည်း။

**ဖြေ။** ။သောတာပန် ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်။** ။မဟာသောတာပန်နှင့် စူဠသောတာပန် ပုဂ္ဂိုလ် ၂–မျိုးရှိရာ၊ သစ္စာ ၄–ပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စနှင့် အကြွင်းအကျန်မရှိ၊ ပယ်သတ်ခြင်းကို မဟာသောတာပန် ဟု ခေါ်ပါသည်။ နာမ်ရုပ်အကြောင်းကို ပိုင်းခြား၍ သိမ်းဆည်း သိမြင်သော နာမ ရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်၊ ဤဉာဏ်များနှင့် ပြည့်စုံပါလျှင်၊ စူဠသောတာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင်၊ အပါယ်တံခါး ပိတ်တော့သည်။

## အခန်း ၁၂၊ သညာ စေတသိက် ပရမတ်၏ အကြောင်း

**မေး။** ။ရုပ်ခါတ်ရှစ်ပါးတို့ဘွင် တပါးပါးကို အာရုံပြုတိုင်း အာရုံပြုတိုင်း ဘာတရား ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။မာဂဓ ဘာသာအားဖြင့် သညာ၊မြန်မာ ဘာသာအားဖြင့် မှတ်မှုဟူသော စေတသိက်ပရမတ်တရားသည် စိတ်ပရမတ်ကို မှီတွယ်ကပ်မြှောင် ရောနှောဆက်ဆံပြီးလျှင် အတူပေါ် အတူချုပ် အာရုံတခုလည်း မှီရာတခုတည်း ဖြစ်လျက် ခန္ဓာထဲ၌ ဘွားကနဲ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာပါသည်။

မေး။ ။၎င်း မှတ်မှုသဘော သညာ တရား ဖြစ်ပေါ်လာခြင်းကို ဘာနှင့် သိပါသနည်း။

ဖြေ။ ။စိတ်နှင့် ဉာဏ်နှင့် သိပါသည်။

မေး။ ။ဤကဲ့သို့ စိတ်နှင့် ဉာဏ်နှင့် ဒိဋ္ဌ သိမြင်ခဲ့ပါလျှင် တဦးတယောက်သော သူက မှတ်မှုသဘော သညာ မရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။

ဖြေ။ ။မှတ်မှုသဘော သညာတရားသည် ထင်ထင် ရှားရှား ရှိခြင်းကြောင့် မရှိဟု မယုံနိုင်ပါ။

မှတ်ချက်။ ။သို့အတွက် မရှိဟု မ ယုံ နိုင် ခြင်း ကြောင့် မှတ်မှုသဘော သညာ အမှန်ရှိ၍ မရှိဟူသော အဘာဝပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။မှတ်မှုသညာသဘောမှာ ပုံပန်းသဏ္ဍာန် ့နှံမှုန် မွှားမွှားပုပု တိုတို ရှေရှေ ဝိုင်းဝိုင်းများ ရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် မှတ်မှုသဘော သညာတရားမှာ ပုံပန်းသဏ္ဍာန်, သဏ္ဍာနပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။မှတ်မှုသဘော သညာစေတသိက်တရားဟု အမည်မပေးမီက နာမည် ပါရှိပါသလား။

ဖြေ။ ။နာမည် မပါ မရှိပါ။

မှတ်ချက်။ ။သို့အတွက် မှတ်သော သညာ သဘောမှာ နာမပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ပညတ်သုံးပါးမှ ကင်းလွတ်နေသောအခါ အထင်အရှား ဘာရှိ၍ နေပါသနည်း။

ဖြေ။ ။မှတ်မှု သညာ သဘောသာလျှင်၊ ထင် ရှား ရှိပါသည်။

မှတ်ချက်။ ။သို့အတွက် မှတ်မှု သညာသဘောသာလျှင် ထင်ရှားရှိနေသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။၎င်းပရမတ်တရားကို ဘာဖြင့် ထိုးထွင်း၍ သိပါသနည်း။

ဖြေ။ ။ပညာဖြင့်သာ ထိုးထွင်း၍ သိနိုင်ပါသည်။

မှတ်ချက်။ ။သို့အတွက် ပညတ်သုံးပါးကို ပယ်ခွါ၍ သိသော အသိကို ပညာသိဟု ခေါ်ပါသည်။

မေး။ ။ပညတ်သုံးပါးတွင် ထင်ရှားသော သဘောရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် ထင်ရှားသော သဘော မရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ ၎င်းမှတ်သော သညာသဘောကို နာမ်တရားဟု ခေါ်ပါသည်။ ထိုနာမ်ကိုပင်လျှင် သက္ကာယဟုခေါ်ပါသည်။ ထိုသက္ကာယအပေါ်၌ ပုဂ္ဂိုလ် သတ္တဝါငါ သူတပါး ယောကျ်ား မိန်းမက မှတ်သည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

**မေး**။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။မှတ်တတ်သော သညာသဘောက မှတ်တာလား။ လူ နတ် ပြဟ္မာ သတ္တဝါ ပုဂ္ဂိုလ်က ယောကျ်ား မိန်းမက မှတ်တာလား။

ဖြေ။ ။မှတ်တတ်သော သညာ သဘောကသာ မှတ် ပါသည်။

**မှတ်ချက်**။ ။ သို့အတွက် မှတ်တတ်သော သဘောက သာ မှတ်သည်ဟု အမှန်ကို သိခဲ့လျှင်၊ မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်၍ နေပါသည်။

မေး။ ။မှတ်တတ်သော သဘောကို အသက်ကောင် ဟု ခေါ်မည်လား။

ဖြေ။ ။အသက်ကောင်ဟု မခေါ်နိုင်ပါ။

**မှတ်ချက်**။ ။သို့အတွက် အသက်ဟု ခေါ်သော ဇီဝ အတ္တ အစွဲမှ ကင်းလွတ် နေပါသည်။

မေး။ ။ မှတ်တတ်သော သဘောမှာ အမှန် အမှား လုံးလုံး ဝိုင်းဝိုင်း အကောင် အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

**မှတ်ချက်**။ ။ သို့အတွက် မှတ်တတ်သော သဘောကို အကောင်အထည်ဟု မှတ်ထင်စွဲယူသော သရီရ အတ္တအစွဲမှ ကင်း လွတ်နေပါသည်။

မေး။ ။အတ္တအစွဲ ၃-မျိုး ကင်းလွတ်နေသောအခါ အ ထင်အရှား ဘာပေါ်လွင်နေပါသလဲ။

ဖြေ။ ။အနုတ္တရာ ထင်ရှားပေါ်လွင်နေပါသည်။

မေး။ ။အနုတ္တရာသည် အဘယ်ကြောင့် အထင်အရှားပေါ်လွင်နေပါသနည်း။

ဖြေ။ ။မှတ်တတ်သော သညာသည် မြင်ဆဲခဏ မြင်ဘူးသည်။ မမြင်ဘူးဘူးဟု မှတ်ခြင်း၊ ကြားဆဲခဏ ကြားဘူးသည်။ မကြားဘူးဘူးဟု မှတ်ခြင်း၊ နံဘူးသည်။ မနံဘူးဘူးဟူ၍ မှတ်ခြင်း၊ လျက်ဘူးသည်။ မလျက်ဘူးဘူးဟူ၍ မှတ်ခြင်း၊ ထိတွေ့ဘူးသည်။ မတွေ့ဘူးဘူးဟူ၍ မှတ်ခြင်း။ ကြံဘူးသည်။ မကြံဘူးဘူးဟူ၍ မှတ်ခြင်း။ သမာဓိကောင်းလျှင် နောင်ငယ်စဉ်အခါက စ၍ မှတ်မိခြင်း။ ထို့ထက် သမာဓိကောင်းလျှင် နောက်ဘဝကို မှတ်မိခြင်း။ ထို့ထက်ရင့်သန်သော ပကတိသာဝက ဗုဒ္ဓအရှင်မြတ်များသည် ကမ္ဘာတရာ, ကမ္ဘာတထောင်ကို မှတ်မိနိုင်ခြင်း။ ထို့ထက် အသီတိ မဟာသာဝက ဗုဒ္ဓအရှင်မြတ်များသည် ကမ္ဘာတသိန်းက အဖြစ်ကို မှတ်သားနိုင်ခြင်း။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်သည် အပိုင်အခြားမရှိ မှတ်သားနိုင်ခြင်းတို့ကို သညာသဘောဟု ခေါ်ဆိုပါသည်။ ဤကဲ့သို့ အလုံးစုံ မှတ်သားနိုင်သော သညာသဘောသည် မှတ်သားခြင်း လက္ခဏာ သဘောမျှသာလျှင်ဖြစ်၍၊ အကောင်အထည် ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက် ဇီဝ အတ္တဟူ၍ တစိုးတစိမျှ ရှာမရပါသောကြောင့် မှတ်သားခြင်းသညာ သဘောသက်သက်မျှသာ အမှန်ဖြစ်ပါသဖြင့် အနုတ္တရာသာလျှင် ထင်ထင်ရှားရှားကြီး ပေါ်လွင်နေပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် အတ္တအစွဲသုံးမျိုးမှ ကင်းလွတ်နေသောကြောင့် မှတ်တတ်သော သညာသဘောကို အနတ္တ ဟု ခေါ်ပါသည်။

**မေး။** ။မှတ်တတ်သော သဘော ဟုတ် မဟုတ် နောင် တဖန် ဒွိဟသံသယရှိဦးမည်လား။

**ဖြေ။** ။မရှိပါ။

**မေး။** ။နောက် နောက် ဘဝက ဖြစ်ခဲ့လေသမျှ မှတ်တတ်သော သညာသဘောကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူ တပါး ယောကျ်ား မိန်းမ အကောင်အထည် ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။ မှတ်တတ်သော သညာသဘောစု မျှသာ ဟုတ်ပါတော့သည်။

**မေး။** ။ယခုထင်ရှားတွေ့ရှိသော မှတ်တတ်သော သဘော သညာ နာမ်တရားသည် ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် မဟုတ်သကဲ့သို့၊ နောက်ဘဝဖြစ်မှာကော အကောင် အထည် ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ပါသလား။

**ဖြေ။** ။မှတ်တတ်သော သဘော သညာ တွေ့သာဖြစ်ပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာ တရားမှ ကင်းလွတ်ရလေ၏။

**မေး။** ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဘယ်ပုဂ္ဂိုလ် ပယ်သနည်း။

**ဖြေ။** ။သောတာပန်ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်။** ။မဟာ သောတာပန်နှင့် စူဠ သောတာပန် ပုဂ္ဂိုလ် ၂–မျိုးရှိရာ သစ္စာလေးပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် ဒိဋ္ဌိဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စဖြင့် အကြွင်း အကျန်မရှိ ပယ်သတ်ခြင်းကို မဟာသောတာပန်ဟု ခေါ်ပါ သည်။နာမ်ရုပ်အကြောင်းကို ပိုင်းခြား၍ သိမ်းဆည်းသိမြင်သော နာမရူပပရိစ္ဆေဒဉာဏ်၊ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဉာဏ်၊ ဤဉာဏ်များနှင့် ပြည့်စုံပါလျှင် စူဠသောတာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင် အပါယ်လေးပါး တံခါးပိတ်တော့၏။

## အခဏ်း ၁၃၊ စေတနာ စေတသိက်
## ပရမတ်၏ အကြောင်း

**မေး။** ။ရုပ်ဓါတ် ရှစ်ပါးတို့တွင် တပါးပါးကို အာရုံပြု တိုင်း အာရုံပြုတိုင်း ဘာတရား ဖြစ်ပေါ်၍ လာပါသနည်း။

**ဖြေ။** ။မာဂဓဘာသာအားဖြင့်စေတနာ၊မြန်မာဘာသာ အားဖြင့် စေ့ဆော် ပြုပြင်မှုအစု ဟူသော စေတသိက် ပရမတ် တရားသည် စိတ်ကို မှီတွယ်ကပ်မြောင် ရောနှော ဆက်ဆံလျက် အတူပေါ် အတူချုပ် အာရုံတခုတည်း၊ မှီရာ တခုတည်းဖြစ် လျက် ခန္ဓာထဲ၌ ဘွားကနဲ ထင်ထင်ရှားရှားဖြစ်ပေါ်၍ လာပါ သည်။

**မေး။** ။ၾကင်း စေ့ဆော် ပြုပြင်မှု သဘော စေတနာတရား ဖြစ်ပေါ်လာခြင်းကို ဘာနှင့် သိပါသနည်း။

ဖြေ။ ။စိတ်နှင့် ဉာဏ်နှင့် သိပါသည်။

မေး။ ။ဤကဲ့သို့ စိတ်နှင့်ဉာဏ်နှင့် ဒိဋ္ဌသိမြင်ခဲ့လျှင် တဦးတယောက်သောသူက စေ့ဆော်ပြုပြင်မှုသဘော စေတနာမရှိဟုဆိုခဲ့သော်ယုံနိုင်ပါမည်လား။

ဖြေ။ ။စေ့ဆော် ပြုပြင်မှုသဘော စေတနာ ထင်ထင်ရှားရှား ရှိသောကြောင့် မရှိဟု မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက်မရှိဟု မယုံနိုင်ခြင်းကြောင့် **စေ့**ဆော်ပြုပြင်မှုသဘော စေတနာအမှန်ရှိ၍ မရှိဟူသော အဘာဝပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ စေ့ ဆော် ပြု ပြင်သော စေ တ နာ မှာ ပုံပန်းသဏ္ဍာန် ပုပု တိုတို ရှည်ရှည်များ ရှိပါသလား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် စေ့ဆော်ပြုပြင်မှု သဘော စေတနာ တရားမှာ ပုံပန်းသဏ္ဍာန်ဟူသော သဏ္ဍာနပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။စေ့ဆော် ပြုပြင်မှုသဘော စေတနာ သဘောဟု အမည်မပေးမီက နာမည် ပါရှိပါသလား။

ဖြေ။ ။နာမည် မပါမရှိပါ။

**မှတ်ချက်။** ။ သို့အတွက် စေ့ဆော် ပြုပြင်မှု စေတနာသဘောမှာ နာမပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။ပညတ်သုံးပါးမှ ကင်းလွတ်နေသောအခါ အထင်အရှား ဘာရှိ၍နေပါသနည်း။

ဖြေ။ ။စေ့ဆော် ပြုပြင်မှု စေတနာ သဘောသာလျှင်၊ ထင်ရှားရှိ၍ နေပါသည်။

**မှတ်ချက်။** ။သို့အတွက် စေ့ဆော်ပြုပြင်မှု စေတနာ သာလျှင်၊ ထင်ရှား ရှိနေသောကြောင့် ပရမတ်ဟု ခေါ်ပါ သည်။

မေး။ ။ဋင်း ပရမတ်တရားကို ဘာဖြင့် ထိုးထွင်း၍ သိပါ သနည်း။

ဖြေ။ ။ပညာဖြင့်သာ ထိုးထွင်း၍ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် ပညတ် ၃-ပါးကို ပယ်ခွါ၍ သိသော အသိမျိုးကို ပညာသိဟု ခေါ်ပါသည်။

မေး။ ။ပညတ် ၃-ပါးတွင် ထင်ရှားသော သဘောရှိပါ သလား။

ဖြေ။ ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်း ကြောင့် ပညတ်ဟုခေါ်ပါသည်။ ဋင်းစေ့ဆော်ပြုပြင်မှုသဘော ကို နာမ်ဟု ခေါ်ပါသည်။ ထိုနာမ်ကိုလျှင်ပင် သက္ကာယ ဟု ခေါ်ပါသည်။ ထိုသက္ကာယအပေါ်၌ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မက စေ့ဆော်ပြုပြင်သည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။စေ့ဆော်ပြုပြင်တတ်သောသဘောက စေ့ဆော် ပြုပြင်တာလား၊ လူ နတ် ဗြဟ္မာ သတ္တဝါ ပုဂ္ဂိုလ် ယောကျ်ား မိန်းမက စေ့ဆော်ပြုပြင်တာလား။

ဖြေ။ ။စေ့ဆော်ပြုပြင်တတ်သော သဘောကသာ စေ့ဆော်ပြုပြင်ပါသည်။

မှတ်ချက်။ ။သို့အတွက် စေ့ဆော် ပြုပြင် တတ်သော သဘောကသာ စေ့ဆော် ပြုပြင်သည်ဟု အမှန်ကို သိခဲ့လျှင် မှား၍ စွဲယူသော သတ္တ အတ္တအစွဲမှ ကင်းလွတ်၍ နေပါသည်။

မေး။ ။စေ့ဆော် ပြုပြင်တတ်သော စေတနာ သဘော မှာ အမှန်အမှား, လုံးလုံး ဝိုင်းဝိုင်း, အထည် ဒြပ်, ဟုတ်ပါ သလား။

ဖြေ။ ။မဟုတ်ပါ။

မှတ်ချက်။ ။သို့အတွက် စေ့ဆော်ပြုပြင်တတ်သော စေ တနာ သဘောကို အကောင်အဘည်ဟု မှတ်ထင်စွဲယူသော သရီ ရ အတ္တ အစွဲမှ ကင်းလွတ်နေပါသည်။

မေး။ ။အတ္တအစွဲ သုံးမျိုး ကင်းလွတ် နေသောအခါ အထင်အရှား ဘာပေါ်လွင် နေပါသလဲ။

ဖြေ။ ။အနတ္တသာ ထင်ရှားပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်ကြောင့် ထင်ရှားပေါ်လွင် နေပါသည်။

ဖြေ။ ။စေ့ဆော် ပြုပြင်တတ်သော စေတနာ သဘော သည် အခြေခံ ရေသောက်မြစ်သဖွယ် ဟိတ်ဖြစ်၍ အကြောင်းခံ

သဖြင့် အကျိုးကို ဖြစ်စေတတ်သောကြောင့် ကံကောက်ပါသည်။ ၎င်းကံသည် ပဋ္ဌာန်းဒေသနာတော်အရမှာ ကမ္မ-အကျိုးတို့ကို ဖြစ်ပေါ်အောင် ပြုပြင်တတ်သော ကံဖြစ်၍၊ ပစ္စယော-ကျေးဇူးပြုတတ်သော အကြောင်းတရား အကျိုးကို ဖြစ်အောင် ပြုပြင်တတ်သော ကံဖြစ်၍၊ ကျေးဇူးပြုတတ်သော အကျိုး၏ တည်ရာ အကြောင်းခံတရားဟူ၍၊အကြောင်းခံတရား သက်သက်မျှသာ ဟောကြားတော် မူပါသောကြောင့် အနတ္တထင်ရှားပေါ်လွင်ပါသည်။ ဥပမာ။ ။သဒ္ဓါတရားနှင့် ပြည့်စုံသော သူတဦးသည် ပညာရှိတဦးအား မင်္ဂနှင့် လျော်သော တရားတော်ကို အားထုတ်နှလုံးသွင်းရန် သင်ကြား ပြသ စီမံ ဆုံးမပါဟု တောင်းပန်၏။ ထိုသူ တောင်းပန်သည့်အတိုင်း ပညာရှိသည် စေ့ဆော်တိုက်တွန်း ပြသ ပြုပြင်၍၊ အားထုတ် နှလုံးသွင်းစေ၏။ သဒ္ဓါတရားနှင့် ပြည့်စုံသော သူသည် အာရုံပြု၍ နှလုံးသွင်းဆဲ ခဏပင်လျှင် လောဘ, ဒေါသ, မောဟ တည်းဟူသော ကိလေသာ အညစ်အကြေးတို့သည် ခေတ္တကင်းစင်လျက် သုခဖြစ်သော ချမ်းသာစီးပွား အကျိုးကို ရဘိသကဲ့သို့ ထို့အတူ ဥပမာ ဥပမေယျ ဟပ်၍ ပြသော်၊ ပညာရှိက စေ့ဆော် ပြုပြင်ဆုံးမ၍၊ ပြသသော သဘောနှင့် စေ့ဆော်ပြုပြင်တတ်သော စေတနာသဘော အကြောင်းခံခြင်းတူ၏။ တရားကို အားထုတ်နှလုံးသွင်းသောသူမှာ ခေတ္တကိလေသာ ပူပန်နှိပ်စက်ခြင်းမှ လွတ်၍၊ ကိလေသာစင်ကြယ်သော သုခအကျိုးကို ခံစားရသော အကျိုးဖြစ်ခြင်းနှင့် စေတနာ အကြောင်းကြောင့် နာမ်ရုပ်တည်းဟူသော အကျိုးတရား ဘွားကနဲ ဖြစ်ပေါ်လာ

ခြင်း တူ၏။ ထို့ကြောင့် စေတနာသည် အကျိုးနာမ်ရုပ်တို့ကို ဖြစ်ပေါ်စေတတ်သော အကြောင်းခံသဘော သက်ဆက်မှုသာ ဖြစ်ပါ၍၊ အကြောင်းနှင့် အကျိုးတရားသာ အမှန်ဖြစ်ပါသောကြောင့် ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ အထည် သဏ္ဍာန် အသက် ဇီဝ ဘိုတ်ရှာ မရပါသဖြင့် အနတ္တသာ ထင်ရှားပေါ်လွင်ခြင်း ဖြစ်ပါတော့သည်။

မှတ်ချက်။ ။သို့အတွက် စေ့ဆော် ပြု ပြင် တတ် သော စေတနာသဘောကို အနတ္တဟု ခေါ်ပါသည်။

မေး။ ။စေ့ဆော်ပြုပြင်တတ်သောသဘော ဟုတ်မဟုတ် နောင်တဖန် ဒွိဟသံသယရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။နောက်နောက်ဘဝက ဖြစ်ခဲ့လေသမျှ စေ့ဆော်ပြုပြင်တတ်သောသဘော စေတနာကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အကောင်အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။ စေ့ဆော်ပြုပြင်တတ်သော စေတနာသဘောတရားစုသာ ဟုတ်ပါတော့သည်။

မေး။ ။ယခု ထင်ရှားတွေ့ရှိသော စေ့ဆော်ပြုပြင်တတ်သော စေတနာသဘော နာမ်တရားသည် ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်မဟုတ်သကဲ့သို့၊ နောက်ဘဝ ဖြစ်မှာကော အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟုတ်ပါသလား။

**ဖြေ။** ။စေ့ဆော်ပြုပြင်တတ်သော နာမ်တရားတွေသာ ဟုတ်ပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာ တရားမှ ကင်းလွတ်ရလေ၏။

**မေး။** ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဘယ်ပုဂ္ဂိုလ် ပယ်သနည်း။

**ဖြေ။** ။သောတာပန်ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်။** ။မဟာသောတာပန်နှင့် စူဠသောတာပန် နှစ်မျိုးရှိရာ သစ္စာလေးပါးဖြင့် နိဗ္ဗာန်ကိုထိုးထွင်း၍၊ သိမြင်ပြီးလျှင် ဒိဋ္ဌိဝိစိကိစ္ဆာကို သမုစ္ဆေဒကိစ္စဖြင့် အကြွင်းအကျန်မရှိ ပယ်သတ်ခြင်းကို မဟာသောတာပန်ဟုခေါ်ပါသည်။ နာမ်ရုပ် အကြောင်းကိုပိုင်းခြားသိမ်းဆည်းသိမြင်သော နာမရူပပရိစ္ဆေဒ ဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်၊ ဤဉာဏ် များနှင့် ပြည့်စုံပါလျှင် စူဠသောတာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင် အပါယ်တံခါးပိတ်တော့၏။

## အခဏ်း ၁၄
## ကေဂ္ဂတာ စေတသိက် ပရမတ်၏ အကြောင်း

**မေး။** ။ရုပ်ဓါတ် ရှစ်ပါးတို့တွင် တပါးပါးကို အာရုံပြုတိုင်း အာရုံပြုတိုင်း ဘာတရားဖြစ်ပေါ်၍ လာပါသနည်း။

**ဖြေ။** ။မာဂဓဘာသာအားဖြင့် ကေဂ္ဂတာ၊ မြန်မာဘာသာအားဖြင့် တည်ကြည်မှု စေတသိက် ပရမတ်တရားသည် စိတ်ကို မှီတွယ်ကပ်မြှောင် ရောနှော ဆက်ဆံလျက် အတူပေါ်

အတူချုပ် အာရုံတခုတည်း မီရာတခုတည်းဖြစ်လျက် ခန္ဓာထဲ၌ ဘွားကနဲ ထင်ထင်ရှားရှားဖြစ်ပေါ်၍လာပါသည်။

**မေး။** ။၎င်းတည်ကြည်မှုသဘော ဧကဂ္ဂတာတရား ဖြစ်ပေါ်လာခြင်းကို ဘာနှင့် သိပါသနည်း။

**ဖြေ။** ။စိတ်နှင့် ဉာဏ်နှင့် သိပါသည်။

**မေး။** ။ဤကဲ့သို့ စိတ်နှင့် ဉာဏ်နှင့် ဒိဋ္ဌသိမြင်ခဲ့ပါလျှင် တဦးတယောက်သောလူက တည်ကြည်မှုသဘော ဧကဂ္ဂတာ တရားမရှိဟုဆိုခဲ့သော် ယုံနိုင်ပါမည်လား။

**ဖြေ။** ။တည်ကြည်မှု သဘော ဧကဂ္ဂတာ တရားသည် ထင်ထင်ရှားရှားမရှိသောကြောင့် မရှိဟု မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက် မရှိဟု မယုံနိုင်ခြင်းကြောင့် တည်ကြည်မှုသဘော ဧကဂ္ဂတာ အမှန်ရှိ၍၊ မရှိ ဟူသော အဘာဝ ပညတ်မှ ကင်းလွတ်နေပါသည်။

**မေး။** ။တည်ကြည်မှုသဘော ဧကဂ္ဂတာမှာပုံပန်းသဏ္ဍာန် ပုပု တိုတို ဝိုင်းဝိုင်း ရှည်ရှည်များ ရှိပါသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် တည်ကြည်မှုသဘော ဧကဂ္ဂတာ တရားမှာ ပုံပန်းသဏ္ဍာန်ဟူသော သဏ္ဍာနပညတ်မှ ကင်းလွတ်နေပါသည်။

**မေး။** ။တည်ကြည်မှုသဘော ဧကဂ္ဂတာဟု အမည်မပေးမီက နာမည်များ ပါရှိပါသလား။

**ဖြေ။** ။နာမည် မပါမရှိပါ။

**မှတ်ချက်။** ။သို့အတွက် တည်ကြည်မှု ကေဂ္ဂတာသဘော မှာ နာမ်ပညတ်မှ ကင်းလွတ်၍ နေပါသည်။

မေး။ ။ပညတ်သုံးပါးမှ ကင်းလွတ်နေသောအခါ အထင် အရှား ဘာရှိ၍နေပါသလဲ။

ဖြေ။ ။တည်ကြည်မှုကေဂ္ဂတာသဘောသာလျှင် ထင်ရှား ရှိနေပါသည်။

**မှတ်ချက်။** ။သို့အတွက် တည်ကြည်မှု ကေဂ္ဂတာသဘော သာ ထင်ရှားရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။ ၎င်း ပရမတ်ကို ဘာဖြင့် ထိုးထွင်း၍ သိပါ သနည်း။

ဖြေ။ ။ပညာဖြင့် ထိုးထွင်း၍ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် ပညတ်သုံးပါးကို ပယ်ခွါ၍ သိ သော အသိမျိုးကို ပညာသိဟု ခေါ်ပါသည်။

မေး။ ။ပညတ်သုံးပါးတွင် ထင်ရှားသော သဘောရှိပါ သလား။

ဖြေ။ ။ပညတ်သုံးပါးတွင် ထင်ရှားသော သဘောမရှိပါ။

**မှတ်ချက်။** ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်း ကြောင့် ပညတ်ဟု ခေါ်ပါသည်။ တည်ကြည်မှု သဘော ကို နာမ်ဟု ခေါ်ပါသည်။ ထို နာမ် ကို ပင် လျှင် သက္ကာ ယဟု ခေါ်ပါသည်။ ထိုသက္ကာယ အပေါ်၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ားမိန်းမက တည်ကြည်သည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။သက္ကာယ နှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

ဖြေ။ ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

မေး။ ။တည်ကြည်တတ်သောသဘော ဧကဂ္ဂတာ တရားက တည်ကြည်တာလား၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမက တည်ကြည်တာလား။

ဖြေ။ ။တည်ကြည်သော ဧကဂ္ဂတာ သဘောကသာ တည်ကြည်ပါသည်။

**မှတ်ချက်**။ ။သို့အတွက် တည်ကြည်သော သဘောကသာ တည်ကြည်သည်ဟု အမှန်ကို သိခဲ့လျှင် မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်၍ နေပါသည်။

မေး။ ။တည်ကြည်သော ဧကဂ္ဂတာ သဘောမှာ အမှန် အမှား လုံးလုံး ဝိုင်းဝိုင်း ပုပု ရှေ့ရှေ့ အကောင် အထည် ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

**မှတ်ချက်**။ ။သို့အတွက် တည်ကြည်သော ဧကဂ္ဂတာ သဘောကို အကောင် အထည်ဟု မှတ်ထင် စွဲယူသော သရီရ အတ္တအစွဲမှ ကင်းလွတ် နေပါသည်။

မေး။ ။အတ္တအစွဲ ၃-မျိုး ကင်းလွတ်နေသော အခါ အထင်အရှား ဘာ ပေါ်လွင်နေပါသလဲ။

ဖြေ။ ။အနတ္တသာ ထင်ရှား ပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်ကြောင့် အထင်အရှား ပေါ်လွင်နေပါသနည်း။

ဖြေ။ ။ဤတည်ကြည်မှု ကေဂ္ဂတာသဘော ပရမတ်တရားသည် အာရုံခြောက်ပါးတို့တွင်- (၁) မြင်တည်ကြည်အောင်၊ (၂) ကြားတည်ကြည်အောင်၊ (၃) နမ်းတည်ကြည်အောင်၊ (၄) လျက်, တည်ကြည်အောင်၊ (၅) ထိတည်ကြည်အောင်၊ (၆) စိတ်ကူးတည်ကြည်အောင် အကြောင်းခံအဖြစ်ဖြင့် တည်ကြည်မှု သဘောကြောင့် သာလျှင် သိမှု တွေ့ဆုံမှု မှတ်မှု ခံစားမှု စေ့ဆော်မှု စောင့်ရှောက်မှု ရှေးရှုနှလုံးသွင်းမှုဟူသော သမ္ပယုတ္တဓမ္မဖြစ်သော စိတ်(၁) စေတသိက် (၆)ခုတို့ကို တည်ကြည်မှုသဘောက အတူတကွ အကျိုးဖြစ်ပေါ်အောင် ကျေးဇူးပြု၍ အကြောင်းခံခြင်းသဘော သက်သက်မျှသာ ဖြစ်ပါသောကြောင့် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အတ္တဇီဝ တစုံတရာ မတွေ့မရှိပါသဖြင့် အနတ္တသာလျှင် ထင်ရှားပေါ်လွင်နေပါတော့သည်။

မှတ်ချက်။ ။သို့အတွက် တည်ကြည်တတ်သော ကေဂ္ဂတာသဘောကို အနတ္တဟု ခေါ်ပါသည်။

မေး။ ။တည်ကြည်တတ်သော သဘော ဟုတ်- မဟုတ်၊ နောင်တဖန် ဒွိဟ သံသယ ရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။နောက်နောက် ဘဝကဖြစ်ခဲ့လေသမျှ တည်ကြည်တတ်သော ကေဂ္ဂတာ သဘောကိုကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး, ယောကျ်ား, မိန်းမ, အကောင် အထည် ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။ တည်ကြည်တတ်သော ကေဂ္ဂတာသဘောစုတို့သာ ဖြစ်ပါတော့သည်။

**မေး။** ။ယခု ထင်ရှားတွေ့ရှိသော တည်ကြည်တတ်သော ကေဂ္ဂတာသဘော နာမ်တရားသည် ပုဂ္ဂိုလ် သတ္တဝါ အကောင် အထည် မဟုတ်သကဲ့သို့၊ နောက်ဘဝ ဖြစ်မှာကော ပုဂ္ဂိုလ်, သတ္တဝါငါ သူတပါး ယောကျ်ား မိန်းမ ဟုတ်ပါသလား။

**ဖြေ။** ။တည်ကြည်တတ်သော ကေဂ္ဂတာသဘော နာမ်တရားတွေသာ ဟုတ်ပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာတရားမှ ကင်းလွတ်ရလေ၏။

**မေး။** ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဘယ် ပုဂ္ဂိုလ်ပယ်သနည်း။

**ဖြေ။** ။သောတာပန် ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်။** ။မဟာသောတာပန်နှင့် စူဠသောတာပန် ပုဂ္ဂိုလ် ၂–မျိုးရှိရာ၊ သစ္စာ ၄–ပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်း အကျန်မရှိ။ ပယ်သတ်ခြင်းကို မဟာသောတာပန် ဟု ခေါ်ပါသည်။ နာမ်ရုပ်အကြောင်းကို ပိုင်းခြား၍ သိမ်းဆည်း သိမြင်သော နာမ ရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟာဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်၊ ဤဉာဏ်များနှင့် ပြည့်စုံပါလျှင်၊ စူဠသောတာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင်၊ အပါယ် လေးပါး တံခါးပိတ်တော့သည်။

## အခဏ်း ၁၅၊ ဇီဝိတိန္ဒြေ စေတသိက် ပရမတ်၏ အကြောင်း

**မေး။** ။ရုပ်ဓါတ်ရှစ်ပါးတို့တွင် တပါးပါးကို အာရုံပြု တိုင်း အာရုံပြုတိုင်း ဘာတရား ဖြစ်ပေါ်လာပါသနည်း။

**ဖြေ။** ။မာဂဓဘာသာအားဖြင့် ဇီဝိတိန္ဒြေ၊ မြန်မာဘာသာ အားဖြင့် စောင့်ရှောက် အစိုးရမှုဟူသော စေတသိက်ပရမတ် တရားသည် စိတ်ကို မှီတွယ် ကပ်မြှောင် ရောနှော ဆက်ဆံ လျက် အတူပေါ် အတူချုပ် အာရုံတခုလည်း မှီရာတခုတည်း ဖြစ်လျက် ခန္ဓာထဲ၌ ဘွားကနဲ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ လာပါသည်။

**မေး။** ။၎င်း ဇီဝိတိန္ဒြေဖြစ်သော စောင့်ရှောက်မှုသဘော ဖြစ်ပေါ်လာခြင်းကို ဘာနှင့် သိပါသနည်း။

**ဖြေ။** ။စိတ်နှင့် ဉာဏ်နှင့် သိပါသည်။

**မေး။** ။ဤကဲ့သို့ စိတ်နှင့် ဉာဏ်နှင့် ဒိဋ္ဌ သိမြင်ခဲ့ပါလျှင် တဦးတယောက်သော သူက စောင့်ရှောက်မှုသဘော ဇီဝိတိန္ဒြေ တရား မရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။

**ဖြေ။** ။စောင့်ရှောက်မှု သဘော ဇီဝိတိန္ဒြေ တရားသည် ထင်ထင် ရှားရှား ရှိသောကြောင့် မရှိဟု မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက် မရှိဟု မ ယုံ နိုင် ခြင်း ကြောင့် စောင့်ရှောက်မှုသဘော ဇီဝိတိန္ဒြေ အမှန်ရှိ၍ မရှိဟူသော အဘာဝ ပညတ်မှ ကင်းလွတ်နေပါသည်။

မေး။ ။စောင့်ရှောက်မှု သဘော ဇီဝိတိန္ဒြေ တရားမှာ ပုံပန်းသဏ္ဌာန်များ ရှိပါသလား။

ဖြေ။ ။မရှိပါ။

မှတ်ချက်။ ။သို့အတွက် စောင့်ရှောက်မှုသဘော ဇီဝိတိန္ဒြေ တရားမှာ ပုံပန်းသဏ္ဌာန်, ဟူသော သဏ္ဌာန ပညတ်မှ ကင်း လွတ်၍ နေပါသည်။

မေး။ ။စောင့်ရှောက်မှု သဘော ဇီဝိတိန္ဒြေဟု အမည် မပေးမိက နာမည်များ ပါရှိပါသလား။

ဖြေ။ ။ မပါ မရှိပါ။

မှတ်ချက်။ ။သို့အတွက် စောင့်ရှောက်မှုသဘော ဇီဝိတိန္ဒြေ တရားမှာ နာမ ပညတ်မှ ကင်းလွတ်၍ နေပါသည်။

မေး။ ။ပညတ်သုံးပါးမှ ကင်းလွတ်နေသောအခါ အထင် အရှား ဘာရှိ၍ နေပါသနည်း။

ဖြေ။ ။ စောင့်ရှောက်မှု ဇီဝိတိန္ဒြေ သဘောသာလျှင်၊ ထင် ရှား ရှိနေပါသည်။

မှတ်ချက်။ ။သို့အတွက် စောင့်ရှောက်မှုဇီဝိတိန္ဒြေသဘော သာ ထင်ရှားရှိသောကြောင့် ပရမတ်ဟု ခေါ်ပါသည်။

မေး။ ။ငင်းပရမတ်တရားကို ဘာဖြင့် ထိုးထွင်း၍ သိပါ သနည်း။

ဖြေ။ ။ပညာဖြင့်သာ ထိုးထွင်း၍ သိနိုင်ပါသည်။

မှတ်ချက်။ ။သို့အတွက် ပညတ်သုံးပါးကို ပယ်ခွါ၍ သိ သော အသိကို ပညာသိဟု ခေါ်ပါသည်။

**မေး။** ။ပညတ်သုံးပါးတွင် ထင်ရှားသော သဘောရှိပါသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ထင်ရှားသော သဘော မရှိခြင်းကြောင့် ပညတ်ဟု ခေါ်ပါသည်။ စောင့်ရှောက်မှု ဇီဝိတိန္ဒြေသဘော ပရမတ်ကို နာမ်ဟုခေါ်ပါသည်။ ထိုနာမ်ကိုပင်လျှင် သက္ကာယဟုခေါ်ပါသည်။ ထိုသက္ကာယအပေါ်၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမက စောင့်ရှောက်သည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

**မေး။** ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

**ဖြေ။** ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

**မေး။** ။စောင့်ရှောက်သော ဇီဝိတိန္ဒြေသဘောက စောင့်ရှောက်တာလား။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမက စောင့်ရှောက်တာလား။

**ဖြေ။** ။စောင့်ရှောက်တတ်သော သဘောကသာ စောင့်ရှောက်ပါသည်။

**မှတ်ချက်။** ။သို့အတွက် စောင့်ရှောက်သော သဘောကသာ စောင့်ရှောက်သည်ဟု အမှန်ကို သိခဲ့လျှင်၊ မှား၍ စွဲယူသော သတ္တ အတ္တ အစွဲမှ ကင်းလွတ်၍ နေပါသည်။

**မေး။** ။ စောင့်ရှောက်သော သဘောမှာ အမှန် အမှား ပုပု တိုတို လုံးလုံး ဝိုင်းဝိုင်း ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။

**မှတ်ချက်။** ။ သို့အတွက် စောင့်ရှောက်သော ဇီဝိတိန္ဒြေ သဘောကို အကောင်အထည်ဟုမှတ်ထင် စွဲလမ်းသော သရီရ အတ္တအစွဲမှ ကင်းလွတ်၍ နေပါသည်။

**မေး။** ။အတ္တအစွဲ ၃-မျိုး ကင်းလွတ်နေသောအခါ အထင်အရှား ဘာပေါ်လွင်နေပါသလဲ။

**ဖြေ။** ။အနတ္တသာ ထင်ရှားပေါ်လွင်နေပါသည်။

**မေး။** ။အနတ္တသည် အဘယ်ကြောင့် ထင်ရှား ပေါ်လွင်နေပါသနည်း။

**ဖြေ။** ။စောင့်ရှောက်မှု သဘော ဇီဝိတိန္ဒြေ တရားသည် အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြုသောအခါ အားလုံးသော စိတ်,စေတသိတ်တရားတို့ကို ဆွဲကိုင်ရာ အာရုံ တခုတည်းတွင် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်၍ အတူပေါ် အတူ ချုပ် တပေါင်းတစည်းတည်း မကွေမကွာစေရအောင် ဖြစ်ပေါ် ရန် အကြောင်းခံသဖြင့် အကျိုး၏ တည်ရာ အကြောင်းခံ သဘော သက်သက်မျှသာ ဖြစ်ပါသောကြောင့် အနတ္တပေါ် လွင် ထင်ရှားပါသည်။

**ဥပမာ။** ။သိုးကျောင်းသား တယောက်သည် သိုးများကို မိမိနေအိမ်မှ ထုတ်ယူ၍ စားကျက်သို့ရင်း ရေသောက်ချိုးရန် ရေဆိပ်သို့ရင်း ပို့ဆောင်လေရာ၊ ထိုသိုးများသည် စားကျက် မှုရင်း၊ ရေသောက်ချိုးရာမှရင်း မကွဲမပြား တလုံးတစုတည်း

သွားရောက် တည်ရှိစေရန် အမြဲ စောင့်ရှောက်ခြင်းဖြင့် သိုးကျောင်း သား ၏ စောင့်ရှောက်သော အကြောင်းခံကြောင့် သိုးများသည် ကောင်းမွန်စွာ သွားအတူ၊ စားအတူ၊ ပြန်အတူ တလုံးတစည်း တညီတညွတ်တည်း သွားလာစားသောက်နေထိုင်နိုင်သော အကျိုး ဖြစ်ပေါ်လေသကဲ့သို့၊ ထို့အတူ ဥပမာ, ဥပမေယျ ဟပ်၍ ပြသော်၊ သိုးကျောင်းသားနှင့် စောင့်ရှောက်သော ဇီဝိတိန္ဒြေသဘော အကြောင်းခံ တူပါသည်။ သိုးများ မကွဲမပြား တလုံးတစုတည်း စားသောက် သွားလာကြရသည့် အကျိုးနှင့် စိတ်နှင့်တကွ စေတသိက်တရားများ ရောနှော ဆက်ဆံ၍ ဖြစ်ပေါ်လာသော အကျိုးတူပါသည်။ ၎င်းစောင့်ရှောက်မှုသဘော ဇီဝိတိန္ဒြေ တရားသည် အကြောင်းခံအကျိုး၏ တည်ရာသဘော သက်သက်မျှသာ ဖြစ်ပါသောကြောင့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမမဟုတ်။ အသက် ဇီဝ အတ္တ တစုံတရာ မရှိပါသဖြင့် အနတ္တသာလျှင် ထင်ရှားပေါ်လွင် နေပါတော့သည်။

မှတ်ချက်။ ။သို့အတွက် ၎င်းစောင့်ရှောက်မှု ဇီဝိတိန္ဒြေသဘောကို အနတ္တဟု ခေါ်ပါသည်။

မေး။ ။စောင့်ရှောက်မှု သဘော ဟုတ် မဟုတ် နှောင်တဖန် ဒွိဟာသံသယရှိဦးမည်လား။

ဖြေ။ ။မရှိပါ။

မေး။ ။နောက်ဘဝကဖြစ်ခဲ့သမျှ စောင့်ရှောက်မှုသဘော ဇီဝိတိန္ဒြေ တရားသည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား မိန်းမ ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။ စောင့်ရှောက်မှု သဘော ဇီဝိတိန္ဒြေ တရားသာ ဟုတ်ပါတော့သည်။

**မေး။** ။ယခု ထင်ရှားတွေ့ရှိသော **စောင့်ရှောက်မှု** ဇီဝိတိန္ဒြေတရားသည် ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် မဟုတ်သကဲ့သို့၊ နောက်ဘဝဖြစ်မှာကော ပုဂ္ဂိုလ် သတ္တဝါ ငါ သူ တပါး ယောကျ်ား မိန်းမ ဟုတ်ပါသလား။

ဖြေ။ ။စောင့်ရှောက်မှုသဘော ဇီဝိတိန္ဒြေနာမ်တရားတွေသာ ဟုတ်ပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာ တရားမှ ကင်းလွတ်ရလေ၏။

**မေး။** ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဘယ်ပုဂ္ဂိုလ် ပယ်သနည်း။

ဖြေ။ ။ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို သောတာပန်ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်။** ။မဟာ သောတာပန်နှင့် စူဠ သောတာပန် ပုဂ္ဂိုလ် ၂–မျိုးရှိရာ သစ္စာလေးပါးဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်ပြီးလျှင် ဒိဋ္ဌိဝိစိကိစ္ဆာကို အကြွင်းအကျန်မရှိ ပယ်သတ်ခြင်းကို မဟာ သောတာပန် ဟု ခေါ်ပါသည်။ နာမ်ရုပ် အကြောင်းကို ပိုင်းခြား သိမ်းဆည်း၍ သိမြင်သော နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်၊ ဤဉာဏ်များနှင့် ပြည့်စုံပါလျှင် စူဠသောတာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင် အပါယ်လေးပါး တံခါးပိတ်တော့၏။

## အခဏ်း ၁၆၊ မနသိကာရ စေတသိက် ပရမတ်၏ အကြောင်း

**မေး။** ။ရုပ်ဓါတ် ရုစ်ပါးတို့တွင် တပါးပါးကို အာရုံပြု တိုင်း အာရုံပြုတိုင်း ဘာတရားဖြစ်ပေါ်၍ လာပါသနည်း။

**ဖြေ။** ။မာဂဓဘာသာအားဖြင့်မနသိကာရ၊ မြန်မာဘာ သာ အားဖြင့် ရှေးရှုနှလုံးသွင်းမှုဟူသော စေတသိက် ပရမတ် တရားသည် စိတ်ကို မှီတွယ်ကပ်မြှောင် ရောနှော ဆက်ဆံလျက် အတူပေါ် အတူချုပ် အာရုံတခုတည်း၊ မှီရာ တခုတည်းဖြစ် လျက် ခန္ဓာထဲ၌ ဘွားကနဲ ထင်ထင်ရှားရှားဖြစ်ပေါ်၍ လာပါ သည်။

**မေး။** ။ငင်း ရှေးရှုနှလုံးသွင်းမှု သဘော မနသိကာရ တရားဖြစ်ပေါ်လာခြင်းကို ဘာနှင့် သိပါသနည်း။

**ဖြေ။** ။စိတ်နှင့် ဉာဏ်နှင့် သိပါသည်။

**မေး။** ။ဤကဲ့သို့ စိတ်နှင့်ဉာဏ်နှင့် ဒိဋ္ဌသိမြင်ခဲ့လျှင် တဦး တယောက်သောသူက ရှေးရှုနှလုံးသွင်းမှုသဘော မနသိကာရ မရှိဟု ဆိုခဲ့သော် ယုံနိုင်ပါမည်လား။

**ဖြေ။** ။ရှေးရှုနှလုံးသွင်းမှုသဘော မနသိကာတရားသည် ထင်ထင်ရှားရှား ရှိသောကြောင့် မရှိဟု မယုံနိုင်ပါ။

**မှတ်ချက်။** ။သို့အတွက်မရှိဟု မယုံနိုင်ခြင်းကြောင့် ရှေး ရှုနှလုံးသွင်းမှု မနသိကာရသဘော ထင်ရှား အမှန်ရှိ၍ မရှိဟူ သော အဘာဝပညတ်မှ ကင်းလွတ် နေပါသည်။

**မေး။** ။ရှေးရှုနှလုံးသွင်းမှုမနသိကာရ သဘောမှာ ပုံပန်း သဏ္ဌာန် ပုပု တိုတို ရှည်ရှည်များ ရှိပါသလား။

**ဖြေ။** ။မရှိပါ။

**မှတ်ချက်။** ။သို့အတွက် ရှေးရှုနှလုံးသွင်းမှု မနသိကာရ သဘော မှာ ပုံပန်းသဏ္ဌာန် ဟူသော သဏ္ဌာနပညတ်မှ ကင်း လွတ်၍ နေပါသည်။

**မေး။** ။ရှေးရှုနှလုံးသွင်းမှု မနသိကာရဟု နာမည်မပေးမီ က နာမည်များ ပါရှိပါသလား။

**ဖြေ။** ။ မပါမရှိပါ။

**မှတ်ချက်။** ။ သို့အတွက် ရှေးရှုနှလုံးသွင်းမှု မနသိကာရ သဘောမှာ နာမပညတ်မှ ကင်းလွတ်နေပါသည်။

**မေး။** ။ပညတ်သုံးပါးမှ ကင်းလွတ်နေသောအခါ အထင် အရှား ဘာရှိ၍နေပါသနည်း။

**ဖြေ။** ။ရှေးရှုနှလုံးသွင်းမှု မနသိကာရ သဘောသာလျှင် ထင်ရှားရှိ၍ နေပါသည်။

**မှတ်ချက်။** ။သို့အတွက် ရှေးရှုနှလုံးသွင်းမှု မနသိကာရ သာလျှင်၊ ထင်ရှား ရှိနေသောကြောင့် ပရမတ်ဟု ခေါ်ပါ သည်။

**မေး။** ။ ၎င်း ပရမတ်ကို ဘာဖြင့် ထိုးထွင်း၍ သိပါ သနည်း။

**ဖြေ။** ။ပညာဖြင့်သာ ထိုးထွင်း၍ သိပါသည်။

**မှတ်ချက်။** ။သို့အတွက် ပညတ် ၃-ပါးကို ပယ်ခွါ၍ သိသော အသိမျိုးကို ပညာသိဟု ခေါ်ပါသည်။

**မေး။** ။ပညတ် ၃–ပါးတွင် ထင်ရှားသော သဘောရှိပါသလား။

**ဖြေ။** ။ ပညတ်သုံးပါးတွင် ထင်ရှားသော သဘောမရှိပါ။

**မှတ်ချက်။** ။သို့အတွက် ထင်ရှားသော သဘောမရှိခြင်းကြောင့် ပညတ်ဟုခေါ်ပါသည်။ ၎င်းရှေးရှုနှလုံးသွင်းမှု မနသိကာရသဘောကို နာမ်ဟု ခေါ်ပါသည်။ ထိုနာမ်ကိုလျှင်ပင် သက္ကာယဟု ခေါ်ပါသည်။ ထိုသက္ကာယအပေါ်၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိမ္မက ရှေးရှုနှလုံးသွင်းသည်ဟု မှား၍ စွဲမြင်ခြင်းကို ဒိဋ္ဌိဟု ခေါ်ပါသည်။

**မေး။** ။သက္ကာယနှင့် ဒိဋ္ဌိပေါင်းလျှင် ဘာခေါ်ပါသလဲ။

**ဖြေ။** ။သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

**မေး။** ။ရှေးရှု နှလုံးသွင်းမှုသဘောက ရှေးရှုနှလုံးသွင်းတာလား၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမက ရှေးရှုနှလုံးသွင်းတာလား။

**ဖြေ။** ။ရှေးရှုနှလုံးသွင်းသော မနသိကာရသဘောတရားက ရှေးရှုနှလုံးသွင်းပါသည်။

**မှတ်ချက်။** ။ရှေးရှုနှလုံးသွင်းသော မနသိကာရ သဘောတရားက ရှေးရှုနှလုံးသွင်းသည်ဟု အမှန်ကို သိခဲ့လျှင် မှား၍ စွဲယူသော သတ္တ အတ္တအစွဲမှ ကင်းလွတ်၍ နေပါသည်။

**မေး။** ။ရှေးရှုနှလုံးသွင်းသော မနသိကာရ သဘောမှာ ပုပု တိုတို ရှည်ရှည် အလုံး အခဲများ ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။

မှတ်ချက်။ ။သို့အတွက် ရှေးရှုနှလုံးသွင်းသော မနသိကာရသဘောမှာ အကောင် အထည်ဟု မှတ်ထင်စွဲယူသော သရီရ အတ္တ အစွဲမှ ကင်းလွတ်နေပါသည်။

မေး။ ။အတ္တအစွဲ သုံးမျိုး ကင်းလွတ် နေသောအခါ အထင်အရှား ဘာပေါ်လွင် နေပါသလဲ။

ဖြေ။ ။အနတ္တသာ ထင်ရှား ပေါ်လွင်နေပါသည်။

မေး။ ။အနတ္တသည် အဘယ်ကြောင့် ထင်ရှားပေါ်လွင် နေရသနည်း။

ဖြေ။ ။အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ ကြံစည် စိတ်ကူးမှု ဟူသော အာရုံခြောက်ပါးတို့တွင် တပါးပါးကို ရှေးရှုနှလုံးသွင်း၍ အာရုံပြုတိုင်း အာရုံပြုတိုင်း ရုပ်နာမ်တို့၏ အကြောင်းနှင့် အကျိုးတို့ကို အာရုံပြုသော ယောနိသောမနသိကာရ အသင့်အတင့် နှလုံးသွင်း၍ ကိလေသာတို့ကို စင်ကြယ်အောင် သုတ်သင်ခြင်း၊ ရုပ်နာမ်တို့၏ အကြောင်းနှင့် အကျိုးတို့ကို အာရုံမပြု နှလုံးမသွင်းမှု၍ လောဘ, ဒေါသ, မောဟ တည်းဟူသော ကိလေသာတို့ကိုသာ အာရုံပြုသော အယောနိသော မနသိကာရ မသင့်မတင့် နှလုံးသွင်းခြင်း။ ဝါ၊ တနည်း သော်ကား။ ကိလေသာတို့ကို စင်ကြယ်သန့်ရှင်းအောင် သုတ်သင်သောအားဖြင့် နှလုံးသွင်းခြင်း။ ကိလေသာနှင့်တကွ မစင်ကြယ် မသန့်ရှင်းသောအားဖြင့် နှလုံးသွင်းခြင်းတည်း ဟူသော အကြောင်းတရား အကျိုးတရားသဘောသက်သက်မျှသာ ဖြစ်ပါသည်။ ဤကဲ့သို့ အကြောင်းနှင့်အကျိုးတို့၏ ပစ္စည်းပစ္စယုပ္ပန်

ဆက်စပ်ပုံမှာ၊ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ ကြံစည်စိတ်ကူးမှုဟူသော တရားအပေါင်းတို့သည် အကြောင်း ပစ္စည်းတရားတို့မည်ကုန်၏။ ထိုအကြောင်း ပစ္စည်း တရားတို့ကို အာရုံပြု၍ ကိလေသာတို့ကို စင်ကြယ်အောင် သုတ်သင်သော အားဖြင့် အသင့်အတင့်နှလုံးသွင်းခြင်း၊ကိလေသာတို့ကို မသုတ် သင်သောအားဖြင့် မသင့်မတင့် နှလုံးသွင်းခြင်း စသော တရား တို့သည် အကျိုးပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။ တဖန် ရှေးရှု နှလုံးသွင်းခြင်းသည် အကြောင်းခံပစ္စည်းဖြစ်၍ အကြောင်းခံ ပြန်၏။ ထိုခန္ဓာ၌ ကိလေသာသန့်ရှင်းစင်ကြယ်မှု၊ မစင်ကြယ် မသန့်ရှင်းမှုသည် အကျိုးပစ္စယုပ္ပန်တရားမည်ကုန်၏။ ဤကဲ့သို့ အကြောင်းအကျိုးစပ်၍ ခန္ဓာအစဉ်ဆက်ခါ ဖြစ်ပေါ်ပျက်စီး သော အကြောင်းအကျိုးတရားသဘောသက်သက်မျှသာ ဖြစ် ပါသောကြောင့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဘိတ် မရပါသဖြင့် အနတ္တသာလျှင် ထင်ရှားပေါ်လွင် နေပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ရှေးရှုနှလုံးသွင်းမှု မနသိကာရ သဘောကို အနတ္တဟု ခေါ်ပါသည်။

**မေး။** ။ရှေးရှုနှလုံးသွင်းမှု မနသိကာရ သဘော ဟုတ် မဟုတ်၊ နောင်တဖန် ဒွိဟာသံသယ ရှိဦးမည်လား။

**ဖြေ။** ။မရှိပါ။

**မေး။** ။နောက်နောက်ဘဝကဖြစ်ခဲ့သမျှ ရှေးရှုနှလုံးသွင်း မှု မနသိကာရသဘောသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟုတ်ပါသလား။

**ဖြေ။** ။မဟုတ်ပါ။ ရှေးရှုနှလုံးသွင်းမှုသဘော မနသိကာ ရသာ ဟုတ်ပါသည်။

**မေး။** ။ယခု ထင်ရှားတွေ့ရှိသော ရှေးရှုနှလုံးသွင်းမှု မနသိကာရ သဘောသည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး ယောကျ်ား မိန်းမ မဟုတ်သကဲ့သို့၊ နောက်ဘဝ ဖြစ်မှာကော အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟုတ်ပါသလား။

**ဖြေ။** ။ရှေးရှုနှလုံးသွင်းမှု သဘော နာမ်တရားတွေသာ ဟုတ်ပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် ယုံမှားခြင်းဆိုသော ဝိစိကိစ္ဆာ တရားမှ ကင်းလွတ်ရလေ၏။

**မေး။** ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဘယ်ပုဂ္ဂိုလ် ပယ်သနည်း။

**ဖြေ။** ။သောတာပန်ပုဂ္ဂိုလ် ပယ်ပါသည်။

**မှတ်ချက်။** ။မဟာသောတာပန်နှင့် စူဠသောတာပန် နှစ်မျိုးရှိရာ သစ္စာလေးပါးဖြင့် နိဗ္ဗာန်ကိုထိုးထွင်း၍၊ သိမြင်ပြီးလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကို အကြွင်း, အကျန် မရှိ၊ ပယ်သတ်ခြင်းကို မဟာသောတာပန်ဟု ခေါ်ပါသည်။ နာမ်ရုပ်အကြောင်းကိုပိုင်းခြား၍သိမ်းဆည်းသိမြင်သော နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်၊ ဤဉာဏ်များနှင့် ပြည့်စုံပါလျှင် စူဠသောတာပန်ဟု ခေါ်ပါသည်။ စူဠသောတာပန်ဖြစ်လျှင် အပါယ်လေးပါး တံခါးပိတ်တော့၏။ ဤသည်လျှင်နာမ်ခေါ်ရုပ်ပါးပရမတ်တရားတို့၌ ဉာတပရိညာဉ်

ပိုင်ခြင်းဖြင့် ထိုးထွင်းသိသည်မည်၏။ ဉာတ ပရိညာဏ်ဟူသည်၊ ဉာတ= သိသင့်, သိအပ်, သိထိုက်သော သဘောလက္ခဏာတွေ ကို၊ ပရိ= ပိုင်းခြား၍။ ဉာဏ= သိမှုပေတည်း။

## တီရဏပရိညာစခန်း

နာမ်တရားကို ဉာဏ်ဖြင့်ပိုင်းခြားခြင်းဟူသော ဉာတပရိညာ စခန်းကို ဖေါ်ပြပြီး၍ လက္ခဏာရေးသုံးပါးတည်းဟူသော တီရ ဏ ပရိညာစခန်းကို ဖေါ်ပြပေအံ့။

မေး။ ။စိတ်, စေတသိက်တည်းဟူသော နာမ်ဓါတ် ၅၃ ပါး သဘောတရားအပေါင်းတို့သည် မည်ကဲ့သို့ ဖြစ်ပေါ်လာ ပါသနည်း။

ဖြေ။ ။မိုရာဝတ္ထုနှင့် ဆဲ့ကိုင်စရာ အာရုံကို ရှေးရှုညွှတ် ကိုင်း၍ ပေါင်းဆုံ ထိခိုက်သောအခါ၊ စိတ်သည် စေတသိက် တို့၏ ရှေ့သွားခေါင်းဆောင် ပြုပြီးလျှင် အတူတကွ ဖြစ်ပေါ် လာပါသည်။

မေး။ ။စိတ်ဖြစ်ပေါ်၍ လာလျှင် စေတသိက်များ မဖြစ် ပေါ်ဘဲ နေနိုင်ပါမည်လား။

ဖြေ။ ။စိတ်နှင့်အတူတကွ ဖြစ်ပေါ်၍ လာရခြင်း ဓမ္မတာ တရားထုံးစံ ရှိပါသည်။

မေး။ ။စိတ်ပျောက်ကွယ်လျှင် စေတသိက်များမပျောက် ကွယ်ဘဲ နေနိုင်ပါမည်လား။

ဖြေ။ ။မနေနိုင်ပါ။ ပျောက်ကွယ်ရပါသည်။

**မှတ်ချက်။** ။သို့အတွက် မာဂဓဘာသာအားဖြင့် စိတ်၊ မြန်မာဘာသာအားဖြင့် သိမှု၊ မာဂဓဘာသာအားဖြင့် စေတသိက်၊ မြန်မာဘာသာအားဖြင့် တွေ့ဆုံမှု၊ ခံစားမှု၊ မှတ်မှု၊ ပြုပြင်မှု အစရှိသော ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ္တမှုဖြစ်သော တရားအပေါင်းတို့သည် အတူပေါ်, အတူချုပ် တကွဖြစ်ပေါ်၍ တကွပျက်တတ်သော သဘောတရား ထုံးစံရှိကြောင်းကို မြတ်စွာဘုရားရှင်သည် "သုတ်မဟာဝါပါဠိတော်၌" ယသ္မာ။ အကြင်ကြောင့် ဥပ္ပါဒ၊ ဖြစ်ပေါ်လာလျှင်၊ ဝယ။ ပျက်မြဲပျောက်မြဲ၊ ဓမ္မိနော၊ ဓမ္မတာ, သဘောထုံးစံ ရှိကုန်ရာ၏ဟု ဟောကြားတော်မူပါသည်။ ထို့ကြောင့် အတူပေါ် အတူချုပ်တရားတို့၌ အောက်အထက် နံဘေးအတွင်းဝယ် အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက် စသည်များ ပါရှိလေသလောဟု ဉာဏ်နှင့် မေ့နှောက်လျက် တွေးတောဆင်ခြင်ပြီး အာရုံပြု၍ ကြည့်ရှု နှလုံးသွင်းပါလေ။

**မေး။** ။ (ဥပမာ) တောင်ဘက်က တိမ်တခု၊ မြောက်ဘက်က တိမ်တခု၊ တိမ်နှစ် ဆပ်မိရာတွင် ဘွားကနဲ, ဘွားကနဲ ဖြစ်ပေါ်လာသော လျှပ်စစ်ဓါတ် သဘောကဲ့သို့၊ မှီရာ ဝတ္ထုဆွဲကိုင်စရာ အာရုံတည်းဟူသော အကြောင်း တရားတို့သည် ပေါင်းဆုံညီညွတ်မှုရှိမှ ဘွားကနဲ, ဘွားကနဲ ပေါ်ပေါက်၍ လာသော သိမှုသဘောမှာ အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက်ကောင်များ ပါရှိပါသလား။ စဉ်းစားပါ။

**ဖြေ။** ။မပါ မရှိပါ။

**မေး။** ။အကောင်အထည် အသက် မဟုတ်သော သိမှုသဘော ပေါ်လာခြင်းသည် ဘာ တရား ပေါ်လာခြင်း ဖြစ်ပါသနည်း။

**ဖြေ။** ။သိမှု ပရမတ် အနတ္တ၏ ဇာတိတရား ထင်ရှား ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

**မေး။** ။အဘယ်ကြောင့် အနတ္တ၏ ဇာတိ ဖြစ်ပေါ်လာပါသနည်း။

**ဖြေ။** ။မြန်မာဘာသာအားဖြင့် ဖြစ်ပေါ်လာခြင်းကို၊ မာဂဓဘာသာအားဖြင့်ဇာတိ–ဟု ခေါ်ပါသည်။ မြန်မာဘာသာအားဖြင့် သိမှုသဘောကို၊ မာဂဓဘာသာအားဖြင့် စိတ်ပရမတ်ဟု ခေါ်ပါသည်။ ၎င်းစိတ်ပရမတ်တရားသည် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက် အနှစ်သာရ ဘာတခုမျှ ရှာမရပါ၍၊ ဤသိမှုကို အနတ္တဟု ခေါ်ပါသည်။ ဖြစ်ပေါ် လာခြင်းကို ဇာတိဟု ခေါ်ပါသည်။ ထို့ကြောင့် အနတ္တ၏ ဇာတိဖြစ်ပေါ်လာခြင်း ထင်ရှားပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံဟု ဘုရားရှင် ဟောတော်မူပါသည်။ **စက္ခုံစ၊** စက္ခုပသာဒရုပ်ကိုရင်း။ ရူပေစ၊ နက်, နီ, ဖြူ, ဝါ, စိမ်း, ညို ပြာ, ခြောက်ဖြာအဆင်းဓါတ် ဟူသော ၆–မျိုးသော အာရုံတို့ကိုရင်း၊ ပဋိစ္စ၊ စွဲ၍။ ဝါ၊ မှီ၍ စက္ခုဝိညာဏံ၊ မြင်သိဖြစ်သော စက္ခုဝိညာဏ်စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ဘွားကနဲ ဖြစ်ပေါ်၍

လာ၏။ အမိ အဘတို့ကို စွဲ၍ မှီ၍ သားသမီးပေါက်ဘွား သကဲ့သို့၊ စက္ခုပသာဒ ရူပါရုံကို စွဲ၍၊ မှီ၍၊ ဝါ၊ အာရုံဖြင့် ဆွဲကိုင်၍ မြင်သိနှင့်တကွ နာမ်တရားအပေါင်းတို့သည် ပေါက်ဘွား၍ လာကြရသော သိမှု သဘောသည် အကောင် သတ္တဝါ အသက် မဟုတ်ပါသဖြင့် အနတ္တသာ အမှန်ဖြစ်ပါသည်။ ပေါက်ဖွား လာခြင်း သည် ဇာတိ သာ အ မှန် ဖြစ် ပါ သော ကြောင့် အနတ္တ၏ ဇာတိတရား မှန်ကြောင်းကို ဘုရားရှင် ဟော တော် မူသည့်အတိုင်း ဒိဋ္ဌဓမ္မ တွေ့မြင်ရပါ၍ အနတ္တ၏ ဇာတိ တရားအမှန် ဖြစ်ကြောင်း ထင်ရှားလေတော့၏။

မေး။ ။အကြောင်းတိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ပေါ်ပေါက်၍လာသော တွေ့ဆုံတတ်သော သဘောတရားသည် အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အနှစ်သာရ ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

မေး။ ။အကြောင်းတိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ပေါ်ပေါက်လာသော ခံစားတတ်သော သဘောတရားသည် အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက်စသော အနှစ်သာရများ ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

မေး။ ။အကြောင်းတိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ပေါ်ပေါက်၍လာသော မှတ်တတ်သော သဘောတရားသည် အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက်စသော အနှစ်သာရများ ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

မေး။ ။အကြောင်းတိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ပေါ်ပေါက်၍လာသော စေ့ဆော်ပြုပြင်တတ်သော သဘောတရားသည် အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက် စသော အနှစ်သာရများ ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

မေး။ ။အကြောင်းတိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ပေါ်ပေါက်၍လာသော တည်ကြည်တတ်သော သဘောတရားသည် အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက် စသော အနှစ်သာရများ ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

မေး။ ။အကြောင်းတိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ပေါ်ပေါက်၍ လာသော စောင့်ရှောက် အစိုးရတတ်သော သဘောတရားသည် အကောင် အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အသက် စသော အနှစ်သာရများ ဟုတ်ပါသလား။

ဖြေ။ ။မဟုတ်ပါ။

မေး။ ။အကြောင်းတိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ပေါ်ပေါက်၍ လာသော ရှေ့ရှုနှလုံးသွင်းတတ်သော သဘောတရားသည် အကောင်အထည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး

ယောကျ်ား မိန်းမ အသက်စသော အနှစ်သာရများ ရှိလေသလောဟု အာရုံပြု၍ ဉာဏ်ဖြင့် မွှေနှောက် တွေးတော ဆင်ခြင်လျှင် တစုံတရာ တွေ့ရှိပါမည်လော။

**ဖြေ။** ။အကောင် အထည် ပုဂ္ဂိုလ် သတ္တဝါ၊ တစုံတရာ မတွေ့ရှိပါ။

**မေး။** ။အကောင်အထည် မတွေ့မရှိပါလျှင်၊ ဘာတရားသဘောများ တွေ့ရှိရပါသနည်း။

**ဖြေ။** ။စင်စစ် သိတတ်၊ တွေ့ဆုံတတ်၊ ခံစားတတ်၊ မှတ်တတ်၊ စေ့ဆော်ပြုပြင်တတ်၊ တည်ကြည်တတ်၊ စောင့်ရှောက်အစိုးရတတ်၊ ရှေးရှုနှလုံးသွင်းတတ်သော အနတ္တ၏ ဇာတိသဘောတွေသာ တွေ့ရှိရပါတော့သည်။

**မှတ်ချက်။** ။သို့အတွက် စိတ်နှင့်တကွ ဖြစ်ပေါ်လာသော စေတသိက် တရားအပေါင်းတို့သည် အနတ္တ၏ ဇာတိ စင်စစ်ကေန် ဖြစ်သည်ဟု မှတ်ယူပါလေ။

**မေး။** ။ဇာတိ ဖြစ်ပေါ်လာလျှင် ဇရာ မရဏ မဖြစ်ဘဲ နေနိုင်ပါမည်လား။

**ဖြေ။** ။ဇာတိဖြစ်ပေါ်လျှင် ဇရာ မရဏ၊ တဆက်တည်း ဖြစ်ပေါ်ရပါသည်။

**မှတ်ချက်။** ။သို့အတွက် ဇာတိ ဇရာ မရဏ တဆက်တည်း ဖြစ်ပေါ်ရခြင်းကို သိသော နည်းသည် ကေတ္တ နည်းဖြင့် သိသည်ဟု ခေါ်ပါသည်။

**မေး။** ။ဇာတိတရားသည် ဇရာ မရဏ တရား ဟုတ်ပါ၏လား။

**ဖြေ။** ။မဟုတ်ပါ။ ဇာတိနှိပ်စက်ခြင်းခံရသော ဒဏ်ချက် ဒုက္ခ တမျိုး။ ဇရာ နှိပ်စက်ခြင်းခံရသော ဒဏ်ချက် ဒုက္ခတမျိုး။ မရဏ, နှိပ်စက်ခြင်း ခံရသော ဒဏ်ချက် ဒုက္ခတမျိုး ဖြစ်ပါသည်။

**မှတ်ချက်။** ။သို့အတွက် ဇာတိနှင့် ဇရာ၊ ဇရာနှင့် မရဏ နှိပ်စက်ခြင်း ဒဏ်ချက် တမျိုးစီ၊ တဖုံစီ, သဘောတခုစီ ဝေဘန်၍၊ သိသောနည်းကို နာနတ္တ နည်းဖြင့် သိသည်ဟု ခေါ်ပါသည်။

**မေး။** ။ဇာတိဖြစ်ပေါ်လာလျှင် ဇာတိက ဇရာမှ ဖြစ်ပေါ်ပါမည်လောဟု စိုးရိမ်ကြောင့်ကြ စိုက်ရသေးသလား။

**ဖြေ။** ။မစိုးရိမ်ရ ကြောင့်ကြ မစိုက်ရဘဲ၊ ဇရာ မရဏ ဖြစ်ပေါ်မြဲ ဖြစ်၍ ဖြစ်ပေါ်လာရပါသည်။

**မှတ်ချက်။** ။သို့အတွက် ဇာတိက ဇရာကို၊ ဇရာက မရဏကို မစိုးရိမ်ရ။ ကြောင့်ကြ မစိုက်ရဘဲ ဖြစ်ပေါ်လာရသည်ဟု သိသော နည်းသည် အဗျာပါရ နည်းဖြင့် သိသည်ဟု ခေါ်ပါသည်။

**မေး။** ။အဘယ်ကြောင့် ဇာတိတရား ပေါ်လျှင် ဇရာ, မရဏတရားတို့ ဆက်လက် ပေါ်ပေါက်ရပါသနည်း။

**ဖြေ။** ။ဇာတိတရား ဖြစ်ပေါ်လာလျှင် ဇရာ မရဏဖြစ်ပေါ်ရမြဲ၊ ဓမ္မတာသဘော ထုံးစံ ရှိပါသောကြောင့် ဆက်လက် ပေါ်ပေါက် ရပါသည်။

**မှတ်ချက်။** ။ဇာတိတရား ဖြစ်ပေါ်လာလျှင်၊ ဇရာ မရဏ ပေါ်လာရမည် ဓမ္မတာ ထုံးစံရှိသည်ဟု သိသောနည်းကို

ဝေဝံ ဓမ္မတာနည်းဖြင့် သိသည်ဟု ခေါ်ပါသည်။ ဤကဲ့သို့-ကေတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်း ဖြစ်သော နည်းလေးပါးဖြင့် သိရမည်ဟု ဘုရားရှင် ဟောတော်မူသည့်အတိုင်း ဟုတ်တိုင်းမှန်စွာ သိခြင်းဖြင့် ထိုးထွင်း၍ သိလေတော့၏။ ထိုသို့ သိမြင်လျှင် အနတ္တ အချက်ကို ပိုင်သည်မည်၏။

မေး။ ။ဇာတိတရား၏ အနှိပ်စက် ဒဏ်ချက်ကို ခံရခြင်းသည် ချမ်းသာပါသလား။ ဆင်းရဲပါသလား။

ဖြေ။ ။အလွန်ဆင်းရဲလှပါသည်။

**မှတ်ချက်။** ။သို့အတွက် ဇာတိ၏ ဒဏ်ချက်သည် အလွန်ဆင်းရဲ၍ မြတ်စွာဘုရားသည် ဇာတိပိ ဒုက္ခာ ဟု ဟောတော်မူသည့်အတိုင်း သိမြင်ခြင်းသည် ဒုက္ခကို သိမြင်ခြင်း ဖြစ်ပါသည်။

မေး။ ။ဇရာတရားသည် မည်ကဲ့သို့သော ဒဏ်ချက်ဖြင့် နှိပ်စက်အပ်ပါသနည်း။

ဖြေ။ ။ဆွေးမြေ့ ရင့်ရော် အိုမင်းဟောင်းနွမ်း ကတိမ်းကယိုင် လဲခွေ၍ သေလုမတတ် ဘိညှပ်အပ်သော ဒဏ်ချက်ဖြင့် နှိပ်စက်၍ သည်းခံခြင်းငှါ ခဲယဉ်းလှပါသဖြင့် အလွန်ဆင်းရဲလှပါသည်။

**မှတ်ချက်။** ။သို့အတွက် ဇရာ၏ ဒဏ်ချက်သည် အလွန်ဆင်းရဲ၍ မြတ်စွာဘုရားသည် ဇရာပိဒုက္ခာ ဟု ဟောတော်မူသည့်အတိုင်း သိမြင်ခြင်းသည် ဒုက္ခကို သိမြင်ခြင်း ဖြစ်ပါသည်။

မေး။ ။မရဏတရားသည် မည်ကဲ့သို့ ဒဏ်ချက်ဖြင့် နှိပ်စက်အပ်ပါသနည်း။

ဖြေ။ ။အမြဲမတည်နိုင်အောင် အသေသတ်၍ အကြွင်းအကျန်မရှိ ကုန်ဆုံးပျက်စီးအောင် နှိပ်စက်သော ဒဏ်ချက်ဖြင့် နှိပ်စက်သောကြောင့် မရဏ သေခြင်း။ အနိစ္စ မမြဲခြင်း။ ဒုက္ခရောက်၍ အလွန်ဆင်းရဲလှပါသည်။

မှတ်ချက်။ ။သို့အတွက် မြတ်စွာဘုရားရှင်သည် မရဏပိဒုက္ခ ဟု မမြဲသောအားဖြင့် အနိစ္စဒဏ်ချက်ကြောင့် အကြွင်းအကျန်မရှိ သေကြေပျောက်ပျက် ကုန်ခန်းခြင်းဖြင့် နှိပ်စက်တတ်သော သဘောဒုက္ခဟု ဟောတော်မူပါသည်။ ထိုကဲ့သို့ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခတို့ကို ပိုင်းခြား၍ သိမြင်လျှင် ဒုက္ခကို ပိုင်သည်မည်၏။ မမြဲသဖြင့် ကုန်ပျောက် ပျက်စီးခြင်းကို သိမြင်လျှင် အနိစ္စချက်ကို ပိုင်သည်မည်၏။

မေး။ ။ဇာတိ ဇရာ မရဏတို့၏ ဒဏ်ချက်ဖြင့် နှိပ်စက်ခြင်းကို ဥပမာ ဥပမေယျဖြင့် သိသာအောင် ဖြေဆိုပြပါ။

ဖြေ။ ။မုဆိုးနှင့် သားကောင်ကဲ့သို့ ဥပမာ တူပါသည်။ မုဆိုးသည် သားကောင်ကို ရှေးရှုတွေ့မြင်သောအခါ လေးကိုတင်၍ အဆိပ်လူးသော မြှားဖြင့် ပစ်ခတ်ရာ၊ ၎င်းမြှားဒဏ်ချက်သည် ပဌမ ထိခိုက်ခြင်းဖြင့် အလွန်ပြင်းပြစွာ နာကျင်လှ၍ အောင်ဟစ်ပြေးသွားရာ အဝေးသို့ မပြေးနိုင်အောင် မြှားဆိပ်တစစ ဘမ်း၍ အားနည်းပြီးလျှင် နွမ်းယိုင်ခွေပြော့လျက် လဲကျခြင်း ဖြစ်ရပါသည်။ ၎င်းမြှားဆိပ်သည် ထိုသားကောင်အားသေစေခြင်းသို့ရောက်အောင် နှိပ်စက်သောဒဏ်ချက်ဖြင့် အပြင်း

အထန်နှိပ်စက်ခြင်းဖြင့် နှိပ်စက်သောကြောင့် သားကောင်သေခြင်းအဆုံးသို့ ရောက်သကဲ့သို့၊ ထို့အတူ ဥပမာကိုဥပမေယျဖြင့် ဟပ်၍ပြသော်၊မုဆိုးသည် သားကောင်ကို ရှေးရှုတွေ့မြင်ခြင်းနှင့် ရူပါရုံ စက္ခု ပသာဒတည်းဟူသော အကြောင်းတရားပေါင်းဆုံ ထိခိုက်ခြင်းဒဏ်ချက်တူပါသည်။ မုဆိုးသည် လေးကိုတင်ပြီးလျှင် မြှားဆိပ်လူးသော မြှားဖြင့် သားကောင်ကို ပစ်ခတ်၍ သားကောင်မှာ မြှားစူးထိသော ဒဏ်ချက်ပြင်းပြစွာခံရခြင်းနှင့် စက္ခု ရူပါရုံရှေးရှုထိခိုက်သော ဒဏ်ချက် ပြင်းထန်သဖြင့် ဆပ်ဆပ်ခါ၍သိမှု၊ တွေ့ဆုံမှု၊ ခံစားမှု၊ မှတ်မှုအစရှိသော နာမ်ခန္ဓာ ချုပ်ပါး စိတ်စေတသိက် အနတ္တ၏ ဇာတိတရားသည် ဘွားကနဲ ဖြစ်ပေါ်လာခြင်းတူပါသည်။ မြှားဆိပ်ဘမ်း၍ အားနည်းပြီးလျှင် မပြေးနိုင် နွမ်းယိုင် ခွေပြေ့လျက် သားကောင်လဲခြင်းနှင့် စက္ခု ရူပါရုံ ရှေးရှုထိခိုက်သောဒဏ်ချက်ဖြင့် နှိပ်စက်၍ မခံမရပ်နိုင်သဖြင့် ဆပ်ဆပ်ခါ၍ ဖြစ်ပေါ်လာရှိသော သိမှု၊ တွေ့ဆုံမှု၊ ခံစားမှု၊ မှတ်မှု အစရှိသော အနတ္တ ဇာတိတရားတို့ကို မြှားဆိပ်သည် သားကောင်ကို တစတစဘမ်း၍ အားသေးယိမ်းယိုင်လျက် လဲကျရသကဲ့သို့၊ စက္ခုရူပါရုံထိခိုက်သော ဒဏ်ချက်သည် အလွန်ပြင်းထန်၍ နှိပ်စက်ခြင်းဖြင့် နှိပ်စက်အပ်ပါသောကြောင့် အားသေ ယိမ်းယိုင်လျက် လဲရခြင်းနှင့် ဇရာတရားဖြစ်ပေါ်လာရခြင်းတူပါသည်။ သားကောင်အား ထိုမြှားဆိပ်သည် တစ တစ ဘမ်း၍ ဘိစီးနှိပ်စက်သော ဒဏ်ချက်ဖြင့် လဲရာမှ မြှားဆိပ်ဘမ်းသောဒဏ်ချက်သည် အလွန်တရာပြင်းထန်စွာ နှိပ်စက်ခြင်းဖြင့် အသက်သေကြေပျက်ပြားရသော သားကောင်

နှင့် စက္ခု ရူပါရုံ ရှေးရှုထိခိုက်သော ဒဏ်ချက်ကြောင့်မခံမရပ်နိုင် ဆပ်ဆပ်ခါ၍ ဖြစ်ပေါ်လာရသော သိမှု တွေ့ဆုံမှု ခံစားမှု မှတ်မှု စသော စိတ်စေတသိက် ဇာတိတရားအား တစ တစ ဘိစီးနှိပ်စက်၍ အားသေပြီးလျှင် ယိမ်းယိုင် လဲကျခြင်းသို့ ရောက်ရသော ဇရာတရား အလွန့်အလွန်များစွာ ဘိစီးနှိပ်စက်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ သိမှု တွေ့ဆုံမှု ခံစားမှု မှတ်မှု စသော နာမ်, စိတ်စေတသိက်တရားတို့သည် အကြွင်းအကျန်မရှိ သေကြေကုန်ပျောက်ပျက်စီးရခြင်းနှင့် မရဏ အနိစ္စဒဏ်ချက်ကို ခံရခြင်းတူပါသည်။

**မှတ်ချက်**။ ။ဤတွင် ရုပ်ပရမတ်မှ နာမ်ပရမတ်သို့ ခန္ဓာထဲ၌ အာရုံပြု၍ကြည့်ရှုပုံနှင့် နာမ်ဓါတ်ရှစ်ပါး၏ သရုပ်သဘော လက္ခဏာ တိရဏပရိညာဉ်စခန်းတို့ကို အနည်းငယ် ပြဆိုလိုက်သော အခဏ်းတည်း။ ။ပဟာန ပရိညာဉ်ကို အနည်းငယ် ပြဆိုရမှာ၊ ပဟာန ပရိညာဉ်ဟူသည်ကား ဝိပလ္လာသ ၁၂-ကို အကြွင်းအကျန်မရှိ ပယ်သတ်ခြင်းကို ဆိုပါသည်။ အနတ္တကို အတ္တဟု မှတ်ခြင်း ဝိပလ္လာသတပါး။ အတ္တဟုသိခြင်း ဝိပလ္လာသတပါး။ အတ္တဟု စွဲခြင်း ဝိပလ္လာသတပါး။ ဒုက္ခကို သုခဟု မှတ်ခြင်း ဝိပလ္လာသတပါး။ သုခဟု သိခြင်း ဝိပလ္လာသတပါး။ သုခသို့ယူခြင်း ဝိပလ္လာသတပါး။ အနိစ္စကို နိစ္စဟုမှတ်ခြင်း ဝိပလ္လာသတပါး။ နိစ္စဟု သိခြင်း ဝိပလ္လာသတပါး။ နိစ္စဟုယူခြင်း ဝိပလ္လာသတပါး။ အသုဘကို သုဘဟုမှတ်ခြင်း ဝိပလ္လာသတပါး။ သုဘဟုသိခြင်း ဝိပလ္လာသတပါး။ သုဘဟု ယူခြင်း ဝိပလ္လာသတပါး။ ပေါင်း ၁၂-ပါးကို ပဟာနအကြွင်းအကျန်

မရှိ ပယ်သည်၏အစွမ်းဖြင့် ပရိ=ပိုင်းခြား၍၊ ညာဏ=သိမှုတည်း။ ဤကဲ့သို့ ပယ်ခြင်းသည် မဂ်အစဉ်အတိုင်းသာ အကြွင်းအကျန်မရှိ ပယ်သတ်ပါသည်။ သောတာပတ္တိမဂ်သည် အနိစ္စ၌ ဝိပလ္လာသတရားသုံးပါးစလုံး အနတ္တ၌ ဝိပလ္လာသတရားသုံးပါးစလုံး၊ ဒုက္ခ၌ သုခဒိဋ္ဌိ သုခအယူ ဝိပလ္လာသတပါး။ အသုဘ၌ သုဘဒိဋ္ဌိ သုဘအယူ ဝိပလ္လာသတပါး။ ပေါင်း ၈-ပါးသော ဝိပလ္လာသတရားတို့ကို အကြွင်းအကျန်မရှိ ပယ်သတ်၏။

သကဒါဂါမိမဂ်သည် ကျန်သော ဝိပလ္လာသ ၄-ပါးတို့ကို ခေါင်းပါးအောင် ပြုသောအားဖြင့်သာ ပယ်သတ်ပါသည်။ အနာဂါမိမဂ်သည် သုဘ၌ သုဘသညာ၊ သုဘဟု မှတ်ခြင်း ဝိပလ္လာသ သုဘစိတ္တ၊ သုဘဟု သိခြင်း ဝိပလ္လာသဟူသော ဝိပလ္လာသတရား ၂-ပါးတို့ကို အကြွင်းအကျန်မရှိ ပယ်သတ်ပတ်သည်။ အရဟတ္တမဂ်သည် ဒုက္ခ၌ သုခသညာ၊ သုခဟုမှတ်သော ဝိပလ္လာသ။ သုခစိတ္တ၊ သုခဟုသိသော ဝိပလ္လာသဟူသော ဤဝိပလ္လာသတရားရှိသမျှကို အကြွင်းအကျန်မရှိ ပယ်သတ်ပါသည်။

ဤတွင် ညာတပရိညာဉ်၊ တိရဏပရိညာဉ်၊ ပဟာနပရိညာဉ်တို့ကို အမေးအဖြေနှင့် တကွ ပြဆိုခြင်းရပ်ဆိုင်း၍၊ ဤကဲ့သို့ ရုပ်တရား၌ ရံခါ နာမ်တရား၌ ရံခါ ရုပ်နာမ် နှစ်ပါးရော၍၊ ရံခါ ၎င်းရုပ်နာမ်၏သဘောလက္ခဏာတို့နှင့်တကွ နိဗ္ဗာန်ရောက်သည့် တိုင်အောင် အာရုံပြု၍၊ ကြည့်ရှုနှလုံးသွင်းရန် အစဉ်အတိုင်း ပြဆိုပေအံ့။

ထိုကဲ့သို့ ရုပ်တရား၌ ရံခါ၊ နာမ်တရား၌ ရံခါ။ ရုပ်နာမ် နှစ်ပါးရော၍၊ ရံခါ အကောင် အထည်, အသက်မဟုတ်တဲ့ အနတ္တသဘော၊ မသုတ်သင် မဆေးကြောဘဲ ထားလျှင် အံချင်စရာ၊ ဩဇချင်စရာ၊ စက်ဆုတ်ရွံရှာဘွယ်စရာ ဆိုတဲ့ အသုဘ သဘော ဇရာမရဏတည်းဟူသော အနှိပ်စက်ဒဏ်ချက်ကို ခံရ၍ မသက်သာသဖြင့် အလွန်ခံပြင်းလှသော ဒုက္ခသဘော၊ ကွယ် ပျောက် ပျက်စီးတဲ့ အနိစ္စသဘော၊ ၎င်းသဘောတွေကို သွား တိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ လျောင်းတိုင်း၊ မပြတ်မလတ် အဖန်တလဲလဲ ထပ်ခါထပ်ခါ တွေးတောဆင်ခြင် အာရုံပြု၍ ကြည့်ရှုဖန်များလျှင်၊ စင်စစ် အကောင် သတ္တဝါ အသက်ဟူ သော အတ္တ။ လှပတင့်တယ် နှစ်သက်ဘွယ်ဟူသော သုဘ။ သက်သာမှုဟူသော သုခ မြဲတည်မှုဟူသော နိစ္စဟူ၍ စိုးစဉ်း အနည်းငယ်မျှလောက် မရှိဘဲ၊ စင်စစ် အကောင် သတ္တဝါ။ အသက်မဟုတ်သော အနတ္တသဘော။ အံချင်စရာ ဩဇချင် စရာ စက်ဆုတ်ရွံရှာဖွယ်စရာဟူသော အသုဘသဘော။ ဇာတိ, ဇရာ မရဏတည်းဟူသော အနှိပ်စက် ဒဏ်ချက်ကို ခံရ၍ မသက် သာသော ဒုက္ခသဘော။ ကွယ်ပျောက် ပျက်စီးလေသော အနိစ္စသဘော ၎င်းသဘောတရားတွေသာ ဟုတ်တိုင်းမှန်စွာ မသိတတ်သော အဝိဇ္ဇာ။ နှစ်သက်ခင်မင်တွယ်တာ တပ်မက် မောတတ်သော တဏှာ။ ဤ အဝိဇ္ဇာတဏှာ ရှိသရွေ့၊ ထိုထို ဘုံ၊ ထိုထိုဘဝ၌ ဆက်ခါဆက်ခါ ကေန် အမှန်ဖြစ်နေသည်ကို မြင်လေ၏။ ထိုကဲ့သို့ အကောင် အထည် အသက်မဟုတ်တဲ့ အနတ္တ သဘော၊ အံချင်စရာ ဩဇချင်စရာ စက်ဆုတ်ရွံရှာဖွယ် ဆိုတဲ့

အသုဘသဘော၊ ဇရာ မရဏ အနိုပ်စက်ကို ခံရ၍ မသက်သာ တဲ့ ဒုက္ခသဘော၊ကွယ်ပျောက်ပျက်စီးလေသော အနိစ္စသဘော တွေကို ထင်မြင်၍ နေခဲ့ပါလျှင်။ ထိုရုပ်နာမ် ၂-ပါး။ သင်္ခါရ ပရမတ်တရား၌ စင်စစ် ကောင်းတာကို မမြင်ဘဲ၊ ဘယ်ဘုံ, ဘယ်ဘဝမှာမှ မဖြစ်ချင်ဘဲ၊ မလိုချင်ဘဲ ငြီးငွေ့ စက်ဆုတ်ခြင်း သို့ ရောက်လေတော့သည်သာတည်း။ ဝါ၊ ထိုရုပ်နာမ်ခန္ဓာတို့ မဖြစ်ပေါ်ဘဲ၊ မလိုချင်ဘဲ ငြီးငွေ့ စက်ဆုတ်ခြင်းသို့ ကေန်မုချ ရောက်လေတော့၏။

ထိုသို့ ဆိုအပ်ခဲ့ပြီးသော ရုပ်နာမ်နှစ်ပါး။ သင်္ခါရ ပရမတ် တရားတို့၌ လက္ခဏာရေးသုံးပါးတင်၍ သုံးသပ် ဆင်ခြင်တိုင်း သုံးသပ်ဆင်ခြင်တိုင်း သီလသိက္ခာ၊သမာဓိသိက္ခာ၊ ပညာသိက္ခာ သုံးမျိုးနှင့် ပြည့်စုံ၍ နေ၏။

သိက္ခာသုံးမျိုးနှင့် ပြည့်စုံ၍ နေခဲ့လျှင်၊ ၎င်းသိက္ခာ သုံးမျိုး တို့က ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာနကိလေသာ၊ အနုသယ ကိလေသာဟူသော ကိလေသာ သုံးမျိုးတို့ကို အစဉ်အတိုင်း ပယ်သတ်လေ၏။

## ပယ်သတ်ပုံ ထက်ာမှတ်ရန်

သီ-ဓိ-ပညာ၊ ကျင့်သုံးဖြာ၊ မှတ်ပါ ဆေးချက်ပါ။
လွန်ကျူးဆူပွက်၊ မျိုးမပျက်၊ သုံးချက် ကိလေသာ။
ကိုယ်နှုတ်လွန်ရှာ၊ ကိလေသာ၊ မှတ်ပါ ဝိတိက္ကမာ။
စိတ်၌ဆူရှာ၊ ကိလေသာ၊ မှတ်ပါ ပရိယုဋ္ဌာနာ။

မျိုးစေ့တူစွာ၊ ကိလေသာ၊ မှတ်ပါ အနုသယာ။
အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေး မခက်ပါ။
အနာဆင်ပြောင်၊ ဆေးယင်ကောင်၊ တူအောင် ဉာဏ်နှင့်
ရှာ။ ။ဟူသော လင်္ကာကို သိကြပါလေ။ များဝေနေတို့။

သီလသိက္ခာဟူသည်၊ သီလကား– ကာယကံမှု၊ ဝစီကံမှု၊ စင်ကြယ်အောင် စောင့်ရှောက် ထိန်းသိမ်းတာ၊ ကာယကံ ဝစီကံ စင်ကြယ်စောင့်ရှောက် ထိန်းသိမ်းသော အကျင့်တမျိုးပေတည်း။

သမာဓိ သိက္ခာဟူသည် သမာဓိကား တည်ကြည်တာသိက္ခာကား ကျင့်တာ။ တည်ကြည်အောင် ကျင့်သော အကျင့်တမျိုးပေတည်း။ ပညာသိက္ခာဟူသည်။ ပ=အနှံ့အပြား။ ညာ=ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိတာ။ သိက္ခာကား= ကျင့်တာ။ အနှံ့အပြား ထိုးထွင်း၍ ဟုတ်တိုင်းမှန်စွာ။ သိသော အကျင့်တမျိုးပေတည်း။

ဤအကျင့်သုံးမျိုး တည်းဟူသော သိက္ခာ သုံးပါးနှင့် ပြည့်စုံ၍ နေခဲ့ပါလျှင်၊ အပါယ်သို့ လားရောက်ကြောင်းဖြစ်သော အလုံးစုံသော အကုသိုလ်ကာယကံမှု၊ ဝစီကံမှုတို့ကိုလည်း မပြုကျင့်တော့ပြီ။

စက်ဆုတ်အပ်သော အကုသိုလ် တရားတို့ကို ဖျက်ဆီးတတ်သော သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်တို့နှင့်လည်း ပြည့်စုံ၍ နေတော့၏။

မိမိ၏ စိတ်အစဉ်၌ လိုချင်နှစ်သက် ခင်မင်တွယ်တာ တပ်မက်မောမှု လောဘ၊ ဆဲချင်မှု ဆိုချင်မှု ဒေါသ၊ မိုက်မဲတွေဝေမှု မောဟ။ ထိုလောဘ ဒေါသ မောဟ အစရှိသော အကုသိုလ် အညစ်အကြေးတွေ မလိမ်းမကျံ မကပ်ငြိသောကြောင့် သန့်ရှင်း စင်ကြယ် ဖြူစင်၍လည်း နေတော့၏။

ဤသုံးချက်သော ပြုလုပ်မျိုးသည် ဂင်္ဂါ ဝါဠု သဲစုမက ပွင့်တော်မူကုန်သော ဘုရားရှင်တို့၏ အဆုံး, အမတော်ပေတည်း။

ထိုဘုရားရှင်၏ အဆုံးအမကို လိုက်နာကျင့်ကြံ မှတ်သားနာယူ အားထုတ်လေ့လာသော ရဟန်းရှင်လူ, ခပ်သိမ်းသော သူတို့မှာသာ ဖြူစင်သော အယူရှိသောကြောင့် ဘုရားရှင်တို့၏ ဘပည့်သား အစစ်ဖြစ်ပေ၏၊ ထိုသို့ အကုသိုလ်ကို မပြုကျင့်မှု ကုသိုလ်နှင့် ပြည့်စုံစေမှု သိမှု ပရမတ်အစဉ်ကို ဖြူစင်စေမှု။ ၎င်းသုံးမျိုးသော အမှုလုပ်ငန်းသည် ဘုရားအဆူဆူတို့၏ အဆုံးအမတော် မည်ကြောင်းကို သုတ်မဟာပါဠိတော် မဟာပဒါနသုတ် စာမျက်နှာ နံပါတ် ၃၃-စာကြောင်းရေ ၃၁-၌ ၎င်းခမ္မပဒ ပါဠိတော် ဗုဒ္ဓဝဂ်၌၎င်း....

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

ဟူ၍ ဘုရားအဆူဆူတို့ ဟောတော်မူ၏။

မြန်မာပြန်ကား။ ။သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်းမှု အကုသိုလ် ကာယကံ, ဝစီကံမှုကို။ ယံအကရဏံ၊ အကြင်

မပြုကျင့်ခြင်းသည်ရှင်း။ ကု- ကုစ္ဆိတော၊ စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို။ သလသ- သလေန။ ဖျက်ဆီးတတ်သော ကုသိုလ်တရားနှင့်၊ ယာဥပသမ္ပဒါ၊ အကြွင်ပြည့်စုံစေခြင်း ရှင်း။ သ၊ မိမိ၏ စိတ္တ၊ သိမ္မ စိတ်ပရမတ် အစဥ်ကို။ ယံ ပရိယောဒါပနံ၊ လောဘ, ဒေါသ, မောဟ တည်း ဟူသော အညစ်အကြေး မကပ်ငြိအောင် အကြွင်, ဖြူစင်စေခြင်းရှင်း၊ အတ္တိရှိ၏။ တေံသဗ္ဗ၊ ထိုအလုံးစုံသည်။ ဗုဒ္ဓါနံ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကုန်သော ဘုရားရှင်တို့၏၊ သာသနံ။အဆုံးအမတော် ပေတည်း။

ဤပါဠိတော်ဖြင့် ဘုရားအဆူဆူတို့၏ အဆုံးအမကို သိကြပါလေ။

အထူးမှတ်သားဘွယ် တမျိုးမှာ။ ။စိတ်ပရမတ်၊ စေတသိက် ပရမတ်၊ ရုပ်ပရမတ်တည်းဟူသော အကြောင်း တိုက်ဆိုင်မှုသာ ဘွားကနဲ-ဘွားကနဲ ထင်ရှားဖြစ်ပေါ်လာတဲ့ သင်္ခတ-သင်္ခါရ ပရမတ်ဟူသမျှသည်၊ ဤ-ဤ နေရာမှာ ဖြစ်ပေါ်လာပြီး။ ဤ-ဤနေရာမှာပင် ကွယ်ချုပ် ပျက်စီးကုန်၏။ ထိုထိုနေရာမှာ ဖြစ်ပေါ်လာပြီး။ ထိုထိုနေရာမှာပင် ကွယ်ချုပ်ပျက်စီးကုန်၏။ ။

တဆံချည်မျှင်ဖျားခန့်မျှလောက် မရွေ့ရှားကောင်းဟူ၍ မှတ်အပ်၏။

ကွယ်ချုပ် ပျက်စီးခြင်းသို့ မရောက်ရအောင် ထာဝရဘုရား၊ အရည်းကြီးတို့၊ အသူရိန်နတ်ကြီးတို့၊ ဘန်ဆင်းထားလို့မရ။ အင်မတန် တန်ခိုးကြီး၍ လူ-နတ်-ဗြဟ္မာ-သတ္တဝါတို့၏

ကိုးကွယ်ရာ၊ အားထားရာ၊ မှီခိုရာ ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်တို့မှသော်သည်း တားမြစ်လို့ မရ။ ဘာကြောင့် ဆိုသော်၊ အကြောင်း ညီညွတ်လျှင် ဖြစ်ပေါ်မြဲ ဓမ္မတာ ဖြစ်ပေါ်လာလျှင် ပျက်စီးမြဲ ဓမ္မတာ သဘော ထုံးစံရှိလေသောကြောင့်တည်း။ ဓမ္မတာသဘော ထုံးစံဖြစ်ကြောင်းကို၊ သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဗြဟ္မာသံယုတ်၊ ဒုတိယဝဂ် စာမျက်နှာနံပါတ် ၁၇၈–၌ရှင်း၊ သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်။ အင်္ဂုတ္တိုရ်စသော ထိုထို ပါဠိတော်တို့၌ရှင်း။ ။ အနိစ္စာဝတသင်္ခါရာ န ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိကား သင်္ခတနှယ်ဘက်က ပါဠိ၊တေသံ ဝူပသမော သုခေါကား အသင်္ခတနယ်ဘက်က ပါဠိ။ ဤသို့ ဘုရားရှင် ဟောတော်မူ၏။

သင်္ခါရာ။ အကြောင်းတိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ထင်ရှား ဖြစ်ပေါ်လာကုန်သော စိတ်ပရမတ် စေတသိက် ပရမတ်၊ ရုပ်ပရမတ်တည်းဟူသော အကျိုးသင်္ခါရ ပရမတ်တရားတို့သည် ဝတ–ဧကန္တေန။ စင်စင် ဧကန် အမှန် မုချအားဖြင့်၊ အနိစ္စာ။ ကွယ်ပျောက်ပျက်စီးကုန်ခန်းခြင်းသို့ရောက်လေကုန်၏။ ယသ္မာ၊ အကြင်ကြောင့် ဥပ္ပါဒ၊ ဖြစ်ပေါ်လျှင်၊ ဝယ၊ ပျက်မြဲ၊ ပျောက်မြဲ၊ ဓမ္မိနော၊ ဓမ္မတာသဘော ထုံးစံ ရှိကုန်၏။

တသ္မာ– ထို့ကြောင့်၊ ဥပ္ပဇ္ဇိတွာ၊ ရှေးရှေးတုန်းက ရှိနေသည် မဟုတ်။ အကြောင်း တိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ထင်ရှားဖြစ်ပေါ်လာကုန်ပြီး၍။နိရုဇ္ဈန္တိ၊ ကွယ်ချုပ်ပျက်စီးလေကုန်၏။ ။ဥပ္ပဇ္ဇိတွာ၊ အရင်အရင် ဖြစ်ပေါ်လာကုန်ပြီး၍

နိရုဇ္ဈန္တိ၊ အရင်အရင်ဘဲ ကွယ်ချုပ် ပျက်စီးလေကုန်၏။ ဥပ္ပဇ္ဇိတွာ၊ သည့်အရင် သည့်အရင် ဖြစ်ပေါ်လာကုန်ပြီး၍။ နိရုဇ္ဈန္တိ သည့်အရင် သည့်အရင်ဘဲ ကွယ်ချုပ်ပျက်စီး လေကုန်၏။ ။ ဥပ္ပဇ္ဇိတွာ နောက်နောက် ဖြစ်ပေါ်လာကုန်ပြီး၍၊ နိရုဇ္ဈန္တိ၊ နောက်နောက်ဘဲ ကွယ်ချုပ် ပျက်စီးလေကုန်၏။ ။ဥပ္ပဇ္ဇိတွာ။ သည့်နောက် သည့်နောက် ဖြစ်ပေါ် လာကုန် ပြီး၍၊ နိရုဇ္ဈန္တိ၊ သည့်နောက် သည့်နောက်ဘဲ ကွယ်ချုပ် ပျက်စီးလေကုန်၏။

## လိုရင်းအဓိပ္ပါယ် ရှင်းလင်းချက်ကား

အရင်အရင်ပေါ်လျှင် အရင်-အရင်ချုပ်။ ။သည့်အရင်၊ သည့်အရင်ပေါ်လျှင်၊ သည့်အရင် သည့်အရင်ချုပ်။ နောက်နောက် ပေါ်လျှင် နောက်နောက်ချုပ်။ သည့်နောက် သည့်နောက် ပေါ်လျှင် သည့်နောက် သည့်နောက်ဘဲ ကွယ်ချုပ် ပျက်စီးလေကုန်၏။

နိဗ္ဗာန်တည်းဟူသော အသင်္ခတ=ဝိသင်္ခါရ ပရမတ်မှတပါး စိတ်စေတသိက်-ရုပ်တည်းဟူသော သင်္ခတ- သင်္ခါရ။ ပရမတ်ဟူသမျှတို့သည်....

ဤဤနေရာမှာ ချုပ်။ ဤဤနေရာမှာပေါ်။ ။ဤဤနေရာမှာပေါ်၊ ဤဤနေရာမှာချုပ်။ ။ထိုထိုနေရာမှာချုပ်။ ထိုထိုနေရာမှာပေါ်။ ထိုထိုနေရာမှာပေါ်၊ ထိုထိုနေရာမှာချုပ် ပျောက် ပျက်စီးကုန်၏ဟူ၍ သိကြပါလေကုန်။

၎င်း သင်္ခါတ–သင်္ခါရ ပရမတ်တို့သည်၊ လူ–နတ်–ဗြဟ္မာ–ယောကျ်ား–မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ဟု ခေါ်ဆိုအပ်သော သဝိညာဏက။ ခန္ဓာထဲ၌သာ ဖြစ်ပေါ်ကုန်၏။ ဖြစ်ပေါ်၏ဟု ဆိုသော်လည်း (၂)စိတ် (၃)စိတ်(၄)စိတ် စသည်ဖြင့် အတူတူပြိုင်၍ ဖြစ်ပေါ်၍ ထုံးစံ မရှိကုန်။ တစိတ်ဖြစ်ပေါ်လာပြီးမှသာ တစိတ်ချုပ် တစိတ်ချုပ်ပြီးမှသာ တစိတ်ဖြစ်ပေါ်လာရိုး ထုံးစံရှိကုန်၏။ ။ထို့ကြောင့်၊ စာမျက်နှာ ၅၃၇–ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကင်္ခါဝိတရဏနိဒ္ဒေသ၌။

ပုရိမံ၊ ရှေးဖြစ်သော။ စိတ္တံ၊ သိမှုသည်။ ဘိဇ္ဇတေ၊ ကွယ်ချုပ်ပျက်စီးလေ၏။ တာဝတာ၊ ထိုရှေးစိတ် ကွယ်ချုပ် ပျက်စီးလေသောကြောင့်။ ပစ္ဆိမံ၊ တခါတရံမျှ ဖြစ်ပေါ်မှု မရှိသေးသော နောက်စိတ်သည်။ ဇာယတေ၊ ဘွားကနဲ ဘွားကနဲ ထင်ရှားဖြစ်ပေါ်၍ လာ၏။ ။ဤအဋ္ဌကထာပါဠိဖြင့်သာ သိရသည် မဟုတ်သေး၊ ဗိနု–လင်္ကာရ ဋီကာ ပါဠိ၌လည်း....

ဒွိန္နံ စိတ္တာနံ ဧကက္ခဏေ ပဝတ္တိနာမ နတ္ထိ ဟူ၍ ဋီကာရှင် မိန့်ဆိုသေး၏။ ဒွိန္နံ၊ နှစ်ချက်ကုန်သော။ စိတ္တာနံ၊ သိမှုတို့၏။ ဧကက္ခဏေ၊ တပြိုင်နက်သော ခဏ၌။ ပဝတ္တိနာမ၊ ဖြစ်ပေါ်မှုမည်သည်။ နတ္ထိ– မရှိ။ ။

တေသံ၊ အကြောင်းတိုက်ဆိုင်မှသာ ဘွားကနဲ ဘွားကနဲ ထင်ရှားဖြစ်ပေါ်လာကုန်သောစိတ်သင်္ခါရ ပရမတ် စေတသိက်သင်္ခါရ ပရမတ် ရုပ်သင်္ခါရ ပရမတ်။ ထိုသင်္ခါရ ပရမတ်တို့၏

ဝူပသမော၊ ငြိမ်းဧ ကွယ်ပျောက်ကြောင်းဖြစ်သော အသင်္ခါတ ဓါတ်သဘော ဝိသင်္ခါရ နိဗ္ဗာန်ပရမတ်တရားသည် သုခေါ၊ ဇရာ မရဏတည်းဟူသော အနိုပ်စက်ဒဏ်ချက်ကို မခံရသောကြောင့် အိုမှု နာမှု ခါးကုန်းမှု ဆံဖြူမှု သွားကြိုးမှု သေပျောက်မှု အစ ရှိသော ဘေးအပေါင်းတို့ မရှိဘဲ။ အလွန့်အလွန်ပင် ချမ်းသာ လှပေ၏။ တနည်း, ဘုရားမြတ်စွာ စိန္တေယျာနှင့် အရိယာ သူတော်ကောင်းတို့၏ ကိန်းအောင်းမွေ့လျော် စံပျော်တော် မူထသော နိဗ္ဗူတော အမြိုက်နိဗ္ဗာန်ချမ်းသာ တရားသည်သာ လျှင် သုခေါ၊ ချမ်းသာပေစွ။ မြတ်ပေစွတကား။ ။သုခေါ၊ အလုံးစုံသော ဆင်းရဲခြင်း ဟူသမျှ အပေါင်းတို့၏ ကင်းရာ, ကုန်ရာ ငြိမ်းရာ ချုပ်ရာလည်း ဖြစ်ထသော။ သုခေါ၊ ချမ်းသာ အပေါင်းတို့၏ နိစ္စ ထာဝရ ဓမ္မသဘာအားဖြင့် အမြဲတည် နေရာလည်း ဖြစ်ထသော။ သုခေါ၊ အလွန့်အလွန် ချမ်းသာလှ ပေသော။ နိဗ္ဗူတော၊ အမြိုက် နိဗ္ဗာန်ချမ်းသာ တရားတော် မြတ်သည်သာလျှင်၊ သု–သုခေါ၊ ချမ်းသာတကာတို့ထက် သာ သာလွန်ကျူး၍ အထူး ချမ်းသာ လှပေ၏ တကား။ သုခေါ၊ ဆင်းရဲမျိုးစုံ၊ မှုမှုန်မသန်း၊ ပြည့်လျှမ်းဂုဏ်အင်၊ စုံသင်သုခ၊ ကောင်းမြတ်လှပေသတည်း။ ဤသည်ကား အထူး မှတ်သား ဘွယ်ရန်တည်း။

## သစ္စာလေးပါး တရားမှန်ကို ဖေါ်ပြခြင်း

ဤဘွင် ရုပ်နာမ် ၂ ပါး၌ ငြိုးငွေ့စက်ဆုပ်ပုံနှင့် သိက္ခာ သုံးပါး စသည်ကို ဖေါ်ပြချက်ပေတည်း။

ထိုနောက်တဖန် ဘောက်ပြန်မှု အပေါင်းဟု ဆိုအပ်သော ရူပကာယ။ ညွတ်မှုအပေါင်းဟု ဆိုအပ်သော နာမကာယ။ ဤ ရူပကာယ၊ နာမကာယ ရုပ်နာမ်ဓမ္မ သင်္ခါရပရမတ် တရားတို့၌ အကောင် သတ္တဝါ အသက် အတ္တဟူသော အနှစ်သာရ လှပ တင့်တယ် နှစ်သက်ဖွယ်ဆိုတဲ့ သုဘဟူသော အနှစ်သာရ၊သက် သာမှုဆိုတဲ့ သုခဟူသော အနှစ်သာရ၊ မြဲတည်မှုဆိုတဲ့ နိစ္စဟူ သော အနှစ်သာရတွေ မရှိပါကလား။ စင်စင် စက်ဆုပ်အပ် သော အချည်းနှီးတရားသာ အမှန်ဖြစ်ပေ၏။ ထိုစက်ဆုပ်အပ် သော အချည်းနှီးတရား အမှန်ကိုမြင်လျှင် ဒုက္ခသစ္စာကိုမြင်သည် မည်၏။ ။ဒုက္ခသစ္စာဟူသည်၊ ဒု-ကား စက်ဆုပ်အပ်တာ၊ ခံ-ကား အချည်းနှီး၊ သစ္စာ-ကား မှန်တာ။ စက်ဆုပ်အပ်သော အချည်းနှီးတရား အမှန်ပေတည်း။

ဤဒုက္ခသစ္စာဟူသော ပုဒ်၌ ဒု-သဒ္ဒါသည် စက်ဆုပ်အပ် သော အနက်ကို ဟော၏။ ခံ-သဒ္ဒါသည် အချည်းနှီးဟူသော အနက်ကို ဟော၏။ သစ္စာသဒ္ဒါသည် မှန်ကန်သော အနက်ကို ဟော၏။ ထိုသို့ ဟောကြောင်းကိုလည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ သစ္စာ ဝိဘင်း အဘွင့် စာမျက်နှာ နံပါတ် ၇၂-၌ ဣဓ ဒု ဣတိအယံ တဒ္ဒေါ ကုစ္ဆိတေ ဒိဿတိ၊ ခံ သဒ္ဒေါ ပန တုစ္ဆေ တစ္ဆာဝိပရိတဘူတဘာဝေ၊ သစ္စာဒ္ဒေါတိ ဝေဒိတဗ္ဗော ဟူ၍ အဋ္ဌကထာရှင် မိန့်ဆိုလေပြီ။

ဣဓ၊ ဤဒုက္ခသစ္စာဟူသောပုဒ်၌၊ သဒ္ဒာဘိနိဝိဋ္ဌော၊ကောင်း စွာ အကျုံးဝင်သော၊ဒု ဣတိအယံသဒ္ဒေါ။ ဒုဟူသော ဤသဒ္ဒါ

ကို။ ကုဿ ိတော။ စက်ဆုပ်အပ်သော အနက်၌။ ဒိဿတိ၊ ရှုအပ်၏။ ခံသဒ္ဒေါပန၊ ခံ–သဒ္ဒါကိုကား။ တုစ္ဆေ၊ အချည်းနှီးဟူသော အနက်၌။ ဒိဿတိ၊ ရှုအပ်၏။ တစ္ဆာ ဝိပရိတဘူတဘာဝေါ၊ မချွတ်မယွင်း မှန်ကန်သော သဘော မဘောက်မပြန်သော သဘော၊ ဟုတ်မှန်သော သဘောကို၊ သစ္စဌောတိ၊သစ္စာအနက်ဟူ၍၊ ဝေဒိတဗ္ဗော၊ သိအပ်, သိသင့် သိထိုက်၏။ ဤဒုက္ခသစ္စာဟူသော ပုဒ်၌ ပုဒ်ကို ခွဲဝေသော်၊ ဒု–တပုဒ်၊ ခံ-တပုဒ်၊ သစ္စာ-တပုဒ်၊ သုံးပုဒ်ရ၏။

ထိုဒုက္ခသစ္စာဖြစ်သော စက်ဆုပ်အပ်သော အချည်းနှီးတရားအမှန်၊ ရူပကာယ နာမကာယ ရုပ်နာမ် ဓမ္မ သင်္ခါရပရမတ်ဒုက္ခအစုတို့သည် ထိုထိုဘုံဘဝ၌ အဘယ်ကြောင့် ဆက်ခါဆက်ခါ ဖြစ်ပေါ်၍ လာရလေသနည်းဟု မေးခွန်းထုတ်၍ အကြောင်းခံတရားကို ရှာလေသော်။ စင်စစ် အကောင် သတ္တဝါ အသက် အတ္တ မဟုတ်တဲ့ အနတ္တဓမ္မ၏ ပြစ်ချက်။ စင်စစ် လှပတင့်တယ် နှစ်သက်ဘွယ် သုဘ မဟုတ်တဲ့ အသုဘဓမ္မ၏ ပြစ်ချက်။ စင်စစ် သက်သာမှု သုခမဟုတ်တဲ့ ဒုက္ခဓမ္မ၏ ပြစ်ချက်။ စင်စစ် မြဲတည်မှု နိစ္စ မဟုတ်တဲ့ အနိစ္စဓမ္မ၏ ပြစ်ချက်။

၎င်းပြစ်ချက်တွေကို မသိမမြင်ခဲ့၍သာ ရှေးရှေးသော ဘဝထိုထိုတို့က ရူပကာယ။ နာမကာယ။ ရုပ်နာမ် ဓမ္မသင်္ခါရ ဒုက္ခပရမတ်တရားတို့၌ ငါသူ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ငါ့ဟာ ငါ့ဥစ္စာ ငါ့သား ငါ့သမီး ငါ့ဆွေမျိုး ငါ့အမ ငါ့ညီမ

စသည်ဟုမှားသောအားဖြင့် ထင်မြင်ခဲ့သော အဝိဇ္ဇာ၊ နှစ်သက် ခင်မင်တွယ်တာခဲ့သော တဏှာ လောဘကြောင့်သာ ကေန် အမှန် ဖြစ်ပေါ်လာရပေ၏။

ထိုသို့မဟုတ်မူ၍ ရှေးရှေးသော ဘဝထိုထိုတို့က ရူပကာယ နာမကာယ ရုပ်နာမ် ဓမ္မ သင်္ခါရ ဒုက္ခ ပရမတ်တရားတို့၌ ငါ သူ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ စသည်ဖြင့် ထင်မြင်ခဲ့သော အဝိဇ္ဇာ၊ နှစ်သက်ခင်မင်တွယ်တာခဲ့သော တဏှာလော ဘ မရှိပါမူ မရှိပါက၊ ၎င်း ရုပ်နာမ်ဓမ္မ သင်္ခါရ ဒုက္ခ အစုတို့ သည် အဘယ်မှာလျှင် ဆက်သွယ်၍ ဖြစ်ပေါ်မှု ရှိဦးမှာနည်း။ ဆက်သွယ်၍ ဖြစ်ပေါ်မှု မရှိဘဲ ကွယ်ချုပ် ပျက်စီးကုန်လတ္တံ့ သတည်း။ ။စင်စစ်မှာကား ရှေးရှေးသော ဘဝ ထိုထိုတို့က မဟုတ် မဟတ်။ မဟုတ်တာကို အဟုတ်၊ ဟုတ်တာကို မဟုတ် မှန်တာကို မမှန်၊ မမှန်တာကို အမှန်ထင်မြင်ခဲ့သော အဝိဇ္ဇာ၊ နှစ်သက်ခင်မင်တွယ်တာခဲ့သော အကြောင်းတဏှာ လောဘ ကြောင့်သလျှင်၊ အကျိုးဒုက္ခသစ္စာ ဖြစ်ပေါ်၍ လာရပေ၏။

ထို ဒုက္ခ သစ္စာကို ဖြစ်စေတက်သော ရှေးရှေးသောဘဝ ထိုထိုတို့က နှစ်သက် ခင်မင်တွယ်တာတတ်သော တဏှာလောဘ သည် သမုဒယ သစ္စာမည်၏။ ။သမုဒယသစ္စာဟူသည်။ သံ-ကား ယှဉ်ခြင်း။ ဥ-ကားဖြစ်ခြင်း။ အယ-ကား အကြောင်း။ သစ္စာ-ကား မှန်တာ၊ တပါးသော အကြောင်းပစ္စည်းနှင့် ယှဉ် သည်ရှိသော် ဒုက္ခသစ္စာ ဖြစ်ခြင်း၏ အကြောင်းတရား အမှန် ပေတည်း။

ဤသမုဒယ သစ္စာဟူသော ပုဒ်၌ သံသဒ္ဒါသည် ယှဉ်ခြင်းဟူသော အနက်ကို ဟော၏။ ဥသဒ္ဒါသည် ဖြစ်ခြင်းဟူသော အနက်ကို ဟော၏။ အယ သဒ္ဒါသည် အကြောင်းဟူသော အနက်ကို ဟော၏။ ထိုသို့ ဟောကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာ သစ္စာ ဝိဘင်းအဘွင့် စာမျက်နှာ ၇၂– နံပါတ်၌ပင် သမုဒယ သစ္စန္တိဧတ္ထ။ သံဣတိစ အယံသဒ္ဒေါ။ ပ၊ ဥပ္ပတ္တိံ။ အယသဒ္ဒေါပန ကာရဏံ ဒီပေတိ။

ဟူ၍ အဋ္ဌကထာရှင် မိန့်ဆိုလေပြီ။ သမုဒယ သစ္စန္တိ ဧတ္ထ။ သမုဒယသစ္စံဟူသော ဤပုဒ်၌။ သမာဘိနိဝိဋ္ဌော၊ ကောင်းစွာအကျုံးဝင်သော။ သံ ဣတိစ အယံသဒ္ဒေါ။ သံဟူသော ဤသဒ္ဒါသည်လည်း။ ပ၊ သံယောဂံ၊ ယှဉ်ခြင်းဟူသော အနက်ကို၊ ဒီပေတိ၊ ပြ၏။

ဥဣတိ အယံသဒ္ဒေါ။ ဥဟူသော ဤသဒ္ဒါသည်။ ပ၊ ဥပ္ပတ္တိံ ဖြစ်ခြင်းဟူသော အနက်ကို၊ ဒီပေတိ၊ ပြ၏။ အယသဒ္ဒေါပန။ အယ-သဒ္ဒါသည်ကား။ ကာရဏံ၊ အကြောင်းဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။ သစ္စာ သဒ္ဒါ၏ ပါဠိအနက်မှာ ရှေးဒုက္ခသစ္စာအတိုင်း သိကြပါလေ။ ၊ဤသမုဒယသစ္စာဟူသော ပုဒ်၌ အသီးအသီး ပုဒ်ခွဲဝေသော် သံ တပုဒ်၊ ဥတပုဒ်၊ အယ တပုဒ် လေးပုဒ်ရ၏။

ဤကား သမုဒယသစ္စာ၏ အနက်သဘောကို ပြဆိုချက်ပေတည်း။

ထိုအကြောင်း သမုဒယ၊ အကျိုးဒုက္ခနှစ်ပါးတို့၏ နှောင်တဖန် ဆက်သွယ်၍ ဖြစ်ပေါ်မှုမရှိကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်စရာအာရုံဖြစ်သောဖြစ်ပေါ်မှုသဘော၊ ဇာတိနှင့် စင်စစ် ဆန့်ကျင်ဘက်ဖြစ်၍မဖြစ်ပေါ်သောလက္ခဏာ ရှိသော အဇာတိသဘောဟု ဆိုအပ်သော အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သည် နိရောဓသစ္စာမည်၏။ နိရောဓသစ္စာဟူသည် နိရောဓကား အကြောင်းသမုဒယ၊ အကျိုးဒုက္ခ ၂-ပါးတို့၏ နှောင်တဖန် ဆက်သွယ်၍ ဖြစ်ပေါ်မှုမရှိကြောင်း တရားအမှန် ပေတည်း။

ဤနိရောဓသစ္စာပုဒ်၌ နိရောဓသဒ္ဒါသည် ဖြစ်ပေါ်မှု မရှိကြောင်းဟူသော အနက်ကိုဟော၏။ ။သစ္စာသဒ္ဒါမှာ ရှေးနည်းအတိုင်း သိကြပါလေများဝေနေတို့။

ထိုသို့ဟောကြောင်းကိုလည်း ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဆယ်ကြောင်းပေ ကားချပ် ဝမ်းဘက်၌၊ နိရောဓေါတိနိဗ္ဗာနံ၊ နိဗ္ဗာနဉ္စ အာဂမ္မ ဒုက္ခံ နိရုဇ္ဈတီတိ နိရောဓေါတိ ဝုစ္စတိဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်၍သိကြပါလေ။

နိရောဓေါတိ၊နိရောဓေါဟူသည်ကား။နိဗ္ဗာနံမီး ၁၁-ပါးတို့၏ငြိမ်းအေးကြောင်းဖြစ်သော အသင်္ခတဓါတ် နိဗ္ဗာန်ပင်တည်း။ ဟိ၊ ထိုစကားသည်မှန်၏။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းအေးကြောင်းဖြစ်သော အသင်္ခတဓါတ် နိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ ဝါ။ အကြောင်းပြု၍ ဒုက္ခံ၊ ဝဋ်ဆင်းရဲသည်၊ နိရုဇ္ဈတိ၊ နုပဝတ္တတိ၊ ဖြစ်ပေါ်ခြင်းမရှိ။ ဣတိတသ္မာ။ ထိုသို့ဝဋ်ဆင်းရဲ

တို့၏ ဖြစ်ပေါ်မှုမရှိကြောင်းဖြစ်သည့်၏ အဖြစ်ကြောင့်။ နိရောဓောတိ။ နိရောဓ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤနိရောဓသစ္စာဟူသော ပုဒ်၌ အသီးအသီး ပုဒ်ခွဲဝေသည်ရှိသော် နိ-တပုဒ်။ ရောဓ-တပုဒ်။ သစ္စာ-တပုဒ် ၃-ပုဒ်ရ၏။

အကြောင်းခံဖြစ်သော နိရောဓသစ္စာ အသင်္ခတဓါတ်ကို အဘယ်ကြောင့် နိဗ္ဗာန်ဟု ခေါ်ဆိုအပ်ပါသနည်းဟူမူ ဋီကာကျော်ကျမ်း၌၊ နိဗ္ဗာတိဝါဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ၊ ဝါ။ တနည်းကား။ ဧတေန။ ထိုအသင်္ခတဓါတ်သဘောတရားကြောင့်။ ရာဂဂ္ဂိအာဒိကော၊ ရာဂမီးအစရှိသည်။ နိဗ္ဗာတိ၊ ငြိမ်းအေးကွယ်ပျောက်လေ၏။ ဣတိတသ္မာ၊ ထိုသို့ရာဂမီးစသည်တို့၏ ငြိမ်းအေးကွယ်ပျောက်ကြောင်း ဖြစ်သောကြောင့်။ တံ၊ ထိုအသင်္ခတဓါတ်သဘောတရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏ဟူ၍၎င်း။ ထိုမှတပါး စတုက အင်္ဂုတ္တိုရ် အဋ္ဌကထာ၌။ တံဟိအာဂမ္မ သဗ္ဗပရိဠာဟာ နိဗ္ဗာန္တိ။

ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ တံ၊ ထိုအသင်္ခတဓါတ်သဘော နိရောဓသစ္စာနိဗ္ဗာန်ကို၊ အာဝမ္မ၊ စွဲ၍ ။ဝါ၊ အာရုံပြု၍၊ သဗ္ဗပရိဠာဟာ။ အလုံးစုံသော ကိလေသာတည်းဟူသော အပူအလောင်တို့သည်။ နိဗ္ဗာန္တိ။ ငြိမ်းအေးကွယ်ပျောက်ခဲလေကုန်၏ဟူ၍၎င်း။

ဧဝံ အဝိဇ္ဇာစ တဏှာစတံ အာဂမ္မ
တမှိ ခီဏံ တမှိ ဘဂ္ဂံ

ဧဝံ၊ ဤသို့၊ အဝိဇ္ဇာစ။ ဟုတ်မှန်သောသဘောကို မသိတတ်သော အဝိဇ္ဇာသည်၎င်း။ တဏှာစ၊ နှစ်သက်ခင်မင် တွယ်တာ

ဘတ်သော တဏှာသည်ရင်း။ တံ၊ ထိုအသင်္ခတဓါတ်သဘော နိရောဓသစ္စာနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ ဝါ၊ ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့်ရောက်၍။ တမှိ၊ ထိုအသင်္ခတဓါတ် နိဗ္ဗာန်ကြောင့်။ ခီဏံ၊ ကုန်လေပြီ။ တမှိ၊ ထိုအသင်္ခတဓါတ် နိဗ္ဗာန်ကြောင့်။ ဘဂ္ဂံ၊ ကျိုးပဲ့ပျက်စီးလေပြီဟူ၍ရင်း။

ဋီကာကျော်–ကျမ်း စိတ်ပိုင်းအဖွင့်၌ပင် နိဗ္ဗာနံ မဂ္ဂ ဖလာန မာလမ္ဗဏဘူတော အသင်္ခတဓမ္မော။ မဂ္ဂဖလာနံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏။ အာလမ္ဗဏဘူတော၊ ကိုင်တွယ်စရာအာရုံဖြစ်၍ ဖြစ်သော။ အသင်္ခတဓမ္မော၊ အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်၍ မပြုမပြင်တတ်သော သဘောတရားသည်။ နိဗ္ဗာနံ၊ ရာဂ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တည်းဟူသော ၁၁–ပါးသော မီးတို့၏ ငြိမ်းအေးကွယ်ပျောက်ကြောင်းဖြစ်သော နိဗ္ဗာန်မည်၏ ဟူ၍ရင်း။

ပဋ္ဌာန်းပါဠိတော် ပဉှာဝါရ၌ နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော။

နိဗ္ဗာနံ၊ မီး ၁၁–ပါးတို့ ငြိမ်းအေးကွယ်ပျောက်ကြောင်း ဖြစ်သော အသင်္ခတဓါတ်သဘော နိဗ္ဗာန်သည်။ မဂ္ဂဿ၊ မဂ်ဉာဏ်အားရင်း။ ဖလဿ၊ ဖိုလ်ဉာဏ်အားရင်း။ အာရမ္မဏ၊ ကိုင်တွယ်ရာ အာရုံဖြစ်၍။ ပစ္စယေန၊ အကြောင်းခံသဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏ဟူ၍ရင်း။ ဤသို့

ဘုရ့်ပြ ဟောတော်မူအပ်သော ပါဠိတော်အဋ္ဌကထာ၊ ဋီကာ တို့ကိုထောက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ကိုယ်တွယ်စရာ အာရုံ အကြောင်းခံဖြစ်၍ အကြောင်းပြုပြင်မှု ကင်းသော အသင်္ခတ ဓါတ်သဘောသည်သာလျှင် မီး ၁၁-ပါးတို့၏ ငြိမ်းအေး ကြောင်း ဖြစ်သောကြောင့် နိဗ္ဗာန်မည်၏ဟူ၍ အထူးသတိပြု သိကြပါလေကုန်။ ဤကား၊ နိရောဓသစ္စာ၏ အနက်သဘော ကို ပြဆိုချက်ပေတည်း။

ထိုအသင်္ခတဓါတ်သဘော နိရောဓသစ္စာ နိဗ္ဗာန် ပရမတ် သဘောကို မတွေ့မဝေ ဟုတ်တိုင်းမှန်စွာ သိတတ်သော ကောင်း စွာမြင်မှု သမ္မာဒိဋ္ဌိ၊ ကောင်းစွာကြံစည်မှု သမ္မာသင်္ကပ္ပ၊ ကောင်း စွာပြောဆိုမှု။ သမ္မာဝါစာ၊ ကောင်းစွာပြုကျင့်မှု။ သမ္မာကမ္မန္တ၊ ကောင်းစွာအသက်မွေးမှု။ သမ္မာအာဇီဝ၊ ကောင်းစွာ အား ထုတ်မှု သမ္မာဝါယာမ၊ ကောင်းစွာ တွေးတော ဆင်ခြင် အောင့်မေ့မှု။ သမ္မာသတိ၊ ကောင်းစွာ တည်ကြည်မှု သမ္မာ သမာဓိ တည်းဟူသောမဂ္ဂင်ရှစ်ပါးတရားသည် မဂ္ဂသစ္စာမည်၏။ မဂ္ဂသစ္စာဟူသည်၌၊ မ-ကား ကိလေသာတို့ကို သတ်ဖြတ်ကာ၊ ဂ-ကား။ အသင်္ခတဓါတ် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်တာ၊ သစ္စာကား။ မှန်တာ၊ အသင်္ခတဓါတ် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်တာ အမှန်ပေတည်း။ ဤမဂ္ဂသစ္စာ ဟူသော ပုဒ်၌ မ-သဒ္ဒါသည် ကိလေသာတို့ကို သတ်ဖြတ်သော အနက်ကို ဟော၏။ ဂ-သဒ္ဒါသည် အသင်္ခတဓါတ် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်တတ်သော အနက်ကို ဟော၏။

သစ္စာ–သဒ္ဒါသည် မှန်ကန်သော အနက်ကိုဟော၏။ ထိုသို့ ဟောကြောင်းကိုလည်း သမ္မောဟဝိနောဒနီအဋ္ဌကထာနိဿယ၊ သစ္စာ ဝိဘင်းအဘွင့် စာမျက်နှာ နံပါတ် ၂၉၅–၌ရှင်း။ အဘိဓမ္မတ္ထ သင်္ဂဟဒီပနီပါဠိ၌ စိတ်ပိုင်းအဘွင့် စာမျက်နှာ နံပါတ် ၃၁–၌ရှင်း။

ကိလေသေမာရေတီ တိမော။ နိဗ္ဗာနံ ဂစ္ဆတီတိဂေါ၊ မော စသော ဂေါစာတိ မဂ္ဂေါ။ ဟူ၍ မိန့်ဆိုကြလေကုန်၏။

ယောအရိယာမဂ္ဂေါ၊ အကြင်အရိယာ မဂ်သည်။ ကိလေသေ၊ ကိလေသာတို့ကို။ မာရေတိ၊ သတ်ဖြတ်တတ်၏။ ဣတိတသ္မာ။ ထိုသို့သော ကိလေသာတို့ကို သတ်ဖြတ်တတ်သော အစွမ်းသတ္တိကြောင့်၊ သော အရိယာမဂ္ဂေါ၊ ထိုအရိယာမဂ်သည်၊ မော၊ မမည်၏။ ယောအရိယာမဂ္ဂေါ၊ အကြင်အရိယာမဂ်သည်၊ နိဗ္ဗာနံ၊ အသင်္ခတဓါတ် နိဗ္ဗာန်သို့၊ ဂစ္ဆတိ၊ အာရုံပြုသောအားဖြင့် ရောက်တတ်သော အစွမ်းသတ္တိကြောင့်၊ သော အရိယာမဂ္ဂေါ၊ ထိုအရိယာမဂ်သည်။ ဂေါ၊ ဂမည်၏။ ယော အရိယာမဂ္ဂေါ၊ အကြင်အရိယာမဂ်သည်။ မောစ၊ ကိလေသာတို့ကို သတ်ဖြတ်သည်လည်း၊ ဟောတိ၊ ဟုတ်၏။ သော၊ ထို ကိလေသာတို့ကို သတ်ဖြတ်တတ်သည် ဟူသည်။ ဂေါစ၊ အသင်္ခတ ဓါတ် နိဗ္ဗာန်သို့အာရုံပြုသောအားဖြင့် ရောက်သည်လည်း၊ဟော တိ၊ ဟုတ်၏။ ဣတိတသ္မာ။ ထိုနှစ်ပါးသော အစွမ်းသတ္တိ ကြောင့်၊ သော အရိယာမဂ္ဂေါ။ ထိုအရိယာမဂ်သည်၊ မဂ္ဂေါ၊ မဂ္ဂမည်၏။ ဝါ၊ ကိလေသာတို့ကို သတ်ဖြတ်လျက်၊ အသင်္ခတ

ခါတ် နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်သည်မည်၏။ ဤနည်းကား။ မ်-ဟူသော ဂေါဟူသော ဝိသေသနနှစ်ပုဒ် ရှိသောကြောင့်၊ ဝိသေသနောဘ ယပဒ ကမ္မဓါရယ် သမာသ်မည်။ မဂ္ဂသစ္စာဟူသော ပုဒ်၌ အသီးသီးပုဒ်ခွဲဝေသည်ရှိသော်၊ မ်-တပုဒ်။ ဂ္ဂ-တပုဒ်။ သစ္စာတပုဒ်။ သုံးပုဒ်ရ၏။

သမ္မာဝါစာ၊ ဆိုလိုရင်းကား။ ကောင်းသော စကားကို မြွက်ဆိုသည်ဖြစ်စေ၊ မမြွက်ဆိုသည်ဖြစ်စေ၊ အသက်မွေးမှုနှင့် မစပ်ဘဲဖြစ်သော မုသာဝါဒစသော ဝစီဒုစရိုက် ၄-ပါးတို့ကို မလွန်ကျူးမူ၍ ကြဉ်ရှောင်မှုပေတည်း။

သမ္မာကမ္မန္တ၊ ဆိုလိုရင်းကား။ ကောင်းသော ကာယကံ, အမှုအရာကို ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ၊ အသက်မွေးမှုနှင့် မစပ်ဘဲ ဖြစ်သော ပါဏာတိပါတစသော ကာယဒုစရိုက် ၃-ပါးတို့ကို မလွန်ကျူးမူ၍ ကြဉ်ရှောင်မှုပေတည်း။

သမ္မာအာဇီဝ၊ ဆိုလိုရင်းကား အသက်မွေးမှုနှင့်စပ်၍ ဖြစ်သော မုသာဝါဒစသော ဝစီ ဒုစရိုက် ၄-ပါး၊ ပါဏာတိပါတစသော ကာယဒုစရိုက် ၃-ပါး၊ ပေါင်း ၇-ပါးတို့ကို မလွန်ကျူးမူ၍ ကြဉ်ရှောင်မှုပေတည်း။

အမှန်တရားသစ္စာလေးပါးတို့၏ ပါဠိကို၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဓါတုဝိဘင်း အဘွင့်စာမျက်နှာနံပါတ် ၆၃-၌၊ ရူပါ ရူပံ။ လ။ ဒုက္ခသစ္စံ။ တံ သမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ။ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ။နိရောဓပဇာနနော မဂ္ဂေါ မဂ္ဂသစ္စံ ဟူ၍။ အဋ္ဌကထာရှင် မိန့်ဆိုလေပြီ။

ရူပါရုံ။ ရုပ်နာမ်–နှစ်ပါး ပရမတ်တရားသည်။ လ၊ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။ ဝါ၊ စက်ဆုပ်အပ်သော အချည်းနှီးတရားအမှန်မည်၏။ တံ၊ ထိုရုပ်နာမ်–နှစ်ပါး ဒုက္ခသစ္စာပရမတ်တရားကို။ ဝါ၊ ထိုစက်ဆုပ်အပ်သော အချည်းနှီးတရားအမှန်ကို၊ သမုဋ္ဌာပိကာ၊ ဖြစ်စေတတ်သော၊ ပုရိမတဏှာ၊ ရှေးဘဝကနှစ်သက်ခင်မင် တွယ်တာတပ်မက်မောတတ်သော တဏှာလောဘသည်၊ သမုဒယသစ္စာမည်၏။ ဝါ၊ ဒုက္ခာသစ္စာ၏ ဖြစ်ကြောင်း တရား အမှန်မည်၏။ ဥတိန္နံ၊ အကြောင်း သမုဒယ၊ အကျိုးဒုက္ခ, နှစ်ပါးတို့၏၊ အပ္ပဝတ္တိ–အပ္ပဝတ္တိနိမိတ္တံ၊ နောက်တဖန် ဖြစ်ပေါ်မှုမရှိခြင်း၏ အကြောင်းဖြစ်သော အသင်္ခတဓါတ်သဘောသည်၊ နိရောဓသစ္စံ။ နိရောဓသစ္စာမည်၏။ ဝါ၊ အကြောင်းသမုဒယ၊ အကျိုးဒုက္ခနှစ်ပါးတို့၏ နောက်တဖန်ဖြစ်ပေါ်မှုမရှိဘဲ။ ကွယ်ကြောင်းတရား အမှန်မည်၏။ နိရောဓပဇာနနေ ၁။ အသင်္ခတဓါတ်နိဗ္ဗာန် နိရောဓသစ္စာကို မတွေ့မဝေထိုးထွင်း၍။ အပြားအားဖြင့် သိတတ်သော သမ္မာဒိဋ္ဌိသာလျှင်။ ပြဋ္ဌာန်းခြင်း ရှိသော မဂ္ဂင်ရှစ်ပါးတရားဟု ဆိုအပ်သော၊ မဂ္ဂေါမဂ်သည်၊ မဂ္ဂသစ္စံ။ မဂ္ဂသစ္စာမည်၏။ ဝါ၊ ကိလေသာတို့ကိုသတ်ဖြတ်လျက်၊ အသင်္ခတဓါတ်နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့်ရောက်တတ်သော တရားအမှန်မည်၏။ ဤတွင် အမှန်တရားသစ္စာလေးပါး၏ သရုပ်သဘော လက္ခဏာကို ဖော်ပြချက်ပေတည်း။

........ဝ........

## အသင်္ခတဓါတ် နိဗ္ဗာန်သဘောကို ပြဆိုခြင်း

ထိုသို့ မိမိတည်းဟူသော အဇ္ဈတ္တ သဝိညာဏက ခန္ဓာ၊ သူတပါးတည်းဟူသော ဗဟိဒ္ဓ သဝိညာဏက ခန္ဓာထဲ၌ အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိ ထင်ထင်ရှားရှား ရှိနေသော ပျက်စီးတတ်သော ထင်ရှားသောက်ပြန်မှု၊ အစုတည်းဟူသော ရူပက္ခန္ဓာ အာရုံသို့ ရှေ့သွားပြု၍ အထူးသိမှု အစုတည်းဟူသော ဝိညာဏက္ခန္ဓာ။ အာရုံကို ခံစားမှု အစုတည်းဟူသော ဝေဒနက္ခန္ဓာ။ အာရုံကို မှတ်မှု အစုတည်းဟူသော သညက္ခန္ဓာ။ အာရုံကို ပြုပြင်မှု အစုတည်းဟူသော သင်္ခါရက္ခန္ဓာ။ ဤခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး စိတ်စေတသိက် ရုပ်တည်းဟူသော ပရမတ်သုံးပါး သင်္ခတ၊ သင်္ခါရ၊ ပပ္ပစ္စယ။ တရားတို့မှ လွန်မြောက်၍ အစုဟူသော ခန္ဓာမှ လွတ်နေသော လောဘ၊ ဒေါသ၊ မောဟ အစရှိသော၊ ၁၁–ပါးသော မီးတို့၏ ငြိမ်းငေ ကွယ်ပျောက်ဘို့ အကြောင်းခံလျက် ဖြစ်ပေါ်မှု။ ရင့်ယော်မှု။ ပျက်စီးမှု မရှိဘဲ၊ နိစ္စ သုခ ဓမ္မ သဘာဝ အနေအားဖြင့် ကမ္ဘာ အဆက်ဆက် အမြဲထာဝရ ထင်ရှားတည်ရှိနေသော ဝိသင်္ခါရ။ အပ္ပစ္စယ။ အသင်္ခတ၊ ဓါတ်–နိဗ္ဗာန် ပရမတ်သဘောကို ဟုတ်တိုင်းမှန်စွာ သိဘို့ရန် အချက်သည် အလွန်ပင် အရေးကြီးသော အချက် ဖြစ်ပေ၏။

ထိုသို့ အရေးကြီးသော အချက် ဖြစ်ပေသောကြောင့်၊ ၎င်း အသင်္ခတဓါတ် နိဗ္ဗာန် ပရမတ်သဘောကို ဉာဏ်ဖြင့် ဥပမာ ထောက်ဆ–ထောက်ဆလျက် အာရုံပြု၍ ကြည့်ရှုပုံကို သိသာ ပေါ်လွင် ထင်ရှား မြင်လုံးထွားအောင် လောက ဓမ္မတာ သဘော ထုံးစံအတိုင်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်အားဖြင့် တည်ရှိနေကြောင်းကို နှိုင်းယှဉ်လျက် ဇယားချ၍ ပြဆိုပေအံ့။

............o............

**လောကဓမ္မ ဖြောင့်ဖြောင့်ဆန့်ကျင်ပုံနှင့် ကြည့်ရှုဆင်ခြင်နှလုံးသွင်းရန် ဥပမာဇယား။**

ဤမှာဘက်ကမ်းနှင့် တူသော လောကသည်
ဓါတ်
ဤ ၁၁-ပါးသော ဓါတ်၏အမည်သညာစုသည်
ထာဝရအမြဲလောင်ကျွမ်းနှိပ်စက်ခြင်းဖြင့် ဒုက္ခထင်ရှားသော
ဓါတ်တပါးတခုသာတည်း။

| ၁ ရာဂ | ၂ ဒေါသ | ၃ မောဟ | ၄ ဇာတိ | ၅ ဇရာ | ၆ မရဏ | ၇ သောက | ၈ ပရိဒေဝ | ၉ ဒုက္ခ | ၁၀ ဒေါမနဿ | ၁၁ ဥပါယာသ |
|---|---|---|---|---|---|---|---|---|---|---|
| ရာဂက္ခယ | ဒေါသက္ခယ | မောဟက္ခယ | အဇာတိ | အဇရာ | အမတ | အသောက | ဝိဝေက | သုခ | အ ဒေါမနဿ | အနုပသဂ္ဂ |

ထိုမှာဘက်ကမ်းနှင့်တူသော လောကုတ္တရာနိဗ္ဗာန်သည်
ဓါတ်
ဤ ၁၁-ပါးသော ဓါတ်၏အမည်သညာစုသည်
ထာဝရ၊ အမြဲငြိမ်းချမ်းသာခြင်းဖြင့် သုခထင်ရှားသော
ဓါတ်တပါးတခုသာတည်း။

**သတိပြု၍ ကြည့်ရှုရန် ဤမှာဘက်ကမ်းနှင့်တူသော ဟု ပြထားသော ဇယားတခြမ်းတဝက်**
ကိုပွတ်ဖျက်၍ မျက်မြင်ဥပမာကို ကြည့်ရှုဆင်ခြင်နှလုံးသွင်းပါလေ။

အကြွင်းအကျန် ဘာတခုမျှမရှိ ကုန်ခန်းပျောက်ကွယ်၏။

| **ရာဂက္ခယ** | ဒေါသက္ခယ | မောဟက္ခယ | အဇာတိ | အဇရာ | အမတ | အသောက | ဝိဝေက | သုခ | **အ** ဒေါမနဿ | **အနုပသဂ္ဂ** |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |

ထိုမှာဘက်ကမ်းနှင့်တူသော။ လောကုတ္တရာနိဗ္ဗာန်သည်
**ဓါတ်**
ဤ ၁၁-ပါးသော ဓါတ်၏အမည် သညာစုသည်
ထာဝရအမြဲ ငြိမ်း ချမ်းသာခြင်းဖြင့် သုခထင်ရှားသော
ဓါတ် တပါးတခုသာတည်း။

ဤမှာဘက်ကမ်းနှင့်တူသော ၁၁–ပါးသော မီးအပူလောင်ကျွမ်းလျက်ရှိသော ဓါတ်ဟု ပြထားသော စာလုံးအက္ခရာများနှင့် ဇယားများကို အလုံးစုံတခါတည်း ပျောက်ငြိမ်းကွယ်ချုပ်စေတတ်သော ခဲဖျက်ကဲ့သို့သော မှင်ဖျက်ဓါတ်တခုဖြင့် ပွတ်ဖျက်လျက် ကုန်ခမ်းပျောက်ကွယ် ချုပ်ငြိမ်းစေသော်၊ ထိုစာလုံး အက္ခရာတို့နှင့်တကွ ဇယားပါ၊ အလျင်းမပေါ်အောင် ဘာတခုမျှ မရှိအောင် ပွတ်ဖျက်၍၊ ပျောက်ကွယ်ပါလျှင်၊ ဝါ ပျောက်ကွယ်ပါက၊ တဘက်တွင် ပြထားသောဇယား၊ ဥပမာအတိုင်း တခြမ်း တဝက်၊ ကွယ်ပျောက်၍၊ ထိုမှာ ဘက်ကမ်းဟု ပြထားသော ဇယားသာလျှင် ထင်ရှားစွာ တည်ရှိနေကြောင်း မျက်မြင် ဒိဋ္ဌ မြင်ရဘိသကဲ့သို့၊ ထို့အတူ ဥပမာကို ဥပမေယျဖြင့် ဟပ်၍ပြသော်၊ ဤမှာ ဘက်ကမ်းနှင့် တူသော ရာဂ။ ဒေါသ၊ မောဟ။ အစရှိသော အပူမီးတို့ ချုပ်ငြိမ်းကွယ်ပျောက်စေတတ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတည်းဟူသော လက္ခဏာ။ ဝိပဿနာ၊ မဂ်ပညာဖြင့် ပွားများအားထုတ်ပွတ်ဖျက်ပါလျှင်၊ ဝါ၊ ပွတ်ဖျက်ပါက၊ ၎င်းအပူတည်းဟူသော ရာဂဓါတ်၊ ဒေါသဓါတ်၊ မောဟဓါတ် အစရှိသော အပူမီး ဒုက္ခဓါတ်တို့သည် အလုံးစုံ ကွယ်ချုပ်ပျောက်ငြိမ်း၍ သန္တိသုခဓါတ်ဖြစ်သော အလွန်ငြိမ်းချမ်းသာသဖြင့် အမြဲထာဝရ ကမ္ဘာအဆက်ဆက် မပျက်မစီးဘဲ တည်ရှိနေသောဓါတ်၊ အသင်္ခတဓါတ်၊ နိရောဓသစ္စာ နိဗ္ဗာန်ကို ထင်ထင်ရှားရှား ကျန်ရှိသော ဇယားတဝက်ကို တွေ့မြင်ရလေဘိ သကဲ့သို့ တွေ့မြင်ရလေတော့

၏ဟု တွေးတောဆင်ခြင် ထောက်ဆ ထောက်ဆလျက် အာရုံ ပြု၍ ကြည့်ရှု နှလုံးသွင်းပါလေ၏။

**အထူးသတိပြုရန် မှာထားချက်**

လောကစိတ်နှင့် လောကုတ္တရာ နိဗ္ဗာနစိတ်သည် ဓမ္မတာ ထုံးစံအတိုင်း ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်အားဖြင့် စပ်လျက် ရှိ၏။ တဆံခြည်မျှင်မျှပမာန မခြား၊ အလွန်နီးစွာ ကပ်လျက် တည်ပေ၏။ ထင်ရှားစေအံ့။

ထိုကြောင့် အထက်ကဘော်ပြသော ဇယားဥပမာအတိုင်း စိတ်၊ စေတသိက်၊ ရုပ်ပရမတ်တည်းဟူသော စိတ်တရားသည်၊ ဤမှာဘက်ကမ်းနှင့် တူသော ရာဂါ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါ ယာသ အစရှိသော အပူမီး လောင်ကျွမ်းနှိပ်စက်ရာ ဖြစ်သဖြင့် ဒုက္ခစိတ်၊ ဒုက္ခတရားသာ အမှန်ဖြစ်၍ ထင်တင်ရှားရှား တည် ရှိပေ၏။

ထိုမှာ ဘက်ကမ်းနှင့်တူသော ရာဂကွယ်။ ဒေါသကွယ်။ မောဟကွယ်၊ အဇာတိ။ အဇရာ၊ အမတ။ အသောက။ ဝိဝေက သုခ၊ အဒေါမနဿ၊ အနုပယာသ အစရှိသော အပူမီးဒုက္ခစိတ် တရားတို့၏ ငြိမ်းဧ ကွယ်ပျောက်ကြောင်းဖြစ်သော နိဗ္ဗာန်တရား သည် ဓမ္မတာ ထုံးစံအတိုင်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၍ အလွန်ချမ်းသာလှပေသော ထာဝရမြဲသော သုခစိတ် သုခ တရားသာ အမှန်ထင်ရှားသောအားဖြင့် တည်ရှိပေ၏။ ဟူ၍ သဋ္ဌာယတနသံယုတ် အဋ္ဌကထာ၊ ၎င်းဇမ္ဗုခါဒကသုတ်အဖွင့် ချက်နှာ ၁၂၇-၌(၁-၂-၃)ယောခေါ အာဝုသော ရာဂက္ခ

ယောတိ နိဗ္ဗာနံ အာဂမ္မ ရာဂေါ ခီယတိ။ တသ္မာ နိဗ္ဗာနံ ရာဂက္ခယောတိ ဝုစ္စတိ ဒေါသမောဟက္ခယေသုပိ ဧသေဝ နယောဟူ၍ မြတ်စွာဘုရားရှင်နှင့် အရှင်သာရိပုတ္တရာ။ အရှင်မြတ်တို့သည်။ အသင်္ခတဓါတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ညွှန်ပြဟောကြားတော်မူကြောင်းကို သိကြပါလေကုန်။

(၄) ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခဓါတ်၊ နိရောဓသစ္စာ နိဗ္ဗာန်ကို အဇာတိဟူ၍လည်း အမည်ပေး၍၊ မြတ်စွာဘုရားရှင်သည် ဗုဒ္ဓဝင်ပါဠိတော်၌ ဇာတိဝဇ္ဇန္တေ အဇာတိပိ ဣစ္ဆိတဗ္ဗကာဟူ၍ ဟောကြားတော် မူသဖြင့် ထင်ရှား သိကြပါလေကုန်။

(၅) ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခဓါတ်၊ နိရောဓသစ္စာ နိဗ္ဗာန်ကို အဇရဟူ၍လည်း အမည်ပေး၍။ မြတ်စွာဘုရားရှင်သည် ထေရဂါထာပါဠိတော် ကေနိပါတ် စတုတ္ထဝဂ်သုပ္ပိယရေဂါထာ၌။ အဇရံ ဇီရမာနေန ဟူ၍ မိန့်ဆိုအပ်သည်ကို ထောက်သဖြင့် သိကြပါလေကုန်။

(၆) ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓါတ်၊ နိရောဓသစ္စာ နိဗ္ဗာန်ကို အမတဟူ၍လည်း အမည်ပေး၍ မြတ်စွာ ဘုရားရှင်သည် ဓမ္မပဒပါဠိတော်အပ္ပမာဒဝဂ်၌ အပ္ပမာဒေါ အမတံ ပဒံ ဟူ၍၊ ဟောတော်မူပါသဖြင့် သိကြပါလေကုန်။

(၇) ၎င်း မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓါတ်၊ နိရောဓသစ္စာ နိဗ္ဗာန်ကို အသောကံ ဟူ၍လည်း အသမည်ပေးလျက်၊ သဉပါဒိသေသ အနုပါဒိသေသ၊ နိဗ္ဗာန်နှစ်ပါးဖြင့်စပ်၍။ မြတ်စွာဘုရားရှင်သည် မင်္ဂလသုတ်တော်၌ အသောကံ

ဝိရာဇံ ခေမံဟူ၍ ဟောတော်မူသည်ကို ထောက်၍သိကြပါလေ ကုန်။

(၈) ဤမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓါတ် နိရောဓသစ္စာ နိဗ္ဗာန်ကို ဝိဝေကဟူ၍လည်း အမည်ပေး၍၊ မြတ်စွာဘုရားရှင်သည် မူလပဏ္ဏာသ အဠကထာ သဗ္ဗာသဝသုတ် အဖွင့် ၇၈–မျက်နှာ၌ နိဗ္ဗာနံယေဝ သဗ္ဗအသင်္ခတေသိ ဝိဝိတ္တတ္တာ ဝိဝေကောဟူ၍ ဟောတော်မူပါသည်။

(၉) ဤမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓါတ် နိရောဓသစ္စာ နိဗ္ဗာန်ကို သုခဟူ၍လည်း အမည်ပေး၍၊ မြတ်စွာဘုရားရှင်သည် ဓမ္မပဒပါဠိတော် သုခဝဂ် ဂေါတမဥပသကာဝတ္ထု၌ နိဗ္ဗာနံ ပရမံ သုခံ။ ဟူ၍လည်း ဟောတော်မူ၏။

(၁၀) ဒေါမနဿဓါတ်တို့၏ကင်းငြိမ်းရာသည် ဒေါသက္ခယ ၌ အပါအဝင် ဖြစ်သင့်ပါသောကြောင့်၊ ဒေါသက္ခယကဲ့သို့ ဆင်ခြင်နှလုံးသွင်းပါလေ။

(၁၁) ဤမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓါတ် နိရောဓသစ္စာ နိဗ္ဗာန်ကို အနုပသဂ္ဂဟူ၍လည်း အမည်ပေး၍ မြတ်စွာဘုရားရှင်သည်။ နေတ္တိ ပါဠိတော် ဝေဝစနဟာရ၌ အနုပသဂ္ဂံ ဟူ၍ ဟောတော်မူကြောင်းကို ထင်ရှား သိကြပါ လေကုန်။

## အပဝတ္တခေါ်ဆိုခြင်း

ဤင်းအသင်္ခတဓါတ်၊ နိရောဓသစ္စာ၊ နိဗ္ဗာန်ကို ထိုထို ပြဆိုခဲ့သော အမည်စုသာလျှင် ခေါ်ဆိုအပ်သည်မဟုတ်သေး။ အပဝတ္တ

ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။ ။ထိုသို့ခေါ်ဆိုအပ်ကြောင်းကို မြတ်စွာဘုရားရှင်သည်၊ ဥဒါန်းပါဠိတော် ပါဋလိဂါမဝဂ် ပဌမဥဒါန်း၌ အပဝတ္တံ ဟူ၍ ဟောတော်မူလေသည်။ မြန်မာပြန်ကား။ အပဝတ္တံ၊ ရုပ်ဓါတ်,နာမ်ဓါတ် နှစ်ပါးတို့၏ ဖြစ်ပေါ်ခြင်းလည်း မရှိထသော၊ ဝါ။ ဖြစ်ပေါ်ခြင်းလက္ခဏာရှိသော ဇာတိ၏ဆန့်ကျင်ဘက်လည်းဖြစ်ထသော၊ဝါ။မဖြစ်ပေါ်သော လက္ခဏာသာလျှင်ဖြစ်သော အသင်္ခတဓါတ် နိရောဓ သစ္စာ နိဗ္ဗာန်သည်။အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားသောဓါတ်ရှိပေ၏။ ။ထိုသို့ထင်ရှားစွာ တည်ရှိကြောင်းကိုမြတ်စွာဘုရားရှင် ဟောကြားတော်မူပါသောကြောင့် ထိုမှာဘက်ကမ်းနှင့်တူသော အသင်္ခတဓါတ် နိရောဓသစ္စာ နိဗ္ဗာန်ကို လောကီဉာဏ်ဖြင့် ထောက်ဆ ထောက်ဆလျက် အာရုံပြု၍ ကြည့်ရှုနှလုံးသွင်းကြပါလေကုန်။

## ဥပမာအနည်းနည်းတို့ဖြင့် ပြဆိုခြင်း

ဥပမာတနည်းသော်ကား။ စက္ကူအမဲတချပ်ကို အပေါ်က ထား၍ စက္ကူအဖြူတချပ်ကို အောက်ကညီမျှစွာ ထားပြီးလျှင် ကော်ကပ်ထားရာ၊ အပေါ်စက္ကူအမဲကို တစ–တစ ဆုတ်ဖဲ့ပစ်လတ်သော်၊ စက္ကူအမဲသည် တစ–တစ ချုပ်ဆုံးကွယ်ပျောက်၍ စက္ကူအဖြူသည်၊ တစ–တစ ထင်ရှားလေ၏။ အလုံးစုံချုပ်ငြိမ်းကွယ်ပျောက်အောင် ဆုတ်ဖဲ့ပစ်၍ အလုံးစုံစက္ကူအမဲ ချုပ်ငြိမ်းကွယ်ပျောက်ပါလျှင် အလုံးစုံ စက္ကူအဖြူသည် ထင်ရှားစွာ တည်ရှိနေတော့သည်သာတည်း။

ဤဥပမာကို ဥပမေယျဖြင့် ဟပ်၍ပြသော် စက္ကူအမဲသည်။ ရာဂခါတ်၊ ဒေါသခါတ်၊ မောဟခါတ်တည်းဟူသော ကိလေသာအညစ်အကြေး ဒုက္ခခါတ်တွေ ဖုံးလွှမ်းနေခြင်းနှင့် တူပါသည်။ တစ–တစ ဆုတ်ဖွဲ့ပစ်ခြင်းနှင့် တစ–တစ ဝိပဿနာ မဂ်ဉာဏ်ကို ပွားများနေခြင်းနှင့် တူပါသည်။ တစ–တစ စက္ကူအဖြူ ထင်ရှားခြင်းနှင့် ခဏ ခဏ တစ–တစအားဖြင့် ရာဂခါတ်၊ ဒေါသခါတ်၊ မောဟခါတ်၊ ကိလေသာဒုက္ခခါတ်တွေ ချုပ်ပျောက် ချုပ်ပျောက်လျက် ခဏခဏ တစ-တစ အေးငြိမ်းချမ်းသာခြင်း ထင်ရှားသည်နှင့် တူပါသည်။ စက္ကူအမဲအလုံးစုံကုန်ခန်း၍ စက္ကူအဖြူအလုံး ထင်ရှားတည်နေခြင်းနှင့် ရာဂခါတ်၊ ဒေါသခါတ်၊ မောဟခါတ်တည်း ဟူသော အညစ်အကြေး ဒုက္ခခါတ်တွေ ချုပ်ငြိမ်းကွယ်ပျောက်၍ အသင်္ခတခါတ် နိရောဓသစ္စာ နိဗ္ဗာန်သန္တိ သုခခါတ်သည်။ နိစ္စထာဝရမြဲသောအားဖြင့် ထင်ထင်ရှားရှားတည်ရှိနေကြောင်းကို တွေ့မြင်ခြင်းနှင့်တူပါသည်။ သို့အတွက် အသင်္ခတခါတ် နိရောဓသစ္စာ နိဗ္ဗာနခါတ်ကို လောကီဉာဏ်ဖြင့် ထောက်ဆ–ထောက်ဆလျက် ကြည့်ရှုနှလုံးသွင်းကြပါကုန်။

ဥပမာတနည်းသော်ကား။ မြတ်စွာဘုရားရှင်သည်။ အလွန်လျှင် ဝိဇ္ဇာမယအတတ်ဖြင့် တတ်အပ်သော ဆေးဆရာကြီးဖြစ်ပေ၏။ ထိုသို့ ဖြစ်ကြောင်းကို မဟာဘိသက္ကတိကိစ္စကဒေသနာ၌ ပုထုဇ္ဇဉ် သတ္တဝါသည် လူနာနှင့်တူ၏။ ရာဂဒေါသစသော ကိလေသာသည် အနာရောဂါနှင့်တူ၏။ တရားတော်

သည် ဆေးကောင်း ဝါးကောင်းနှင့် တူ၏။ မြတ်စွာဘုရားရှင်သည် ဆေးဆရာကြီးနှင့်တူ၏ဟုလာရှိပေသည်။

"တိကိစ္ဆကောတိ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ" ဘိက္ခဝေ၊ ရဟန်းတို့။ တိကိစ္ဆကောတိ ဧတံ၊ ဆေးဆရာကြီးဟူသော အမည်သည်။ တထာဂတဿ၊ ငါဘုရား၏အဓိဝစနံ၊ အမည်ပေတည်းဟူ၍ ဟောတော်မူပါသောကြောင့် ဆေးဆရာကြီးဖြစ်သည့်အားလျော်စွာ၊ ရာဂ,ဒေါသ,မောဟ,အစရှိသော ကိလေသာရောဂါ နှိပ်စက်လျက်ရှိသော သူနာသုံးဦးအား တဦးလျှင် ဆေးသုံးလုံးစီပေးရာ၏။ ပဌမ=ဒါန သီလ ဆေးတလုံးပေး၍၊ ဤဆေးကိုသောက်လျှင် တဒင်္ဂတခဏမျှသာသက်သာပေလိမ့်မည်။ ဒုတိယ=သမထစျာန် ဆေးတလုံးကို ပေး၏။ ဤဆေးကိုသောက်လျှင် ဝိက္ခမ္ဘန တာရှည်စွာ သက်သာရာရပေမည်။ တတိယ=ဝိပဿနာမဂ္ဂင်ဆေးကြီးကိုပေး၍၊ ဤဆေးကိုသောက်လျှင် သမုစ္ဆေဒ အကြွင်းအကျန်မရှိ ရောဂါအလုံးစုံပျောက်ကင်း၍၊ ထာဝရအမြဲချမ်းသာ သုခကိုရမည်ဟု ပေး၏။ ပဌမဆေး၊ ဒုတိယဆေး၊ တတိယဆေးတို့ကို ရောနှော၍သောက်လျှင် အလွန်သက်သာရာရ၍ အမြဲထာဝရ ချမ်းသာခြင်းသုခကို ရနိုင်သည်ဟု မိန့်ဟပြောကြား၍ ပေးသနားတော်မူလေ၏။

သူနာတဦးသည် ပဌမ၊ ဒါန သီလ ဆေးသက်သက်ကိုသာ ဝင့်ဆင်းရဲကို တောင့်တ၍၊ ပေးလှူ စောင့်ထိန်းသောအားဖြင့် သောက်၏။ ထိုသူနာသည် အပါယ်လေးပါး၌ ခံစားနေရသော သူများမှာ တမိနစ်မျှသက်သာရာ မရမရှိ၍၊ အလွန်ဆင်းရဲ

ခြင်းဖြင့် ခံစားရခြင်းဖြစ်၏။ လူ့ဘုံတွင်ရှိသော လူများမှာ ကား လူ၏ စည်းစိမ်ချမ်းသာဖြစ်သော သုဂတိဘုံဘဝကိုရ၍ ထိုအပါယ် ၄-ပါးထက် ချမ်းသာခြင်းသည် မှန်၏။ သို့သော် လည်း တနေ့ တရက်မှာပင် နံနက်တနပ်၊ ညတနပ် စားရရန်နှင့် ဝတ်မှုအတွက် ကြောင့်ကြစိုက်ရ၍ လုပ်ကိုင်ရသော ပရိယေသန ကိစ္စသည် နာရီနှင့်အမျှ ကျပ်တည်းပင်ပန်းစွာ အားထုတ်မှုရှိ ပါမှ ရရှိကြ၏။ ၎င်းပြင် ရောဂါ အန္တရာယ်ပေါင်း ၉၆-ပါး သည်လည်း အမြဲပင် နှိပ်စက်ခြင်းဖြင့် မပြတ်မလပ် နှိပ်စက်၍ ထင်ရှားစွာ ရင့်ယော် ခါးကုန်း ဆံဖြူ-သွားကျိုး ယိမ်းယိုင် ခြင်းဘည်း ဟူသော ဇရာဘိစီးနှိပ်စက်ခြင်း ခံရ၏။ အသက် တမ်းမှာသည်း အနှစ်တရာထက် ပိုမို၍ မနေရ၊ မရဏတရား နှိပ်စက်ပြန်၍ သေရလေ၏။ အောက်ဆုံး နတ်ဘုံဖြစ်သော စတုမဟာရာဇ်ဘုံ၌ဖြစ်ရသော နတ်မင်းကြီး၏ စည်းစိမ်သည် ကား အလွန်တန်ခိုးကြီး၍ စည်းစိမ်ချမ်းသာ ကြီးကျယ်ခန်းစွာ ရှိသည့်ပြင် စားမှု၊ ဝတ်မှု၌ ကြောင့်ကြစိုက်ရန် အလျှင်းမရှိ။ လူ့ပြည်က အနှစ်ငါးဆယ်ကြာမှ တရက်တည၌ဖြစ်၍၊ အနှစ် ငါးဆယ်ကြာမှသာ အလိုရှိမှ တောင့်တသောအားဖြင့် နတ် သြဇာကို မှီဝဲ၏။ ရင့်ယော် အိုမင်းခြင်းမှာ မထင်ရှားလှချေ။ အသက်တမ်းမှာလည်း လူပြည်က အနှစ်ငါးဆယ်။ ၎င်း နတ် ပြည်မှာ တရက်နှင့် တည၌ဖြစ်၍ တွက်စစ်သော် စတုမဟာရာဇ် နတ်ပြည်မှာတနှစ်၊ လူပြည်က လူ၏ နှစ်ပေါင်း (၁၈၀၀၀) တသောင်းရှစ်ထောင် ဖြစ်သည်။ ၎င်း တသောင်းရှစ်ထောင် ပေါင်း (၁၀၀၀) တထောင်ကြာမြင့်စွာ ခံစားစံစားပြီးမှ

မရဏ အနိုပ်စက်ကို ခံရ၏။ စုတိမနေသေရ၏။ ဤသည်ကား မြတ်စွာဘုရားရှင် ပေးတော်မူသော ပဌမဒါန သီလတည်းဟူသော ဝိဇ္ဇာမယ ဓါတ်ဆေးကြီးကို သောက်စားသဖြင့် တန်ခိုး ဂုဏ်သတ္တိနှင့် ပြည့်စုံသော တဒင်္ဂတခဏ တဘာဝမျှ သက်သာသော ချမ်းသာသုခဓါတ်ကြီးကို ရပေ၏။ အထက် အထက်ဖြစ်သော နတ်မင်းကြီးတို့ ခံစားရ၊ စံစားရသော ဓါတ်၏ တန်ခိုး သတ္တိ ဂုဏ်ထူးဝိသေသကိုပါ မြွေ်ပါလေ။

သူနာတဦးကား။ ဒုတိယ၊ သမထစျာန် ဆေးသက်သက်ကိုသာ ပြဟ္မာဖြစ်လိုသော ဆန္ဒဖြင့် တောင့်တ၍၊ အားထုတ်သောအားဖြင့် သောက်၏။ ထိုသူနာသည် ရောဂါတာရှည်စွာ သက်သာခြင်းတည်းဟူသော လောကသုံးပါး၌ အထွဋ်အထိပ် ဘုန်းတန်ခိုးကြီးမြင့်၍ အလွန်ကိုယ်ရောင် ကိုယ်ဝါဖြင့် ပြည့်စုံလျက် ပြဟ္မာမင်းကြီး၏ ဘုံဘဝကို ရပေ၏။ ထိုပြဟ္မာမင်းကြီးသည် အောက်အောက်ဖြစ်သော နတ်မင်းကြီးတို့၏ စည်းစိမ်ချမ်းသာထက် အဆပေါင်း များစွာသော ချမ်းသာသုခကို ခံစားရ၍၊ အာဟာရထမင်း ဩဇာ၊ နတ်ဩဇာတို့ကို ဘယ်အခါကာလမှ စားသောက် မှီဝဲခြင်း၊ မရှိကုန်လျက် ပကတိအတိုင်း ကမ္ဘာ ၅၀၀ တိုင်း ဝိက္ခမ္ဘန အနေအားဖြင့် တာရှည်စွာ တည်နေနိုင်၏။ အိုမင်းရင့်ယော်ခြင်းမှလည်း မထင်ရှားလှ မူ၍ ဖြည်းညှင်းစွာ စုတိကျပြီးလျှင် နတ်ပြည်နှင့် လူ့ပြည်မှာသာ တဖန် ဖြစ်ရပြန်၏။ ဤဆိုခဲ့ပြီးသော ချမ်းသာသုခအပေါင်းနှင့် ပြည့်စုံ၍ ခံစား စံစားရခြင်းတို့သည်ကား မြတ်စွာ

ဘုရား ဆရာကြီး ပေးသနားတော်မူသော ဒုတိယ ဝိဇ္ဇာမယ ဓါတ်ဆေးတော်ကြီးကို သောက်စား အားထုတ်ခြင်းကြောင့်၊ ဤကဲ့သို့ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော ချမ်းသာသုခဓါတ်ကြီးကို တာရှည်လေးမြင့် ရရှိအပ်သော အကျိုးတည်း။ သူနာ တဦးကား တတိယ ဝိပဿနာမဂ္ဂင်ဆေးကြီးနှင့် ပဌမဆေး။ ဒုတိယဆေးတို့ကို တခါတည်း ရောနှော၍၊ အမြဲသဖြင့် မပြတ် မလပ် အားထုတ်သောအားဖြင့် သောက်စား၏။ ထိုအခါ အလုံးစုံသော ရောဂါ ဝေဒနာတို့သည် အကြွင်းမဲ့ ကုန်ခမ်း ပျောက်ကင်း၍ အမြဲနိစ္စထာဝရ ချမ်းသာခြင်းဖြစ်သော သုခ ဓါတ်ကြီးကို ရ၏။ ထို့အတူ ဝိပဿနာတည်းဟူသော မဂ် ဉာဏ်ဖြင့် ရာဂအစရှိသော ကိလေသာ အညစ်အကြေးတို့ကို ပယ်ရှား ဖြတ်တောက်ခြင်းဖြင့် အပါယ်ဘေးမှ လွတ်မြောက်၍ တစ–တစ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတည်း ဟူသော ဒုက္ခဓါတ်တရားသည် ငြိမ်းကွေယ်ပျောက်လျက် အမြဲ နိစ္စထာဝရအားဖြင့် ပဋိသန္ဓေနေခြင်း မရှိ၊ အိုခြင်းမရှိ။ နာခြင်း မရှိ။ သေခြင်းမရှိသော အစဉ်ထာဝရ ချမ်းသာသော သန္တိ သုခ နိဗ္ဗာနဓါတ်ကြီးကို မုချမလွဲ ဒိဌ္ဌဓမ္မ တွေ့ရှိသောအားဖြင့် ရောက်ရပေတော့၏။ ဤသည်ကား မြတ်စွာဘုရား ပေးသနား တော်မူပေသော တတိယ ဝိဇ္ဇာမယဓါတ် ဆေးကြီးကို ပဌမ ဆေး၊ ဒုတိယဆေးနှင့် ရောနှောလျက်၊ သောက်စားအားထုတ် ခြင်းကြောင့်၊ ထိုကဲ့သို့သော ဂုဏ်ထူးသတ္တိ ဝိသေသကြီးဖြစ်ပေ သော အမြဲထာဝရ နိစ္စသုခအားဖြင့် ချမ်းသာလျက် ထင်ရှား တည်ရှိသော ဓါတ်ကြီးကိုရ ရပေအံ့သတည်းဟု အလွန်ယုံကြည်

သောအားဖြင့် ထောက်ဆလျက် အာရုံပြု၍ ကြည့်ရှု နှလုံးသွင်းကြပါကုန်။

ဆိုလိုရင်း အဓိပ္ပါယ်ကား၊ မြတ်စွာဘုရားရှင်သည် ဟော ပြောပြသ ဆုံးမပေးသနားတော်မူပေသော၊ ဒါန သီလ သက်သက်ကို ဉာဏ်မယှဉ်သောအားဖြင့် ပြုလုပ်၏။ အပါယ်လေးပါးမှ လွတ်၍ ထင်ရှားရှိသော၊ လူမင်း, နတ်မင်း, သိကြားမင်းတို့၏ စည်းစိမ်ချမ်းသာကို အာရုံပြုသောအားဖြင့် တောင့်တ၍ ကိုးကွယ်ရာ မှီခိုရာ ဆည်းကပ်ရာ ပြုသဖြင့် အလွန်အားထားလျက် ယုံကြပါသောကြောင့် အပင်အပန်း အနွမ်းအနယ်ခံပြီးလျှင် ခြိုးခြံစွာ လှူဒါန်းစောင့်ထိန်းခြင်းကို ပြုကြပေ၏။ ထိုသို့ ပြုလုပ်ခြင်းဖြင့် အလွန်ဆင်းရဲ၍ ဒုက္ခမီး မပြတ်မလပ် လောင်ကျွမ်းနှိပ်စက်ခြင်းကို ခံရသော အပါယ်ဘေးမှလည်း လွတ်ကင်း ချမ်းသာလျက် တဒင်္ဂတဘဝဖြစ်သော၊ လူမင်း, နတ်မင်း သိကြားမင်းတို့၏ စည်းစိမ်ချမ်းသာ ဓါတ်ကြီးတို့ကို ထိုက်သက်သည့် အားလျော်စွာ ခံစား စံစားရခြင်းကား အလွန်ပင် ထင်ရှားလှသဖြင့် ၎င်းချမ်းသာသုခဓါတ်သည် အမှန်ထင်ရှားတည်ရှိနေသော သုခဓါတ်ဖြစ်ကြောင်း ယုံကြည်ထိုက်လှပေ၏။

အကယ်၍ ဤကဲ့သို့သော ချမ်းသာသုခ ဓါတ်သည် မရှိပါမူ။ ဝါ–မရှိပါက လူမင်း, နတ်မင်း, သိကြားမင်းတို့ မရှိနိုင်ရာ၊ လူတိုင်းအာရုံ မပြုလေရာ၊ ဤသို့ကား မဟုတ်မူ၍ ထင်ရှားစွာရှိသောကြောင့် လူမင်း, နတ်မင်း, သိကြားမင်းကြီးတို့၏ စည်းစိမ်ချမ်းသာကို အာရုံပြုသော အားဖြင့် တောင့်တ၍ ဒါန

သိလကို ပြုလုပ်သော သတ္တိဂုဏ်ထူးဝိသေသကြောင့် အမှန်မရှိသော ချမ်းသာ သုခ ဓါတ်ကြီးသည် ထင်ရှား လှပေတော့သတည်း။

မြတ်စွာဘုရားရှင်ဟောပြောပြသဆုံးမတော်မူသော၊ သမထ ဈာန် အဘိညာဏ်တို့ဖြင့် ပြည့်စုံသော ဗြဟ္မာမင်း၏စည်းစိမ်ချမ်းသာကြီးကို တောင့်တလျက် အားထုတ်ခြင်းဖြင့် ကိုးကွယ်ရာ ဆည်းကပ်ရာ မှီခိုရာပြု၍ ယုံကြည်သောအားဖြင့် လွန်စွာအပင်အပန်းခံပြီးလျှင် အားထုတ်၏။ ထိုသို့ အားထုတ်သည့်ဓါတ် အားလျော်စွာ ဈာန်အဘိညာဏ်သို့ရ၍ ကောင်းကင်ပျံခြင်း ရှေးအဖြစ် နောက်အဖြစ်တို့ကို မြင်ခြင်းတည်းဟူသော၊ဣဒ္ဓိပါဒ်နှင့် ထင်ရှားပြည့်စုံလျက် စုတိကျသောအခါ လောကသုံးပါးတွင် အထွဋ်အထိပ်ချမ်းသာ သုခ ဓါတ်ကြီးဖြစ်သော ဗြဟ္မာမင်း၏စည်းစိမ်ချမ်းသာဓါတ်ကြီးကို ထင်ထင်ရှားရှား ခံစားရခြင်းအမှန်ဖြစ်ပါသောကြောင့် အလွန်ထင်ရှားလှသော၊ ဒုက္ခဓါတ် အပါယ်ဘေးကြီးမှလည်း ဝိက္ခမ္ဘန ပဟာန်အားဖြင့် လွတ်ငြိမ်းချမ်းသာလျက် တာရှည်စွာ ဗြဟ္မာမင်း၏ စည်းစိမ်ချမ်းသာ သုခကို စံစားခံစားရခြင်းဖြင့်ဖြစ်သည်ဟု ခေါ်ဆိုရသော သုခဓါတ်ကြီးတခုကို ထင်ထင်ရှားရှားရရှိကြောင်း သိသာလှပေ၏။

မြတ်စွာဘုရားရှင်ဟောပြောပြသဆုံးမတော်မူသော ဝိပဿနာ မဂ်ဉာဏ်ကို ကိုးကွယ်ရာ ဆည်းကပ်ရာ မှီခိုရာဟူ၍ ပွားများအားထုတ်၏။ ထိုသို့ပွားများအားထုတ်သည် အားလျော်စွာ

အလွန်ဆင်းရဲဒုက္ခဖြစ်သော၊ အပါယ်ဘေးကြီးကိုအမြဲလွတ်ကင်း ချမ်းသာ၍ အမြဲနိစ္စ ထာဝရကမ္ဘာ အဆက်ဆက် မပျက်မစီးဘဲ အမြဲချမ်းသာလျက် တည်ရှိနေသော သန္တိသုခ နိဗ္ဗာနဓါတ်တခု သည်၊ အလွန်ထင်ရှားသောအားဖြင့် တည်ရှိနေခြင်းကို အာရုံပြု ၍ ရောက်ရှိ တွေ့မြင်လျက် အလွန်ပင် ချမ်းသာလှပေ၏။

ဤသို့ အမြဲနိစ္စထာဝရအားဖြင့် တည်ရှိသော ချမ်းသာသုခ နိရောဓသစ္စာ နိဗ္ဗာနဓါတ်တခုသည်ထင်ရှားမရှိပါမူ ဝါ-မရှိဘဲ၊ အချည်းနှီးတရားဖြစ်ပါက၊ ဝါ-ဘာမျှမရှိသော တရားဖြစ်ခဲ့ သော်၊ အလွန်ထီးနန်း စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော စကြ ဝတေးမင်း၏ စည်းစိမ်ချမ်းသာကို စွန့်ပစ်၍ ဘုရား ရဟန္တာ အရှင်မြတ်တို့၏အဖြစ်ကိုဖြစ်ရန် ရ-ရန် မကျင့်တန်ရာ၊မရတန်ရာ၊ မယူတန်ရာ ဝါ၊ ဘုရား ရဟန္တာတို့လည်း မရှိတန်ရာ။

ထိုကဲ့သို့ကား မဟုတ်မူ၍၊ ၎င်းနိရောဓသစ္စာ နိဗ္ဗာနသန္တိ- သုခဓါတ်သည်၊ ထင်ထင်ရှားရှား တည်ရှိနေပါသောကြောင့်၊ ဘုရားရဟန္တာအရှင်မြတ်တို့သည်လည်းထင်ရှားစွာရှိကြကုန်၏ဟု တောက်ဆလျက် ပညာရှင်အပေါင်းတို့သည် သတိပြု၍ ကြည့်ရှု နှလုံးသွင်းတော်မူကြပါကုန်။

အထူးသတိပြုရန်မှာ စိတ်ပရမတ်၊ စေတသိက် ရုပ်ပရမတ် ဓါတ်သဘောစုဖြစ်သော ဒုက္ခမီးလောင်ကျွမ်းခြင်းဖြင့် လောကီ ပရမတ် လောကီဓါတ်သုံးပါးတို့သည် လောကကြီးအတွင်းမှာ အလွန်ထင်ရှားစွာ ဖြစ်ပျက်မစဲ အမြဲတည်ရှိနေကြောင်း ထင်ရှား လှပေ၏။ ၎င်းပရမတ်သဘောဓါတ်သဘောကို လူ နတ် ဗြဟ္မာ

သတ္တဝါ တော တောင်ဟု အထင်အမြင်မှားခြင်းကို ပယ်ခွါ
စွန့်လွှတ်လျက် ပရမတ်အစစ် ဓါတ်အနှစ်ကို တွေ့မြင်အောင်
ဆင်ခြင်နှလုံးသွင်းပါမှ ဝါ၊နှလုံးသွင်းပါမူ ဒုက္ခပရမတ်သဘော
ဒုက္ခဓါတ်သဘောတို့ကို တွေ့မြင်လျက်၊ ၎င်းဒုက္ခပရမတ်သုံးပါး
ဓါတ်သုံးပါးတို့၏ ချုပ်ငြိမ်း ကွယ်ပျောက်ကြောင်းဖြစ်သော
သန္တိသုခဓါတ်နိရောဓသစ္စာ နိဗ္ဗာန်ပရမတ်နိဗ္ဗာန်ဓါတ်သည် နိစ္စ
ထာဝရကမ္ဘာအဆက်ဆက် မပျက်မစီးဘဲလျက် အံမြဲတည်ရှိ
နေခြင်းကို တွေ့မြင်သဖြင့် ထင်ရှားလှပေတော့၏။

လောကီပရမတ်တရားသုံးပါး၊ လောကုတ္တရာပရမတ်တရား
တပါး ပေါင်းလေးပါး၊ ထင်ထင်ရှားရှားရှိပါလျက် လောကီ
ပရမတ်တရား သုံးပါး ချုပ်ငြိမ်း ကွယ်ပျောက်ခြင်းဖြင့်သာ၊
လောကုတ္တရာနိဗ္ဗာန်ပရမတ် ထင်ရှားစွာတည်ရှိနေခြင်းကို သတိ
လစ်လပ်သောအားဖြင့်၊ ပရမတ်တရားလေးပါးစလုံး အကုန်
မပျောက်သင့် မချုပ်သင့် မရှိဘဲမနေသင့်။ ဝါ–ဘာမျှမရှိသော
အချည်းနှည်းတရား မထင်သင့် မယူသင့်ရာ။ ဉာဏ်ကိုထက်စွာ
အသုံးပြု၍ သတိမူလျက် ကြည့်ရှုနှလုံးသွင်းတော်မူကြပါ။ပညာ
ရှင်အပေါင်း သူတော်ကောင်းတို့။ ။သို့မှသာလျှင် နိဗ္ဗာန်
ထင်ရှားစွာရှိကြောင်း ယုံကြည်သဖြင့် နိဗ္ဗာန်ချမ်းသာကို နှစ်နှစ်
သက်သက် လိုလားတောင့်တကြမည်ဖြစ်ပါသောကြောင့်၊သတိ
ပြု၍ဆင်ခြင်ရန်မှာ မြတ်စွာဘုရားရှင်သည်၊ အနန္တံ သဗ္ဗတော
ပဘံ ။ အနန္တံ ပျက်စီးခြင်းမရှိသော နိဗ္ဗာန်သည်။ သဗ္ဗတော၊
ခပ်သိမ်းသောအခါနှိုက်။ ပဘံ၊ ထင်ရှားသောအားဖြင့် တည်ရှိ
၍နေ၏ဟု ဟောတော်မူပါသောကြောင့် ယုံကြည်သောအား

ဖြင့် နှစ်သက်တော်မူကြ၍ အာရုံပြုပြီးလျှင် ဆင်ခြင်နှလုံးသွင်း ကြပါကုန်လော။

ဥပမာတနည်းသော်ကား ဝေပုလ္လတောင်ရှိ၌
အရံကျောက်ရှစ်သောင်းလေးထောင်ရံလျက်တည်ရှိသော
အလုံးစုံသော အလိုဆန္ဒကို ပြီးစေတတ်သော
လုံးပတ်သုံးထွာ အလျား လေးတောင် ရှိသော

ရင်းပဿမြားဉ္စ ဖုံးကွယ်သော မြေ အညစ်အကြေးတို့ကို တူးဆွ ပယ်ရှား၍ ကုန်ပျောက်ချုပ်ငြိမ်းပါလျှင် ဤသို့တွေ့မြင်ရပေ၏။

ဤပတ္တမြားကို တွေ့မြင်ရပါသော ကြောင့် အညစ်အကြေး သန့်ရှင်း စင်ကြယ်၍ ထင်ရှား တည်ရှိလေ ၏။

## မနောမယ ပတ္တမြား

အထက်က ဖေါ်ပြရာပုံကို တွေ့မြင်ရသည့်အတိုင်း နတ်ဘီလူး ဂုမ္ဘာန်တထောင်စောင့်လျက်ရှိသော မနောမယ ပတ္တမြားသည်ကား ဘုန်းကံပါရမီ ဉာဏ်ပညာဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်မြတ်တို့သည်သာလျှင်၊ ရင်းပတ္တမြား၏ဘည်ရာ ဝေပုလ္လတောင်သို့ သွားရောက်ယူဆောင်ရန် မိမိ၏ပညာဉာဏ်ပညာ သတ္တိကို ရှေ့ဆောင်လျက် စုံစမ်း၏။ မေးမြန်း၏။ သင်ယူ၏။ နာကြား၏။ ရေးသားမှတ်သား၏။ စုံစမ်းထောက်လှမ်း၍ စေ့ငှစွာ သိရှိနားလည်သောအခါ ရင်းတောင်သို့ လျှပ်မြန်စွာသွားလေသော် ညဉ့်အခါရောက်ရှိ၍၊ ထိုတောင်တွင် ညဉ့်အိပ်နားနေရ၏။ ထိုအခါ၊ အရံကျောက်မြတ်ပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့်

ခြံရံလျက် မနောမယကျောက်မြတ်ကြီးသည်အရောင်တဖိတ်ဖိတ် တလျှပ်လျှပ် တောက်ပခြင်းဖြင့် တောင်ရိက ထွန်းတောက် လျက် ပြ၏။ ထိုအခါ၊ ဤနေရာကား အရံကင်းကျောက်ဖြစ် ၏။ ဤနေရာကား မနောမယ တည်ရှိရာဖြစ်၏ဟု ဉာဏ်ပညာ ဖြင့် ဆင်ခြင်၍ ထုံးတို မှတ်သားပြီးလျှင် မိုးသောက်လတ် သော် အရံကင်းကျောက်ကို ရှေးဦးစွာ မှန်းထားရည်စူး၍၊ အဝေးအနီး မှန်းဆပြီးလျှင် တူးဆွလေရာ ဖုံးအုပ်လျက်ရှိသော မြေအလုံးသည် ကုန်ဆုံး ပျောက်ငြိမ်းလေ၍ ထိုမနောမယ ပတ္တမြား၏ အရံဖြစ်သော ကင်းစောင့်ကျောက်ညွှန်ကြားဘိ သကဲ့သို့ ဖြစ်၍ မနောမယ ပတ္တမြား ရတနာကို တွေ့ရှိသော အားဖြင့် ရလေ၏။ ထိုအခါ စိတ်အလိုဆန္ဒအတိုင်း ပြည့်ဝ စေသော ဂုဏ်သတ္တိထူးနှင့် ပြည့်စုံသော ကျောက်မြတ်ပတ္တမြား ၏ အကျိုးကျေးဇူးအထူးကို ခံစားရလေတော့သတည်း။

ဤမနောမယ ကျောက်မြတ်သည် မည်သူတစုံတယောက်မျှ ဘန်ဆင်း ပြုပြင်ထားသည်မဟုတ်၊ အလွန်ဆန်းကြယ်လှစွာသော ဓါတ်သဘောသဘာဝအတိုင်းသာလျှင် ထည်ရှိလျက်နေသော လောကီဓါတ်ရတနာကြီး တခု အမှန်မုချ တည်ရှိကြောင်း ထင် ရှားလှပေ၏။ သို့သော်လည်း မဆိုက်တန်၍ ဘုန်းကံပါရမီ ဉာဏ်ပညာ မရှိသော သူတို့ကား ၎င်းပတ္တမြား၏ တည်ရာဌာန သို့ စုံစမ်းမေးမြန်းခြင်းပြုရန်ဝေးစွ ၎င်းပတ္တမြား၏ တည်ရာ ဝေပုလ္လဟု ကြားကာမျှနှင့်ပင်၊ ၎င်းတောင်၌ရှိသော နတ်, ဘီလူး, ဂုမ္ဘာန်တို့ တန်ခိုးဖြင့် နှိပ်စက်၍ သေကြေပျက်စီးရာ၏။ အဘယ်သောအခါမျှ မရောက်နိုင် မရနိုင်ဟူ၍ နား မကြားနိုင်

နားမစိုက်နိုင်ဘဲ ရှောင်တိမ်းကာ သွားပြီးလျှင် လက်မှိုင်ချ၍ နေလေတော့၏။

ဤမနောမယ ကျောက်မြတ်ပတ္တမြားသည်၊ ဝေပုလ္လတောင် ရံတွင် အမှန်ထင်ရှားစွာရှိကြောင်းကို လောကဟိတကျမ်း၊ စိန္တာမဏိဂါထာတော်ကြီး၌၊ အမဂါထာ–အဖိုဂါထာနှစ်ခုရှိရာ တွင် အဖို ဂါထာတော်ကြီး စာမျက်နှာ ၃၁၄-စာကြောင်း ရေ၊ ၁၁-တွင်၊ ဥသဘော သိရိဒေါ ဝေပုလ္လ ပဗ္ဗာပဿော မနော ဟရော မဏိရတနံဝိယ သဗ္ဗကာမပူရဏော ဂရုဂါရ ဝါဒီ သဗ္ဗျာယန္တာနံ ပဝရော သမ္မာသမ္ဗုဒ္ဓေန ဒေသိတော၊ အယံမန္တော်စိန္တနတ္တေနစိန္တာမဏိယောနာမာတိ။ ။

မြန်မာပြန်ကား။ ။သိရိဒေါ၊ အသရေကို ပေးတတ်သော ဝေပုလ္လ ပဗ္ဗတပဿော၊ ဝေလ္လတောင်ရံ၌ရောက်၍ ရံကျောက် ရှစ်သောင်းလေးထောင်ရှိသော မနောဟရော၊ လူတို့၏ နှလုံး ကို ပြည့်စုံစေတတ် ဆောင်စေတတ်သော။ မဏိရတနံဝိယ၊ ရေ နောက်မှုန်နယ်ကို ကြည်စေတတ်သော လုံးပတ်သုံးထွာ အလျား လေးတောင်ပမာဏ မနောမယ ပတ္တမြားရတနာသည် သဗ္ဗကာ မပူရဏောအလုံးစုံသော အလိုဆန္ဒကို ပြီးစေတတ်သောဟု လာ ရှိပါသောကြောင့် ထင်ရှားရန် ပုံချ၍ ပြဆိုပါသည်။

## ဤပုံနှင့်တကွ ပြဆိုသော ဥပမာ နှိုင်းယှဉ်ကြောင်းကား

အခ်တခါတ်၊ နိရောဓသစ္စာ နိဗ္ဗာနခါတ်၊ တရားမြတ်ကို ထိုက်တန်သော ဘုန်းကံပါရမီ ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်မြတ် တို့သည်သာလျှင်၊ ၎င်းနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော

ကောင်းမှု အလုံးစုံနှင့်တကွ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကိုရစေခြင်းငှာ မနောမယ ပတ္တမြားကို ခြံရံလျက်ရှိသော ကျောက်ပေါင်း ရှစ်သောင်းလေးထောင်နှင့်တူသောဓမ္မခန္ဓာပေါင်းရှစ်သောင်းလေးထောင်တို့ဖြင့် နိဗ္ဗာနဓါတ်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ဆိုက်အောင် ခြံရံလျက် ဘုရားအစရှိသော သူတော်ကောင်း ပညာရှင်တို့သည် ဟောပြောပြသ ဆုံးမတော်မူအပ်သော တရားဓမ္မတို့ကို ကြားနာစုံစမ်း မေးမြန်းသင်အံ မှတ်သား၍ ကိလေသာတို့ကို သုတ်သင်သောအားဖြင့် အသင့်အတင့် နှလုံးသွင်းပြီးသော် ပညာဖြင့် ဆင်ခြင်လေ၏။ ထိုအခါ ဘီလူးဂုမ္ဘာန်နှင့်တူသော ရာဂ ဒေါသ မောဟ မြူတည်းဟူသော၊ ကိလေသာ အညစ်အကြေးတို့သည် တစ-တစ ကင်းဝေးစင်ကြယ်လျက် မနော မယ ပတ္တမြား ဓါတ်ကို တွေ့မြင်ရဘိသကဲ့သို့ နိရောဓသစ္စာ နိဗ္ဗာနဓါတ်ကို ကမ္ဘာအဆက်ဆက် မပျက်မစီးဘဲ နိစ္စ သုခ ထာဝရ၊ မအိုမသေ အမြဲတည်နေခြင်းဖြင့် မျက်မှောက်ပြုလျက် ဆိုက်ရောက်ပေတော့၏။

လောကအတွင်း၌ မည်သူတစုံတယောက်မျှ ပြုပြင်ဘန်ဆင်း၍ တားခြင်းမဟုတ်သော မိမိ၏ဓါတ်သဘာဝအတိုင်း ဤမျှလောက် ဆန်းကြယ်၍ စိတ်အလိုဆန္ဒအတိုင်း ပြည့်စုံနိုင်သော မနောမယ ကျောက်မြတ်ပတ္တမြားဓါတ်ကြီးသည် တန်ခိုးဂုဏ်သတ္တိ ဝိသေသနှင့် ထူးဆန်းစွာ ပြည့်စုံလျက် တည်ရှိကြောင်း ထင်ရှားပါသဖြင့် ဤလောကုတ္တရာဖြစ်သော နိရောဓသစ္စာ, နိဗ္ဗာနဓါတ်သည်၊ သင်္ခါရပြုပြင်ခြင်းတို့မှ ကင်းသဖြင့် ဓါတ်သဘာဝ ဓမ္မသဘာဝအတိုင်း အလွန့်အလွန် ဆန်းကြယ်စွာ

မအိုမနာ မသေခြင်းဖြင့် တည်မြဲခိုင်ခန့်ခြင်းဖြစ်၍ ကမ္ဘာအဆက်ဆက် မပျက်မစီးဘဲ၊ တည်ရှိနေကြောင်းကို ပညာရှင်အပေါင်းတို့သည် ဆင်ခြင် နှလုံးသွင်းတော် မူကြပါကုန်လော့။

အထူးသတိပြုရန်မှာ။ ရှေးဘုန်း, ရှေးကံ ပါရမီပညာဓါတ်ရှိ၍ မဂ်ဉာဏ်– ဖိုလ်ဉာဏ်ကို ရထိုက်သော သူသည်သာလျှင် ပညာရှိထံ ဆည်းကပ်၍ စုံစမ်းမေးမြန်းအမှုတို့ကို ပြုပေ၏။ ၎င်းသူများသည်သာလျှင် မဂ်ဉာဏ်- ဖိုလ်ဉာဏ်တို့ကို ရထိုက်သော ပါရမီကြောင့် စုံစမ်းခြင်း၊ မေးမြန်းခြင်း သင်အံခြင်း လေ့ကျင့်ခြင်းဖြင့် အားထုတ်နိုင်ကြကုန်ရာသတည်းဟုလိုသည်။

ရှေးဘုန်း ရှေးကံ ပါရမီမရှိ၍ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို မရထိုက်သော သူများကား။ ထိုမဂ်ဉာဏ်–ဖိုလ်ဉာဏ်နှင့်စပ်သော တရားစကားတို့ကို မကြားနိုင် မနာနိုင်ဖြစ်၏။ ၎င်းသူတို့သည် မဂ်ဉာဏ်–ဖိုလ်ဉာဏ်ကို ရထိုက်သော ပါရမီဓါတ်ခံရှိသော သူတို့ဟု မှတ်ယူသင့်သည်။ ထို့ကြောင့် ဓါတ်နှစ်ပါးကို ခြားနားလျက် မြတ်စွာဘုရားရှင်သည် သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်တို့၌ တေသံ ဝူပသမောသုခေါဟု ဟောတော်မူပါသောကြောင့်၊ တေသံဝူပသမော၊ ထိုရာဂ, ဒေါသ မောဟတည်းဟူသော မြူအညစ်အကြေးတို့ကို တစတစ တူးဆွခြင်း ပြုသကဲ့သို့ ဝိပဿနာ ဉာဏ်ပညာတို့ဖြင့် တစတစ ပယ်ရှားကုန်ပျောက် ငြိမ်းရာဖြစ်သော သုခေါ၊ လောကီသင်္ခတဓါတ်ဖြစ်သော မနောမယ ကျောက်မြတ်ကြီးကို ချမ်းသာစွာ ရရှိဘိသကဲ့သို့၊ သုခေါ၊ မအိုမနာ မသေ ကမ္ဘာအဆက်ဆက် မပျက်မစီးဘဲ အမြဲတည်ရှိနေခြင်းဖြစ်သော အလွန့်အလွန်

ချမ်းသာလှပေသော လောကုတ္တရာအသင်္ခတဓါတ် နိဗ္ဗာန်တရား မြတ်ကို မျက်မှောက်ပြုသောအားဖြင့် ရောက်ရပေသည်ဟု လောကီဓါတ်၊ လောကုတ္တရာဓါတ်၊ ထိုနှစ်ရပ်တို့ကို ပိုင်းခြား ဝေဘန်၍ ထောက်ဆတော်မူကြပါကုန်လော။

လောကဓမ္မတာသဘောထုံးစံအတိုင်း အပူရှိလျှင် အပူနှင့် ဆန့်ကျင်ဘက်ဖြစ်သော အအေးသည် မုချကေန်အမှန်ရှိသကဲ့သို့ ငြင်း၊ အမှောင်ရှိလျှင် အမှောင်နှင့် ဆန့်ကျင်ဘက် ဖြစ်သော အလင်းသည် မုချကေန် အမှန်ရှိသကဲ့သို့ငြင်း၊ အဆိုးရှိလျှင် အဆိုးနှင့်ဆန့်ကျင်ဘက်ဖြစ်သောအကြောင်း မုချကေန်အမှန်ရှိ သကဲ့သို့ငြင်း၊ မနှစ်သက်စရာရှိလျှင် မနှစ်သက်စရာနှင့် ဆန့်ကျင် ဘက်ဖြစ်သော နှစ်သက်စရာသည် မုချကေန်အမှန်ရှိသကဲ့သို့ငြင်း၊ ဤမှာဘက်ကမ်းရှိလျှင်၊ ဤမှာဘက်ကမ်းနှင့် ဆန့်ကျင်ဘက် ဖြစ်သော ထိုမှာဘက်ကမ်းသည် မုချကေန်အမှန်ရှိသကဲ့သို့ငြင်း၊ ထိုဥပမာနည်းတူ ဤမှာဘက်ကမ်းနှင့်တူသော အကြောင်းတိုက် ဆိုင်၍ ဖြစ်ပေါ်လာမှုသာ ထင်ရှားရှိသော စိတ် စေတသိက် ရုပ်ပရမတ်တည်းဟူသော ဇာတိတရားရှိလျှင် ငြင်းဇာတိပရမတ် တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော ထိုမှာဘက်ကမ်းနှင့်တူသော အကြောင်းကင်းလျက် ခန္ဓာဟူသော အရေအတွက်မှ လွတ်၍၊ ဖြစ်ပေါ်မှုမရှိသော နိဗ္ဗာန်ပရမတ်တည်းဟူသော အဇာတိတရား သည် ဓမ္မတာအားဖြင့် မုချကေန်အမှန်ဉာဏ်ဖြင့်အာရုံပြုစရာရှိ၏။

ဤမှာဘက်ကမ်းနှင့်တူသော ဒုက္ခနယ်ဘက်က စိတ်,စေတ သိက်,ရုပ်,ပရမတ်တည်းဟူသော အကောင် သတ္တဝါ အသက်

သိပ်ပြာ မဟုတ်သော အသင်္ခတ အနုတ္တတရားရှိလျှင်၊ ထိုမှာဘက်ကမ်းနှင့်တူသော ၎င်းသင်္ခတတရားသုံးပါးနှင့် ဆန့်ကျင်ဘက်ဖြစ်သော သုခနယ်ဘက်က ထိုသင်္ခတပရမတ်တရားသုံးပါးတို့၏ ငြိမ်းအေးကွယ်ပျောက်ဘို့ အကြောင်းခံနေသော နိဗ္ဗာန်ပရမတ်တည်းဟူသော အကောင် သတ္တဝါ အသက်လိပ်ပြာမဟုတ်တဲ့ အသင်္ခတ အနုတ္တတရားသည်ပင် ဓမ္မတာအားဖြင့် မုချကေန် အမှန်ဉာဏ်ဖြင့် အာရုံပြုစရာရှိ၏။

ဤမှာဘက်ကမ်းနှင့်တူသော စိတ်, စေတသိက်, ရုပ်ပရမတ်တည်းဟူသော ဇရာမရဏတို့၏ အနှိပ်စက်ဒဏ်ချက်ကို ခံနေရ၍ မသက်သာသော ဒုက္ခပရမတ်တရားရှိလျှင်၊ ၎င်း ဒုက္ခပရမတ်တရား ၃–ပါးနှင့် ဆန့်ကျင်ဘက်ဖြစ်သော ထိုမှာဘက်ကမ်းနှင့်တူသော အနှိပ်စက်မခံရ၍ သက်သာသော နိဗ္ဗာန်ပရမတ်တည်းဟူသော သုခတရားသည်၊ ဓမ္မတာအားဖြင့် မုချကေန် အမှန်ဉာဏ်ဖြင့် အာရုံပြုစရာရှိ၏။

ဤမှာဘက်ကမ်းနှင့်တူသောစိတ်စေတသိက်ရုပ်ပရမတ်တည်းဟူသောတရားတို့ ဖြစ်ပေါ်လာပြီးလျှင်၊ အခိုက်အတန့် ခဏတည်၍ ကွယ်ပျောက်ပျက်စီးသော အနိစ္စတရားရှိလျှင် ထိုမှာဘက်ကမ်းနှင့်တူသော၊ ၎င်းအနိစ္စ ပရမတ်တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော၊ကွယ်ပျောက်ပျက်စီးမှုမရှိဘဲ ကမ္ဘာအဆက်ဆက်အမြဲထာဝရထင်ရှားတည်ရှိနေသော အသင်္ခတဓါတ် နိဗ္ဗာန်တည်းဟူသော၊ နိစ္စပရမတ်တရားသည် ဓမ္မတာအားဖြင့် မုချကေန်အမှန်ဉာဏ်ဖြင့် အာရုံပြုစရာရှိပေ၏။

## အထူးသိဘို့ရာ လိုရင်းအချုပ်မှာ

| | | |
|---|---|---|
| အပူရှိလျှင်၊ | .... | အအေးရှိသလို။ |
| အမှောင်ရှိလျှင်၊ | .... | အလင်းရှိသလို။ |
| အဆိုးရှိလျှင်၊ | .... | အကောင်းရှိသလို။ |
| ဆင်းရဲတာရှိလျှင်၊ | .... | ချမ်းသာတာရှိသလို။ |
| မနှစ်သက်စရာရှိလျှင်၊ | .... | နှစ်သက်စရာရှိသလို။ |
| ဤမှာဘက်ကမ်းရှိလျှင်၊ | .... | ထိုမှာဘက်ကမ်းရှိသလို။ |

ထိုသို့ လောကကြီး၌၊ ကိုယ်တွေ့ မျက်မြင်ဆန့်ကျင်ဘက်အားဖြင့် နှိုင်းယှဉ်၍ သိဘို့ရာရှိသကဲ့သို့၊ ထိုနည်းအတူ တရားသဘော၌လည်း အကြောင်းမကင်းတဲ့တရားရှိလျှင် အကြောင်းကင်းတဲ့တရားရှိရာ၏။ အကြောင်းမကင်းလို့ ဖြစ်ပေါ်တဲ့တရားရှိလျှင် အကြောင်းကင်းလို့ မဖြစ်ပေါ်တဲ့ တရားရှိရာ၏။ ဖြစ်ပေါ်လို့ ဆွေးမြေ့ရင့်ယော်တဲ့ တရားရှိလျှင် မဖြစ်ပေါ်လို့ မဆွေးမြေ့ မရင့်ယော်တဲ့တရား ရှိရာ၏။ ဆွေးမြေ့ရင့်ယော်လို့ ပျက်စီးတဲ့တရားရှိလျှင် မဆွေးမြေ့ မရင့်ယော်လို့ မပျက်စီးတဲ့ တရားရှိရာ၏။ ထိုကဲ့သို့ ထောက်ဆထောက်ဆ၍ အကျဉ်းနည်းကို မှီ၍သိကြလေဦး။ ။ထိုသို့သိမှသာလျှင် နိဗ္ဗာန်သဘောကို ပိုင်မည်။အကြောင်းမကင်းလို့ ဖြစ်ပေါ်ဖြစ်ပေါ်လို့ ရင့်ယော်ရင့်ယော်လို့ ပျက်စီးတဲ့တရားဟူသမျှကို စိတ် စေတသိက် ရုပ်ပရမတ် တရားဟူ၍ သိကြပါလေ။ ။တဘက်က အကြောင်းကင်းလို့ မဖြစ်ပေါ် မဖြစ်ပေါ်လို့ မရင့်ယော် မရင့်ယော်လို့ မပျက်စီးတဲ့ တရားကို နိဗ္ဗာန်ပရမတ်တရားဟူ၍ သိကြပါလေ။

ဤသို့ ပရမတ်ကို ခွဲခြားဝေဖန်၍ သိကြပါလေ။ ။ထိုသို့ ထောက်ဆ–ထောက်ဆ၍ သိသော လောကီဉာဏ်ကို သန္တိပဒ ဉာဏ်ခေါ်သည်။ ။သန္တိပဒဉာဏ်ဟူသည် သန္တိပဒ သင်္ခါရ တရား ၃-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို၊ ဉာဏ သိတတ်သော ဉာဏ်ပေတည်း။ အဘယ့်ကြောင့် ဤကဲ့သို့ သန္တိ ပဒဉာဏ် ခေါ်သော လောကီဉာဏ်ဖြင့် ထောက်ဆ–ထောက်ဆ လျက် နိဗ္ဗာန်ကို အာရုံပြုစရာရှိရာသနည်းဟူမူ၊ စိတ်၊ စေတသိက် ရုပ်၊ တည်းဟူသော သင်္ခါရ သင်္ခတ ပရမတ်တရား ၃-ပါးသာ လျှင် ကိုင်တွယ်ရာအာရုံရှိသော လောကီဉာဏ်သည်ဂင်း။ ပညတ် တရားသာလျှင် ကိုင်တွယ်ရာ အာရုံရှိသော လောကီဉာဏ်သည် ဂင်း။ ပညတ်တရားသာလျှင် ကိုင်တွယ်ရာအာရုံပြုသော လော ကီဉာဏ်သည်ဂင်း။ စင်စစ် ကိလေသာတို့ကို အကြွင်းအကျန်မရှိ ပယ်ဖြတ်ခြင်း ကွယ်ပျောက် စေခြင်းကိစ္စ၌ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်တည်း။ ထိုစိတ် စေတသိက် ရုပ်တည်း ဟူသော သင်္ခါရ–သင်္ခတ သပ္ပစ္စယ ပရမတ်တရား ဘာမျှမရှိတဲ့ ပညတ် တရား။ ဂင်းတရားတို့မှ တဘက်ဖြစ်သော ကိလေသာတို့ကို အကြွင်းအကျန်မရှိ ပယ်ဖျက်ခြင်း ကွယ်ပျောက်စေခြင်းကိစ္စ၌ စွမ်းနိုင်သော ဝိသင်္ခါရ အသင်္ခတ အပစ္စယဓမ္မ ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့၏ ကိုင်တွယ်စရာအာရုံဖြစ်သော နိဗ္ဗာန် တည်းဟူသော တခုသောတရားသည် ဓမ္မတာအားဖြင့် မုချ ကေန်အမှန်ရှိရာ၏။ ထိုသို့ရှိမှသာလျှင် ကိလေသာဒုက္ခ၊ ခန္ဓာ ဒုက္ခတို့သည် အကြွင်းအကျန်မရှိဘဲ ကွယ်ပျောက်ပျက်စီး ကုန် ခန်းခြင်းသို့ ရောက်လေကုန်ရာ၏။ ထိုကြောင့် မိမိတည်းဟူသော

အဇ္ဈတ္တခန္ဓာ၊ သူတပါးတည်းဟူသော အားလုံးသော ဗဟိဒ္ဓခန္ဓာထဲ၌ ထင်ထင်ရှားရှားရှိသော စိတ်, စေတသိက်, ရုပ်, ပရမတ်တရားသုံးပါးတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၍၊ ခန္ဓာဟူသော အရေအတွက်မှ လွန်မြောက်နေသော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်စရာ၊ အာရုံပြုစရာ၊ နိဗ္ဗာန်ပရမတ်တည်းဟူသော တခုသောတရားသည်ရှိ၏ဟူ၍ ပညာရှင်အပေါင်း သူတော်ကောင်းတို့သည် သတိပြု အလေးမူကြပါလေကုန်။

(၁) ထိုသို့ပြဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း သန္တိပဒဉာဏ်ခေါ်သော လောကီဉာဏ်ဖြင့် ထောက်ဆ ထောက်ဆ၍ ကြံစည်တွေးတောဆင်ခြင် အာရုံပြုဖန်များလျှင်၊ ၎င်းအသင်္ခတဓါတ် နိဗ္ဗာန် ပရမတ်သဘောကို အဟုတ်တကယ် နိစ္စသုခမ္မ သဘာဝ အနေအားဖြင့်၊ အကြင်အခါ ပိုင်ပိုင်နိုင်နိုင်ထိုးထွင်း၍၊ ထင်ထင်ရှားရှား ပဌမတကြိမ် သိမြင်ဆဲဖြစ်ခဲ့အံ့။ ထိုသို့ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ ထင်ထင်ရှားရှား ပဌမတကြိမ် သိမြင်ဆဲဖြစ်သော ဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ်မည်၏။ သိမြင်ပြီးဖြစ်သော ဉာဏ်သည် သောတာပတ္တိဖိုလ်ဉာဏ်မည်၏။ သောတာပတ္တိမဂ္ဂဉာဏ=သောတာပတ္တိမဂ်ဉာဏ်ဟူသည်။ သောတကား ရေအယဉ်နှင့်တူသော မဂ္ဂင်ရှစ်ပါး။ အာကား ရှေးဦးစွာ၊ ပတ္တိကား ရောက်ဆဲဖြစ်တာ၊ မကား ကိလေသာတို့ကို သတ်ဖြတ်တာ။ ဂကား အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်ကို အာရုံပြုသောအားဖြင့် ရောက်တာ၊ ဉာဏကား အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သဘောကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိတာ၊ ရေအယဉ်နှင့်တူသော မဂ္ဂင်ရှစ်ပါးသည် ရှေးဦးစွာ ရောက်ဆဲဖြစ်၍ ကိလေသာတို့ကို

သတ်ဖြတ်လျက် အသင်္ခတဓါတ် နိဗ္ဗာန်ကို အာရုံပြုသောအား ဖြင့် ရောက်တာ၊ အသင်္ခတဓါတ် နိဗ္ဗာန် ပရမတ်သဘောကို ထိုးထွင်း၍ သိတာပေတည်း။ ဤသောတာပတ္တိမဂ္ဂညာဏဟူသော ပုဒ်၌ အသီးအသီး ပုဒ်ခွဲသော်၊ သောတတပုဒ်။ အာ တပုဒ်။ ပတ္တိ တပုဒ်။ မ တပုဒ်။ ဂ္ဂ တပုဒ်။ ညာဏ တပုဒ်။ အားဖြင့် ၆-ပုဒ်ရ၏။

(၂) ထိုနောက်တဖန် ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သဘောကို အဟုတ်တကယ် နိစ္စ, သုခ, ဓမ္မသဘာဝ အနေအားဖြင့် အကြင်အခါ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ ထင်ထင်ရှားရှား ဒုတိယတကြိမ် သိမြင်ဆဲဖြစ်ပြန် အံ့။ ထိုသို့ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ ထင်ထင်ရှားရှား ဒုတိယ အကြိမ် သိမြင်ဆဲဖြစ်သော ဉာဏ်သည် သကဒါဂါမိ မဂ်ဉာဏ် မည်၏။ သိမြင်ပြီးဖြစ်သောဉာဏ်သည် သကဒါဂါမိ ဖိုလ်ဉာဏ် မည်၏။ သကဒါဂါမိ မဂ္ဂဉာဏ=သကဒါဂါမိ မဂ်ဉာဏ်ဟူသည် သတိ ကား တကြိမ်၊ အာဂါမိကား ပဋိသန္ဓေနေသောအား ဖြင့် ဤကာမဘုံသို့ လာကာ၊ မ ကား ကိလေသာတို့ကို သတ်ဖြတ်တာ။ ဂ္ဂ ကား အသင်္ခတဓါတ်နိဗ္ဗာန်သို့ အာရုံပြုသော အားဖြင့်ရောက်တာ။ ညာဏကား အသင်္ခတဓါတ် နိဗ္ဗာန်သဘော ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိတာ။ တကြိမ် ပဋိသန္ဓေနေ သောအားဖြင့် ဤကာမဘုံသို့လာ၍၊ ကိလေသာတို့ကို သတ် ဖြတ်လျက် အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သဘောကို အာရုံပြု သောအားဖြင့် ရောက်တာ။ ထိုးထွင်း၍ သိတာပေတည်း။ ဤ သကဒါဂါမိ မဂ္ဂညာဏဟူသော ပုဒ်၌ အသီးအသီး ပုဒ်ခွဲဝေ

သည်ရှိသော်၊ သတိ တပုဒ်။ အာဂါမိ တပုဒ်။ မ တပုဒ်။ ဂ္ဂ တပုဒ်။ ဉာဏတပုဒ် အားဖြင့် ၅-ပုဒ်ရ၏။

၃။ ထို့နောက် တဖန် ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သဘောကို အဟုတ်တကယ် နိစ္စ သုခ ဓမ္မ သဘာဝအနေအားဖြင့် အကြင်အခါ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ ထင်ထင်ရှားရှား တတိယတကြိမ် သိမြင်ဆဲ ဖြစ်ခဲ့ပြန်အံ့။ ထိုသို့ ပိုင်ပိုင်နိုင်နိုင်ထိုးထွင်း၍ ထင်ထင်ရှားရှားတတိယတကြိမ် သိမြင်ဆဲဖြစ်သော ဉာဏ်သည် အနာဂါမိ မဂ်ဉာဏ်မည်၏။ ။သိမြင်ပြီးဖြစ်သော ဉာဏ်သည် အနာဂါမိ ဖိုလ်ဉာဏ်မည်၏။ အနာဂါမိမဂ္ဂဉာဏ်ဟူသည်၊ အန ကား ဤကာမဘုံ၌ ပဋိသန္ဓေနေသောအားဖြင့် မလာတာ၊ အာဂါမိကား လာတာ၊ မ ကား ကိလေသာတို့ကို သတ်ဖြတ်တာ၊ ဂ္ဂ ကား အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သဘောကိုအာရုံပြုသောအားဖြင့် ရောက်တာ။ ဉာဏကား အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သဘောကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိတာ။ ပဋိသန္ဓေနေသောအားဖြင့် ဤကာမဘုံသို့ မလာမူ၍ ကိလေသာတို့ကို သတ်ဖြတ်လျက် အသင်္ခတဓါတ် နိဗ္ဗာန်သဘောကို အာရုံပြုသောအားဖြင့် ရောက်တာ၊ အသင်္ခတဓါတ် နိဗ္ဗာန်သဘောကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိတာပေတည်း။ ဤအနာဂါမိ မဂ္ဂဉာဏဟူသောပုဒ်၌ အသီးသီးပုဒ်ခွဲသည်ရှိသော်၊ အန တပုဒ်၊ အာဂါမိ တပုဒ်၊ မ တပုဒ်၊ ဂ္ဂ တပုဒ်၊ ဉာဏ တပုဒ်အားဖြင့် ၅-ပုဒ်ရ၏။

၄။ ထို့နောက် တဖန် ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း အသင်္ခတဓါတ် နိဗ္ဗာန်သဘောကို အဟုတ်တကယ် နိစ္စ သုခ ဓမ္မ

သဘာဝအနေအားဖြင့် အကြင်အခါ ပိုင်ပိုင်နိုင်နိုင်ထိုးထွင်း၍ ထင်ထင်ရှားရှား စတုတ္ထတကြိမ် သိမြင်ဆဲဖြစ်ခဲ့ပြန်၏။ ထိုသို့ ပိုင်ပိုင်နိုင်နိုင်ထိုးထွင်း၍ ထင်ထင်ရှားရှား စတုတ္ထတကြိမ်သိမြင် ဆဲဖြစ်သောဉာဏ်သည် အရဟတ္တမဂ်ဉာဏ်မည်၏။ ။သိမြင်ပြီး ဖြစ်သော ဉာဏ်သည်၊ အရဟတ္တဖိုလ်ဉာဏ်မည်၏။

အရဟတ္တ မဂ္ဂ ဉာဏ အရဟတ္တ မဂ်ဉာဏ်ဟူသည်။ အရဟတ္တ ကား ပူဇော်အထူးကို ခံထိုက်သော ပုဂ္ဂိုလ်၏အဖြစ်ဟု ဆိုအပ် သော မဂ္ဂင်ရှစ်ပါး။ မ ကား ကိလေသာတို့ကို သတ်ဖြတ်တာ။ ဂ္ဂ ကား အသင်္ခတဓါတ် နိဗ္ဗာန်သဘောကို အာရုံပြုသောအား ဖြင့် ရောက်တာ။ ဉာဏကား အသင်္ခတဓါတ် နိဗ္ဗာန်သဘောကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိတာ။ ပူဇော်အထူးကို ခံထိုက် သော ပုဂ္ဂိုလ်၏အဖြစ်ဆိုအပ်သော မဂ္ဂင်ရှစ်ပါးသည် ကိလေ သာတို့ကို သတ်ဖြတ်လျက် အသင်္ခတဓါတ် နိဗ္ဗာန်သဘောကို အာရုံပြုသောအားဖြင့် ရောက်တာ။ အသင်္ခတနိဗ္ဗာန်သဘောကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိတာပေတည်း။ ဤအရဟတ္တ မဂ္ဂ ဉာဏ ဟူသောပုဒ်၌ အသီးအသီး ပုဒ်ခွဲဝေသော်၊ အရဟတ္တ တပုဒ်၊ မ တပုဒ်၊ ဂ္ဂ တပုဒ်၊ ဉာဏ တပုဒ်အားဖြင့် လေးပုဒ်ရ၏။ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း လောက၌ ဥပမာ တင်၍ ထောက်ဆ ထောက်ဆလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်စရာ အာရုံဖြစ်၍ ဖြစ်သော အသင်္ခတဓါတ် နိဗ္ဗာန် ပရမတ်သဘောကို ဉာဏ်ဖြင့်အာရုံပြု၍ သိရာ၏။ ထိုသို့ သိရ ကြောင်းကို ဥဒါန်းအဋ္ဌကထာ၌၎င်း၊ အဋ္ဌသာလိနီ နိဒါန်း အတွင်း၌၎င်း၊ ဗုဒ္ဓဝင်ပါဠိတော်၌၎င်း၊

ယထာပိ ဒုက္ခေ ဝိဇ္ဇမာနေ၊ သုခံနာမပိ ဝိဇ္ဇတိ၊
ဧဝံ ဘဝေ ဝိဇ္ဇမာနေ၊ ဝိဘဝေါပိ ဣစ္ဆိတဗ္ဗကော။
ယထာပိ ဥဏှေ ဝိဇ္ဇမာနေ၊ အပရံပိ ဝိဇ္ဇတိ သီတလံ၊
ဧဝံ တိဝိဓဂ္ဂိ ဝိဇ္ဇမာနေ၊ နိဗ္ဗာနံ ဣစ္ဆိတဗ္ဗကံ၊
ယထာပိ ပါပေ ဝိဇ္ဇမာနေ၊ ကလျာဏမပိ ဝိဇ္ဇတိ။

ဧဝမေဝ ဇာတိ ဝိဇ္ဇမာနေ၊ အဇာတိပိ ဣစ္ဆိတဗ္ဗကာ။ ဘုရှိသာရှိသည်ကို ယောဂီရှင်လူခပ်သိမ်း သူတို့သည် ထောက်ဆ-ထောက်ဆ၍ သိကြပါလေကုန်။ အနက်သိကြောင်း မြန်မာပြန်ကား။ အပိ၊ ပညာရှိတို့ သိလွယ်ရန် ဥပမာဆောင် ထင်ရှားအောင် ပြန်ဆိုလိုက်ဦးအံ့။ လောကေ၊ လောက၌။ ဒုက္ခေ၊ ဆင်းရဲမျိုးသည်၊ ဝိဇ္ဇမာနေ၊ ရှိခဲ့သော်၊ သုခံနာပိ၊ ချမ်းသာမျိုးသည်လည်း၊ ဝိဇ္ဇတိယထာ၊ ရှိသကဲ့သို့။ ဧဝံတထာ၊ ထိုနည်းမခြား အလားတူစွာ။ ဘဝေ၊ ဖြစ်ပေါ်မှု လက္ခဏာရှိသော စိတ်စေတသိက် ရုပ် ပရမတ်တည်းဟူသော ၃-ပါးသည်။ ဝိဇ္ဇမာနေ၊ ထင်ရှားရှိသော်။ ဝိဘဝေါပိ၊ ဖြစ်ပေါ်မှု ကင်းသော ဝိသင်္ခါရတရားကိုလည်း။ ပဏ္ဍိတေဟိ၊ ကျိုးကြောင်း မြင်သိ ပညာရှိတို့သည်။ ဝါ၊ ကျိုးကြောင်းမျှော်မြင် ပညာရှင်တို့သည်။ ဣစ္ဆိတဗ္ဗကော၊ အလိုရှိအပ်၏။ အပိ၊ ပညာရှိတို့ သိဘို့ရာ ဥပမာတမျိုးသော်ကား။ လောကေ၊ လောက၌။ ဥဏှေ၊ အပူသည်။ ဝိဇ္ဇမာနေ၊ ရှိခဲ့သော်၊ အပရံ၊ အပူမှ တပါးသော၊ သီတလံပိ၊ အအေးသည်လည်း၊ ဝိဇ္ဇတိယထာ၊ ရှိသကဲ့သို့။ ဧဝံ တထာ၊ ထိုနည်းတူစွာ။ တိဝိဓဂ္ဂိ၊ တိဝိဓဂ္ဂိမှိ၊ ရာဂ ဒေါသ

မောဟတည်းဟူသော ၃-ပါးအပြားရှိသော မီးသည်၊ ဝိဇ္ဇန္တေ၊ ထင်ရှားသော်။ နိဗ္ဗာနံ၊ မီး ၃-ပါးတို့၏ ငြိမ်းေ ကွယ်ပျောက်ကြောင်းဖြစ်သော အသင်္ခတဓါတ်နိဗ္ဗာန်သဘောကို၊ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။ ။အပိ၊ ယောဂီရှင်လူ ခပ်သိမ်း လူတို့မှတ်သားဘွယ်ရာ ဥပမာတမျိုးသော်ကား။ ။လောကေ၊ လောကဉ၌၊ ပါပေ၊ မကောင်းမှုသည်။ ဝိဇ္ဇန္တေ၊ ရှိခဲ့သော။ ကလျာဏမပိ ကလျာဏံအပိ၊ ကောင်းမှုသည်လည်း။ ဝိဇ္ဇတိယထာ၊ ရှိသကဲ့သို့၊ ဧဝမေဝ၊ ထိုနည်းတူစွာသာလျှင်၊ ဇာတိ၊ ဖြစ်ပေါ်မှုသဘောသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားရှိသော်၊ အဇာတိပိ၊ မဖြစ်ပေါ်မှုသဘောကိုလည်း။ ဣစ္ဆိတဗ္ဗကား အလိုရှိအပ်၏။

ဤသို့ ပြဆိုအပ်သော ပါဠိတို့တွင် ဇာတိပဋိပက္ခ အဇာတိကို ထောက်၍ ထောက်၍ စင်စစ်ဖြစ်ပေါ်မှု ဇာတိတရားရှိလျှင် ၎င်းဇာတိ၏ဆန့်ကျင်ဘက်ဖြစ်သော အဇာတိတရားသည်လည်း ကေန်အမှန်ဆန့်ကျင်ဘက်အားဖြင့် ရှိသည်ကို ဘုရားရှင်သည် ဗုဒ္ဓဝင်ပါဠိတော်၌ ကျွတ်ထိုက်သော တဗ္ဗပုဂ္ဂိုလ်တို့ သိဘို့ရန် ပဋိပက္ခ ဆန့်ကျင်ဘက်အားဖြင့် ပြဆိုပေသည်ကို ကေန်ပညာရှင်တို့ ထောက်ဆထောက်ဆ၍ သိအပ် သိသင့် သိထိုက်လှတော့သည်သာတည်း။ ထိုသို့ ထောက်ဆထောက်ဆ၍ သိအပ်သော ဖြစ်ပေါ်မှုသဘောသည် စင်စစ် စိတ်, စေတသိက်, ရုပ် တည်းဟူသော သင်္ခတ သင်္ခါရသဘော ဖြစ်ပေ၏။ မဖြစ်ပေါ်မှုသဘောသည် စင်စစ် အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သဘော ဖြစ်ပေ၏။ ဤပါဠိတော်ဖြင့်သာ သိရသည်မဟုတ်သေး။

ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနန္တိ အဘိညေယျံ၊
ပဝတ္တံ သင်္ခါရာ အပ္ပဝတ္တံ နိဗ္ဗာနန္တိ အဘိညေယျံ၊
ဇာတိ သင်္ခါရာ အဇာတိ နိဗ္ဗာနန္တိ အဘိညေယျံ၊
ဇရာ သင်္ခါရာ အဇရာ နိဗ္ဗာနန္တိ အဘိညေယျံ၊
မရဏံ သင်္ခါရာ အမတံ နိဗ္ဗာနန္တိ အဘိညေယျံ၊

ဟူ၍ ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကိုလည်း ထောက်၍ သိကြလေဦး။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်မှု လက္ခဏာရှိသော စိတ်ပရမတ်၊ စေတသိက် ပရမတ်၊ ရုပ် ပရမတ် တရားသည်၊ သင်္ခါရာ၊ သင်္ခါရတရားမည်၏။ အနုပ္ပါဒေါ၊ ဖြစ်ပေါ်မှု လက္ခဏာမရှိသော။ အသင်္ခတ ပရမတ်တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဝါ၊ မီး ၁၁-ပါးတို့၏ ငြိမ်းငွေ့ကွယ်ပျောက်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်ရာ အာရုံဖြစ်၍ ဖြစ်သော တခုသော နိဗ္ဗာန်ပရမတ်တရား မည်၏။ ဣတိ၊ဤသို့၊ အဘိ၊ ထူးသော ဝိပဿနာဉာဏ် ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်၊ ဉေယျံ၊ သိအပ်သိသင့် သိထိုက်လှပေ၏။ ပဝတ္တံ၊ ဘုံသုံးပါး၌ ဖြစ်ပေါ် လက္ခဏာရှိသော ပရမတ်တရား ၃-ပါးသည်။ သင်္ခါရတရားမည်၏။ အပ္ပဝတ္တံ၊ ဖြစ်ပေါ်မှု လက္ခဏာမရှိသော ပရမတ်တရား တပါးသည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့၊ အဘိ၊ ထူးသော၊ ဝိပဿနာဉာဏ်၊ ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်၊ ဉေယျံ၊ သိအပ် သိသင့် သိထိုက်လှပေ၏။ ဇာတိ၊ ဖြစ်ပေါ်မှုသဘောသည်။ သင်္ခါရာ၊ သင်္ခါရ ပရမတ်တရားမည်၏။ အဇာတိ၊ မဖြစ်ပေါ်မှုသဘောသည်။ နိဗ္ဗာနံ၊

နိဗ္ဗာန်ပရမတ် တရားမည်၏။ ဇရာ၊ သင်္ခတ ပရမတ် တရားတို့ကို ဆွေးမြေ့ ရင့်ယော် စေတတ်သော သဘောသည်။ သင်္ခါရာ၊ သင်္ခါရ ပရမတ်တရား မည်၏။ အဇရာ၊ ဆွေးမြေ့ ရင့်ယော်မှု မရှိသော သဘောသည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ပရမတ် တရားမည်၏။ မရဏံ၊ သင်္ခါရတရားတို့၏, ပျက်စီးမှုသဘော သည်။ သင်္ခါရာ၊ သင်္ခါရ ပမတ်တရား မည်၏။ အမတံ၊ မပျက်စီးသော သဘောတရားသည်။ နိဗ္ဗာနံ၊ မီး ၁၁-ပါး တို့၏ ငြိမ်းဧ ကွယ်ပျောက်ကြောင်းဖြစ်သော နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ အဘိ၊ ထူးသော ဝိပဿနာဉာဏ် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာ ဉာဏ် တို့ နှင့် ညေယျံ၊ သိအပ် သိသင့် သိထိုက် လှပေ၏။ ။ ဤ ပါဠိ တော်၌ ပြဆိုအပ်သော ပါဠိတော် စကားရပ်တို့ဘွင် ဥပ္ပါဒေါ ပဝတ္တံ ဇာတိဟူသော ပါဠိတို့ဖြင့် စိတ် စေတသိက် ရုပ်ပရမတ် တည်းဟူသော သင်္ခတတရား ၃-ပါးတို့၏ ဥပါဒ်ခဏကို, ပြတော်မူ၏။ ထို ဥပါဒ် ခဏဟူ, ဆိုအပ်သော။ ဖြစ်ပေါ်မှုနှင့် မကင်းသော ပရမတ်ဟူသမျှသည် အသင်္ခါတရားသာလျှင်မည်လေ၏ဟုပြ၏။ အနုပ္ပါဒေါ၊ အပဝတ္တံ၊ အဇာတိ၊ ဤ ၃ ပုဒ်တို့ဖြင့်၊ စိတ် စေတသိက် ရုပ်ပရမတ်တည်း ဟူသော သင်္ခါရတရား ၃-ပါးတို့၏ ဖြစ်ပေါ်မှု လက္ခဏာနှင့် ဆန့်ကျင်ဘက်ဖြစ်လျက် မဖြစ်ပေါ်သော သဘောလက္ခဏာဖြင့် တည်ရှိသော အသင်္ခတဓါတ် နိဗ္ဗာန်သဘောကိုပြ၏။ ဇရာ-သင်္ခါရာ ဟူသောပါဠိဖြင့် အလုံးစုံသော စိတ် စေတသိက် ရုပ် ပရမတ် တည်းဟူသော သင်္ခတတရား ၃-ပါးတို့ကို ဋ္ဌိခဏသို့ရောက်ဘိုင်း

ရောက်တိုင်း အားနည်းအောင် ပြုလုပ်တတ်သော ဇရာသဘော ကိုပြ၏။ ထိုဇရာသဘောဖြင့် အလုံးစုံသော သင်္ခတတရားတို့သည်၊ ဋ္ဌိခဏသို့ ရောက်တိုင်း ရောက်တိုင်း ဖေါက်ပြန်မှုရှိသည်၏အဖြစ် ကိုပြ၏။ အဇရာဟူသော ပါဠိဖြင့် အသင်္ခတဋ္ဌိကို ပြ၏။ ဘယ်ကဲ့ သို့ပြသနည်းဟူမူ ဇရာနှင့် အဇရာသည် စင်စစ်ဆန့်ကျင်ဘက် ဖြစ်လျက်တည်၏။ ထိုသို့တည်ခြင်းကြောင့် ဇရာဟူသောပုဒ်ဖြင့် စိတ် စေတသိက် ရုပ်ပရမတ်တည်းဟူသော သင်္ခတတရား ၃-ပါး တို့၏ ဋ္ဌိတိကိုပြလျှင် အဇရာဟူသောပုဒ်ဖြင့်လည်း နိဗ္ဗာန်လျှင် ပရမတ်တည်းဟူသော အသင်္ခတဓါတ်၏ ဋ္ဌိကိုပြလေသည်သာ လျှင်တည်းဟု ပြန်သောအားဖြင့် သိရလေသည်။ ။မရဏံ သင်္ခါရာဟူသော ပါဠိဖြင့် အလုံးစုံသော စိတ် စေတသိက် ရုပ် တည်းဟူသော သင်္ခတပရမတ်တရား သုံးပါးတို့၏ ပျက်စီးခြင်း တည်းဟူသော ဘင်ခဏကိုပြ၏။ ထိုပါဠိဖြင့် အလုံးစုံသော သင်္ခတပရမတ်တရားသုံးပါးတို့သည် အခါခပ်သိမ်း မမြဲသည်ကို ပြ၏။ အမတံ၊ဟူသောပါဠိဖြင့် ပျက်စီးခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သော၊ မပျက်စီးသော သဘောရှိသော အသင်္ခတဓါတ် နိဗ္ဗာန် ပရမတ်သည် ကောန်မုချ အမှန်ရှိသည် အဖြစ်ကိုပြ၏။ ထိုသို့ပြဆိုအပ်ပြီးသော ဆန့်ကျင်ဘက် ပဋိပက္ခတရား ၂-ပါး တို့တွင် ဖြစ်ပေါ်မှု ရင့်ယော်မှု ပျက်စီးမှု သဘောလက္ခဏာ ရှိသော သင်္ခတ ပရမတ်တရား ၃-ပါးသည် သင်္ခါရတရားမည် သည်၏အဖြစ်ကို စင်စစ်သိကြလေဟု သင်္ခါရာဟူသော ပုဒ်ဖြင့် ထင်ရှားစွာသိစေရန် ပြ၏။ မဖြစ်ပေါ်မှု မရင့်ယော်မှု မပျက်စီး မှုသဘောလက္ခဏာရှိသော အသင်္ခတပရမတ်တရားသည် ဝိသင်္ခတ

နိဗ္ဗာန်တရားမည်သည်၏အဖြစ်ကို စင်စစ်သိကြလေဟု အဘိညေ ယျံ ဟူသောပုဒ်ဖြင့် ထင်ရှားစွာသိစေရန်ပြ၏။

ထိုအဘိညေယျဟူသော ပုဒ်ဖြင့်ပင် လက်ညှိုး ထိုး၍ ထိုး၍ တစုံတခုသော ဝတ္ထုကိုပြဘိသကဲ့သို့ ထင်ထင်ရှား ညွှန်ပြတော်မူ၏။ ထိုသို့ပင် ညွှန်ပြသော်လည်း နုံနဲ့သော ဉာဏ်ပညာရှိသော ယောဂီပုဂ္ဂိုလ် သာမန်တို့သည်ကား၊ စင်စစ် မသိရှာကြကုန်လတ္တံ့။ ဉာဏ်ထက်မြက်သော ယောဂီပုဂ္ဂိုလ် ပညာရှိတို့သည်ကား စင်စစ်စဉ်းစားဆင်ခြင် ဝိစာရဏာဝိမံ သဉာဏ် ယှဉ်ကြပါလျှင် တနေ့တခြား ကွက်ကွက်ကွင်းကွင်း သိမြင်ထင်ရှားခြင်းသို့ ရောက်ကြကုန်လတ္တံ့သတည်း။ ဤသည်လျှင် ခက်ခဲနက်နဲလျက် မဟာသမုဒ္ဒရာနှင့်တူသော နိဗ္ဗာန် ပရမတ်သဘောကို သိဘို့ရန် ခဲယဉ်းသောကြောင့် ပညာရှင်တို့ သိလွယ်ရန် ကျမ်းဂန်ယုတ္တိ ဥပမာနှင့်တကွ ထုတ်ဖေါ်၍ ပြချက်ပေတည်း။

ပြဆိုအပ်ခဲ့ပြီးသော ရုပ်ဒုက္ခ နာမ်ဒုက္ခ ရုပ်နာမ်ဒုက္ခ ပရမတ်တရားသုံးပါးတို့ကို လက္ခဏာရေး သုံးပါးတင်၍ သုံးသပ်လျက် နိရောဓသစ္စာဖြစ်သော အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သဘောကို ဉာဏ်ဖြင့်အာရုံပြု၍ စေလွှတ်ဖန်များလျှင် အစဉ်အတိုင်း—

သောတာပတ္တိမဂ်၊ .... သောတာပတ္တိဖိုလ်။
သကဒါဂါမိမဂ်၊ .... သကဒါဂါမိမဂ်။
အနာဂါမိမဂ်၊ .... အနာဂါမိဖိုလ်။
အရဟတ္တမဂ်၊ .... အရဟတ္တဖိုလ်။

ထိုသို့အစဉ်အတိုင်း ဆိုက်ရောက်ကြကုန်ပြီးလျှင်၊ ကိလေသာ အယုတ်တရားတို့သည် အကြွင်းအကျန်မရှိ ကုန်ခန်းခြင်းသို့

ရောက်၍ ခန္ဓာဒုက္ခမျှသာ ကြွင်းကျန်၍ ဖြစ်ပျက်နေပြီးလျှင် စုတိစိတ်သို့ရောက်၍ နောက်ပိတ်ဆုံး ချုပ်ကွယ်လေကုန်၏။ ထိုစုတိစိတ် ချုပ်ပြီးနောက် ရုပ်နာမ် ဒုက္ခအဆက်ဆက်တို့သည် တဖန်ဆက်သွယ်၍ ဖြစ်မှုမရှိလေကုန်တော့ပြီ။ အဘယ်ကြောင့် ဖြစ်မှုမရှိသနည်းဟူမူကား ကိလေသာကုန်သည်နှင့် တပြိုင်နက် ဘဝတပါး၌ နောင်ဆက်လက်၍ ပစ်ချရန်ကုသိုလ်ကံ အကုသိုလ်ကံတို့လည်း ကုန်ပြီးဖြစ်လေတော့၏။ ထိုဘဝ၌ ပစ်ချရန် ကုသိုလ်ကံ အကုသိုလ်ကံ ကုန်ပြီးဖြစ်သောကြောင့် တဖန်ဘဝတပါး၌ ဆက်လက်၍ဖြစ်ရန် ရူပကာယ နာမကာယ ရုပ်နာမ်ဓမ္မ ဒုက္ခမရှိလေပြီ။ ။ထို့ကြောင့် ဘဝတပါး၌ ဆက်လက်ဖြစ်ရန် မရှိဟု မှတ်။ ထိုရူပကာယ ရုပ်နာမ်ဓမ္မဒုက္ခအဆက်ဆက်တို့ ပစ်မှုမရှိခြင်းသည် အသခ်တဓါတ်ဖြစ်သဖြင့် စင်စစ်ချမ်းသာခြင်းဖြစ်၏ဟု သတိပြု မှတ်ယူကြပါလေကုန်။

### ဓမ္မပဒပါဠိတော်လာ

### အောက်ဆုံးတန်း အရိယာ သောတာပန်၏သုခ။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ၊ သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံဝရံ၊ ။ပဌဗျာ၊ လေးကျွန်း တမြင့်မိုရ် ရေမြေကိုအစိုးရသော။ ဧကရဇ္ဇေနဝါ၊ ထီးနန်းစည်းစိမ် အခြံအရံကြီးတို့နှင့် ပြည့်စုံစွာ ခြံရံခံစားလျက်ရှိသော ဧကရာဇ် မင်းမြတ်သက်၌င်း။ သဂ္ဂဿ၊ သေကြီးအာချို ကာမဂုဏ်တို့နှင့် စုံသင်စွာခံစား၍ မကုန်နိုင်သော နတ်ပြည်ဘုံ တသွားသို့၊ ဂမနေနဝါ၊ နတ်သမီးခေါင်းများစွာ ခြံရံလျက် ခံစားရသော

နတ်မင်းထက်ငင်း။ သဗ္ဗလောကာဓိ ပစ္စေန၊ ဗြဟ္မာ့ပြည်ရှိသမျှနှင့်အောက်လောကနယ်တလွှားကို အလုံးစုံခံစား၍တပါးတည်းအုပ်ချုပ်၍ မင်းလုပ်ရသောသူထက်ငင်း။ သောတာပတ္တိဖလ်၊ နိဗ္ဗာန်ခေါ် ပြည်အမတသို့ ရှေးဦးစွာ ဝင်ရောက်ခံစားရတဲ့ အရိယာအောက်တန်းစားဖြစ်သော သောတာပတ္တိဖိုလ်၌ တည်လျက်ရှိသော အရိယာသူမြတ် သုပ္ပဗုဒ္ဓ ကုဋ္ဌ တူညီး လူနာကြီးသည်၊ ဝရံ၊ ပုထုဇဉ်နယ်တရိုးတွင် အပါယ်မျိုး ပြတ်ပြီးမို့။ ဘယ်နတ်သမီး, ဘယ်နတ်သား, ဘယ်သိကြား, ဘယ်ဗြဟ္မာ, ဘယ်စကြာမင်းမှ မယှဉ်ဝန့်အောင် ခြားကွာ လှပေတော့သတည်း။

ဤတွင် ဝိဇ္ဇာတည်းဟူသော ဝိပဿနာတရားတို့ကို ပွားများလေ့လာအားထုတ်ခြင်းကြောင့်၊ မဂ်ဖိုလ်တို့ကို အစဉ်အတိုင်းဆိုက်ရောက်ကြ၍၊ ဝဋ္ဋဒုက္ခမှ ကျွတ်လွတ် ထွက်မြောက်ကြကုန်ပြီးလျှင် အောက်တန်းစား အငယ်ဆုံးဖြစ်သော သောတာပန်ပုဂ္ဂိုလ်တို့ ခံစားရပုံနှင့်တကွ ပြဆိုချက် ဝိဇ္ဇာခဏ်းပြီး၏။ ။

........o........

# စရဏကထာ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

စရဏသည် နိဿိတ။ အနိဿိတအားဖြင့် နှစ်ပါးရှိ၏။ နိဿိတသည်လည်း တဏှာနိဿိတ၊ ဒိဋ္ဌိနိဿိတ ဟူ၍ နှစ်ပါးရှိ၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌။

ဘဝသမ္ပတ္တိံ အကင်္ခမာနေန၊ ပဝတ္တိတံ တဏှာနိဿိတံ၊ သီလေန သုဒ္ဓီတိ ဧဝံ သုဒ္ဓိဒိဋ္ဌိယာ ပဝတ္တိတံ ဒိဋ္ဌိနိဿိတံ၊ ဟူ၍ ဖွင့်တော်မူသည်။

ဘဝသမ္ပတ္တိံ၊ ဘဝ၏ ပြည့်စုံခြင်းကို။ အာကင်္ခမာနေန၊ တောင့်တလျက်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သည်ရှိသော်။ တဏှာနိဿိတံ၊ တဏှာကို မှီတွယ်သည်မည်၏။ သီလေန၊ အလေ့အကျင့်ဖြင့်။ သုဒ္ဓိ၊ သံသရာမှ စင်ကြယ်၏ဟူသော အယူဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သည်ရှိသော်။ ဒိဋ္ဌိနိဿိတံ၊ ဒိဋ္ဌိကို မှီတွယ်သည် မည်၏။

အဓိပ္ပါယ်ကား။ ။ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိသို့ ညွတ်သော စိတ်ဖြင့် ပြုသည်ရှိသော်။ တဏှာနိဿိတမည်၏။ နိဗ္ဗာန် ပေါက်နိုင်သော ကုသိုလ်မျိုးမဟုတ်။ ဤအရာတွင် အလောင်းတော် စမ္မေယျနဂါးမင်း၊ သင်္ခပါလနဂါးမင်းတို့၏ နဂါးဘဝက လူ့ဘဝကို တောင့်တခြင်းကိုကား လူ့အဖြစ်နှင့် ပါရမီဖြည့် ခွင့်ရအောင် တိရစ္ဆာန်ဘဝက လူ့ဘဝတောင်းခြင်းကား ထိုက် သင့်သည်ဖြစ်၍ နိဿိတ မဆိုသင့်။

## ဝိဇ္ဇာနှင့် စရဏကထာ။

လောကီဒါန၊ သီလ။ ဘာဝနာ တခုခုသော ပဗ္ဗဇ္ဇိတ။ နိက္ခမမှု စသည်တို့၌ တည်၍ ဤအကျင့်သည်သာလျှင်၊ သံသရာမှ စင်ကြယ်စေနိုင်၏။ ဤအပြင်မှ တပါး စင်ကြယ်စေနိုင်သော တရားနည်းလမ်းမရှိဟု ဝိပဿနာမဂ်ဖိုလ်ကို ပြစ်ပယ်၍ပြုသော ကုသိုလ်မျိုးသည် ဒိဋ္ဌိနိဿိတမည်၏။ ဤကုသိုလ်မျိုးကား အန္ဓ ဗာလတို့၏ ကုသိုလ်မျိုးတည်း။ နိဗ္ဗာန်နှင့်ဝေးသော ကုသိုလ်

မျိုးပေတည်း။ ထိုကုသိုလ်မျိုးကား ဝဋ္ဋနိဿိတကုသိုလ်မျိုး မည်၏။ လောကီအနိဿိတ၊ လောကုတ္တရာ အနိဿိတနှစ်ပါး ကို တွဲ၍ ပြဆိုအံ့။ ။အနိဿိတသည်လည်း လောကီကုသိုလ် လောကုတ္တရာကုသိုလ်ဟူ၍ နှစ်ပါးရှိ၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် ပါဠိတော်၌။

ယံပန လောကုတ္တရံ၊ လောကီယဥ္စ တဿေဝ၊ သမ္ဘာရဘူတံ၊ ကုသလံ အနိဿိတံ၊ ဟူ၍ ဖွင့်တော်မူ၏။

မြန်မာပြန်ကား။ ။ယံပန လောကုတ္တရံ၊ အကြင် လောကုတ္တရာကုသိုလ်သည်ကား။ အတ္ထိ၊ ရှိ၏။ တဿေဝ၊ ထိုလောကုတ္တရာ ကုသိုလ်၏ သာလျှင်။ သမ္ဘာရဘူတံ၊ ဝိဝဋ္ဋူပနိဿယ သမ္ဘာရအကြောင်းဖြစ်၍ ဖြစ်သော။ ဝါ၊ မျိုးစေ့မူလ သမ္ဘာရဖြစ်၍ ဖြစ်သော။ ယဥ္စလောကီယံ၊ အကြင်လောကီကုသိုလ် သည်လည်း။ အတ္ထိ၊ ရှိ၏။ ကုသံ၊ ဤကုသိုလ် နှစ်မျိုးသည်။ အနိဿိတံ၊ အနိဿိတ ကုသိုလ်မည်။

အဓိပ္ပါယ်ကား။ လောကီအနိဿိတ။ လောကုတ္တရာ၏မျိုးအခြေ မူလသမ္ဘာရဖြစ်အောင် ဝိပဿနာဉာဏ်ယှဉ်၍ ပြုလုပ်သော ကုသိုလ်မျိုးသည် ဝိဝဋ္ဋအနိဿိတလောကုတ္တရာကုသိုလ်မျိုးတည်း။ မဂ်ဖိုလ်နိဗ္ဗာန်ကို ပေါက်ရောက်နိုင်သော ကုသိုလ်မျိုးပေတည်း။

ထိုလောကီ အနိဿိတ၊ လောကုတ္တရာ အနိဿိတ နှစ်ပါး တွဲ၍ အဝိဇ္ဇာ တဏှာဝသေန ဒွေမူလာနိ ဟူသော ပါဠိအရ၊ ပဋိစ္စသမုပ္ပါဒ်၏ ခြင်းရာနှစ်ဆယ်၊ မူလနှစ်ပါးကို အတိတ် အကြောင်း ပစ္စုပ္ပန်အကျိုးအကြောင်း၊ အနာဂတ်အကျိုးတို့ နှင့် ဘော်ပြပေအံ့။

## ဝိဇ္ဇာနှင့် စရဏကထာ။

သင်္ဂြိုဟ်ပါဌ်၊ အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ၊ ဣဒါနိ ဟေတဝေါ ပဉ္စ။ အာယတိံ ဖလပဉ္စကန္တိ။ ဝီသတာ ကာရာတိ သန္ဓိ၊ စတုသင်္ခေပါစ တီဏိ ဝဋ္ဋာနိ၊ အဝိဇ္ဇာတဏှာ ဝသေန ဒွေမူလာနိစ ဝေဒိတဗ္ဗာနိ။

မြန်မာပြန်အနက်ကား။ ။အတီတေ၊ လွန်လေပြီးသော ဘဝ၌။ ပဉ္စ၊ ငါးပါးကုန်သော။ ဟေတဝေါ၊ အကြောင်းတို့ ရင်း။ ဣဒါနိ၊ ယခုပစ္စုပ္ပန်ဘဝ၌။ ဖလပဉ္စကံ၊ အကျိုးငါးပါး အပေါင်းရင်း။ ဣဒါနိ၊ ယခုပစ္စုပ္ပန်ဘဝ၌။ ပဉ္စ၊ ငါးပါးကုန်သော။ ဟေတဝေါ၊ အကြောင်းတို့ရင်း။ အာယတိံ၊ နောင်အခါ၌။ ဖလပဉ္စကံ၊ အကျိုးငါးပါးအပေါင်းရင်း။ ဣတိ၊ ဤသို့။ ဝီသတိ၊ နှစ်ဆယ်ကုန်သော။ အာကာရာစ၊ အခြင်းအရာ တို့ကိုရင်း။ တိသန္ဓိစ၊ သုံးပါးသော အစပ်တို့ကိုရင်း၊ စတုသင်္ခေပါစ၊ လေးပါးသော အလွှာတို့ကိုရင်း။ တီဏိ၊ သုံးပါးကုန်သော။ ဝဋ္ဋာနိစ၊ ဝဋ်တို့ကိုရင်း။ အဝိဇ္ဇာတဏှာဝသေန၊ အဝိဇ္ဇာ တဏှာတို့၏ အစွမ်းဖြင့်။ ဒွေ၊ နှစ်ပါးကုန်သော။ မူလာနိစ၊ မူလ တို့ကိုရင်း၊ ဝေဒိတဗ္ဗာနိ။ သိအပ်ကုန်၏။

၎င်းသင်္ဂြိုဟ်ပါဌ်အရ အတီတေ၊ ဟေတဝေါပါဌ်၌၊ အတိတ်၌ အကြောင်းငါးပါးဟူသည်ကား။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ ဥပါဒါန်၊ ဘဝ၊ ဤတရားငါးပါးကို ဆိုသည်။ ဤတရား ငါးပါး၏ ဖြစ်ဟန်ကို ပြဆိုပေအံ့။ အ ဝိ ဇ္ဇာ ဟူ သည် ကား။ သူကန်း မျက်မမြင်နှင့် ပမာတူ၏။ သူကန်းမျက်မမြင်သည် နွေခါကာလ ပူအိုက်ခြင်းဖြစ်လျှင်၊ မြေသောရေကို ချိုးသုံးရန်အလို့

ငှါ၊ ရေရှိရာ လှေခါးကို တန်းမှန်းရည်ရော်၍၊ အဖေါ် တောင်ဝေ့ကို ကိုင်မလျက်၊ အိမ်ဂေဟာ ခန်းမက မှန်းဆ၍၊ ထွက်လေသော်၊ ချော်ချွတ်တိမ်းပါး။ အထင်မှား၍ ရေရှိသော လှေခါး မမှားဟု ဆင်ခြင်။ သူ့စိတ်က ထင်သောကြောင့် လဟာပြင် အာကာသသို့၊ လွှဲကျ၍ နင်းမိသဖြင့် တဟုန်းဟုန်းလောင် တပြောင်ပြောင်တောက်သော မီးကျီးတွင်းသို့ အတွယ်အတာ မရ မှောက်ခုံ ပက်လက်ကျဆင်း၍ မီးလောင်ခြင်း အမှုထိ ဖြစ်သဖြင့် မချိအောင် ပူလှသောကြောင့်၊ ကယ်ကြပါ ယူကြပါ တစာစာ အော်ဟစ်လျက်၊ မချိနွမ်းပါး သူ့အနားတွင် တက်သွားရန် ထောင်ထားသော သံလှေခါး သူကား မမြင်၍ မီးကျွမ်းခါ သေဆုံးခြင်းခံရသော သူကန်းသည် ဘဝသုံးပါး ဝဋ်ဒုက္ခ အဖြစ်သွားကို လားလားမျှ မသိမမြင်အောင် ရွံရှာဘွယ် ဇေဂုစ္ဆံ၊ ဒွတ္တိံသအစု၊ ကိုးခုသောဒွါရမှ စီးကျသော အပုပ်ရည် အပုပ်ချွဲ အပုပ်ခဲတို့ဖြင့် နူဝဲသောကာယ သဖန်းသီး ဖူးထပြီး ကွဲအက်စ သွေးယို တစိုစိုပြည်ကျ၍ သိမ်းမရ ယူမနိုင် ပုပ်စော်နံ တလှိုင်လှိုင်နှင့် မခိုင်သည် မသာလောင်း၊ ခေါင်းဖုံး၍ သွင်းထားဘိသကဲ့သို့ ပိုးဖဲ့ထည်တန်ဆာ မြစိန်ကျောက် ပတ္တမြားရတနာတို့ဖြင့် သာယာစွာ ဖုံးလွှမ်း၍ထားသောအသုဘ နူအဝဲ၊ မသာလောင်းဖြစ်မြဲကို ဟုတ်မှန်တိုင်း မူမြင်နိုင်သော သူကန်းမျက်မမြင်ကဲ့သို့ အဝိဇ္ဇာ မောဟသည် ဖုံးလွှမ်း၍ ဟုတ်မှန်တိုင်း မသိမမြင်နိုင်သောကြောင့် ဟုတ်တိုင်းမသိ မောဟကြီး ဘိသောအခါ ဒွတ္တိံသ အရိုးစု အပုပ်ကောင် မသာလောင်းကိုပင် ဆင်ယင်ဝတ်စား ဖုံးဖိထားသောကြောင့် အမြင်မှား

သော သူကန်း မျက်မမြင်က ကြိုက်ချစ် တောင့်တသည့်အခါ တဏှာ ဖြစ်လေသကဲ့သို့ ထို့အတူ ဘဝသုံးပါး၌ ဒုက္ခကိုမမြင် မောဟကြောင့် လူဖြစ်ချင် နတ်ဖြစ်ချင် နှလုံးတွင် စွဲငြိ၍ မီးကဲ့ သို့ ပူဆာသည့် ဘဝတဏှာကြီး ဖြစ်လေသည်။ တဏှာမီး စွဲငြိ သော သူကန်း မျက်မမြင်မှာ မိတ္တဝိနှက မမြင်သည့် လူမွဲ သင် တုန်းစက်ငရဲကို နတ်ပြည်တို့ ဆင်ယင်သော ဦးဗေါင်းသရဖူ မှန်ကူ သင်းကျစ်ပင်ဟု နှလုံးစွဲသောကြောင့် အမြဲပင် ပေးပါ တော့ဟု စွဲလမ်းတောင့်တခြင်း ဖြစ်သကဲ့သို့၊ ထို့အတူနတ်လူတို့ ဒုက္ခကို သုခဟု ထင်သောကြောင့် မလွတ်နိုင် စွဲမြဲ တကာတဲ့ တောင့်တပူပန်၍ မီးလျှံမက ပူပြင်းလှသော ဥပါဒါန်တရား ဖြစ်လေသည်၊ တဏှာ၊ ဥပါဒါန်ဟူသောမီးပူဖြင့် နှိပ်စက်သော သတ္တဝါ သူကန်း မျက်မမြင်အား ဝိဇ္ဇာရှူးတို့ စွဲသမ်းရာ သံသေ မြတ်ရတနာကို ရလိုသော တဏှာဖြင့် ဘောင့်တကာ မျှော်တွေး ၍၊ ဖိုထိုးရာပြောလေသော် ပန်းဘဲဆရာ အိမ်ဂေဟာ၌ ပန်းဘဲ တို့ဘာဝ ခဲ:မ၊ ခဲ:ရှည်၊ တလီ ပုဆိန်၊ နှင်းချိန် လုပ်ရန် သူ စီမံ၍ တရှဲရှဲထိုးသော ဖိုသံကို ဝိဇ္ဇာရှူးကြားလေသော်၊ အားရ ဝမ်းမြောက် ခြေကုန်မြှောက်၍၊ ကဆုံပေါက် ပြေးဝင်လေ၏၊ ထိုအခါတွင် ပန်းဘဲဆရာသည် ပုဆိန်လုပ်ရန် တပြောင်ပြောင် တဝင်းဝင် မီးပူရှိန်ပြင်းလှသော သံလုံးကို ဆွဲထုတ် ယူငင်သေ သော်၊ ဝိဇ္ဇာရှူးကား စဉ်းစားဆင်ခြင်သည်မှာ၊ ဤကဲ့သို့ တဝင်း ဝင်းတောက်ပခြင်းဖြင့် ပြည့်စုံသော သံလုံးသည် သိဒ္ဓိတန်ခိုး အမျိုးမျိုးတို့ကို စွမ်းနိုင်သော သတ္တိထူးနှင့် ပြည့်စုံသော သံသေ လုံးကြီး ဖြစ်လေသည်။ ထိုသံသေလုံးကြီးကို အလွန် စုံမက် နှစ်

သက်မြတ်နိုးခြင်းဖြစ်၍၊ ပန်းဘဲဆရာကို ဤသို့ဆို၏။ အဆွေ လုပ်ရပ်ဆရာကြီး၊ အသင်၏ သံလုံးကို အကျွန်ုပ်အား ပေးသနားပါ။ အကျွန်ုပ် အသပြာငွေ တသောင်း ပေးပါမည်ဟု တောင်းဆိုလေသော်၊ ပန်းဘဲဆရာသည် ဩော်, မသိရှာသော ခမျာ၊ မှောက်မှားခြင်း ဖြစ်လာသည်ဟု ကရုဏာဖြင့် အိုအမောင်၊ မိတ်ဆွေ၊ မယူလိုလေနှင့် တပြောင်ပြောင် တောက်လောင်ပူပြင်း၍ ဧကာခြင်း သေကြေပျက်စီးအောင် လောင်ကျွမ်း ပေသော သံလုံးဖြစ်၏။ သိဒ္ဓိတန်ခိုးရှိသော သံလုံးကား မဟုတ်ပေဟု ဖန်ဖန်ထပ်ထပ် တောင်းပန်ပြောဆို လတ်သော်လည်းမရ စွဲလမ်းခြင်း ပြင်းလှ၍ ပေးပါတော့ ခုမကြာ တစာစာတောင်းလေသော် ပန်းဘဲဆရာသည် ငွေတသောင်းကို လက်ခံ၍၊ အမြန်သံညှပ်နှင့် ကိုင်ကာပေးလိုက်သောအခါ၊ ဝိဇ္ဇာရူး သူ့ခမျာ ထိုသံသေမြသို့ ကျလျှင် ရှာမရ ပျောက်ဆုံးမည်ကို စိုးရိမ်လှ၍၊ လက်မြှောက်ခါ မလွဲ ဇွတ်အတင်း ဆွဲပြီးလျှင်မြဲမြဲကြီး ကိုင်လိုက်သောအခါ မခံသာပူပြင်း မီးကျွမ်းခြင်းဒုက္ခ ဧကာခြင်း တွေ့ရ၍ ၎င်းသံလုံးကိုမြှောက်ခါဖမ်းခါ တစာစာဖြင့် ညီးငြူလျက်ဩော် လူ့ပြည်မှာ ကိုင်ယူလို့ ပူသလား၊ နတ်ပြည်သို့သွား၍ ကိုင်ထားလျှင် ဧလေစွဟု မှန်းဆ၍ နတ်ပြည်သို့ တက်ပြီးလျှင် ကိုင်ပြန်ရော၊ မဧသော အပူတွေ ပူငွေ့တွေ ဖြာပြီးလျှင် မနေသာ ပူပွဲကြီး တွေ့ပြန်သော်၊ ဗြဟ္မာပြည်နယ်တခွင် ဧလိမ့်မည် သူ့အထင်နှင့် ဆင်ခြင်တက်သွား၍ ကိုင်ငြား ပြန်ပါသော်လည်း ဘယ်မဧ သံလုံးကြောင့် ပူသည်ဟုလည်း သူမသိ သံလုံးကို ဝယ်မိ၍လည်း သူမမြင် ဝယ်ယူစဉ်ကလည်းအသပြာတသောင်း

ဖြစ်သဖြင့် စွန့်ပစ်ရန်လည်း သူမဆင်ခြင် တတ်သောကြောင့် သံလုံးပူ နှိပ်စက်၍ အသက်သေရသော ဝိဇ္ဇာရှူးကဲ့သို့ ထို့အတူ ဘဝသုံးပါးတည်းဟူသော စည်းစိမ်ကို သူ့အလိုသုခဟု ကေန္တ ထင်သောကြောင့် ရပါခြင်းအကျိုးငှာ ရတနာသုံးတန် အလှူခံ သူမြတ်သို့ ကပ်၍ ဒါန သီလ ဘာဝနာဟူသောပုညာဘိသင်္ခါရ တဏှာဒါယ ဝဋ္ဋုပနိဿိတ၊ ဝဋ္ဋဘိရတ ကုသိုလ်ကို သိန်း ကုဋေရွှေစွန် ပြည်တန်သည့် မောက်ပတ္တမြားဆန်တစလယ်နှင့် လဲစားသော ချင်းကဲ့သို့ ဒါနနှင့် သီလ မင်္ဂုလ်တန် ပတ္တမြား လူနတ်နှင့် လဲစား၍ အမှားကြီး တွေ့ကြုံ လူ့စည်းစိမ် ပြာပုံက မီးလျှံကုန်လောင်းပြီး၍ ပျက်စီးခြင်းဘဝကို ပုညာဘိသင်္ခါရ လူနတ်တို့ဘဝကို တောင့်တသော ကံတရားဆိုသည်။ ။ဤ ကား၊ အတိတ်၌ ဖြစ်ခဲ့ပြီးသောအကြောင်းတရားငါးပါးတို့ကို ဝေဘန်၍ ပြရာ အကျဉ်းပြီး၏။

ဣဒါနိ ဖလပဉ္စကံ ဟူသော သင်္ဂြိုဟ်ပါဠိအရ အတိတ်၌ အကြောင်းငါးပါးကြောင့် ယခုဘဝ၌ အကျိုးငါးပါးဖြစ်လာ သည်။ အကျိုးငါးပါးဟူသော်ကား ဝိညာဏ်၊ နာမ်၊ရုပ်၊ သဠာ ယတန၊ ဖဿ၊ဝေဒနာ၊ ဤအကျိုးတရား ငါးပါးကို ဆိုသည်။

အကျိုးငါးပါးဖြစ်ဟန်ကား ဘဝကိုတောင့်တသောပုညာဘိ သင်္ခါရ ကံကြောင့် တောင့်တတိုင်း ဘဝဇာတိ၌ အမိဝမ်းတွင် အစာဟောင်း အစာသစ်တို့၏ အလယ်၌ အူသိမ် အူမ စသည် ခြံရံလျက် တစီးအိုး၌ တက်သော လောက်ကဲ့သို့ များစွာသော ပိုးမျိုး ၈၀–တို့ လေးမျက်နှာ တဖွာဖွာ တသဲသဲဆင်းရဲထန်ပြင်း ဘင်အိမ်ရှိ လောက်မင်းကဲ့သို့ ဆင်းရဲခြင်း ဗျာလှိုင် ကံမခိုင်

သေလိုသေ ကြေလိုကြေ အမေဖြစ်သူမှာ လေးဖြာသော ဣရိ
ယာ၌ နိံရငရဲထံ ခံရသည် သဖွယ် သေသောက် ကြူးလက်၌
ကြက်သငယ် အလမ္ပာယ်ဘူးတွင်းသို့ သွတ်သွင်းသည့် မြွေပမာ
များစွာသော ပူလောင်ခြင်း ပြင်းပြသော အမိဝမ်း၌ ထောင်
တန်းကျ ခိုးသားသို့ ဝိညာဏ်အား တွယ်သည်ကို ဗာလတို့
အလိုမှာ သုခပညာပဏ္ဍိတ ကဝိသူတော်တို့ အလို ဒုက္ခလူနတ်တို့
ဘဝ၌ ရအပ်သည့် ဇာတိ ပဋိသန္ဓေကိုပင် ဝိညာဏ်ဟူ၍ ဆို
သည်။ ပဋိသန္ဓေ ဝိညာဏ်ဟူသော တရားသည် ဝိညာဏက္ခန္ဓာ
မည်၏။ ထိုပဋိသန္ဓေဟူသော ဝိညာဏက္ခန္ဓာကိုမှီ၍၊ ဝိရတိအပ္ပမ
ညာကြဉ်သော သုံးဆယ့် သုံးပါးသော စေတသိက်တရားတို့တွင်
ဝေဒနာသည် ဝေဒနာနက္ခန္ဓာ၊ သညာသည် သညက္ခန္ဓာ၊ ကြွင်း
သော စေတသိက် သုံးဆယ် တခုသည် သင်္ခါရက္ခန္ဓာကိုမှီ၍ ဖြစ်
ကြကုန်၏။ ၎င်းနာမက္ခန္ဓာလေးပါးကို မှီ၍ ကာယဒသတ ရုပ်
ကလာပ် ၁၀။ ဘာဝဒသက ရုပ်ကလာပ် ၁၀။ ဝတ္ထုဒသက
ရုပ်ကလာပ်၁၀။ ဤကမ္မဇရုပ် သုံးဆယ်ဟူသော ရူပက္ခန္ဓာသည်
ဖြစ်သာ၏။ နာမက္ခန္ဓာဟူသော နာမ်တရား၊ ရုပ်တရား ဤနှစ်
ပါးတို့သည် အိုင်းအမာကြီး ဖြစ်လာသည်တွင် မသင့်သော
အစာကို စားမိခြင်း။ အညှော်မိ၍ ငန်းမန်းလိုက်ခြင်းတို့ဖြင့်
တိုးပွား၍ ဆင်းရဲများသကဲ့သို့ ထို့အတူ ဘဝကို တောင့်တ
သော ပုညာဘိသင်္ခါရ၊ ဒါန၌တောင့်တခြင်းကိလေသာဟူသော
သစ်ငုတ်တိုက်မိ၍ ဝိညာဏ်ဟူသော အိုင်းအမာ ဖြစ်သည်တွင်
ကာမဂုဏ်ဟူသော အညှော်ကြီး မိသောကြောင့် ခန္ဓာ ငါးပါး
ရုပ်နာမ်တရားဟူသော ငန်းမန်းလိုက်၍ ပန်းထိုက်မူးဝေ သေလှူ

ခမန်း အမိဝမ်း၌ ကြီးပွားရသည်ကို နာမ်ရုပ်ဟူ၍ ဆိုသည်။ ၎င်းနာမ်ရုပ်ကို မှီ၍ စက္ခုဝိညာဏ်၏ တည်ရာစက္ခာယတနသည် ၎င်း။ သောတဝိညာဏ်၏ တည်ရာ သောတာယတနသည်၎င်း။ ဃာနဝိညာဏ်၏ တည်ရာ ဃာနာယတနသည် ၎င်း။ ဇိဝှာဝိညာဏ်၏ တည်ရာ ဇိဝှါယတနသည်၎င်း။ ကာယဝိညာဏ်၏ တည်ရာ ကာယာယတနသည်၎င်း။ ကြွင်းသော ဘာဝရုပ်၊ ဇီဝိတရုပ်၊ ဟဒယရုပ်၊ ဤသို့အစရှိသော ဖဿစသော တရားတို့၏ တည်ရာ ဓမ္မာယတနသည်၎င်း။ ဤ အဇ္ဈတ္တိကာယတနခြောက်ပါးတရားတို့သည် အညှော်မိ ငန်းမန်းဖမ်းသော အိုင်းအမာကြီးမှ စီးကျသော သွေးပြည်တို့သည် တစက်စက် ယိုစီး၍ သွက်သကဲ့သို့ ပြင်းပြသော ဆင်းရဲပင်ပန်းခြင်းကို ဖြစ်စေတတ်သော အဇ္ဈတ္တိကာယတန ခြောက်ပါးဖြစ်လာသည်ကို သဠာယတနဆိုသည်။ စက္ခာယတနကို မှီသော စက္ခုဝိညာဏ်သည် မိမိသို့ ရောက်သော ရူပါရုံနှင့် ရှေးရှုတော်သဖြင့် ထိတွေ့သော အခါ၊ စက္ခုသမ္ဖဿသည်၎င်း။ သောတာယတနကို မှီသော သောတဝိညာဏ်နှင့် မိမိသို့ ရောက်လာသော သဒ္ဒါရုံနှင့် ရှေးရှုတော်သဖြင့် တွေ့ထိသောအခါ သောတသမ္ဖဿသည်၎င်း။ ဃာနဝိညာဏ်၏တည်ရာဃာနာယတနကိုမှီသော ဃာနဝိညာဏ်နှင့်ရှေးရှုတော်သဖြင့် ရောက်လာသော ဂန္ဓာရုံနှင့် ထိတွေ့သော အခါ ဃာနသမ္ဖဿသည်၎င်း။ ဇိဝှါယတနကို မှီသော ဇိဝှါဝိညာဏ်နှင့် ရောက်လာသော ရသာရုံနှင့် တွေ့ထိသောအခါ ဇိဝှါသမ္ဖဿသည် ၎င်း။ ကာယာယတနကို မှီသော ကာယဝိညာဏ်နှင့်ရောက်လာသော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိသောအခါ

ကာယသမ္ဖဿသည်ရှင်း။ ဟဒယဝတ္ထုရုပ်ကို မှီသော မနော
ဝိညာဏ်နှင့် နှလုံးသွင်းရာ ဓမ္မာရုံနှင့် ထိတွေ့သောအခါ မနော
သမ္ဖဿသည်ရှင်း။ ဤဖဿခြောက်ပါးတို့သည် ငန်းမန်းညှော်မီ
တရိရိတရွှဲရွှဲ အမြဲစီးယို၍ ထွက်သော အိုင်းအမာကြီးဘေးရောက်
၍ သေလောက်ခမန်း တန်းရမ်းငြီးငြူ မီးပူထက်ကဲ ဆဲင်းရဲပြင်း
စွာ နှိပ်စက်ရာတွင် အစာမသင့်ကို အခွင့်မသိ စားချေမိ၍ မချိ
ကွဲအက် အနာပျက် အိုင်းပမာကြီးကဲ၍ လာသကဲ့သို့ ငါးဖြာ
အာရုံ ကာမဂုဏ်၌ တပ်ကြိုက်စွဲမှား အသားမကပ် အရိုးရပ်ကို
စွဲဟပ်သည့် ခွေးပမာ တဏှာတွေ့ ရင်ခြုံ၍ ကာမဂုဏ်ကြီးပွား
အစာမသင့်။ ဆေးမသင့်သော အိုင်းအမာတိုးပွား၍ လာသကဲ့
သို့၊ ခြောက်ဖြာသော ဖဿတို့ ဖြစ်လာသည်ကို ဖဿဟူ၍ ဆို
သည်။ စက္ခုနှင့်ရူပါရုံအတွေ့ကို ခံစားတတ်သော စက္ခုသမ္ဖဿ
ဇာဝေဒနာသည်ရှင်း။ သောတနှင့် သဒ္ဒါရုံအတွေ့ကို ခံစား
တတ်သော သောတ သမ္ဖဿဇာဝေဒနာသည်ရှင်း။ ဃာနနှင့်
ဂန္ဓာရုံအတွေ့ကို ခံစားတတ်သော ဃာနသမ္ဖဿဇာ ဝေဒနာ
သည်ရှင်း။ ဇိဝှါနှင့် ရသာရုံအတွေ့ကို ခံစားတတ်သော ဇိဝှါ
သမ္ဖဿဇာဝေဒနာသည်ရှင်း။ ကာယနှင့်ဖေါဋ္ဌဗ္ဗာရုံ အတွေ့ကို
ခံစားတတ်သော ကာယသမ္ဖဿဇာဝေဒနာသည်ရှင်း။ မနနှင့်
ဓမ္မာရုံအတွေ့ကို ခံစားတတ်သော မနောသမ္ဖဿဇာ ဝေဒနာ
သည်ရှင်း။ တနည်းကား။ ကောင်းသော အာရုံခြောက်ပါးကို
ခံစားတတ်သော သုခဝေဒနာ။ မကောင်းသော အာရုံခြောက်
ပါးကို ခံစားတတ်သော ဒုက္ခဝေဒနာ။ သုခမဟုတ်။ ဒုက္ခ
မဟုတ်။ သုခ၊ ဒုက္ခနှစ်ပါးလည်း မကင်း၊ လောက၌ ချိန်ကြီး

သဖွယ် အလယ်အလတ်ဖြစ်သော ခံစားခြင်း ဥပေက္ခာ ဝေဒနာ၊ ဝေဒနာခြောက်ပါး။ ဝေဒနာသုံးပါးတို့သည် ညှော်မိ ငန်းမန်းစုံ၍၊ တအုံလုံးပွ သွေးပြည်တွေ စီးကျ၍၊ ကယ်ပါလား။ ယူပါလား။ အမွှားမွှား ဟစ်အော် သေသော်လည်း မပြီး။ လောင်စာထိ မီးကဲ့သို့၊ ဆင်းရဲကြီးခံရ ပူပြင်းလှ သူနာကဲ့သို့၊ ဝေဒနာပေါင်းယှက်၍၊ ဖြစ်ပျက်သည့်ခြင်းရာကို ဝေဒနာဆိုလေသည်။ ယခု ပစ္စုပ္ပန်အကျိုး ငါးပါးကို အကျယ်ဝေဘန်၍ ဆိုလိုက်သည်။

ဣဒါနိဖလပဉ္စကံ ဟူသောပါဠိအရ ပစ္စုပ္ပန်အကြောင်း ငါးပါးဟူသည်ကား။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ အကြောင်းငါးပါး အမိပ္ပါယ်၊ အတိတ်၊ အကြောင်းငါးပါးနှင့် တူ၏။ အကျဉ်းကား။ ဥဒေါင်းမ မြည်သံ ထောင်ကျော့ကွင်း ဘေးရန်ကို ဆင်ခြင်ဉာဏ် တိမ်းပါး၍ ကျော့ကွင်းဖျားသူ့အသက်၊ ထွက်မတတ် ဆင်းရဲခြင်းဖြစ်ရသော ဥဒေါင်းမင်း ဒုက္ခကဲ့သို့ရင်း၊ အတိုင်းမသိဒုက္ခ၊ ဆင်းရဲတွေများလှသောသုံးချက်သောဘဝ ချစ်ခင်သည့်ရာဂကို တဏှာဆိုသည်။ ချစ်ခြင်းရာဂကို တောင့်တ၍၊ ကျော့ကွင်းကိုမမြင်။ ဒေါင်းမကို ခုံမင်သဖြင့် မီးကျသည့် ဖွဲပုံလို တအုံအုံမြှုံကျ၍ ပျက်စီးရ ညိုးကြုံသော ဥဒေါင်းမင်းကဲ့သို့ စွဲလမ်းကြခြင်းရာကို ဥပါဒါန်ဆိုသည်။ နတ်သမီးကို လိုချင်၍၊ တောင်ပြတ်ကမ်းပါးမှ ခုန်ချ၍ သေလေသော သူမိုက်ကဲ့သို့ ရင်း။ ရွှေငွေပေါများချင်၍ လည်ချောင်းသွေးနှင့် ယင်ဇာနတ်ပူဇော်မှားသော် သူမိုက်ကဲ့သို့ရင်း။ ပြည်တန်သည့် ပေတ္တာမြားရတနာကို မီးပုံမှာ သက်ဆင်း၍ ရှာခြင်းကြီး

အမှား။ ပျက်စီး၍ ဆုံးပါးသော သူချူးကြီးကဲ့သို့၊ ဘာကို စွဲလမ်းရာ ရစေကြောင်း ဒါန, သီလ, ဘာဝနာ၌ စိတ်နှစ်ချိုက်ကြိုးပမ်းသည်ကို ဘဝဆိုသည်။ လူနတ်တို့ဘဝ သုခနှင့် မဆက်ဆံ ဒုက္ခကြီးကောန်ကို အမှန်ဖြင့် မသိ။ အမှားရှိ သူ့ စိတ်ဘွင် မီးပုံကို ရှေ့ဆင်၍ ခုံဝင်မိ ပိုးဖလံ သရက္ခန်မဝင် ရှေ့မီးလျှံ သူ့အမြင် မကွဲပြား အတူဆင် သည်းခြေရူး ပုံပြင်သို့ လူ့ ခွင်နှင့်နတ်ရွာ ချမ်းသာကြီး ထင်ရှား၏။ အခါခါ စိတ်ဘန်းကြိုးပမ်းကြသည်ကို အဝိဇ္ဇာဆိုသည်။ ယခု ပစ္စုပ္ပန်ဘဝ၌ အကြောင်းငါးပါးကို အကျဉ်းဆိုသည်။ အာယတိ ဖလပဉ္စကံဟူသော ပါဠိ၌ လာလတ္တံ့သော အနာဂတ်ဘဝ၌ အကျိုးငါးပါးကား ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဤငါးပါးတည်း။ အဓိပ္ပါယ်မှာ၊ ပစ္စုပ္ပန်အကျိုးငါးပါးနှင့်အတူတူ အကျဉ်းကား ထိုထိုဘဝ ဇာတိ၌ ဂဗ္ဘသေယျ အမိဝမ်းတွင်း ဟူသည်တို့၌ ကိုးလ ဆယ်လ နေရခြင်း၊ ဇလာဗုဇ၊ သူငယ်အိမ်၌ ကလလရေကြည်ကစ၍ လေးဆဲ့နှစ် သတ္တာ ဟနေရခြင်း။ သံသေဒဇ အညှိ အပုပ် အစပ် အမွှေး အကြိုင် စသည်တို့၌ ကံအားလျော်စွာ နေ့ရက်ရှည်ကြာ ကမ္ဘာအဆက်ဆက် တကိုယ်လုံး သားလှီးခါးငယ်ဖြင့် မွှန်း၍ ဆားရေ ထောပတ်နှင့် နယ်ပြီးလျှင် ပူလှစွာသော သံအိုးကင်း၌ အခြောက်တိုက် လှော်ဘိသကဲ့သို့ရင်း။ အိုးကင်းပူ၌ ထည့်အပ်သော နှမ်းစေ့သည် ဖြစ်ဖြစ်မြည်၍ ကျခလဘိ သကဲ့သို့ရင်း။ ဆင်းရဲကြဉ်းမြှောင်းလှစွာ သုံးထပ်ပိတ်သော ကြက်ဥ၊ ။အဝိဇ္ဇာဟူသော မှောင်ကြီးပိတ်ဖုံးလျက် ကြက်ဥနှစ်ကဲ့သို့သော တဏှာအဘွင်း၌ ဇာတိသဋ္ဌ

သန္ဓေ၊ တည်နေရာလတ္တံ့ဖြစ်သည်ကို ဝိညာဏ်ဟူ၍ ဆိုသည်။ ပဌမအမိဝမ်း၌ ကလလရေကြည် ခုနှစ်ရက်ဖြစ်လာ၏၊ ထိုကလလရေကြည်အတွင်း၌ ဝိညာဏ်ဟူသော ပဋိသန္ဓေစိတ်သည် ဂူလှိုင်ချောက်ဥမင်အတွင်း၌ မီးကင်သည့် မှောင်တိုက်သို့ စုံလုံးမိုက်ငပါလ။ စောက်ထိုးကြီး ကျဘိသကဲ့သို့ မီးထည့်သည့် ငါးအလား ကြီးမားသော ဆင်းရဲဒုက္ခ မိုက်မဲသည့် မောဟကို သုဘဟု သူပြု၍ တဏှာစု ရာဂစွဲကပ်သည့် လောဘတွေကို အမြဲပြုလုပ်၍ ငက်ဆုပ်ဘယ်ငင် ဘင်ကြား၌ ငါးပါးသော ရာဂကြောင့် သုခဟု အမြင်သေးသဖြင့် တံဆိပ်ရေး ပဲ့တင်သံ ဆီမီးလျှံပမာသို့ တွယ်တာခြင်း ဖြစ်လာသော ဝိညာဏ်ကိုမှီ၍ နာမ်ရုပ်တရားနှစ်ပါးတို့သည် အစဉ်အတိုင်း ကြီးရင့်ပြီးမှအမြှုပ်ဖြစ်လာသည် ၇-ရက်၊ ထို့နောင်မှ သားတစ် ၇-ရက်၊ထိုနောင်မှ အခဲ ၇-ရက်။ ထိုနောင်မှ ခြေနှစ်ချောင်း ဦးခေါင်းဟူသော ခက်မငါးဖြာ ဖြစ်လာ၏။ ထိုနောင် စက္ခု ၇-ရက်။ သောတ ၇-ရက်။ ဃာန ၇-ရက်၊ ဇိဝှါ ၇-ရက်၊ ကာယ ၇-ရက် ဖြစ်လာ၏။ ထိုနောင် ၃၂-ပါးသော ဒွတ္တိံသအစုတို့တွင် တစု၇-ရက်စီ၊ ပေါင်း သတ္တဟ ၄၂။ရက်ပေါင်း ၂၉၄။လပေါင်း ကိုးလနှင့် ဆယ့်လေးရက်မှစေ့ ဖွားမြင်၏။ ဤသို့ ကျင်ကြီး ကျင်ငယ် အစာသစ် အစာဟောင်းတို့၏ အလယ်၌ ဆင်းရဲစွာ ဖြစ်ရခြင်းကား။ လူနတ်တို့ ဘဝ၌ ဇာတိဒုက္ခကို သုခထင်၍ လိုချင်တောင့်တသော တဏှာကြောင့် လိုချင် တောင့်တခြင်းကား ဒုက္ခမှန်းကိုမျှ မသိမမြင်သော အဝိဇ္ဇာ မောဟကြောင့် ဒုက္ခကြီးဖြစ်လေသည်။ ဤသို့ ပဋိသန္ဓေဝိညာဏ်ကိုမှီ၍ နာမ်ရုပ်

တရားတို့သည် အသစ် အဟောင်း၊ ထပ်လောင်းဆဲ ဖြစ်သော ဘင်အိမ်၏ အလယ်မှာ ထိုင်နေသော ယောကျ်ားကဲ့သို့ စက်ဆုပ်ဘွယ် ဇေဂုစ္ဆအရပ်၌ ကြီးပွားရသည်ကို နာမ်ရုပ်ဆိုသည်။ ထိုနာမ်ရုပ်တို့ ဖြစ်ခဲ့သော်၊ စက္ခုစသော ဝိညာဏ်တို့၏ တည်ရာ စက္ခာယတနတို့သည် ဖြစ်လာ၏။ ထိုနည်းတူ စက္ခာယတန သောတာ ယတန စသော လူတို့၏ အတွင်းသဏ္ဍာန်၌ အဇ္ဈတ္တိကာယတန ခြောက်ပါး ဖြစ်လာသည်။ ပိုးလောက်တို့၏တည်ရာ မှိုခိုရာ အိုင်းအမာကဲ့သို့၊ ဖြစ်လာသည်ကို သဠာယတနဆိုသည်။ စက္ခုသည် ရူပါရုံကို မြင်သောအခါ မသိ မလိမ္မာ၍ လိုချင် တပ်မက်သော ဒိဋ္ဌိတဏှာနှင့် အတူတကွ ဖဿစေတဖြစ်၍ တွေ့ကြ၏။ သောတနှင့် သဒ္ဒါရုံ တွေ့သော် ဖဿ စသည်တို့လည်း နည်းတူ တွေ့ခြင်း ဖဿစေတ ဖြစ်လာသည်။ တဦးသောသူက ချဉ်သီးစားရာ တဦးမှာ လျှာရည်ယိုသကဲ့သို့ရင်း၊ မီးလောင်သူသည် တကိုယ်လုံး အူသည်းပြတ်မျှ ကယ်ပါ ယူပါ အပူကြီး တွေ့သကဲ့သို့ရင်း၊ ထိုထိုအာရုံ ကာမဂုဏ်နှင့် ထိကြုံ၍ တွေ့ကြသည်ကို ဖဿဆိုသည်၊ ဖျားနာရောဂါကြီး တွေ့သည်ကိုလည်း သည်းမခံနိုင် မူးမိုက်မိန်းမော သေငယ်မျောသကဲ့သို့ရင်း။ မြွေပွေး မြွေဟောက် ကိုက်သော သူသည် မြွေဆိပ်နှင့် တွေ့လျှင် သည်းမခံနိုင်၊ မိန်းမိုင်မူးဝေ သေငယ်သေသကဲ့သို့ရင်း။ ကာမဂုဏ်ဟူသော အတွေ့ကို သည်းမခံနိုင်၊ အရှက်မျိုးပျောက်တိမ်၍ ပိန်တူးအောင် ဒုက္ခ အချိန်လွန် ကာမကြောင့် သေရသော စတုမဟာ တာဝတိံသာနတ် ပြိတ္တာကဲ့သို့ရင်း၊ ထိုထိုအာရုံ ကာမဂုဏ်ကို ပိန်ကြုံအောင်လိုလား၍ ခံစားခြင်း ဖြစ်သည်ကို

ဝေဒနာဆိုသည်။ ဤကား အဝိဇ္ဇာနှင့် တဏှာ စသော ဘဝ အကြောင်း မဖြတ်လျှင် အနာဂတ်ကေန် တွေ့ကြုံရမည် မှန်ကြောင်းကို အာယတိံ ဖလပဉ္စကံဟု ကျမ်းဂန်က ဆိုချေသည်။ ဝီသတာကာရဟူသော ပါဠိအရ ခြင်းရာနှစ်ဆယ်ဆိုသည်ကား ဆိုခဲ့ပြီးသော အတိတ်၌ အကြောင်းငါးပါး၊ ပစ္စုပ္ပန်၌ အကျိုးငါးပါး၊ ပစ္စုပ္ပန်၌ အကြောင်းငါးပါး၊ အနာဂတ်၌ အကျိုးငါးပါး၊ ပေါင်းခြင်းရာနှစ်ဆယ်ကို ဝီသတာကာရဆိုသည်။ တိသန္ဓိအရ အစပ်သုံးပါးဆိုသည်ကား၊ အဝိဇ္ဇာ သင်္ခါရဟူသော အတိတ်အကြောင်း ငါးပါးနှင့် ဝိညာဏ်စသောပစ္စုပ္ပန် အကျိုးနှင့်စပ်သည်၊ ပစ္စုပ္ပန်ဝေဒနာဟူသော အကျိုးနှင့်ပစ္စုပ္ပန် တဏှာဟူသော အကြောင်းနှင့် တစပ်၊ ဘဝဟူသော ပစ္စုပ္ပန် အကြောင်းနှင့် ဇာတိဟူသော အနာဂတ်အကျိုးနှင့် တစပ်၊ ဤသို့ တိသန္ဓိအရ အစပ်သုံးပါး၊ စတုသင်္ခေပါဟူသော ပါဠိအရ အလွှာလေးပါးဆိုသည်ကား၊ အတိတ်၌ အကြောင်း ငါးပါးတလွှာ။ ပစ္စုပ္ပန်၌အကျိုးငါးပါးတလွှာ၊ ပစ္စုပ္ပန်၌အကြောင်း ငါးပါးတလွှာ။ အနာဂတ်၌ အကျိုးငါးပါးတလွှာ ဤသို့ အလွှာလေးပါး။ တိဏိဝဋ္ဋာနံအရ ဝဋ်သုံးပါး ဟူသည်ကား။ ကိလေသာဝဋ်၊ ကာမဝဋ်၊ ဝိပါကာဝဋ်ဟူ၍ သုံးပါးတည်း။ ဤသို့ တိုတိုကျဉ်းကျဉ်း လိုရင်းသိရန်တည်း။

## ဝိဇ္ဇာစရဏ သမ္ပန္နကထာ

သီလေပတိ ဋ္ဌာယဒိန္နံ မဟပ္ဖလံ၊ သီလေ၊ ဋ္ဌိတိဘာဂိယ သီလ ဝိသေသ ဘာဂိယ သီလ နိဗ္ဗိန္ဒဘာဂိယ သီလ၌။ ပတိဋ္ဌာယ၊

တည်ပြီး၍၊ ဝ ါ။ သီလ သမထ ဝိပဿနာတို့ကို အားထုတ်ပြီး၍ ဒိန္နံ လှူအပ်သောအလှူသည်။ မဟပ္ဖလံ။ များသော အကျိုးရှိ၏။ ပိဏ္ဍတ္ထ လိုရင်းကြီး အဓိပ္ပါယ်ကား။ အလှူပေးသည်ရှိသော် ရှေးဦးစွာ သီလ သမထ ဝိပဿနာတို့ကို အားထုတ်ပြီးမှ အလှူပေးလျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ ရနိုင်၏ဟု ဆိုလိုသည်။ အလှူတကြိမ်ပေးလျှင် ပုညကြိယာ ဆယ်ပါး၊ ပါရမီဆယ်ပါးတို့ကို ပြည့်စုံအောင် အလှူပေးရမည်၊ လူ့ဘုံ နတ်ဘုံကို တောင့်တ၍ ပေးလှူသော အလှူသည် သံသရာ ဝဋ်ဆင်းရဲကြီးထဲ၌ ကျင်လည်ကြောင်း ဖြစ်သောကြောင့် မကောင်း။ နိဗ္ဗာန်ချမ်းသာကြီးကို တောင့်တ၍ ပေးလှူသော အလှူသည် သံသရာဝဋ်ဆင်းရဲကြီးမှ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် အလွန်ကောင်း၏။ ထိုပုညကြိယာ ဆယ်ပါးတို့တွင် ဒါန သီလ ဘာဝနာသုံးပါးတို့ကို လိုရင်းကြီးဟူ၍မှတ်၊ ထိုသုံးပါးတို့တွင် သီလကို ရှေးဦးစွာ ဆောက်တည်ပြီးမှ ဒါနကို သမထ ဝိပဿနာ ဘာဝနာ ပွါးရမည်။ ဒါနသည် ဝတ္ထုဒါန၊ စေတနာဒါနဟူ၍ နှစ်ပါးအပြားရှိ၏။ ဘာဝနာသည် သမထ ဘာဝနာ။ ဝိပဿနာ ဘာဝနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝတ္ထုဒါနကို သမထ ဘာဝနာဖြစ်အောင် ပွါးရမည်၊ စေတနာဒါနကို ဝိပဿနာ ဘာဝနာဖြစ်အောင်ပွါးရမည်။ ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မောနာမနတ္ထိ။ ကမ္မဋ္ဌာန ဝိနိမုတ္တော၊ ကမ္မဋ္ဌာန်းမှလွတ်သော ဓမ္မောနာမ၊ တရားမည်သည်၊ နတ္ထိ၊ မရှိ၊ မြတ်စွာဘုရား တရားတော်သည် ကမ္မဋ္ဌာန်းမှ လွတ်သော တရားမည်သည်မရှိသည်နှင့် အညီ အလှူပေးခြင်းသည် စာဂ ကမ္မဋ္ဌာန်းမည်၏။ ထိုစာဂ

ကမ္မဋ္ဌာန်းသည် ဟိနဘာဂ ကမ္မဋ္ဌါန်း၊ မဇ္ဈိမဘာဂ ကမ္မဋ္ဌာန်း၊ ပဏီတဘာဂ ကမ္မဋ္ဌာန်းဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင်လူနတ္ထိဘာဝကို တောင့်တ၍ သမထ ဝိပဿနာ မစီးဖြန်းဘဲ အလှူပေးခြင်းသည် ယုတ်ညံ့သော ဟိနဘာဂ ကမ္မဋ္ဌာန်းမည်၏။ ဟိနဘာဂကမ္မဋ္ဌာန်းပြီး၏။ မဇ္ဈိမဘာဂ ကမ္မဋ္ဌာန်းစီးဖြန်းနည်းကား မိမိရှေ့မှာ အလှူဝတ္ထုတို့ကို ကောင်းကောင်းမွန်မွန် ကြည်ညိုဘွယ်ရှိအောင် ထားရမည်။ ထားပြီးသော ထိုအလှူဝတ္ထုကို စက္ခုဒွါရဖြင့် စေ့စေ့ကြည့်၍ထား၊ စက္ခုဒွါရဖြင့် မြင်လျှင် မျက်စေ့ကို မှိတ်၍ မနောဒွါရဖြင့် မြင်အောင် စေ့စေ့ကြည့်၊ ဤကဲ့သို့ စေ့စေ့ကြည့်၍ အလှူအလှူဟု မနောဒွါရမှာ ထင်မြင်အောင် စိတ်ဖြင့် စီးဖြန်း။ မထင်မမြင် မခြင်းစီးဖြန်းရမည်။ မနောဒွါရမှာ ထင်မြင်သော အလှူဝတ္ထုအာရုံသည် ဥဂ္ဂဟနိမိတ်မည်၏။ မနောဒွါရဖြင့် အလှူဝတ္ထုကို ထင်မြင်သောအခါ အလွန်စိတ်ချမ်းသာ၏။ ကုသိုလ်များစွာရ၏။ စိတ်ချမ်းသာ၍ ကုသိုလ်များစွာဖြစ်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရနိုင်ကြောင်း ဖြစ်၏။ အပါယ်ဘေးမှလည်း စိတ်ချရ၏။ ထိုဥဂ္ဂဟနိမိတ်ဟု ဆိုအပ်သော အလှူဝတ္ထုကို စေ့စေ့ကြည့်၍ အလှူအလှူဟု အသက်ထက်ဆုံး ထင်မြင်အောင် စီးဖြန်းရမည်။ ထိုထင်မြင်သော အလှူဝတ္ထုကို ကုသိုလ်ကမ္မနိမိတ် ခေါ်သည်။ ထိုကုသိုလ်ကမ္မနိမိတ်ကို အာရုံပြု၍ စုတေရလျှင် နိဗ္ဗာန်ချမ်းသာကြီးကို လျင်မြန်စွာ ရောက်ကြောင်းတရားကို အားထုတ်နိုင်သော လူနတ်ဖြစ်ရမည်။ လူနတ်ဖြစ်ရလျှင် ယခုဘဝထက် အဆအရာ အဆအထောင်မက နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော

ဒါန သီလ သမထ ဝိပဿနာတရားတို့ကို အားထုတ်နိုင်လိမ့်မည်။မနောဒွါရဖြင့် အလှူဝတ္ထုကို စေ့စေ့ကြည့်၍ အလှူအလှူဟု ပွားသောအခါ လောဘ ဒေါသ အစရှိသော ကိလေသာငြိမ်းခြင်းသည် သမထမည်၏။ အလှူလှူဟု ပွားသောအခါ ကုသိုလ်များစွာဖြစ်ခြင်းသည် ဘာဝနာမည်၏။ အလှူအလှူဟု ပွားသောအခါ လောဘ ဒေါသ အစရှိသော ကိလေသာငြိမ်း၍ ကုသိုလ်များစွာ ဖြစ်ခြင်းသည် သမထဘာဝနာမည်၏။ မနောဒွါရဖြင့် အလှူအလှူဟု စီးဖြန်းခြင်းသည် အလယ်အလတ်ဖြစ်သော မဇ္ဈိမစာဂါနုဿတိ ကမ္မဋ္ဌာန်းမည်၏။ မဇ္ဈိမစာဂါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနည်းပြီး၏။ ဤကဲ့သို့ ဟိနမဇ္ဈိမစာဂ ကမ္မဋ္ဌာန်းတို့သည် စရဏမျိုးတို့ပေတည်း။ ဝိဇ္ဇာမျိုးဖြစ်သော ပဏ္ဍိတ စာဂါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနည်းကား ဒါနကုသိုလ် စေတနာကို စေတနာ, စေတနာဟု အကြိမ်များစွာ ထင်မြင် နှလုံးသွင်းရမည်။ ထိုစေတနာကို အလှူပေးပုဂ္ဂိုလ် ကောန်ဟုတ်သည်ဟု မှတ်သင်လျှင် သက္ကာယဒိဋ္ဌိဖြစ်၏။ ထိုစေတနာကို အလှူပေးပုဂ္ဂိုလ် ကောန်မဟုတ်ဟု သိသောဉာဏ်သည် ပညာဖြစ်၏။ ထိုစေတနာကို စေတနာ ကောန်ဟုတ်၏ဟု သိသော ဉာဏ်သည် ပညာဖြစ်၏။ ထပ်ခါထပ်ခါဉာဏ်ဖြင့် အဖန်ဖန် ဆင်ခြင်သုံးသပ်ရမည်။ ပညာဖြစ်လျှင် သက္ကာယဒိဋ္ဌိမဖြစ်ဆိုလိုသည်။ သုတ္တန်အလို သမထအလိုအားဖြင့် စေတနာကို အလှူပေးပုဂ္ဂိုလ်ဟူ၍ ဆို၏။ အဘိဓမ္မာအလို ဝိပဿနာအလိုအားဖြင့် စေတနာကို အလှူပေး ပုဂ္ဂိုလ် ကောန်မဟုတ်ဟူ၍ မှတ်။

သက္ကာယဒိဋ္ဌိ ပဟာနာယ သတော ဘိက္ခု ပရိဗ္ဗဇေ။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ သတော၊ သတိရှိသော။ ဘိက္ခု၊ သံသရာဘေးကြီးကို ရှုသောသူသည်။ ပရိဗ္ဗဇေ၊ ကျင့်ကြံ ကြိုးကုတ် အားထုတ်ရာ၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာ၏။ စေတနာကို စေတနာမှန်းသိသော ဉာဏ်သည် နာမရူပပရိစ္ဆေဒဉာဏ်လည်း ဖြစ်၏။ ဒိဋ္ဌိဝိသုဒ္ဓိလည်း ဖြစ်၏ စေတနာသည် ကိလေသာတို့ကို သုတ်သင်သော အလှူဒါနကြောင့် ဖြစ်ပေါ်၍ လာ၏။ စေတနာသည် ကိလေသာတို့ကို သုတ်သင်သော အလှူဒါနကြောင့် ဖြစ်ပေါ်၍လာ၏ဟု အကြိမ်ကြိမ် စီးဖြန်းသုံးသပ်ဆင်ခြင်ရမည်။

စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ စေတနာ၊ အယံ သုခဿ သမုဒယော။ စက္ခုံ စ၊ စက္ခုပသာဒရုပ်ကို၎င်း။ ရူပေစ၊ လှူရန်ဖြစ်သော မြင်အပ်သော အဆင်းရုပ်တို့ကို၎င်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ ကိလေသာတို့မှ စင်ကြယ်သော စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဘွားကနဲ တဖွားဖွား ဖြစ်ပေါ်၍ လာ၏။ တိဏ္ဏံ၊ စက္ခုပသာဒရုပ်၊ အဆင်းရုပ်၊ စက္ခုဝိညာဏစိတ် သုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံ တွေ့ထိခြင်းသည်။ ဖဿော၊ လှူဘွယ်အဆင်းကို ကိလေသာမှ လွတ်၍ တွေ့ခြင်း ဖဿမည်၏။ ဖဿပစ္စယာ၊ လှူဘွယ်အဆင်းကို တွေ့ခြင်းကို တွေ့ခြင်းဟူသော အကြောင်းကြောင့်၊ ဝေဒနာ။ လှူဘွယ်အဆင်းကို ဝမ်းမြောက်ဝမ်းသာ ခံစားခြင်း သုခဝေဒနာတရားသည်။

ဥပ္ပဇ္ဇတိ၊ ဘွားကနဲ ကိလေသာမှ လွတ်၍ ဖြစ်ပေါ်လာ၏။ ဝေဒနာပစ္စယာ၊ လျှုဘွယ်မြင်အပ်သော အဆင်းကို ဝမ်းမြောက်ဝမ်းသာ ခံစားခြင်းဟူသော အကြောင်းကြောင့်။ စေတနာ၊ အဆင်းစုကို နိဗ္ဗာန်သို့ရောက်အောင် ကြိုးစားလျှု ကြိုးစားလျှုဟု နှိုးဆော်တိုက်တွန်းခြင်း စေတနာတရားသည်၊ ဥပ္ပဇ္ဇတိ၊ ဘွားကနဲ တဖွားဖွားဖြစ်၍လာ၏။ ဣဿံ၊ ဤသို့ဖြစ်ခြင်းသည်။ သုဒ္ဓေ၊ နိဗ္ဗာန်ချမ်းသာကြီး၏။ သမုဒယော၊ လျင်လျင်မြန်မြန်ကြီးရောက်ကြောင်း ရကြောင်း ပါပေတည်း။ စေတနာဖြစ်ကြောင်း သိမ်းဆည်းသော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်လည်းမည်၏။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်လည်း မည်၏။ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါးကို သိမြင်ခြင်းသည် ဝိပဿနာဉာဏ် ဆယ်ပါး၏ အခြေပါဒလည်း ဖြစ်၏။ မင်္ဂဖိုလ်တို့၏ ပုဗ္ဗနိမိတ်လည်း ဖြစ်၏။ နိယတ ဂတိလည်း ဖြစ်၏။ စူဠသောတာပန်လည်း မည်၏။ စူဠသောတာပန် အဘယ်ကြောင့်-မည်သနည်း။ ဣမိနာပန ဉာဏေနသမ္ပန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပ္ပတိဋ္ဌော နိယတ ဂတိကော စူဠသောတာပန္နောနာမ ဟောတိ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ဣမိနာပနဉာဏေန၊ ဤနာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်၊ သမ္ပန္နာဂတော။ ပြည့်စုံသော၊ ဝိပဿကော၊ ဝိပဿနာကို အားထုတ်သော ယောဂီသည်၊ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်ကြီး၌၊ လဒ္ဓဿာသော။ ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်တို့၏ ချုပ်ရာနိဗ္ဗာန် ချမ်းသာကြီးသို့ ရောက်ကြောင်း တရားနှစ်ပါးကို

သက်သာရာကြီးကို ရသည်ဖြစ်၍ရှင်း၊ လဒ္ဓပ္ပတိဋ္ဌော။ ရုပ်နာမ်
ခန္ဓာ အာယတန ဓါတ်တို့၏ မပြတ်ဖြစ်ရာ သံသရာ ဝဋ်ဆင်းရဲ
ကြီးထဲမှ ထွက်မြောက်ကြောင်း တရားနှစ်ပါးကို သိမြင်ရသော
ကြောင့် စိတ်၏ ဆောက်တည်ရာကြီးကိုးကွယ်ရာကြီး မှီခိုရာကြီး
ကိုရသည် ဖြစ်၍ရှင်း။ နိယတဂတိကော၊ နိဗ္ဗာန်သို့ ရောက်
ကြောင်းတရားကို ကြိုးစားအားထုတ် နိုင်သော လူနတ်ဗြဟ္မာ
အဖြစ်၌ မြဲသော ဂတိရှိသည်ဖြစ်၍ရှင်း၊ စုဋ္ဌသောတာ ပန္နာ
နာမ၊ စူဠသောတာပန်မည်သည်၊ ဟောတိ ဖြစ်၏။ ထိုကြောင့်
စူဠသောတာပန်မည်ပါသည်။ စေတနာ ယခုဖြစ်ယခုပျက်၏။
စေတနာ ယခုဖြစ် ယခုပျက်၏။ စေတနာ ယခုများစွာဖြစ် ယခု
များစွာပျက်၏။ စေတနာ ယခုမရေတွက်နိုင်အောင်ဖြစ် ယခု
မရေတွက်နိုင်အောင်ပျက်၏။ အကြိမ်ကြိမ် နှလုံးသွင်း၍ စီးဖြန်း
ပါလေ၊ သေသေချာချာ စူးစိုက်၍ စေတနာအနိစ္စ၊ စေတနာ
ဒုက္ခ၊ စေတနာအနတ္တ၊ စေတနာ အသုဘ၊ စေတနာ ယခုဖြစ်
ယခုပျက်၍ မမြဲလေသောကြောင့် အနိစ္စအနိစ္စ။ စေတနာ ယခု
ဖြစ် ယခုပျက်လေသောကြောင့် ဒုက္ခဒုက္ခ။ စေတနာယခုဖြစ်
ယခုပျက်၍ အစိုးမရ အလိုသို့ မလိုက်သောကြောင့် အနတ္တ
အနတ္တ။ စေတနာ ယခုဖြစ် ယခုပျက်၍ မတင့်တယ်လေသော
ကြောင့် အသုဘ အသုဘ။ စေတနာ၏ ဥပါဒ်ဋ္ဌီသို့ရောက်သည်
ဖြစ်၍ မမြဲလေသောကြောင့် အနိစ္စ အနိစ္စ၊ စေတနာ၏ ဋ္ဌီသည်
ဘင်သို့ ရောက်သည်ဖြစ်၍ မမြဲလေသောကြောင့် အနိစ္စအနိစ္စ။
စေတနာ၏ ဥပါဒ်သည် ဋ္ဌီဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲ
လေသောကြောင့် ဒုက္ခဒုက္ခ။ စေတနာ ဋ္ဌီသည် ဘင်ဖြင့် နှိပ်စက်

အပ်သည်ဖြစ်၍ ဆင်းရဲလေသောကြောင့် ဒုက္ခဒုက္ခ။ စေတနာ၏ ဘင်သည် အကြွင်းမဲ့ ကုန်ခြင်းဖြင့် နိုပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲလေသောကြောင့် ဒုက္ခဒုက္ခ။ စေတနာ၏ ဥပါဒ်သည် ဌီသို့ မရောက်ရအောင် အစိုးမရလေသောကြောင့် အနတ္တအနတ္တ။ စေတနာ၏ဌီသည် ဘင်သို့ မရောက်ရအောင် အစိုးမရလေသောကြောင့် အနတ္တအနတ္တ၊ စေတနာ၏ ဘင်သည် အကြွင်းမဲ့ ကုန်ခြင်းသို့ မရောက်ရအောင် အစိုးမရလေသောကြောင့် အနတ္တအနတ္တဟု ထပ်ခါထပ်ခါ အကြိမ်ကြိမ် စီးဖြန်းပါလေ။ သေသေချာချာ ဉာဏ်နှင့် စဉ်းစား၍ အကောင်အထည် ဒြပ်သဏ္ဌာန်မရှိ ဖြစ်ပေါ်ပြီး အကြွင်းမဲ့ ကုန်ခြင်းသို့ အမှန်ရောက်သော စေတနာတရားသည်သာလျှင် ကေန်ဖြစ်ကြောင်းဉာဏ်မှာရှင်း၍ ကွင်းကွင်းကြီးမြင်အောင် စီးဖြန်းအားထုတ်ရာ၏။ယောစဝဿသတံ ဇီဝေ။ အပဿံ ဥဒယဗ္ဗယံ၊ ကောဟံ ဇီဝိတံသေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ဓမ္မပဒပါဠိတော်။ ဥဒယဗ္ဗယံ၊ စေတနာ၏ ဖြစ်ခြင်းပျက်ခြင်းကို။ အပဿံ-အပဿန္တော၊ တကြိမ်တခါမျှ မထင်မမြင်ဘူးသော။ ယောစ၊ အကြင် အလျှုပေးပုဂ္ဂိုလ်သည် ကား။ ဝဿ သတံ၊ အနှစ်တရာ ပတ်လုံး။ ဇီဝေ ဇီဝေပိ၊ အသက်ရှည်၍ နေသော်လည်း။ တဿ၊ ထိုစေတနာ ဖြစ်ခြင်းပျက်ခြင်းကို မထင်မမြင်ဘူးသေးသော အလှူပေးပုဂ္ဂိုလ်၏ ဇီဝိတံ၊ အသက်တရာ ရှည်သောထက်၊ ဥဒယဗ္ဗယံ။ စေတနာ၏ ဖြစ်ပျက်ခြင်းကို။ ပဿတော၊ထင်မြင်သောအလှူပေးပုဂ္ဂိုလ်၏။ ကောဟံ၊ တရက်တနာရီမျှ၊ ဇီဝိတံ၊ အသက် ရှည်ခြင်းသည်။ သေယျော၊ ရှည်ကျိုးနပ်၍ အလွန် မြတ်လှတော့သည်သာလျှင်

တည်း။ ဤဒေသနာကား၊ နေယျတ္ထ ဒေသနာဖြစ်၏။ နီတတ္ထ ဒေသနာကား ပဋ္ဌာစာရီကို ဟော၏။ စေတနာ ဖြစ်ခြင်း ပျက်ခြင်းသည် သူ့သဘော သဘာဝအတိုင်း ဖြစ်ပျက်ပါတကား။ ဖြစ်ခြင်းပျက်ခြင်းရှိသော စေတနာသည် နိစ္စ၊ သုခ၊ အတ္တ၊ သုဘမှ ကင်းဆိတ်ပါတကား။ နိစ္စ၊ သုခ၊ အတ္တ သုဘမှ ကင်းဆိတ်သော စေတနာသည် အလှူပေးပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်ခဲ့ပါတကား။ ထိုစေတနာတရားသည် အလှူဝတ္ထုဟု ခေါ်ဆိုအပ်သော အဆင်းရူပါရုံ ရုပ်ပရမတ်တရား စက္ခုအကြည်ဟု ခေါ်ဆိုအပ်သော ရုပ်ပရမတ်တရားတို့သည်။ ရှေးရှုထိခိုက်သော အကြောင်းကြောင့် သိမှု စိတ်ပရမတ်နှင့်တကွ တွေ့ဆုံမှု ဖဿ၊ ခံစားမှုဝေဒနာ၊ မှတ်မှုသညာ၊ စေ့ဆော်မှု ပြုလုပ်မှု စေတနာ၊ တည်ကြည်မှု ဧကဂ္ဂတာ၊ စောင့်ရှောက်မှု ဇီဝိတိန္ဒြေ၊ ရှေးရှုနှလုံးသွင်းမှု မနသိကာရဟု ဆိုအပ်သော ခုနစ်ခုသော စိတ်စေတသိက် ပရမတ်တရားသည် သိမှု စိတ်ပရမတ်တရားတို့နှင့်တကွ ယှဉ်တွယ်ကပ်မျှောင်၍အတူပေါ် အတူချုပ် အာရုံတခုတည်း မှီရာတခုတည်း ဖြစ်လျက် ထင်ထင်ရှားရှား ဖြစ်ပေါ်လာပြီးလျှင် မပြတ်မလပ် တဖြုတ်ဖြုတ် ချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်၍ အကြွင်းမဲ့ ကုန်ခန်းသော အနိစ္စအစစ် ဒုက္ခအစစ် အနတ္တအစစ် အသုဘအစစ် အမှန်ဖြစ်ကြကုန်၏။ ထိုကြောင့် အကြောင်း မကောင်းသော သင်္ခါရတရားတို့၏ နှိပ်စက်ညှဉ်းပန်းခြင်း ခံရသော ဒုက္ခတရားတို့သာတည်း။ ဤကဲ့သို့ အကြောင်းမကောင်းလို့ နှိပ်စက်ညှဉ်းပန်းအပ်သော တရားတို့သည် ဖြစ်ပေါ်လေလျှင် အကြောင်း

ကောင်းလို့ မနှိပ်စက် မညှဉ်းပန်းအပ်သော တရားသည် ရှိရာ၏။ ဖြစ်ပေါ်လို့ ဆွေးမြေ့ရင့်ယော်တဲ့ တရားရှိလျှင် မဖြစ်ပေါ်လို့ မဆွေးမြေ့ မရင့်ယော်တဲ့ တရားရှိရာ၏။ ဆွေးမြေ့ရင့်ယော်လို့ ပျက်စီးတဲ့ တရားရှိလျှင် မဆွေးမြေ့ မရင့်ယော်လို့မပျက်စီးတဲ့ တရားရှိရာ၏။ ဤကဲ့သို့ ထောက်ဆ ထောက်ဆ၍ အကျဉ်းနည်းဖြင့် မှီ၍ ရှေးဦးစွာ စဉ်းစား ဆင်ခြင်လေဦး။ သို့မှသာလျှင် နိဗ္ဗာန်သဘောကို ပိုင်မည်၊ အကြောင်းမကောင်းလို့ ဖြစ်ပေါ်။ ဖြစ်ပေါ်လို့ ရင့်ယော်။ ရင့်ယော်လို့ ပျက်စီး ညှဉ်းဆဲနှိပ်စက်တတ်သော တရားဟူသမျှသည် စိတ်စေတသိက် ရုပ်ပရမတ် တရားဟူ၍ သိကြပါလေ။ တဘက်က အကြောင်းကောင်းလို့ မဖြစ်ပေါ်။ မဖြစ်ပေါ်လို့ မရင့်ယော်။ မရင့်ယော်လို့ မပျက်စီး၊ မညှဉ်းပန်း မနှိပ်စက်ဘဲ ချမ်းသာတဲ့ တရားကို နိဗ္ဗာန် ပရမတ်တရားဟု သိကြပါလေ။ ဤကဲ့သို့ ပရမတ်တရား နှစ်ပါးကို ခွဲခြမ်းဝေဘန်၍ သိကြပါလေ။

ထိုကဲ့သို့ ထောက်ဆ ထောက်ဆ၍ သိသောဉာဏ်ကို သန္တိပဒဉာဏ်ခေါ်ပါသည်။ သန္တိပဒဉာဏ်ဟူသည်။ သန္တိပဒ သင်္ခါရတရား သုံးပါးတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို။ ဉာဏ၊ သိတတ်သော ဉာဏ်ပေတည်း။ အဘယ်ကြောင့် ဤကဲ့သို့ သန္တိပဒဉာဏ်ခေါ်သော လောကီဉာဏ်ဖြင့် ထောက်ဆ ထောက်ဆလျက် နိဗ္ဗာန်ကို အာရုံပြုစရာ ရှိသတည်းဟူမူ၊ စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခါရ။ သင်္ခတ။ ပရမတ်တရား သုံးပါးသာလျှင် ကိုင်တွယ်စရာ အာရုံရှိသော လောကီဉာဏ်

သည်ရှင်း။ စင်စစ် ကိလေသာတို့ကို အကြွင်း အကျန်မရှိ ပယ် ဖြတ်ခြင်း။ ကွယ်ပျောက်စေခြင်းကိုစွဲ၍ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် ရှင်းတည်း။ ထိုစိတ်စေတသိက် ရုပ်တည်းဟူသော သင်္ခါရ၊ သင်္ခတ၊ သပ္ပစ္စယ၊ ပရမတ်တရား ဘာမျှမရှိတဲ့ ပညတ်တရား။ ရှင်းတရားတို့မှ တဘက်ဖြစ်သော ကိလေသာတို့ကို အကြွင်းအကျန်မရှိ ပယ်ဖြတ်ခြင်း။ ကွယ်ပျောက်စေခြင်းကိုစွဲ၍ စွမ်းနိုင်သော ဝိသင်္ခါရ၊ အသင်္ခတ၊ အပ္ပစ္စယ ဓမ္မဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ကိုင်တွယ်စရာ အာရုံဖြစ်သော နိဗ္ဗာန်ပရမတ်တည်းဟူသော တခုသော တရားသည် ဓမ္မတာအားဖြင့် မုချကေန် အမှန်ရှိပေ၏။ ထိုသို့ ရှိမှသာလျှင် ကိလေသာ ဒုက္ခ၊ ခန္ဓဒုက္ခတို့သည် အကြွင်းအကျန်မရှိဘဲ ကွယ်ပျောက်ပျက်စီးကုန်ခန်းခြင်းသို့ ရောက်လေကုန်၏။ ထို့ကြောင့် မိမိတည်းဟူသော အဇ္ဈတ္တခန္ဓာ၊ သူတပါးတည်းဟူသော အားလုံးသော ဗဟိဒ္ဓခန္ဓာထဲ၌ ထင်ထင်ရှားရှားရှိသော စိတ်,စေတသိက် ရုပ်ပရမတ်တရားသုံးပါးတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ခန္ဓာဟူသော အရေအတွက်မှ လွန်မြောက်နေသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘို့၏ ကိုင်တွယ်စရာ အာရုံပြုစရာ နိဗ္ဗာန်ပရမတ်တည်းဟူသော တခုသော တရားသည် ရှိ၏။ ဟူ၍ ပညာရှင်အပေါင်း သူတော်ကောင်းတို့သည် သတိပြု၍ အလေးမူကြပါလေကုန်။ ထိုသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သန္တိပဒဉာဏ် ခေါ်သော လောကီဉာဏ်ဖြင့် ထောက်ဆဆောက်ဆ၍ ကြံစည်တွေးတော အာရုံပြုဖန်များလျှင် ရှင်းအသင်္ခတဓါတ် နိဗ္ဗာန် ပရမတ် သဘောကို အဟုတ်တကယ် နိစ္စ၊ သုခ၊ ဓမ္မသဘာဝ အနေအားဖြင့် အကြွင်

အခါ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ ထင်ထင်ရှားရှား ပဌမအကြိမ် သိမြင်ဆဲ ဖြစ်ခဲ့အံ့။ ထိုသို့ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ ထင်ထင်ရှားရှား ပဌမတကြိမ် သိမြင်ဆဲဖြစ်သော ဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ်မည်၏။ သိမြင်ပြီးသော ဉာဏ်သည် သောတာပတ္တိဖိုလ်ဉာဏ်မည်၏။ သောတာပတ္တိ မဂ္ဂဉာဏ၊ သောတာပတ္တိမဂ်ဉာဏ်ဟူသည်။ သောတ=ကား ရေအယဉ်နှင့်တူသော မဂ္ဂင်ရှစ်ပါး၊ အာ-ကား ရှေးဦးစွာ။ ပတ္တိ-ကား ရောက်ဆဲဖြစ်တာ၊ မ-ကား ကိလေသာတို့ကို သတ်ဖြတ်ထာ၊ ဂ္ဂ-ကား အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်ကို အာရုံပြုသောအားဖြင့် ရောက်သော၊ ဉာဏ-ကား အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်ကို သဘောကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိတာ။ ရေအယဉ်နှင့် တူသော မဂ္ဂင်ရှစ်ပါးသည် ရှေးဦးစွာရောက်ဆဲဖြစ်၍ ကိလေသာတို့ကို သတ်ဖြတ်လျက် အသင်္ခတဓါတ် နိဗ္ဗာန်ပရမတ်သဘောကို ထိုးထွင်း၍ သိတာပေတည်း။ ဤကဲ့သို့ ဒုတိယအကြိမ် သိမြင်လျှင် သကဒါဂါမိ မဂ်ဉာဏ်ဖိုလ်ဉာဏ်။ ဤကဲ့သို့ တတိယအကြိမ် သိမြင်လျှင် အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ဤကဲ့သို့ စတုတ္ထအကြိမ် သိမြင်လျှင် အရဟတ္တ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် ရဟန္တာတိုင် အစဉ်အလိုက် ဖြစ်ရပေ၏။ ထို့ကြောင့် အလှူတကြိမ်ပေးလျှင် ပါရမီ ဆယ်ပါးဖြစ်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို လျင်မြန်စွာ ရနိုင်ရောက်နိုင်အောင် ပြုလုပ်၍ အလှူပေးအပ်၏။ ဤကဲ့သို့ ပေးသော အလှူသည် ဒါနပါရမီ၊ သီလကို ဆောက်တည်ခြင်းသည် သီလပါရမီ၊ လောကမှ ထွက်မြောက်ခြင်းသည် နိက္ခမပါရမီ၊ စေတနာဖြစ်ခြင်း ပျက်ခြင်းသဘောကို သိသော ဉာဏ်သည် ပညာ

ပါရမီ။ ဒါန၊ သီလ၊ သမထဝိပဿနာတို့ကို အားထုတ်ခြင်းသည် ဝီရိယပါရမီ၊ လူ့ဘဝယ်ကိစ္စကို အားထုတ်၍ ပင်ပန်းခြင်းကို သည်းခံခြင်း ခန္တီပါရမီ။ လှူမည်ဟု မှန်ဟန်သော စကားကို ဆိုခြင်းသည် သစ္စပါရမီ။ ဤအလှူကို ပြီးစီးအောင် အားထုတ်မည်ဟု စိတ်ကို ဆုံးဖြတ်ခြင်းသည် အဓိဋ္ဌာန်ပါရမီ၊ သူတပါး ချမ်းသာအောင် ကာယကံမေတ္တာ၊ ဝစီကံ မေတ္တာ၊ မနောကံ မေတ္တာ၊ ပြုခြင်းသည် မေတ္တာပါရမီ။ အလှူဝတ္ထုကို တွယ်တာ နှောက်နှေးခြင်း မရှိ၊ လျစ်လျူရှုခြင်းသည် ဥပေက္ခာပါရမီ၊ အလှူသဘောဖြင့် နိဗ္ဗာန်ကိုစိတ်ဖြင့် စေလွှတ်၍ နိဗ္ဗာန်သို့ အာရုံပြုခြင်းသည် ဥပေက္ခာပါရမီ။ ဤကဲ့သို့ ပါရမီဆယ်ပါး ဖြစ်အောင် လှူဒါန်း ပေးကမ်းကုန်ရာသတည်း။ ဤကား ပဏီ တ စာဂ ါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနည်း ဝိဇ္ဇာဉာဏ်ပေတည်း။ ဤကဲ့သို့ ပါရမီ ဓမ္မတို့ကို၊ အနည်းငယ် ခွဲခြား၍ ပြဆိုခြင်း တည်း။

ဆိုဘွယ်တရပ် မှတ်သားရန် အထူးကား။ ။ပါရမီသည် လည်း စရဏ အပင်းအသင်းသို့ သက်ဝင်သော ပါရမီ။ ဝိဇ္ဇာ အပင်းအသင်းသို့ သက်ဝင်သော ပါရမီ ဟူ၍ နှစ် မျိုးရှိ၏။ စရဏ အပင်းအသင်းသို့ သက်ဝင်သော ပါရမီဆို သည်ကား။ ခန္ဓာနာမ် ရုပ်တို့ကို သင်ကြား လေ့ လာ မှု ဝိပဿနာတင်မှုတို့ကိုမှ ကင်းသော ဒါန သီလ သမာဓိဘာဝနာ မှုများ ပေတည်း။ ဝိဇ္ဇာ အပင်းအသင်းသို့ သက်ဝင်သော ပါရမီဆိုသည်ကား။ ခန္ဓာအာယတန ဓါတ်စသော အတ္တမှ

ဆိတ်သည့် သုညတ တရားတို့ကို ကြားနာခြင်း၊ သင်ကြားခြင်း၊ ဆောင် ရွက် ခြင်း၊ ဝိ ပ ဿ နာ တင် ၍ ဆင်ခြင် ပွားများ ခြင်း၊ သု တ ပါး တို့ အား ခန္ဓာ, နာမ်, ရုပ်တို့နှင့် စပ်သော အသုညတ တရား တို့ကို ဟောကြားခြင်း အစရှိသော ပညာ များပေတည်း။ အကြင် ပုဂ္ဂိုလ်သည်ကား။ ရှေးရှေးဘုရား တို့၏ သာသနာနှင့် တွေ့ကြုံရသောအခါ ဤနှစ်ပါးသော ပါ ရမီ တို့ ကို ဖြည့် ကျင့် ဘူး ကြ လေ ကုန် ၏။ ထို ပုဂ္ဂိုလ်သည် နောက်နောက်ဘုရားတို့၏ သာသနာနှင့် တွေ့ကြုံသောအခါ ဝိဇ္ဇာ၊ စရဏ နှစ်ပါးစုံနှင့် ယှဉ်သော ပါရမီကို ဖြည့်ဆည်းဖူး ခြင်း အရင်းအနှီး ရှိကြလေကုန်သောကြောင့် မဂ်ဖိုလ်တည်း ဟူသော အကျိုးထူးဝိသေသတို့ကို ခံစားကြရလေ၏။ ။သက် သေကား။ ရှင်သာရိပုတြာ၊အရှင်မောဂ္ဂလာန်ခေမာ၊ဥပလဝဏ် စသော ပုဂ္ဂိုလ်ထူးများ၊ အနာထပိဏ် စိတ္တသူကြွယ်၊ ဝိသာခါ၊ ဥတ္တရာ၊ သုဘဒ္ဒါ စသော ပုဂ္ဂိုလ်ထူးများ ကဲ့သို့ပေတည်း၊ အကြင်ပုဂ္ဂိုလ်တို့သည်မူကား၊ ရှေးရှေးသော မြတ်စွာဘုရားတို့ ၏ သာသနာတော်၌ စရဏ အသင်းအပင်းသို့ သက်ဝင်သော ပါရမီမျိုးတို့ကိုသာ ဖြည့်ကျင့်ဘူးကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် နောက်နောက် ဘုရားရှင်တို့ကို ဖူးမြင် တွေ့ကြုံ ရပါကုန်သော် ဖူးတွေ့ကြည်ညိုရုံမျှသာ ဖြစ်၍ မဂ်ဖိုလ်တည်းဟူသောအကျိုးထူး တို့ကို မရနိုင်ကြကုန်။ အဘယ်ကြောင့်နည်း ဆိုသော်၊ ဝိဇ္ဇာ အဆောက်အဦး ဝိဇ္ဇာမျိုးစေ့မှ ကင်းဆိတ် ကြသောကြောင့် ထိုသူတို့သည် မြတ်စွာဘုရား ပွင့်တော်မူခိုက်နှင့် တွေ့ကြုံသော အခါ မာလ္လိကာ မိဘုရားကြီးကဲ့သို့ ကျွတ်တန်း မဝင်ချေ။

တပေပေသာလျှင် ကျန်နေရစ်၏။ ရှေးရှေးသော ဘဝတို့က အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာ အသင်းအပင်းနှင့် ဆိုင်သော ပါရမီဓါတ်ခံ နည်းပါးသူဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရချေ။ မြတ်စွာဘုရားနှင့် အလွန် ရင်းနှီး၍ နေသော်လည်း ဟင်းမွှေသော ယောင်းမကြီးကဲ့သို့သစ္စာလေးပါးဝိမုတ္တိတရား၏အရသာကို မသိရှာ။ မာလ္လိကာ မိဘုရားလည်း ထို့အတူပင်၊ မြတ်စွာဘုရား၏ နောက်တော်က ထက်ကြပ်ပါ၍ အလုပ်အကျွေး ဖြစ်သော သုနက္ခတ္တ ရဟန်းလည်း ထို့အတူ ကျွတ်တမ်းသို့ မဝင်နိုင်ဘဲ အမှားဘက်သို့ ပြေးဝင်ရရှာလေသည်။

ပြဆိုခဲ့ပြီးသော ပါရမီ ဆယ်ပါးတို့၏ အသီးသီးသော သဘောလက္ခဏာ စသည်တို့နှင့် တကွ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်းအားဖြင့် နှလုံးသွင်းရန်။ ၁၊ ပရိစ္စာဂ လက္ခဏံ ဒါနံ၊ ဒေယျဓမ္မလောဘ ဝိဒ္ဓံသနရသံ။ အနာသတ္တိပစ္စု။ ပဋ္ဌာန။ ပရိစ္စဇိတဗ္ဗ ဝတ္ထုပဒဋ္ဌာနံ။ သုတ်သီလက္ခန္ဓဋီကာ။ ဒါနံ၊ ဒါနသည်။ ပရိစ္စာဂလက္ခဏံ စွန့်ခြင်းလက္ခဏာရှိ၏။ ဒေယျဓမ္မလောဘ ဝိဒ္ဓံသနရသံ၊ လှူဘွယ်ဝတ္ထု၌ငြိတွယ်သော လောဘကို ဖျက်ဆီးခြင်း ကိစ္စရှိကုန်၏၊ အနာသတ္တိ ပစ္စုပဋ္ဌာနံ၊ မငြိမတွယ်ခြင်းလျှင် ဉာဏ်၌ ထင်သော အခြင်းအရာရှိ၏။ ပရိစ္စဇိတဗ္ဗ ဝတ္ထုပဒဋ္ဌာနံ၊ စွန့်လှူဘွယ်တတ်သောဝတ္ထုလျှင်နီးစွာသော အကြောင်းရှိ၏။

၂။ သီလန လက္ခဏံ သီလံ၊ ဒုဿီလျဝိဒ္ဓံ သနရသံ၊ သောစေယျ ပစ္စုပဋ္ဌာနံ ဟိရိဩတ္တပ္ပပဒဋ္ဌာနံ။ ဋီကာ။ သီလံ၊

သီလသည်၊ သီလန လက္ခဏ ၊ ကိုယ်နှုတ် နှစ်ပါးကို သိမ်းဆည်းသောအားဖြင့် ကောင်းစွာထားခြင်း လက္ခဏာရှိ၏၊ ဒုဿီလျဝိဒ္ဓံ။ သနရသံ။ မကောင်းသော ကိုယ်နှုတ် အမှုဟူသော အကုသိုလ် ဓမ္မကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ သောစေယျပစ္စုပဋ္ဌာနံ၊ ကိုယ်နှုတ်အမှု ဖြူစင်သန့်ရှင်းခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ဟိရိဩတ္တပ္ပပဒဋ္ဌာနံ၊ ရှက်ခြင်း ကြောက်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

၃။ ကာမတော ဘဝတော စ နိက္ခမနလက္ခဏ ၊ နေက္ခမ္မံ ကာမဘဝါဒီနဝ ဝိဘာဝနရသံ၊ တဿောဝ ဝိမုခဘာဝ ပစ္စုပဋ္ဌာနံ။ သံဝေဂပဒဋ္ဌာနံ။ နေက္ခမ္မံ၊ နိက္ခမသည်၊ ကာမတော စ၊ ကာမမှလည်း။ ဘဝတော စ၊ ဘဝမှလည်း၊ နိက္ခမန လက္ခဏ ၊ ထွက်ခွါ ကျွတ်လွတ်ခြင်း လက္ခဏာရှိ၏။ ကာမဘဝါဒီနဝ ဝိဘာဝနရသံ၊ ကာမ၏အပြစ်၊ ဘဝ၏အပြစ်တို့ကို ထင်လင်းအောင် ပြခြင်းကိစ္စရှိ၏။ တဿောဝ၊ထိုကာမဘဝကိုသာလျှင်၊ ဝိမုခဘာဝ ပစ္စုပဋ္ဌာနံ၊ မတွေ့လိုမှု၊ မျက်ကွယ်ပြုလိုသော အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ သံဝေဂပဒဋ္ဌာနံ၊ ကာမဘေး ဘဝဘေးတို့မှ ထိတ်လန့်သော သဟောတ္တပ္ပဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။

၄။ ယထာသဘာဝ ပဋိဝေဓလက္ခဏာ။ ပညာ။ ဝိသယော ဘာသနရသာ။ အသမ္မောဟ ပစ္စုပဋ္ဌာနဒ၊ သမာဓိပဒဋ္ဌာနာ၊ ရင်း၄ိကာ။ ပညာ။ ပညာသည်။ ယထာသဘာဝ ပဋိဝေဓ လက္ခဏာ။ ဟုတ်မှန်တိုင်းသော သဘောတရားကို ထိုးထွင်း၍

သိမြင်ခြင်း လက္ခဏာရှိ၏၊ ဝိသယောဘာသနရသာ၊ ဉာဏ်၏ အရာ အာရုံဓမ္မသဘာဝကို ထွန်းပြခြင်း ကိစ္စရှိ၏။ အသမ္မောဟ ပစ္စုပဋ္ဌာနာ။ မတွေမဝေခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ သမာဓိပဒဋ္ဌာနာ။ စိတ်တည်ကြည်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

၅။ ဥဿာဟလက္ခဏံ။ ဝီရိယံ၊ ဥပတ္ထမ္ဘနရသံ၊ အသံသီဒန ပစ္စုပဋ္ဌာနံ၊ သံဝေဂပဒဋ္ဌာနံ၊ ၎င်းငှိကာ၊ ဝီရိယံ၊ ဝီရိယသည်။ ဥဿာဟလက္ခဏံ၊ အားသစ် ကြိုးပမ်းခြင်း လက္ခဏာရှိ၏။ ဥပတ္ထမ္ဘနရသံ၊ စိတ်ကို မလျော့ မရဲ့ ခိုင်မြဲတင်းရင်းအောင် ထောက်ပန့်ပြင်းကိစ္စရှိ၏။ အသံသီဒန ပစ္စုပဋ္ဌာနံ၊ မတွန့်မဆုတ် ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ သံဝေဂပဋ္ဌာနံ၊ ဇာတိ ဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေး စသည်တို့ကို တွေးမိ လေတိုင်း အလှိုင်းတကြိမ်း အသည်းဆွေ့ ခုန်နှလုံးတုန်ခြင်းလျှင် နည်းစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

၆။ ခမန လက္ခဏာ၊ ခန္တိ၊ ဣဋ္ဌာနိဋ္ဌ သဟနရသာ၊ အဓိဝါ သန ပစ္စုပဋ္ဌာနာ။ ယထာဘူတဒဿန ပဒဋ္ဌာနာ၊ ခန္တိ။ ခန္တိသည်၊ ခမနလက္ခဏာ၊ နှလုံးခိုင်ခန့်ခြင်း လက္ခဏာရှိ၏။ ဣဋ္ဌာနိဋ္ဌ၊ သဟနရသာ၊ လောကဓလေ့ ကြိုက်ကြုံတွေ့လည်း မရွေ့မယိုင် သည်းခံနိုင်ခြင်း ကိစ္စ၏။ အဓိဝါသနပစ္စုပဋ္ဌာနာ။ သူတထူးကို ကျူးကျူးလွန်လွန် ဝန်တာ ဖြစ်ဘို့ ပြုသည့်တို့ကို သူသို့တဖန် အမျက်မာန်ဖြင့် လှန်ပြန်မရှိ။ သည်းခံချိခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ ယထာဘူတဒဿနပဒဋ္ဌာနာ၊ ဟုတ်

မှန်တိုင်းသော ဓမ္မသဘောကို မြင်နိုင်သော ဉာဏ်လျှင် ပဒဋ္ဌာန် ရှိ၏။

၇။ အဝိသံဝါဒနလက္ခဏာ၊ သစ္စံ။ ယထာဝ ဝိဘာဝနရသံ၊ သာဓုတာ ပစ္စုပဋ္ဌာနံ၊ သောရစ္စပဋ္ဌာနံ။ ၎င်းဋီကာ၊ သစ္စံ၊ သစ္စာသည်၊ အဝိသံဝါဒနလက္ခဏာ၊ သူတပါးကို မှတ်မှား ယူမှား တိမ်းပါး ချော်ချွတ်အောင် မပြုခြင်း လက္ခဏာရှိ၏။ ယထာဝဝိဘာဝနရသံ။ မိမိသိတိုင်း မြင်တိုင်း ဟုတ်တိုင်း မှန်တိုင်းကိုသာ အလင်းဖွင့်ပြခြင်း ကိစ္စရှိ၏။ သာဓုတာပစ္စုပဋ္ဌာနံ။ မြွက်ဆိုသမျှ ယုံကြည်ရ၍ သြဇနှစ်ဆိ၊ ချိုဆိမ့်အိသော စကားရှိသည်၏ အဖြစ်လျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ သောရစ္စပဒဋ္ဌာနံ၊ ကိုယ်အမှု နှုတ်အမှု ဖြူဖြော့စွာ မွေ့ခြင်း၌ အလေးဂရုပြုခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

၈။ ဗောဓိ သမ္ဘာရေသု အနဝဋ္ဌာန လက္ခဏာ၊ အဓိဋ္ဌာနံ၊ တေသံ ပဋိပက္ခာဘိဘဝနရသံ။ တတ္ထ အစလတာ ပစ္စုပဋ္ဌာနံ။ ဗောဓိသမ္ဘာရပဒဋ္ဌာနံ။ ၎င်းဋီကာ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန်သည်၊ ဗောဓိသမ္ဘာရေသု သဗ္ဗညုဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိ ဟူသော ဗောဓိသုံးမျိုးတို့၏ အခြေမူလ သမ္ဘာရဖြစ်ကုန်သော ဒါနမှု သီလမှု နိက္ခမမှု ပညာမှု စသည်တို့၌။ အနဝဋ္ဌာန လက္ခဏာ၊ မရွေ့မယိုင် ကြံ့ခိုင်စွဲမြဲခြင်း လက္ခဏာရှိ၏။ တေသံ၊ ထိုသမ္ဘာရမှုတို့၏။ ပဋိပက္ခာဘိဘဝနရသံ၊ ဆန့်ကျင်ဘက် အသင်းကို နှိမ်နင်းပယ်ရှားခြင်း ကိစ္စရှိ၏။ တတ္ထ၊ ထိုသမ္ဘာရမှုတို့၌။ အစလတာပစ္စုပဋ္ဌာနံ၊ မလှုပ်မရှားသည်၏ အဖြစ်လျှင်

ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ ဗောဓိသမ္ဘာရပဒဋ္ဌာနံ။ ဒါနစသော ဗောဓိ မူလတရားစုလျှင် ပဒဋ္ဌာန်ရှိ၏။

၉။ ဟိတာကာရ ပဝတ္တိ လက္ခဏာ၊ မေတ္တာ၊ ဟိတူပသံဟာရ–ရသာ၊ အာဃာတဝိနယပစ္စုပဋ္ဌာနာ။ သတ္တာနံ မနာပဘာဝဒဿန ပဒဋ္ဌာနာ။ ၎င်းဋီကာ။ မေတ္တာ၊ မေတ္တာသည်။ ဟိတာကာရ ပဝတ္တိလက္ခဏာ။ သတ္တဝါတပါး ကျေးဇူးများ အံ့သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ဟိတူပသံရ ရသာ။ သူတပါး၏ ကောင်းကျိုးကို လွန်စွာ သည်ပိုးခြင်းကိစ္စ ရှိ၏။ အာဃာတဝိနယ ပစ္စုပဋ္ဌာနာ၊ လပြည့်ဝန်းကဲ့သို့၊ ရွှန်းရွှန်း ကြည်ဆွ။ မြေငြိမ်းချမ်းသော စိတ်သဘောလျှင် ထင်သော အခြင်းအရာရှိ၏။ သတ္တာနံ၊ သတ္တဝါတို့အား၊ မနာပ ဘာဝ ဒဿန ပဒဋ္ဌာနာ။ နှစ်သက်ဘွယ်သော ဂုဏ်ကိုသာ ရှုမြင်တတ်သော ဉာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။

၁၀။ မဇ္ဈတ္တာကာရ ပဝတ္တိလက္ခဏာ။ ဥပေက္ခာ။ သမဘာဝဒဿန ရသာ၊ ပဋိဃာနုနယ ဝူပသမ ပစ္စုပဋ္ဌာနာ။ ကမ္မဿကတာ ပစ္စဝေက္ခဏာ ပဒဋ္ဌာနာ။ သုတ်သီ လက္ခဋီကာ၊ ဥပေက္ခာ၊ ဥပေက္ခာသည်။ မဇ္ဈတ္တာကာရ ပဝတ္တိ လက္ခဏာ၊ ချီးမြှောက်ရှုတ်ချ နှစ်ဌာနသို့ တူမျှသမှု လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ သမဘာဝဒဿန ရသာ။ ညီမျှသော သဘောအားဖြင့် ရှုခြင်းကိစ္စရှိ၏။ ပဋိဃာနုနယဝူပသမ ပစ္စုပဋ္ဌာနာ။ မုန်းသည်။ ချစ်သည် နှစ်မည် နှစ်သည်း ငြိမ်းခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ ကမ္မဿ

ကတာ ပစ္စဝေက္ခဏာ ပဒဋ္ဌာနာ။ ဘယ်သူမပြု မိမိမှုဟု အရှု အဆင်ခြင် ကောင်းစွာမြင်သော ဉာဏ်ပညာလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။ ဤသည်လျှင် ပါရမီဆယ်ပါးတို့၏ သဘောလက္ခဏာကို အသီးသီး ခွဲခြားလျက်၊ ထင်ရှားစွာ သိမှတ်ရန် ပြဆိုခြင်းတည်း။ ပါရမီ၏ အဓိပ္ပါယတ္ထနှင့် သဘာဝတ္ထတို့ကို ပြသော အခဏ်းပြီး၏။

ဝိဇ္ဇာစရဏ သပ္ပန္နကျမ်းကို ရေးသား ပေါ်ပြပါမည်ဟု ဝန်ခံအပ်သည်နှင့်အညီ ဝိဇ္ဇာအခန်းတွင်လည်း မဂ်ဆိုက် ဖိုလ်ဆိုက် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေအောင် သဘောလက္ခဏာနှင့်တကွ ညွှန်ပြ ရေးသားပြီးစီးခြင်း၊ စရဏ အခန်းတွင်လည်း ကုသိုလ်အမျိုးမျိုး ဖြစ်ပုံ ရပုံနှင့်တကွ ညွှန်ပြရေးသားပြီးစီးခြင်း ဝိဇ္ဇာနှင့် စရဏ နှစ်ပါးတွဲ၍ မဂ်ဆိုက် ဖိုလ်ဆိုက် ရဟန္တာအဖြစ်သို့ တိုင်ရောက်လေအောင် သဘော သဘာဝ လက္ခဏာတို့ပါ ပြည့်စုံစွာ ညွှန်ပြရေးသားအပ်ပါသဖြင့် ဝိဇ္ဇာ–စရဏ-သမ္ပန္နနှင့် ပြည့်စုံလုံလောက် နိဗ္ဗာန်သောင်ကမ်းသို့ ဖြောင့်တန်းစွာ ကူးမြောက်တော် မူနိုင်ကြပါစေကုန်သတည်း။

### ဥယျောဇနဂါထာ။

စရဏံ ပါဒပက္ခံဝ၊ ဝိဇ္ဇံ တုဏ္ဍ သမံ သမံ။
ပူရေတွာန ပက္ခေယျံ၊ ဘုဉ္ဇိတုံ အမထံရသံ။

ပါဒပက္ခံဝ၊ ခြေ၊ အတောင်ပံနှင့်တူသော။ စရဏံ၊ စရဏတရားမျိုးကို၎င်း။ တုဏ္ဍသမံ၊ နှုတ်သီးနှင့်တူသော။ ဝိဇ္ဇံ၊

ဝိဇ္ဇာတရားမျိုးကိုင်း။ သမံ၊ မပိုမသာ ညီညွတ်စွာ။ ပူဇော်တွာန၊ ပြည့်စုံစေ၍။ အမဘံရသံ၊ အမြိုက်အရသာကို။ ဘုဉ္ဇတု၊ သုံးဆောင်ခံစားစေခြင်းငှါ။ ပကွေသျှ၊ သံသရာစခန်းမှ ပျံသန်းကူးမြောက်ကြကုန်ရာ၏။

ဤတွင် ဝိဇ္ဇာတည်းဟူသော စက်ခေါင်းဖြင့် စရဏတည်းဟူသော တွဲများကို ချိတ်ဆွဲလျက် သံလမ်းတည်းဟူသော မဂ်ခရီး၌ အနတ္တ မော်င်းခလုပ်ကိုဖွင့်။ ဒုက္ခဉသြောကိုမှုတ်။ အနိစ္စ စက်ကုန်ခုတ်လျက် သုတ်သုတ်မောင်းနှင်ပြီးသော်၊ သောတာပတ္တိ မဂ်ဖိုလ် ဘူတာရုံကြီးသို့ ရှေးဦးစွာ ဆိုက်ကပ်၍ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ် တည်းဟူသော ဘူတာရုံကြီးသို့ အစဉ်အတိုင်း အပြီးတိုင် ဆိုက်ရောက်ကြရန် ရည်သံသော စိတ်ထားဖြင့် ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

## ကျမ်းစာရေးသားခြင်း၏ အာဘောဂကို ပြဆိုခြင်း။

အလုံးစုံသော စာရေးတို့ကို နှလုံးသွင်းခြင်းငှါမတတ်ကောင်းသော သဘော ဖြစ်ခြင်းကြောင့် သတိချွတ်ယွင်းသော အရာများကို ကျမ်းဂန်ရှာ၍ အသင့်ကိုသာ မှတ်ဟူကြပါကုန်။ ထိုစကားသည် ထင်ရှားကေန် တကယ်မှန်၏။ ထို့ကြောင့် မူလပဏ္ဏာသပါဠိတော်ကြီး၌၊ ဣဓ ဒေဝါနမိန္ဒဘိက္ခုနော သုတံ ဟောတိ။ သဗ္ဗေဓမ္မာ နာလံ အဘိနိဝေ သာယာတိ၊ ဟု ဟောတော်မူ၏။ ဒေဝါနမိန္ဒ စတုမဟာရာဇ် တာဝတိံသာ နှစ်ရွာ

သော နတ်ရပ်ကို စိုးကြပ်ပိုင်နင်း သိကြားမင်း။ ဣမ၊ ဤ လောကဌ်။ ဘိက္ခုနော၊ ရဟန်းအား။ သုတံ၊ အကြား အမြင် များသည်။ ဟောတိ၊ ဖြစ်စေကာမူ။ သဗ္ဗဓမ္မာ၊ အလုံးစုံသော တရားတို့ကို။ အဘိနိဝေသာယ၊ နှလုံးသွင်းခြင်းငှါ။ နာလံ၊ မစွမ်းနိုင်။ ဤသို့ သိကြားမင်းအား ဘုရားဟောတော်မူခဲ့သော ပါဠိတော်ကို ထောက်မျှော်ရှုဆလျက်။ ကေန္တပညာရှိ အစစ် ဖြစ်တော်မူကြကုန်သော သူတော်ကောင်းတို့သည်။ ဤ ရေး သားအပ်သော ကျမ်းစကားကို အစ, အလယ်, အဆုံးစကား က ကောင်းပေကုန်လတ္တံ့။ မကောင်းသဖြင့် ရေးသားအပ် သော စကားတို့၌ အကြင်, အကြင် ပါဠိပဒအတ္ထ ဗျဉ္ဇနတို့ သည် သတိလွတ်ကင်း ရေးမိခြင်းကြောင့် ချွတ်ယွင်းကုန်၏။ ထိုသို့ ပါဠိ ပဒ အတ္ထ ဗျဉ္ဇနတို့ကို ရှင်ပြသော စိတ်အစဉ်ဖြင့် ဖြောင့်မတ်စွာ ပြုပြင်လျက် ဆင်ခြင် မှတ်သား ကြကုန် လိမ့် သတည်း။

ပြီး၏။

## ကျမ်းပြီးနိဂုံးစကားကိုပြခြင်း

ခရာဇ် သက္ကရာဇ် ၁၉၄၈-ခု၊ ဇန္နဝါရီလ ၄–ရက်တနင်္ဂနွေ ခနေ့ နံနက် ၄–နာရီ မိနစ် ၂၀။

မြန်မာသက္ကရာဇ် ၁၃၀၉–ခု၊ ပြာသိုလပြည့်ကျော် ၉–ရက် တနင်္ဂနွေနေ့ နံနက် ၄-နာရီ။ မိနစ် ၂၀-တွင်

လောက၌ စိုးမိုးအုပ်ချုပ် ချုပ်ချယ်လျက်ရှိသော အင်္ဂလိပ် မင်းသည် မြန်မာပြည်ကြီးကို နှစ်ပေါင်း ၁၀၀ ကျော်မျှ အုပ် စိုးခဲ့လေရာ၊ ယခုနေ့ ယခုအချိန်တွင် ၎င်းအင်္ဂလိပ်မင်းတို့သည်၊ မြန်မာပြည်ကြီးကို မြန်မာပြည်ဘွား လူမျိုးအများတို့အား ကြည်ရွှင်သော စိတ်ထားဖြင့် အုပ်စိုးခြင်းမှ လုံးဝ ရုပ်သိမ်း၍ ချုပ်ငြိမ်းကွယ်ပျောက်ပါသဖြင့် မြန်မာတိုင်းရင်းသားတို့သည် လုံးဝ လွတ်မြောက်သော သုခကြီးကို ရရှိကြပေ၏။ ဤကဲ့သို့ ရရှိခြင်းကို ဝမ်းမြောက် ဝမ်းသာ နှစ်သက်စွာဖြင့် ခံယူရရှိခြင်း သို့ ရောက်အပ်သော နေ့ထူးနေ့မြတ်ကြီးတွင် လောကုတ္တရာ နိဗ္ဗာန ဓာတ်သို့ ရရှိကြောင်းဖြစ်သောဝိဇ္ဇာစရဏသမ္ဗန္ဓကျမ်းကို ရေးသားစီရင်ခြင်းမှလည်းတပါးတည်း ပြီးစီးထမြောက်အောင် မြင်ခြင်းသို့ ရောက်ရှိပါသည်၊ ထိုလောကတွင် အစဉ်အတိုင်း ကြိုးစားအားထုတ်သောဉာဏ် ဝီရိယ ဂုဏ်သတ္တိနှင့်ပြည့်စုံပါသော ကြောင့် လုံးဝ လွတ်လပ် ထမြောက်အောင်မြင်သော အကျိုး ကျေးဇူးကို ခံစားရပေ၏၊ ထိုလောကကြီးမှ လွတ်မြောက်လျက် တည်ရှိသော လောကကြီးက လွတ်မြောက်သောလောကုတ္တရာ ခလောကုတ္တရာမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကိုလည်း အစဉ်အတိုင်း ပြည့်

စုံအောင်မြင်ပြီးလျှင် ထိုလောကကြီး၏ အဆုံး၌ လောကုတ္တရာ တည်းဟူးသော လုံး၀ လွတ်မြောက်လျက် တည်ရှိပေသော နိရောဓ သစ္စာ နိဗ္ဗာန ဓာတ် တရားမြတ်ကို တပ်အပ်သေချာ ရေးသားအပ်သည်။ မပြတ်မလပ် ဘတ်စေသော၊ ဟုတ်တိုင်း မှန်တိုင်း သိစေသော။ တရားသံဝေ ရှိစေသော၊ နှလုံးအိမ်၌ ငြိစေသော။ အမတဓါတ် နိဗ္ဗာန်မြတ်ကို တပ်အပ်သေချာ မြင်စေသော။

ထိုကျမ်းကို လုံးလ ဝီရိယ စိုက်ထုတ်ပြီးသော်၊ ဤနေ့ဤရက် ဤအချိန် ဤနာရီ မိနစ်အတွင်း ပြီးစီးအောင်မြင်ခြင်းသို့ ဆိုက်ရောက်ရန် ကြိုးစား၍၊ ၎င်းနေ့ နံက် ၄–နာရီ မိနစ် ၂၀ အချိန်တွင် အိမ်ရာမှ နိုးကြားလျက်ဝေနေယျအကျိုးများစေခြင်းငှာ ရည်စူး၍ အထူး အိပ်ခန်းတွင် အဆုံးသတ်လိုက်ပေသတည်း။

ဤကျမ်းပြုရ ကုသလကို များလှဝေနေ အမျှဝေသည် မသေ့လျင်စော ရစေသော။ လူ–နတ်–ဗြဟ္မာ ကြည်ရှင်စွာဖြင့် ရသာ–ဝိမုတ္တိ၊ ဂွမ်းဆီထုသို့ ဝိတိပြန့်ပွားလျက် အများ သာဓု ခေါ်စေသောဝ်။ ။

ပြီးပြီ။

.........o.........

## စာမတတ်ဘဲ ကမ္မဋ္ဌာန်းအားထုတ်နိုင်ခြင်း။

**စာပေကျမ်းဂန် မတတ်က၊ ကမ္မဋ္ဌာန်း မဖြစ်နိုင်လော၊ ဖြစ်နိုင်လော။** ။ဟူသော ပုစ္ဆာ၏ **အဖြေသည်ကား။**

အပ္ပံပိစေ သံဟိက ဘာသမာနော။ ဓမ္မဿ ဟောတိ အနုဓမ္မာစာရီ၊ ရာဂဉ္စ ဒေါသဉ္စ ပဟာယမောဟံ။ သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။ အနုပါဒိယာနော ဣဓဝါဟုရံဝါ၊ သဘာဂဝါ သာမညဿ ဟောတိ။ ။ဓမ္မပဒ ပါဠိတော်။

ယောနရော၊ ရဟန်းရှင်လူ အကြင်သူသည်။ သံဟိတံ၊လောကီ–လောကုတ္တရာ၊ နှစ်ဖြာစီးပွားဖွံ့ဖြိုးများသော ဘုရားစကားတော် ပရိယတ်စာပေကို။ အပ္ပံ ဘာသမာနောပိ၊ အဘန်ဘန်အခေါက်ခေါက်၊ ကုန်ပေါက်ရောက်၍၊ တတ်မြောက်အောင်မသင်ငြားသော်လည်း။ ဝါ၊ ပရိသတ်၏ အလယ်၌၊ တင့်တယ်စွာ နေထိုင်၍၊ ဆိုင်ရာသော ပါဠိကို၊ စာအရှိ မရွတ်နိုင်ငြားသော်လည်း။ ဝါ၊ ကျမ်းဂန်တရား၊ မတတ်ငြား၍၊ နည်းပါးပြောဆို၊ အပို့အချချို့သော်လည်း၊ ဓမ္မဿ၊ သုံးပုံပိကဋကတ်၊ ပရိယတ်ကျမ်းဂန်၊ လမ်းမှန်တရားအား။ ဝါ၊ လမ်းမှန်တရားနှင့်၊ ဝါ၊ မဂ်ဆိုက်ကြောင်း၊ ဖိုလ်ဆိုက်ရာ၊ လောကုတ္တရာနှင့်၊ အနုဓမ္မစာရီ၊ လျော်ညီစွာလျှ၊ သီလစတင်၊ ဖြူစင်လှလော၊ သမထ ဝိပဿနာကို၊ ခါခါ အားထုတ်၊ ကြိုးကုတ်မမေ့၊ ကျင့်လေ့ရှိသည်၊ စေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ သောနရော၊ ရဟန်းရှင်လူ၊ ထိုထိုသူသည်၊ ရာဂဉ္စ၊ အာရုံဣဋ္ဌ၊ ဟူသမျှကို၊ တစမကျန်၊ ရွရွထန်၍၊ ဘန်ဘန်ထပ်လို၊ ရာဂကိုလည်း

ကောင်း၊ ဒေါသဥ္စ၊ အာရုံအနိဋ္ဌ ဟူသမျှကို တစမကျန်၊မခံချင်လို ဒေါသကိုလည်းကောင်း။ မောဟဥ္စ၊ ရာဂဒေါသ၊ နှစ်ပါးကြွအောင် နောက်ကပါးတိုက်၊ အမိုက်တွေးထိုး မောဟဆိုးကိုလည်းကောင်း၊ ပဟာယ၊ တဒင်္ဂဝိက္ခမ်၊ သမုစ္ဆေဒပဟာန်ဖြင့်၊ လေးတန် ဝီရိယ၊ သက္ကာယဒိဋ္ဌိ၊ အမြစ်မိအောင်။ တိတိပယ်ဖြတ်၍၊ သမ္ပဇာနော၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို၊ အချက်ကျတင်၊ လှုလှုကြီး မြင်သည်ဖြစ်၍၊ ဝါ၊ သစ္စာလေးပါး၊ ဆဲ့ခြောက်ပါး အနက်၊ အချက်ကျကျ၊ လှုလှုကြီးတင်၊ ကောင်းစွာ မြင်သည်ဖြစ်၍၊ သုဝိမုတ္တစိတ္တော၊တဒင်္ဂဝိက္ခမ်၊ သမုစ္ဆေဒဝိမုတ္တံဖြင့်၊အမှန်ကောင်းစွာ၊ လွတ်လှပါတိ၊ စိတ်ကောင်းရှိသည်ဖြစ်၍။ ဝါ၊ ရဟန္တာဖြစ်သည် ဖြစ်၍၊ ဤခဝါ။ ဤပစ္စုပ္ပန်ဘဝ။ အဇ္ဈတ္တခန္ဓာ။ ဓါတ်အာယတနတို့ နှိုက်လည်းကောင်း၊ ဟူရုံဝါ၊ နောင်တမလွန်ဘဝ။ ဗဟိန္ဓခန္ဓာ၊ ဓါတ်အာယတနတို့ နှိုက်လည်းကောင်း၊ အနုပါဒိယာနော၊ ဒိဋ္ဌိ၊ တဏှာဖြင့် ပြင်းစွာ စွဲလမ်းခြင်း၊ မရှိသည်၊ ဟောတိ၊ ဖြစ်၏။ သောနရော၊ ထိုသို့ဆိုပြီးဥဿုံ၊ အလုံးစုံဖြစ်သူ ရဟန်းရှင်လူသည်၊ သာဓုညဿ၊ မင်္ဂဖိုလ်နိဗ္ဗာန်၊ သုံးတန်အထူး ရဟန်းကျေးဇူး၏၊ သဘာဂဝါ၊ လက်ကိုင်လက်မိ၊ အဘို့အပုံရှိသည်၊ ဟောတိ။ ဖြစ်ပါပေ၏။

ဤပါဠိတော်မြတ်ကို ကြားနာရသဖြင့် စာပေ ပရိသတ်ကောင်းစွာ မတတ်ငြားသော်လည်း ဆရာကောင်း ဥပနိဿယ၊ နည်းပြအမှီ၊ ကမ္မဋ္ဌာန်းအရာ၌ ကြင်လည်သော ယောဂီပုဂ္ဂိုလ်သည်းကပ် မှီဝဲသဖြင့် မိမိကလည်း မဖြစ်မခြင်း အားထုတ်လျှင်

ဖြစ်၏ ဟူ၍မှတ်။ ဤပါဠိတော်ကလည်း ဤအဓိပ္ပါယ်ကိုပြ၏။ အပ္ပမိစ္ဆေ သံဟိတဘာသမာနော ဟူသော ပါဌ်ဖြင့် ကျမ်းဂန် ဗဟုသုတနည်းသော ပုဂ္ဂိုလ်အဖြစ်ကိုပြ၏။ ဓမ္မသဟောတိ၊ အနုဓမ္မစာရီဖြင့် ဗဟုသုတ မရှိသော်လည်း ဆရာသမားတို့က ဆုံးမဩဝါဒနည်းနယပေးသဖြင့် ထိုကျမ်းဂန်လာအတိုင်းကျမ်းဂန်နှင့် လျော်စွာ သီလကို လုံခြုံစွာ စောင့်ထိန်းခြင်း ဓုတင်တေရသတို့ကို တတ်အားသမျှ ဆောင်ခြင်းတို့ဖြင့် သီလကို ဖြူစင်စေလျက်လောကုတ္တရာ၏ အလုပ်ဖြစ်သော သမထ ဝိပဿနာတို့ကို ပွားများ၍ နေသောအဖြစ်ကို ပြ၏။

ရာဂဉ္စ၊ ဒေါသဉ္စ ပဟာယ မောဟံဖြင့် ထိုသမထဝိပဿနာကို အားထုတ်သဖြင့် ရာဂ ဒေါသ မောဟစသော ကိလေသာတို့ကို တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်တို့ဖြင့် အဆင့်ဆင့် ပယ်နိုင်သော အဖြစ်ကို ပြတော်မူ၏။ သမ္ပဇာနော ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါး ကောင်းကောင်း အောင်မြင်သဖြင့် မဂ်သို့ ဆိုက်၍ သစ္စာအနက် တဆဲ့ခြောက်ချက်နှင့်တကွ သစ္စာလေးပါးကို ထင်ထင်ရှားရှား ကိုယ်တိုင် မြင်ရသော အဖြစ်ကို ပြတော်မူ၏။ သုဝိမုတ္တစိတ္တောဖြင့် ဖိုလ်ဆိုက်သည်၏ အဖြစ်ကို ပြတော်မူ၏။ အနုပါဒိယာနော ဣဓဝါဟုရံဝါဖြင့် ဆိုက်သဖြင့် ရဟန္တာဖြစ်၍၊ ယခုပစ္စုပ္ပန် ဖြစ်ရဆဲ ဘဝကို တပ်မက်ခြင်း တဏှာမရှိသဖြင့် နောက်ဘဝ အသစ် ပဋိသန္ဓေ မနေရပြီ။ နိဗ္ဗာန်သို့သာ ရောက်သည်၏ အဖြစ်ကို ပြတော်မူ၏။ သဘာဂဝါ သာမညဿ ဟောတိဖြင့်

စာမတတ်သော်လည်း ဤကဲ့သို့ ဖြစ်သော ပုဂ္ဂိုလ်သည် ဘုရား ပွင့်တော်မူသောအခါ သာသနာထင်ရှားရှိသော လူဖြစ်ကျိုး၊ ရှင် ဖြစ်ကျိုး၊ ရဟန်းဖြစ်ကျိုး နပ်သည်၏ အဖြစ်ကို ပြတော်မူ၏။ ထို့ကြောင့် ကျမ်းဂန် ပရိယတ်စာပေကို တခုသော အန္တ ရာယ်ကြောင့် မသင်နိုင်သော ပုဂ္ဂိုလ်၊ ဉာဏ်မစွမ်းနိုင်၍ မသင် နိုင်သော ပုဂ္ဂိုလ်၊ မတတ်နိုင်သောပုဂ္ဂိုလ်၊ ထိုထို ရဟန်းရှင်လူ သည် အော်–ငါတို့မှာ စာပေ ပရိယတ် ကျမ်းဂန်လဲမတတ်၊ မှတ်စု ဗဟုသုတကလဲနဲ၊ ဉာဏ်မဲ့ ဉာဏ်တေ သေစ်တုံးတွေပါက လားဟု အားလျှော့၍ ကမ္မဋ္ဌာန်းကို လုပ်သော်လည်း၊ ဖြစ်နိုင် မှာ မဟုတ်ဟု နောက်ဆုတ်၍ မနေကြသင့်ပေ။ လူနဲ့ ကြဲကြဲ ဝိုင်း ဆိုဘိသကဲ့သို့ ကျမ်းဂန် ဗဟုသုတ နည်းလေလေ ကမ္မ ဋ္ဌာန်းကို ကြပ်ကြပ် အားထုတ်လေလေ အားထုတ်ကြရမည်၊ တပါးသူက စာမတတ်က မဖြစ်နိုင်ဟု နားလှည့် လာပြောသော် နားမယောင်ကြနှင့်၊ ဤဂါထာ၏ ပါဠိအနက်ကို ရွတ်၍ ထိုသူ ကိုပင် ဆုံးမဩဝါဒ ပေးလိုက်ကြ။ ဘုရားစကားထက် အဘယ် သူစကားကိုယုံရဦးမည်နည်းဟု ဆိုလေ၊ အကယ်၍ နားယောင် သဖြင့် အားလျှော့ခဲ့သည်ဖြစ်အံ့၊ နှစ်ဦးလုံးပင် အကျိုးကြီးနဲ လတ္တံ့။

အကယ်၍ စာမတတ်၍ ကမ္မဋ္ဌာန်းမလုပ်ရလျှင် ရောဂါများ သူ ဉာဏ်ထိုင်းသူ ဉာဏ်လေးသူတို့မှာ။ ယခု ဘဝသာ သာသ တော်၏အကျိုး မဂ်မျိုးဖိုလ်မျိုး လက်မဲ့ဖြစ်၍ သံသရာ၌ မျော ရလတ္တံ့၊ နောင်ဘုရားနှင့် ကြုံအောင်လည်း အလွန် ခဲယဉ်းလှ ၏၊ ကြပ်ကြပ် စိုက်ပျိုးလိုက်ကြ။ ယခု ဘဝ သာသနာနှင့် ကြုံ

ကြိုက်သည့်ဘဝက ကြပ်ကြပ် ဆည်းပူးလိုက်ကြ၊ သာသနာ၏ အလုပ်ဖြစ်သော သမထ ဝိပဿနာကို ကြပ်ကြပ် အားထုတ်လိုက်ကြ၊ စာပေ မတတ်သော်လည်း ဖြစ်နိုင်သည်သာ။

မြေခပွးမှန်းသိမှ အဆိတ်တက်ရမည်လော။ ပလိတ်နာမှန်းသိမှ သေရမည်လော၊ ဝက်သတ်တတ်မှ ဝက်သားစားရမည်လော။ ယက်ကန်း ယက်တတ်မှ ပုဆိုးအင်္ကျီဝတ်ရမည်လော၊ ခလုတ်မှန်းသိမှ လဲရမည်လော။

သူ့သဘာဝဖြစ်၍၊ တက်ရ၊ သေရ၊ စားရ၊ ဝတ်ရ၊ လဲရသည်သာ၊ သေခါနီးသော ကာလ၌ ကံ-ကမ္မနိမိတ် ဂတိနိမိတ်တို့ကို သင်္ဂြိုဟ်ဘုံပိုင်းကိုရ၍ မရဏာ သန္ဓေဇောကျပုံကို ဝီထိချတတ်မှ ထင်ရမည်လော၊ ချတတ်သည်ဖြစ်စေ၊ မချတတ်သည်ဖြစ်စေ၊ လူနတ် တိရစ္ဆာန် သတ္တဝါတို့သည် စိတ္တနိယာမဖြစ်၍ ထင်မြဲ မြင်မြဲတည်း။ ။ဤသို့သော အဖြစ်ကို နှစ်သက်ယုံကြည်ခိုင်တည်မှတ်သား ဟောကြားဆုံးမ ချီးရိုးသင်ရိုး ပြောဆိုရိုးရှိကြ၏။ ထို့အတူ ကမ္မဋ္ဌာန်း နိမိတ်ကိုလည်း စာမတတ်သည်ဖြစ်စေ၊ တတ်သည်ဖြစ်စေ၊ ဖြစ်နိုင် ထင်နိုင် မြင်နိုင်၏ဟု နှစ်သက် ယုံကြည်ခိုင်တည်မှတ်သား၍အားထုတ်ကြ။ ။ကမ္မဋ္ဌာန်း၏ သဘာဝ ဓမ္မ နိယာမအတိုင်း ထင်မြဲ မြင်မြဲတည်း။

ဇနပဒကလျာဏီနှင့် စုံညီယှဉ်နွဲ့ နန်းသိမ်းပွဲခံရာ ဘိသိက်ပွဲမင်္ဂလာတွင် မြတ်စွာဘုရား ကြွလာ၍ နောက်တော်ပါသပိတ်ထမ်းစေပြီးလျှင် ကျောင်းတော်သို့ ခေါ်၍၊ ရဟန်းပြု၍ထားသော ညီတော် မင်းနန်နှင့် မြတ်စွာဘုရား ဒေသစာရီကြွသွားရာ၊ တာဝတိံသာ နတ်ပြည်သို့ ရောက်တော်မူသော်၊

အလှန်တရာ လှပစွာသော ဒေဝစ္ဆရာ နတ်သမီးငါးရာကို မြင်သဖြင့် လိုချင်သော ဆန္ဒ အားကြီးလှသော မင်းနန္ဒာ ညီတော်အား မြတ်စွာဘုရားက နတ်သမီးလာသော ဂါထာကို ငါဘုရားက ပေးသနားတော်မူမည်ဟု မိန့်တော်မူ၍ လက္ခဏာ ရေးသုံးပါးနှင့် စပ်သော ဂါထာတခုကို ပေးတော်မူသော်၊ နတ်သမီးလာအောင်ဟု အဘန်ဘန် သုံးသပ်လေ၏။ ထိုသို့ နတ်သမီးကို အာရုံပြုသော်လည်း၊ ကမ္မဋ္ဌာန်း၏ သဘာဝဖြစ်၍ လက္ခဏာရေးသုံးပါး ထင်သဖြင့် ရဟန္တာ ဖြစ်လေသေး၏။

ယခုကာလ စာမတတ် သော်လည်း ကမ္မဋ္ဌာန်း ဆရာက အနိစ္စဟာ ဤလို။ ဒုက္ခဟာ ဤလို။ အနတ္တဟာ ဤလိုဟု သွန်သင် ပြသ သဖြင့်၊ ရင်းပေးသော ကမ္မဋ္ဌာန်းကို အာရုံ စိုက်၍ အားထုတ်ကြသော သူတို့မှာကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း။ ထို့ထက်သာ ထင်လွယ်မြင်လွယ် ဖြစ်လွယ်ရာ၏။ အားထုတ်ကြလေ။

၀....၀